# မင်ဒဲလားထွင်သောလမ်း

မြနှင်းဆီ (Mra Hninzi)

## Mandela's Way

Richard Stengel



ခေါင်းဆောင်တစ်ယောက်၏ အတိုင်းအတာသည်
သူ၏ ချုပ်တည်းနိုင်မှုပင် ဖြစ်သည်။
လူသား အားလုံးအတွက်လည်း ထိုနည်းလည်းကောင်းပင်။
တည်ငြိမ်အေးဆေးမှုသည် နိုင်ငံရေး၊ သို့မဟုတ်
ကိုယ်ရေးကိုယ်တာတို့ အခြေအနေတင်းမာနေသည့်
အချိန်တွင် လူအများက လိုလားကြသော
အရည်အသွေးတစ်ခုဖြစ်သည်။

25005
CAPITAL
-699042287

မင်ဒဲလားထွင်သောလမ်း ■ မြနှင်းဆီ (Mra Hninzi)

မင်ဒဲလားထွင်သောလမ်း

မြနှင်းဆီ (Mra Hninzi)



Mandela's Way

Richard Stengel

**တူဒေးစာအုပ်တိုက်**
**ပထမအကြိမ်**
၂၀၁၁ ခုနှစ်၊ ဧပြီလ
**အုပ်ရေ (၅၀၀)**
တန်ဖိုး (၂,၅၀၀) ကျပ်
**မျက်နှာဖုံးဒီဇိုင်း**
စောရန်နိုင်
**ထုတ်ဝေသူ**
တူဒေးစာအုပ်တိုက်
အမှတ် စီ-၂၊ အင္ဂဏာဝါလမ်းသွယ်(၂)၊ ညောင်တန်းအိမ်ရာ၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
**ပုံနှိပ်သူ**
တူဒေးစာအုပ်တိုက်
အမှတ် စီ-၂၊ အင္ဂဏာဝါလမ်းသွယ်(၂)၊ ညောင်တန်းအိမ်ရာ၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
**စာမူခွင့်ပြုချက်** - ၄၀၀၃၉၅၀၄၁၁
**မျက်နှာဖုံးခွင့်ပြုချက်** - ၄၀၀၃၈၆၀၄၁၁
**ဖြန့်ချိရေး**
**တူဒေးစာအုပ်တိုက်**
**စာမူ မူပိုင်©** - **တူဒေးစာအုပ်တိုက်**

၁၃၁. ၁
မြနှင်းဆီ၊ (Mra Hninzi)
မင်ဒဲလားထွင်သောလမ်း/ မြနှင်းဆီ (Mra Hninzi)။ —— ရန်ကုန်၊ တူဒေးစာအုပ်တိုက်၊ ၂၀၁၁။
၁၉၆ စာ၊ ၂၀ စင်တီ။ —— (အတွေးအမြင်စာစဉ် - ၉)
၁။ မင်ဒဲလားထွင်သောလမ်း

အတွေးအမြင်စာစဉ် (၉)

# မင်ဒဲလားထွင်သောလမ်း

မြနှင်းဆီ (Mra Hninzi)

ဘဝ၊ ချစ်ခြင်းမေတ္တာနှင့် ရဲစွမ်းသတ္တိဆိုင်ရာသင်ခန်းစာ - ၁၅ ခု

**MANDELA'S WAY FIFTEEN LESSONS ON LIFE, LOVE, AND COURAGE**
BY
RICHARD STENGEL

**ဒို့တာဝန်အရေးသုံးပါး**

- ✱ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ✱ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ✱ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

---

**ပြည်သူ့သဘောထား**

- ✱ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

---

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
- ✱ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ✱ ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

---

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✱ ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✱ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

---

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ✱ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

## မာတိကာ


- ထုတ်ဝေသူအမှာ
- နယ်လ်ဆန်မင်ဒဲလား၏အမှာစကား
- ထူးခြားသော ပင်ကိုစရိုက်များကို ပိုင်ဆိုင်ထားသူ ... ၁

၁။ ရဲဝံ့သတ္တိရှိခြင်းသည် စိုးရိမ်ကြောင့်ကြမှု ကင်းမဲ့ခြင်း မဟုတ်ပါ ... ၂၀
၂။ စဉ်းစားချင့်ချိန်ပြီးမှ စီမံဆောင်ရွက်ပါ ... ၃၃
၃။ ရှေ့တန်းမှ ဦးဆောင်ပါ ... ၄၃
၄။ နောက်တန်းမှ ဦးဆောင်ပါ ... ၆၂
၅။ သင်၏ အခန်းကဏ္ဍနှင့် သင်၏အသွင်အပြင် ကိုက်ညီမှုရှိပါစေ ... ၇၂
၆။ ကျောရိုးမူတစ်ခုထားရှိပါ ... [illegible]၅
၇။ အခြားသူများအပေါ် အကောင်းမြင်ပါ ... ၉၆
၈။ ရန်သူကို သိနားလည်ပါ ... ၁၀၉
၉။ ရန်သူကို မျက်ခြည်ပြတ်မခံပါနှင့် ... ၁၂၄
၁၀။ 'နိုး' ပြောသင့်သည့်အချိန်ကို ပိုင်းခြားသိပါ ... ၁၃၁
၁၁။ ကစားပွဲကို အချိန်ယူကစားပါ ... ၁၃၆
၁၂။ ချစ်ခြင်းမေတ္တာသည် ဘဝကို ထူးကဲစေသည် ... ၁၄၃

၁၃။ စွန့်လွှတ်ခြင်းသည်လည်း ဦးဆောင်ခြင်းပင် . . . ၁၆၁
၁၄။ အမြင်နှစ်ခုစလုံး မှန်စမြဲပင် . . . ၁၆၇
၁၅ ။ မိမိအတွက် သီးသန့်ကမ္ဘာလေးတစ်ခုထားရှိပါ . . . ၁၇၄
- မင်ဒဲလား၏လက်ဆောင်မွန် . . . ၁၈၂
- စာရေးသူအကြောင်း . . . ၁၉၆

## ထုတ်ဝေသူအမှာ

လူ့ဘဝက တိုတောင်းလွန်းသည်။ ထိုတိုတောင်းလှသော လူ့ဘဝခဏ၌ အချို့က မိမိတို့၏ဘဝကို ဘာသိဘာသာဖြတ်သန်းကြသည်။ သမားရိုးကျပုံစံများဖြင့် ဘဝကို တည်ဆောက်ကြသည်။ အချို့ကတော့ ထိုသို့မဟုတ်။ ကိုယ့်အကျိုးကို နောက်တွင်ထားပြီး အများအကျိုးကို ရှေ့တန်းတင်ကာ အနစ်နာခံဆောင်ရွက်ကြသည်။ အများလိုအင်ဆန္ဒအတွက် ကိုယ်ကျိုးစွန့် တိုက်ပွဲဝင်ကြသည်။ ထိုအထဲတွင် တောင်အာဖရိကခေါင်းဆောင်နယ်ဆန်မင်ဒဲလားသည်လည်း တစ်ယောက်အပါအဝင်ဖြစ်သည်။ မင်ဒဲလားသည် အာဖရိကန်ပြည်သူများ၏အကျိုးအတွက် သူ့ဘဝကို ရင်းနှီးမြှုပ်နှံခဲ့သူဖြစ်သည်။ သူ့ဘဝ၏အချိန်တော်တော်များများက ထောင်ထဲတွင် ကုန်ဆုံးခဲ့ရသည်။ ထို့ပြင် သူ့ပြည်သူများ၏အရေးသည် သူ့ဘဝ၏အရေးဟု ခံယူထားသောကြောင့် မိသားစုကိုပင် အချိန်မပေးနိုင်ခဲ့သူဖြစ်သည်။ ထိုသို့သော 'မင်ဒဲလား' နှင့် ပတ်သက်၍ *Time* မဂ္ဂဇင်းအယ်ဒီတာ Richard Stengel က ဘဝ၊ ချစ်ခြင်းမေတ္တာနှင့် ရဲစွမ်းသတ္တိဆိုင်ရာ သင်ခန်းစာ ၁၅ ခု ပါဝင်သည့် မင်ဒဲလားထွင်သောလမ်း စာအုပ်ကို မင်ဒဲလားနှင့် နာရီပေါင်းများစွာ တွေ့ဆုံဆွေးနွေးမေးမြန်းပြီး ရေးသားတင်ဆက်ထားခြင်းဖြစ်သည်။ Richard Stengel ရေးပြီး ဆရာမမြနှင်းဆီ ဘာသာပြန်သည့် ဤစာအုပ်၌ မင်ဒဲလား၏ဘဝ၊ မင်ဒဲလား၏စိတ်ဓာတ်၊ မင်ဒဲလား၏အတွေးအခေါ်၊ မင်ဒဲလား၏ချစ်မေတ္တာ စသည်တို့ကိုသာမက မင်ဒဲလား၏ခေါင်းဆောင်မှုစွမ်းရည်နှင့် အခက်အခဲကျော်ဖြတ်မှုအရည်အချင်းတို့ကိုပါ ဖွင့်ဆိုပြသထားသောကြောင့် စီစဉ်ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။

**တူဒေးစာအုပ်တိုက်**

## နယ်လ်ဆန်မင်ဒဲလား၏အမှာစကား

အာဖရိကတွင် **အူဘန်တူ** ဆိုသည့် အမြင်သဘောထားတစ်ခု ရှိပါသည်။ ယင်းမှာ၊ ကျွန်ုပ်တို့သည် အခြားသူများ၏ ကြင်နာမှုနှင့် စာနာထောက်ထားမှုမှ တစ်ဆင့်သာ လူသားဆန်နိုင်သည်ဆိုသည့် နက်နဲသိမ်မွေ့သော အသိတရားပင်ဖြစ်သည်။ ကျွန်ုပ်တို့ ဤကမ္ဘာတွင် တစ်ခုခုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့လျှင် ယင်းသည် အခြားသူများ၏ ကြိုးပမ်းမှု၊ အောင်မြင်မှုတို့နှင့် ဆတူပင်ဖြစ်သည်။ ရစ်ချတ်စတင်ဂဲလ်သည် ဤအတွေးအခေါ်ကို မဆိုင်းမတွ ဆုပ်ကိုင်မိသူများအနက်မှ တစ်ဦးဖြစ်သည်။ သူသည် ထူးချွန်သော စာရေးဆရာတစ်ယောက် ဖြစ်သည်။ ကျွန်ုပ်တို့၏သမိုင်းကို နက်နဲစွာ နားလည်ထားသူလည်းဖြစ်သည်။ 'လွတ်မြောက်ရေးသို့ ရှည်လျားသောခရီး' စာအုပ်ပြုစုရာတွင်သူ၏ ပူးပေါင်းဆောင်ရွက်မှုအတွက် ကျွန်ုပ်တို့ သူ့ကို အထူးပင် ကျေးဇူးတင်ရှိပါသည်။ ထိုစာအုပ်ဖြစ်မြောက်ရေးအတွက် နာရီပေါင်းများစွာ စကားလက်ဆုံပြောခဲ့ခြင်း၊ လှံ့လအတူ စိုက်ခဲ့ခြင်းတို့မှ အောက်မေ့ဖွယ်ရာ အမှတ်တရများစွာရှိပါသည်။ ယနေ့ကမ္ဘာနှင့် လူတစ်ဦးချင်းစီတို့ ရင်ဆိုင်နေရသောရှုပ်ထွေးလှသည့် ခေါင်းဆောင်မှုပိုင်း စိန်ခေါ်မှုများကို သူက ထူးခြားသည့် ထိုးထွင်းအမြင် ရှိသည်။

လူတိုင်းလူတိုင်းဤအမြင်မှသင်ခန်းစာရယူနိုင်ပါသည်။

**နယ်လ်ဆန်မင်ဒဲလား**

**(၂၀၀၈ခုနှစ်၊ နိုဝင်ဘာလ)**

## ထူးခြားသောပင်ကိုစရိုက်များကို ပိုင်ဆိုင်ထားသူ

ကျွန်တော်တို့အားလုံး သူရဲကောင်းများကို တမ်းတကြသော်လည်း ထိုသူတို့သည် နည်းပါးလှပေသည်။ နယ်လ်ဆန်မင်ဒဲလားသည် ကျွန်တော်တို့ကမ္ဘာ၏ နောက်ဆုံးသော သူရဲကောင်းစစ်စစ် တစ်ဦးပင်။ သူသည် မိမိကိုယ်ကိုယ် စွန့်လွှတ်အနစ်နာခံခြင်း၊ တည်ငြိမ်အေးဆေးမှုရှိခြင်းတို့၏ သင်္ကေတအပြုံးကို ဆောင်သည်။ သန်းပေါင်းများစွာသော လူသူတို့ ကြည်ညိုလေးစားသော သက်ရှိထင်ရှား သူတော်စင်တစ်ဦးဖြစ်ပေသည်။ သို့သော် ယင်းအမြင်သည် တစ်ဖက်သတ်အမြင်သာဖြစ်သည်။သူသည် 'သူတော်စင်တစ်ဦး မဟုတ်ကြောင်း၊ မိမိကိုယ်ကိုယ် နှိမ့်ချပြောဆိုခြင်း မဟုတ်ကြောင်း' သူကိုယ်တိုင် လက်ဦးရယူ ပြောဆိုလိမ့်မည်။

နယ်လ်ဆန်မင်ဒဲလားသည် ဆန့်ကျင်ဘက်လက္ခဏာများစွာတို့ကို ပိုင်ဆိုင်သူဖြစ်သည်။ သူသည် သူများအပြောအဆိုကို တော်ရုံမနာတတ်ပေ။ အရေထူသည်။ သို့သော် စိတ်ထိခိုက်လွယ်သည်။ အခြားသူများ၏ ခံစားချက်ကို နားလည်ပေးနိုင်သော်လည်း သူနှင့် အရင်းနှီးဆုံးသော သူများကို များသောအားဖြင့် လျစ်လျူရှုထားတတ်သည်။ ငွေအသုံးအစွဲ ရက်ရောသော်လည်း လက်ဖက်ရည်ဖိုး ပေးရာတွင် တွန့်တိုသည်။ ပုရစ်၊ သို့မဟုတ် ပင့်ကူတို့ကို တက်မနင်းမိအောင် ဂရုထားသော်လည်း အာဖရိကန်အမျိုးသားကွန်ဂရက်၏ စစ်တပ်တွင် အဆင့်

(၁) တပ်ချုပ် ဖြစ်သည်။ ပြည်သူလူထု၏ လေးစားမှုကို သူကိုယ်တိုင် ရယူထားသော်လည်း အခြား ထင်ပေါ်ကျော်ကြားသူများအကြားတွင် ပျော်ရွှင်စွာ ရောနှောနေတတ်သည်။ သူများ စိတ်ချမ်းသာအောင် လုပ်ပေးဖို့ ဝန်မလေးသော်လည်း 'မလုပ်ပေးနိုင်ဘူး' ဟုပြောရန်လည်း ဝန်မလေးပေ။ နာမည်ကောင်းရယူလိုစိတ် မရှိသော်လည်း သူရသင့်သည်ဟု ထင်သည့်အခါ သင့်ကိုပြောလိမ့်မည်။ သူသည် စားဖိုဆောင်မှ ဝန်ထမ်းများအားလုံးကို လက်ဆွဲနှုတ်ဆက်သော်လည်း သူကိုယ်ရံတော်အချို့၏ နာမည်များကိုပင် မသိပါ။

သူ့ဥပမိရုပ်မှာ အာဖရိကန် မင်းမျိုးမင်းနွယ်နှင့် ဗြိတိသျှ အထက်တန်းလွှာ ယှက်နွယ်သည်။ ပိုးထည်ဝတ်ရုံ ဝတ်ဆင်ထားသော ဝိတိုရိယခေတ် လူကြီးလူကောင်းပုံ ပေါက်သည်။ သူ့အမူအရာများသည် နန်းဆန်သည်။ ဗြိတိသျှ ကိုလိုနီကျောင်းများတွင် ပညာသင်ခဲ့ပြီး စာရေးဆရာကြီးဒစ်ကင်း(စ်) သက်ရှိထင်ရှား စာရေးနေစဉ်အချိန်က ဒစ်ကင်း(စ်) စာပေများကိုဖတ်သော ကျောင်းဆရာများ၏ သွန်သင်မှုအောက်တွင် ကြီးပြင်းလာခဲ့သည် မဟုတ်ပါလား။ သူသည် သမားရိုးကျဆန်သည်။ သူ့ခါးကိုကိုင်းပြီး လက်ကိုဝှေ့ကာ သင်သူ့ရှေ့မှသွားရန် ဦးစားပေးမည်။ သို့သော် သူစကားပြောရာတွင် ဟိတ်ဟန်မလုပ်ပါ။ ရော်ဘင်ကျွန်းမှ အကျဉ်းထောင်၏ သန့်စင်ခန်းစနစ်အကြောင်း အသေးစိတ် ပြောပြသလို၊ သူအသက် ၁၆ နှစ်က သူတို့မျိုးနွယ်စု ဓလေ့ထုံးတမ်းအရ လိင်တံထိပ် အရေပြားလှီးခံရသည့်အချိန်က ခံစားချက်အကြောင်းကိုလည်း တိတိကျကျပြောပြလိမ့်မည်။ လန်ဒန်၊ သို့မဟုတ် ဂျိုဟန်းနစ်ဘတ်တွင် ငွေထည်အလှ ပန်းကန်အသုံးအဆောင်များဖြင့် စားသောက်သော်လည်း သူ၏ရပ်မြေ 'ထရန်စကီ' တွင်မူ ဓလေ့ထုံးစံအတိုင်းလက်ဖြင့် ထမင်းစားသည်။

နယ်လ်ဆန်မင်ဒဲလားသည် စေ့စပ်သေချာသည်။ တစ်ရှူးဘူးထဲမှ တစ်ရှူးယူပြီးလျှင် သေချာခေါက်ပြီးမှ သူ့အင်္ကျီရှေ့အိတ်ကပ်တွင် ထည့်တတ်သည်။ တစ်ခါက သူ၏အင်တာဗျူးတစ်ခု အချိန်တွင် သူ့ခြေအိတ်တစ်ဖက်မှာ ပြောင်းပြန်ဖြစ်နေသည်ကို သတိထားမိပြီး ပြန်ပြင်ဝတ်သည်။ အကျဉ်းထောင်တွင် အနှစ် ၂၀ အတွင်းသူရေးသည့် စာတိုင်းကို အပိုတစ်စောင် ကူးယူထားလေ့ရှိသည်။ ရသည့်စာများကို ရရှိသည့်နေ့စွဲ၊ သူစာပြန်ရေးသည့် နေ့စွဲတို့ဖြင့် စာရင်းပြုစုထားသည်။ ဂရာစာမာခဲလ်နှင့် လက်မထပ်မီအချိန်အထိ သူ၏ နေအိမ်ရှိ နှစ်ယောက်အိပ်ခုတင်တွင် တစ်ဖက်တည်း၌သာ အိပ်လေ့ရှိသည်။ ကျန်တစ်ဖက်ကို လုံးဝအသုံးမပြုပါ။ အိမ်တွင်ဖြစ်ဖြစ်၊ ဟိုတယ်တွင်ဖြစ်ဖြစ်၊ နံနက် အရုဏ်မတက်မီ အိပ်ရာမှထပြီး သူ့အိပ်ရာကို သန့်ပြန့်အောင် ခင်းကျင်းသည်။ သူ အိပ်ရာကိုယ်တိုင်ခင်းသည်ကို မြင်သော ဟိုတယ်ဝန်ထမ်းအချို့၏ အံ့ဩမှုကို ကျွန်တော်မြင်ဖူးသည်။ သူသည် အချိန်ကို လေးစားပြီး အချိန်မတိကျသူများကိုစာရိတ္တချို့ယွင်းမှု ရှိသူများဟု သတ်မှတ်သည်။

ကျွန်တော် နယ်လ်ဆန်မင်ဒဲလားကဲ့သို့ ငြိမ်ငြိမ်လေးနေတတ်သူကို မတွေ့ဖူးပါ။ သူထိုင်နေလျှင်၊ သို့မဟုတ် တစ်စုံတစ်ရာကို နားထောင်နေလျှင်သူ့လက်ချောင်းများဖြင့်တစ်စုံတစ်ခုကိုတီးခေါက်ခြင်း၊ သူ့ခြေထောက်များကို လှုပ်နေခြင်း၊ ဟိုသည်ထသွားခြင်းတို့ကို လုပ်လေ့ မရှိပါ။ ကျွန်တော် သူ့နက်ကတိုင်ကို ညှိပေးခြင်း၊ သူ့အင်္ကျီကို ပြန့်အောင် သပ်ချပေးခြင်း၊ မိုက်ကရိုဖုန်းကိုအင်္ကျီတွင် ချိတ်ပေးခြင်းတို့ ပြုလုပ်သည့်အခါ သူငြိမ်လွန်းသဖြင့် ရုပ်တုတစ်ခုကို ဆောင်ရွက်ပေးခြင်းနှင့် တူနေသည်။ သူသင့်ကိုနားထောင်နေလျှင် သူ့ပုံစံသည် အငြိမ်ဓာတ်ပုံနှင့် တူသည်။ သူအသက်ရှူနေသည်ကိုပင် သင် သတိထားမိမည် မဟုတ်ပါ။

သူ့ထံတွင် သင့်ကို ဆွဲဆောင်နိုင်သည့် ညို့ဓာတ်ရှိသည်။ သူ့ကိုယ်သူလည်းသိသည်။ သူသည် သင်ပြောနေသည့် စကားအပေါ် အာရုံရှိသည်။ ယဉ်ကျေးပျူငှာသည်။ ခင်မင်စရာကောင်းသည်။ ထို့ပြင် (သူမနှစ်သက်သည့် စကားလုံးဖြင့် ပြောရမည်ဆိုလျှင်) ညို့ယူဖမ်းစားနိုင်စွမ်း

ရှိသည်။ ရှိအောင်လည်းကြိုးစားသည်။ သင့်ကိုမတွေ့မီ သင့်အကြောင်း ရသလောက်စုံစမ်းထားမည်။သူအုကျဉ်းထောင်မှ လွတ်ခဲ့စဉ်အချိန်က ထိုစဉ်က သတင်းထောက်များ၏ အရေးအသားများကို သေချာဖတ်ပြီး တစ်ဦးချင်းကို ရေးသားမှုအလိုက် ထောက်ပြပြီး ချီးကျူးသည်။ ညှို့ဓာတ် သူများ၏ထုံးစံအတိုင်း သူကိုယ်တိုင်လည်း အလွယ်တကူ အညှို့ခံသည်။ သူ့ကို သင်သဘောကျသည်ကိုသိစေခြင်းဖြင့် ထိုအရာကို သင်စွမ်းဆောင်နိုင်မည်။

သူ၏ညှို့ဓာတ်သည် နိုင်ငံရေးအတွက်ဖြစ်သလို ကိုယ်ရေးကိုယ်တာအတွက်လည်း ဖြစ်သည်။ နိုင်ငံရေးဆိုရာတွင် စည်းရုံးတိုက်တွန်းမှုသည် အဓိကကျသည်။ မင်းဒဲလားသည် သူ့ကိုယ်သူ ဆက်ဆံရေးကောင်းလှသူတစ်ဦးအဖြစ် မခံယူပါ။ စည်းရုံးတိုက်တွန်းမှု ကောင်းသူအဖြစ်သာ ခံယူသည်။ သူသည် ယုတ္တိဆန်စွာ အကျိုးသင့်အကြောင်းသင့် ဆွေးနွေးခြင်း၊ သို့မဟုတ် ညှို့ဓာတ် အသုံးပြုခြင်း၊ သို့မဟုတ် ထိုနည်းနှစ်မျိုးစလုံး အသုံးပြုခြင်းဖြင့် သင့်အား စည်းရုံးမည်။ သူသည် သင့်ကို တစ်ခုခုဆောင်ရွက်ရန် အမိန့်ပေးသည်ထက် တိုက်တွန်းလိမ့်မည်။ သို့သော် လိုအပ်ပါက သင့်ကို သူအမိန့်ပေးလိမ့်မည်။

သူ့ကို သူများနှစ်သက်သည်ကို လိုလားသည်။ အထင်ကြီးလေးစားသည်ကိုလည်းကြိုက်သည်။ သူများ မျှော်လင့်ချက်ကို မဖြည့်ဆည်းပေးနိုင်မည်စိုးသည်။ သင် သူနှင့်တွေ့ဆုံပြီးသည့်အချိန်တွင် သင့်အနေဖြင့် သူသည် သင်မျှော်လင့်ထားသည့်ပုဂ္ဂိုလ်တစ်ဦး ဧကန်ဖြစ်ကြောင်းခံစားစေလိုသည်။ ထိုကဲ့သို့ ဖြစ်ရန်အတွက် ဝါယမစိုက်ထုတ်ဖို့လိုသည်။ သို့သော် သူနှင့်တွေ့ဆုံသူတိုင်းအတွက် ထိုဝါယမကို သူ စိုက်ထုတ်သည်။ မည်သူ့ကိုမျှလျှော့ပြီး မဆက်ဆံပါ။ လူတိုင်းကို 'မင်းဒဲလားစိတ်ဓာတ်' အပြည့်အဝဖြင့် ဆက်ဆံသည်။ ပင်ပန်းနွမ်းနယ်နေလျှင်မူ သူ၏ မျက်လုံးများစင်းလာပြီး မတ်တတ်အိပ်နေသည်ဟု ထင်ရသည်။ သို့သော်လည်း ကျွန်တော့်အနေဖြင့် သူ့လောက် တစ်ည အိပ်ရုံမျှဖြင့်



ထိုမျှလောက် ပြန်လည်လန်းဆန်းသွားသူမျိုးကို မမြင်ဖူးပါ။ ည ၁၀ နာရီတွင် ဖြူဖပ်ဖြူရော်ဖြစ်နေသောသူသည် နောက် ရှစ် နာရီအကြာ နံနက် ၆ နာရီတွင်၊ တက်ကြွလန်းဆန်းပြီး အသက် ၂၀ ပြန်ငယ်သွားသည့် ပုံပန်းသဏ္ဍာန်ဖြစ်နေသည်။

သူ၏ နှစ်လိုဖွယ်ရာအပြုအမူသည် သူသင့်ကို မည်မျှသိသည်ဆိုခြင်းနှင့် ဆန့်ကျင်ဘက်ဆက်နွယ်မှု ရှိသည်။ သူသည် သူစိမ်းများကို နွေးထွေးစွာဆက်ဆံပြီး ရင်းနှီးသူများကို ခပ်စိမ်းစိမ်းဆက်ဆံသည်။ သူ့ဝန်းကျင်သို့ ဝင်ရောက်လာသော လူသစ်မှန်သမျှကို နွေးထွေးသည့် အပြုံးဖြင့် ဆီးကြိုနှုတ်ဆက်သည်။ သို့သော် ထိုအပြုံးသည် အပြင်လူများအဖို့ သီးသန့်ဖြစ်သည်။ ကျွန်တော်သူ့ကို သူ၏သား၊ သူ၏သမီးများ၊ သူ၏ညီမများနှင့်အတူ မကြာခဏတွေ့ဖူးသည်။ ထိုသူတို့ သိသော မင်းဒဲလားသည် ခက်ထန်ပြီး မပြုံးရွှင်သော အသွင်အပြင်ရှိကာ သူတို့၏ ပြဿနာများကိုလည်း စာနာမှု သိပ်မပေးနိုင်သူတစ်ဦးဖြစ်သည်။ သူသည် ဝိတိုရိယခေတ်ကကဲ့သို့ ရှေးကျသော အာဖရိကန် ဖခင်တစ်ဦးဖြစ်သည်။ ခေတ်သစ်ဖခင်တစ်ဦး မဟုတ်ပါ။ သူဆွေးနွေးရန် မလိုလားသော အကြောင်းအရာတစ်ခုကို ပြောမိလျှင် မျက်မှောင်ကြုတ်လေ့ရှိသည်။ နှုတ်ခမ်းသည် အပြုံး၏ ပြောင်းပြန်ပုံသဏ္ဍာန် ဖြစ်သွားသည်။ သင်သူ့ကို အဆိုပါအကြောင်းဆက်ပြောလျှင် သူ့မျက်နှာသည် အေးစက်လာပြီး အာရုံလွှဲပြောင်းရန် ပြုမူလိမ့်မည်။ ထိုသို့ဆိုပါက နေသာသော နေ့တစ်နေ့သည် ရုတ်ခြည်းမှောင်မည်းလာသလို ဖြစ်သွားလိမ့်မည်။

မင်းဒဲလားသည် ရုပ်ဝတ္ထုပစ္စည်း ပိုင်ဆိုင်မှုကို အလေးမထားပါ။ ကားနာမည်များ၊ ဧည့်ခန်းထိုင်ခုံ အမျိုးအစားများ၊ နာရီအမျိုးအစားများကိုမသိပါ၊ သိရန်လည်းမကြိုးစားပါ။ သို့သော် တစ်ခါက သူ့ကိုယ်ရံတော်တစ်ဦးကို သူနှစ်သက်သည့် ဖောင်တိန်ပင်ဝယ်ယူရန် တစ်နာရီကြာ ကားမောင်းရသည့် ဝေးကွာသောနေရာသို့သွားခိုင်းသည်။ သူ့သားသမီးများကို ငွေအပေးရက်ရောသည်။ သို့သော် သင်သူ့စားပွဲထိုး ဖြစ်လျှင်

တော့ သူ့ထံမှ လက်ဖက်ရည်ဖိုးများများရရန် မမျှော်လင့်ပါနှင့်။ ကျွန်တော်တို့နှစ်ဦး တစ်ခါက ဂျိုဟန်းနစ်ဘတ်မြို့ရှိ ခေတ်မီစားသောက်ဆိုင်တစ်ခုတွင် နေ့လယ်စာ အတူစားကြသည်။ စားပွဲထိုးများက သူ့ကို အထူးဂရုစိုက်ကြသည်။ စားသောက်စရိတ်သည် စုစုပေါင်း ရန်း တစ်ထောင်ကျသည်။ မင်ဒဲလားက သူ့လက်ထဲမှ အကြွေစေ့များကို စိစစ်ပြီး စားပွဲတွင် အကြွေစေ့အနည်းငယ်ကိုသာ ချထားခဲ့သည်။ သူ ထသွားသည့်အခါ ကျွန်တော်ကစားပွဲထိုးကို ရန်းတစ်ရာတန် တစ်ရွက် လက်သိပ်ထိုးပြီး ပေးခဲ့သည်။ ကျွန်တော် ဤသို့ ပြုလုပ်ရသည်မှာ တစ်ကြိမ် မကပါ။

သူသည် သူမှန်သည်ဟုထင်သောအကြောင်းအရာတစ်ခု အတွက် မဆုတ်မနစ်၊ မလျှော့သောဇွဲလုံ့လဖြင့် ကာကွယ်ပြောဆိုသူ တစ်ဦးဖြစ်သည်။ သူက 'ဒါမျိုးတော့ မဖြစ်သင့်ဘူး' ဟု ပြောသည်ကို အကြိမ်ပေါင်းများစွာ ကျွန်တော်ကြားဖူးသည်။ သေးငယ်သည့် အကြောင်းအရာဖြစ်ဖြစ် ၊ နိုင်ငံတကာအရေးပါသည့် အကြောင်းအရာ ဖြစ်ဖြစ် သူ့လေသံမှာတစ်သံတည်းပင်။ ထိုလေသံကို သူ့လုံခြုံရေး အစောင့်တစ်ဦး၏သော့ဖြင့် သူ့ရုံးခန်းကို ဖွင့်မရသည့်အခါကသုံးသလို၊ တောင်အာဖရိကသမ္မတ အက်ဖ်ဒဗလျူဒီကလတ်နှင့် ဖွဲ့စည်းပုံကိစ္စ ညှိနှိုင်းဆွေးနွေးသည့်အခါတွင်လည်း သမ္မတကို တိုက်ရိုက်ပြောသည်ကို ကြားရသည်။ ထိုစကားစုကို ရော်ဘင်ကျွန်း အကျဉ်းထောင်တွင် အစောင့်တစ်ယောက်၊ သို့မဟုတ် အကျဉ်းထောင် အကြီးအကဲကို ပြောသည့်အခါတွင်လည်း ထိုနည်းလည်းကောင်းပင် သုံးစွဲသည်။ 'ဒါမျိုးတော့ မဖြစ်သင့်ဘူး'။ အခြေခံအားဖြင့် မျှတမှု မရှိခြင်းကို သည်းမခံနိုင်ခြင်းသည် သူ့ကိုတွန်းအားပေးသည့်အရာ၊ သူ၏စိတ်မကျေနပ်မှုကို နှိုးဆွပေးသည့်အရာဖြစ်သည်။ အပါသိုက်၏ အဓိကကျသည့်တရားမမျှတမှုအပေါ် သူ၏ရိုးရှင်းသည့် ခံယူချက်သည် ထိုနည်းလည်းကောင်းပင်။ အမှားတစ်ခုကိုမြင်၍ မှန်အောင်လုပ်ရန် သူကြိုးစားသည်။ တရားမမျှတမှုကို မြင်၍ ပြင်ရန် သူကြိုးစားသည်။



**ကျွန်တော်ထိုအကြောင်းအရာများကိုမည်သို့သိသနည်း**

ကျွန်တော် နယ်လ်ဆန်မင်ဒဲလားနှင့် သူ့အတ္ထုပ္ပတ္တိရေးရန် ပူးပေါင်းဆောင်ရွက်သည်။ ကျွန်တော်သူနှင့် သုံးနှစ်ခန့်အတူရှိနေခဲ့သည်။ ထိုကာလအတွင်းသူနှင့် ကျွန်တော်နေ့တိုင်းလိုလို ဆုံတွေ့သည်။ ကျွန်တော် သူနှင့်ခရီးအတူသွားသည်။ ထမင်းအတူစားသည်။ သူ့ဖိနပ်ကြိုးကိုချည်ပေးသည်။ သူ့နက်ကတိုင်ကို ညှိပေးသည်။ သူ့ဘဝ၊ သူ့အလုပ် အကြောင်း နာရီပေါင်းများစွာ အတူဆွေးနွေးကြသည်။

ကျွန်တော် မင်ဒဲလားနှင့် ဆုံစည်းရန် အကြောင်းဖန်လာသည်မှာ အမှတ်မထင်တိုက်ဆိုင်မှုတစ်ခုဖြစ်သည်။ ကျွန်တော် တောင်အာဖရိကသို့ မရည်ရွယ်ဘဲရောက်သွားခဲ့သည်။ လုပ်ဖော်ကိုင်ဖက် ဂျာနယ်လစ်တစ်ဦးက တောင်အာဖရိကသွားရန် ကိစ္စတစ်ခုကို နောက်ဆုံးအချိန်ကျမှ ကပ်ပြီးဖျက်သိမ်းသည်။ ကျွန်တော် သူ့အစား သွားရောက်ခဲ့သည်။ ထိုခရီးတွင် သိခဲ့ရသည့်အချက်အလက်တို့အပေါ် မှီငြမ်းပြီး တောင်အာဖရိကမြို့ငယ်တစ်ခု၏ အပါသိုက်အောက်နေထိုင်မှုစနစ်အကြောင်း စာအုပ်တစ်အုပ်ရေးသည်။ ထိုစာအုပ်ကို မင်ဒဲလား၏ ဘဝမှတ်တမ်းထုတ်မည့် အယ်ဒီတာက မတော်တဆ ဖတ်ရသောအခါ မင်ဒဲလား၏ ဘဝဇာတ်လမ်းကို မင်ဒဲလားနှင့်အတူ လက်တွဲပြုစုရန် အခွင့်အလမ်းကို ကျွန်တော့်အား ကမ်းလှမ်းသည်။

သို့ဖြင့် ကျွန်တော် ၁၉၉၂ ခုနှစ် ဒီဇင်ဘာလတွင် ဂျိုဟန်းနစ်ဘတ်မြို့တွင်ရောက်ရှိပြီး မင်ဒဲလားကိုတွေ့ရန် စောင့်ဆိုင်းနေရသည်။ ထိုအချိန်ကာလသည် တောင်အာဖရိက၏ သမိုင်းတွင် ခက်ခဲမှုများ၊ သွေးဖည်ဖောက်ပြန်မှုများရှိနေသောကာလ ဖြစ်သည်။ စည်းလုံးညီညွတ်မှုမရှိခြင်းကြောင့် ပြည်တွင်းစစ်ဖြစ်ရန် အန္တရာယ်ရှိနေသည်။ မင်ဒဲလား အကျဉ်းထောင်မှ လွတ်ထားသည်မှာ သုံးနှစ် မပြည့်သေးပါ။ သူ၏အာဏာစက် ကျစ်လျစ်ခိုင်မာအောင် ကြိုးပမ်းနေချိန်ဖြစ်သည်။ သူ၏ဦးဆောင်မှုဖြင့် နိုင်ငံ၏သမိုင်းတွင် ပထမဦးဆုံးဖြစ်မည့် ဒီမိုကရေစီ ရွေးကောက်ပွဲသို့ ဦးတည်လှုပ်ရှားနေသည်။ သူ့အတ္ထုပ္ပတ္တိ

ပြုစုရန်မှာ သူ၏လုပ်ရန်ရှိစာရင်းတွင် နံပါတ် ၁ တော့မဟုတ်ပါ။သို့သော် သူဇာတ်လမ်းကိုသူကိုယ်ထိုင်ပြောပြလိုသည့် ဆန္ဒတော့ရှိသည်။ သူ့ကို ကျွန်တော်တွေ့ခွင့်မရမီ ကျွန်တော့်ကို တစ်လတိတိ စောင့်ဆိုင်းစေသည်။ တွေ့သည့်အခါ ကျွန်တော့်စိမ်ကိန်းကို ကျွန်တော် ဖျက်မိမလို ဖြစ်သွားခဲ့သည်။ သူ၏ရုံးဟောင်း အေအင်န်စီရုံးချုပ်၏ အပြင် စောင့်ဆိုင်းခန်းတွင် ကျွန်တော်သူ့အလာကို ထိုင်စောင့်နေစဉ် သူရောက်လာသည်။ သို့သော် ကျွန်တော် မျှော်နေသည့်ဘက်မှမဟုတ်ဘဲ ခန်းမကို ဖြတ်လျှောက်ကာ အခြားတစ်ဖက်မှဝင်လာသည်။ သူလမ်းလျှောက်သည်မှာ ထိန်းချုပ်မှုကြောင့် နှေးကွေးနေသည်။ အနေးရုပ်ရှင်ပြကွက်နှင့်တူသည်။ ကျွန်တော်ပထမဦးဆုံး သတိပြုမိသည်မှာ သူ၏ အသားအရေပင်ဖြစ်သည်။ နူးညံ့လှပသော ညိုဝါရောင်ဖြစ်သည်။ မျက်နှာသွင်ပြင်မှာ လှပသည်။ မေးရိုးမြင့်ပြီး အာရှဆန်သည်။ အရပ်မှာ ၆ ပေ၂ လက်မ ရှိသည်။ သူ့ဦးခေါင်း၊ သူ့လက်များ၊ အားလုံးသည် ထည်ဝါသည်။ သူအနားရောက်လာသည့်အခါ ကျွန်တော် မတ်တတ်ရပ်လိုက်သည်။

သူက 'ဟုတ်ကဲ့၊ ခင်ဗျားက . . . ' ဟု ဆိုပြီး နာမည်ကွက်လပ်ဖြည့်ပြောရန် ကျွန်တော့်ကိုစောင့်နေသည်။ ကျွန်တော်က 'ရစ်ချတ်စတင်ဂဲလ်' ဟုပြောလိုက်သည်။ သူ့လက်ကိုကမ်းသည်။ ထိုလက်သည် ပြည့်ဖြိုးပြီး နွေးထွေးခြောက်သွေ့သည်။ လက်ချောင်းများသည် အသားအူချောင်းများကဲ့သို့တုတ်သည်။ သို့သော် နှစ်ပေါင်းများစွာ အလုပ်ကြမ်းလုပ်ခဲ့ရခြင်းကြောင့် အရေခွံမာနေသည်။ သူကျွန်တော့်ကို အထက်အောက်ကြည့်သည်။ 'အင်း. . . မောင်ရင်က လူငယ်တစ်ယောက်ပဲ' ဟု ပြုံးပြီးပြောသည်။ 'လူငယ်' ဟု ပြောလိုက်သည့် လေသံမှာ ချီးကျူးသည့် လေသံမဟုတ်ပါ။ ထို့နောက် သူ့ရုံးခန်းသို့ဝင်ရန်ဖိတ်ခေါ်သည်။ ရုံးခန်းသည် ကျယ်ပြန့်သန့်ရှင်းသည်။ ပစ္စည်းများစနစ်တကျရှိသည်။ အလှသုံးရုံးခန်းဟု ထင်မိသော်လည်းမဟုတ်ပါ။ သူ့လက်ထောက်



အမျိုးသမီးတစ်ဦးနှင့်စကားပြောရန် ခေတ္တရပ်လိုက်ပြီး ထိုအမျိုးသမီးက လက်မှတ်ရေးထိုးရန်စာရွက်တစ်ရွက်ပေးသည်။ သူက စာရွက်ကို တမင်တကာဖြည်းညင်းစွာ ယူသည်။ သူလုပ်သမျှသည် ချင့်ချိန်ပြီး လုပ်နေမှန်းသိသာသည်။ ထို့နောက် သူ့စားပွဲတွင်ထိုင်ကာ ထိုစာရွက်ကို သူဖတ်သည်။ အပေါ်ယံဖတ်ခြင်းမဟုတ်ဘဲ အသေးစိတ်ဖတ်နေခြင်းဖြစ်သည်။ ထို့နောက် စာရွက်အောက်ခြေတွင် သူ့လက်မှတ်ကို ယခုမှ လက်မှတ်စထိုးသူတစ်ဦးလို ဖြည်းညင်းစွာရေးထိုးသည်။

ထို့နောက် ဆိုဖာခုံရှည်နှင့် မျက်နှာချင်းဆိုင်ရှိ အကြိမ်ကြိမ်သုံးစွဲမှုကြောင့် ဟောင်းနွမ်းနေသော သားရေခုံတွင် သူထိုင်လိုက်သည်။ ကျွန်တော် ဘယ်အချိန်က ရောက်သည်ကိုမေးသည်။ သူ့အသံသည် အသံထိန်းခလုတ်တပ်ဆင်ထားသည့် နှဲရှည်သံကဲ့သို့ အနည်းငယ်ဝါးသည်။

'မောင်ရင်လာတာ ဒီကိစ္စတစ်ခုတည်းအတွက်လား။ တခြားကိစ္စရောရှိသေးလား'။ ကျွန်တော်စိတ်ညစ်သွားသည်။ သူ့မေးခွန်း၏ အဓိပ္ပာယ်မှာ၊ သူ့အတ္ထုပ္ပတ္တိရေးရန်အတွက်နှင့် ခရီးတစ်ခုမထွက်လာသင့်ဟု သဘောရှိသည်။ ကျွန်တော်က သူ့စာအုပ်အတွက်သာ လာခြင်းဟု ပြောလိုက်သည်။ သူခေါင်းညိတ်သည်။ စကားကိုမလိုအပ်ဘဲ မပြောပါ။ သူက ဒီဇင်ဘာလ ၁၅ ရက်နေ့မှစပြီး ခေတ္တအနားယူရန် စဉ်းစားထားပြီးသူ့ရုံးဝန်ထမ်းများကသူနှင့်ကျွန်တော်စကားပြောရန် ၄ ရက် ၅ ရက်ခန့် ဖယ်ပေးထားကြောင်းပြောသည်။ အနားယူရန် ရက်မှာ ၁၀ ရက်ခန့် လိုသေးပြီးယင်းမတိုင်မီ ကျွန်တော်နှင့် ဆွေးနွေးမှု ပြီးဆုံးနိုင်မည်ဟု မျှော်လင့်ကြောင်းပြောသည်။ ကျွန်တော်သူ့ကိုတွေ့ရန် တစ်လစောင့်ခဲ့ရသည်။ ဖုန်းဆက်လျှင် ပြန်လည်ဖြေကြားခြင်းမရှိခဲ့။ ကျွန်တော် သူ့အကြောင်း သုတေသနပြုလုပ်ပြီး ပြင်ဆင်ခဲ့သည်။ ထိုကိစ္စများအားလုံးကြောင့် ကျွန်တော် စိတ်ရှုပ်ထွေးသွားပြီး သူ့ကို အသံမြှင့်ကာ အော်ပြောမိသည်။ '၄ ရက်၊ ၅ ရက်ဟုတ်လား။ လူကြီးမင်းရဲ့ စာအုပ်ကို

ကျွန်တော်တို့ ၄၊ ၅ ကြိမ်တွေ့ဆုံဆွေးနွေးရုံနဲ့ ပြီးမယ်လို့ထင်ရင် လူကြီးမင်း၊ လူကြီးမင်း. . .'။ ကျွန်တော့် 'ကိုယ့်ဘာသာ ညာနေတာပဲ' ဆိုသည့် စကားအတွက် သင့်တော်သည့်အခြားစကားလုံး ရှာမရဖြစ်နေသည်။

ကျွန်တော် မင်ဒဲလားရှေ့မှောက်တွင် ၁၀ မိနစ်ပင် မပြည့်သေးချိန်မှာ သူသည်အခြေအနေမှန်ကို မဆုပ်ကိုင်နိုင်သူဟု ကျွန်တော်ပြောမိသလိုဖြစ်သွားသည်။ သူက မျက်ခုံး အနည်းငယ်ပင့်ပြီး ကျွန်တော့်ကိုကြည့်သည်။ ထို့နောက် မတ်တတ်ရပ်လိုက်သည်။ ကျွန်တော့်ကို သွားစေချင်သည့်သဘောဖြစ်သည်။ ထို့နောက် သူ့စားပွဲသို့ လျှောက်သွားပြီး သူ့လက်ထောက်ကို အင်တာကွမ်းနှိပ်ခေါ်ပြီး 'မစ္စတာစတင်ဂဲလ်နဲ့ ကျွန်တော်နဲ့ အချိန်ဇယားတစ်ခု ရေးဆွဲဖို့ စီစဉ်နေကြတယ်' ဟု ပြောလိုက်သည်။ သူက သူထိုညနေတွင်အခြားကိစ္စတစ်ခုရှိနေကြောင်း၊ ကျွန်တော့်ကို မလောလိုသော်လည်း တနင်္လာနေ့နံနက်တွင် သူ့လက်ထောက်နှင့် ဆက်သွယ်စေလိုကြောင်းပြောသည်။ ထို့နောက် ကျွန်တော် သူ့ရုံးခန်းမှ ထွက်ခဲ့ရသည်။ သူ့ဘဝမှ ထွက်လာခဲ့ခြင်းလည်း ဖြစ်နိုင်သည်။ တနင်္လာနေ့ ညနေပိုင်းတွင် မင်ဒဲလားက ကျွန်တော့်ကို နောက်နေ့ နံနက် ၇ နာရီတွင် တွေ့ဆုံလိုကြောင်း သတင်းစကားကို သူ့ရုံးမှ ဖုန်းဖြင့် အကြောင်းကြားသည်။ ၇ နာရီအတိအကျတွင်သူနှင့် ကျွန်တော် ပထမနေ့ကအတိုင်း သူ့ရုံးခန်းတွင်တွေ့ဖြစ်ကြသည်။သူက 'ကဲ စကြစို့' ဟု တရားသူကြီးတစ်ဦးက တရားခွင်တွင်အမှုစစ်ရန် ဖွင့်သည့်ဟန်နှင့် ပြောလိုက်သည်။ ကျွန်တော် လည်ချောင်းကိုဟန့်လိုက်ပြီး ရှေးဦးစွာ ပထမ တွေ့ဆုံသည့်နေ့က ကျွန်တော့်အပြုအမူအတွက် တောင်းပန်လိုကြောင်း ပြောလိုက်သည်။ 'အဲဒီနေ့ကကျွန်တော် စကားပြောတာ ရိုင်းရိုင်းပျပျ ဖြစ်မိသွားရင် တောင်းပန်ပါတယ်'။ ကျွန်တော်မည်သည့် စကားလုံး သုံးရမည်ကို ကြံရာမရဘဲ သုံးလိုက်သည့် ထိုစကားလုံးသည် စိမ်းနေသည်။ သူကကျွန်တော့်ကို ကြည့်ပြီးပြုံးသည်။ ထိုအပြုံးက သူ နားလည်သည်၊ ရယ်ချင်စိတ်ပင်ဖြစ်မိသည်၊ ဤလိုမျိုး ယခင်ကလည်း



ကြုံဖူးသည်ဟု ဖွင့်ဆိုနေသည်။ 'ဟိုနေ့က ကျွန်တော်တို့ စကားပြောကြတာကို ရိုင်းရိုင်းပျပျ ဖြစ်သွားတယ်လို့ မောင်ရင်ထင်ရင်၊ မောင်ရင်ဟာ တကယ့်ကို ရည်မွန်တဲ့ လူငယ်တစ်ယောက်လို့ပဲတွေးခေါ်သေးတယ်' ဟု သူပြောသည်။ 'ရိုင်းရိုင်းပျပျ' ဆိုသည့် စကားလုံးကို သေချာပီသအောင်ပြောသည်။ ကျွန်တော် ရယ်လိုက်သည်။ သူသည် အကျဉ်းထောင်ထဲတွင် ၂၇ နှစ် နေခဲ့ရပြီး အစောင့်များက များသောအားဖြင့် နှိမ့်ချဆက်ဆံခြင်းကို ခံခဲ့ရသည်။ သာမန်အားဖြင့် ရက်စက်ကြမ်းကြုတ်မှုတို့ကိုလည်း ခါးစည်းခံခဲ့ရသည်။ ထိုစဉ် မတိုင်မီက ရဲနှင့် စစ်သားများက သူ့ကို မဖြစ်မနေ ဖမ်းဆီးရမည့် အကြမ်းဖက်သမားတစ်ဦးအနေဖြင့် နောက်ယောင်ခံလိုက်ခဲ့ကြသည်။ သူနေသည့်နိုင်ငံတွင် လူဖြူတို့က သူ့လို လူမည်းတစ်ဦးကို လူသားတစ်ဦးကဲ့သို့ မဆက်ဆံကြ။ ယင်းသည် ရိုင်းပျခြင်းထက် ပိုဆိုးသည်။

ကျွန်တော်တို့ခင်မင်မှု ထိုမှစတင်ခဲ့သည်။နောက် နှစ်နှစ်အတွင်း ကျွန်တော်သူနှင့် အင်တာဗျူးချိန် စုစုပေါင်းနာရီ ၇၀ ကျော်ရခဲ့သည်။ သို့သော် ထိုနာရီအရေအတွက်သည် သူနှင့်အတူကုန်ဆုံးခဲ့သည့် နာရီများ၊ နေ့ရက်များ၊ လများနှင့်စာလျှင် မပြောပလောက်ပါ။ ကျွန်တော် အစကနဦးကပင် သူ၏ အစည်းအဝေးများ၊ အခမ်းအနားများ၊ အပန်းဖြေရက်များ၊ နိုင်ငံတော်ခရီးစဉ်များတွင် တတ်နိုင်သမျှ လိုက်ပါရန် ဆုံးဖြတ်ခဲ့သည်။ ဟောက်တန်မြို့ရှိ သူ၏နေအိမ်တွင် သူနှင့် နာရီပေါင်းများစွာနေထိုင်သည်။ ထရန်စကီရှိ သူ၏ကျေးလက်အိမ်သို့ ခရီးအတူ နှင်ကြသည်။ အမေရိက၊ ဥရောပနှင့် အာဖရိကအခြားဒေသများသို့ သူနှင့်လိုက်သွားသည်။ ကျွန်တော်သည် သူ၏အရိပ်သဖွယ်ဖြစ်ခဲ့သည်။ သူနှင့်အတူရှိသောအချိန်များကို မှတ်တမ်းပြုစုထားခဲ့ရာ ထိုမှတ်တမ်းသည် စာလုံးရေတစ်သိန်းနှစ်သောင်း (၁၂၀,၀၀၀) ရှိသည်။ ယခုစာအုပ်သည် ထိုမှတ်တမ်းများကိုအဓိကအခြေခံသည်။ မည်သူမဆို နယ်လ်ဆန်မင်ဒဲလားနှင့် အချိန်အတော်ကြာနေဖူးလျှင် ထိုအချိန်သည်

အကျိုးရှိရုံမက အလွန်စိတ်ကြည်နူးဖွယ်ရာဖြစ်သည်ကို သိပါလိမ့်မည်။ သူရှိနေချိန်သည် ရွှေရောင်သန်းသည်။ လင်းလက်သည်။ သင်အရပ် ပိုမြင့်လာသကဲ့သို့၊ ပိုပြည့်စုံလာသကဲ့သို့ ခံစားရမည်။ များသောအားဖြင့် သူသည်စိတ်တက်ကြွသည်။ ယုံကြည်မှု ပြည့်ဝသည်။ သဘောကောင်းသည်။ ပျော်တတ်သည်။ လေးလံသော ကမ္ဘာ့ပြဿနာများ သူ့ပခုံးထက်တွင် ရှိနေလျှင်ပင် ပေါ့ပါးသယောင်ပြုမူတတ်သည်။ သူနှင့်အတူ ရှိနေလျှင် နောင်သမိုင်းတွင်မည့် အကြောင်းအရာတစ်ခုကို သင် မျက်မြင်တွေ့နေရသည်ဟု ခံစားမိမည်။ သူ၏ဘဝ၊ သူ၏အတွေးအခေါ်များနှင့် သူ၏နှလုံးသားရေးရာ တစ်စိတ်တစ်ဒေသကို ကျွန်တော့်အား ပေးသိသည်။ သူ၏နှိုးဆော်မှုကြောင့် ကျွန်တော့်ဇနီးဖြစ်လာသည့် တောင်အာဖရိကသူနှင့် လက်ထပ်ဖြစ်ခဲ့သည်။ သူသည် ကျွန်တော့်သားဦး၏ ခေါင်းကိုင်ဖခင်ဖြစ်လာသည်။ ကျွန်တော်သူ့ကို ချစ်ခင်လေးစားသည်။ ကျွန်တော့်ဘဝတွင်ဖြစ်သမျှ အကောင်းအများစုသည် သူနှင့်ပတ်သက်နေသည်။ စာအုပ်ပြီးဆုံးသွားသဖြင့် သူ့ထံမှ ခွဲခွာရချိန်တွင် ကျွန်တော့်ဘဝမှနေမင်း၏ အလင်းရောင် ထွက်ခွာသွားသကဲ့သို့ ခံစားခဲ့ရသည်။ သူနှင့် ကျွန်တော်နောက်ပိုင်းနှစ်များတွင် ရံဖန်ရံခါ တွေ့ဖြစ်ပါသေးသည်။ ကျွန်တော့်သားနှစ်ဦးကိုလည်း သူအချိန်ပေးတွေ့ဆုံသည်။ သူတို့ကမင်ဒဲလားကို 'ကြင်နာမှုများပေးသော အဘိုးတစ်ယောက်' ဟု သဘောထားကြသည်။ သို့သော် ယခုအခါ သူနှင့်ပုံမှန် မတွေ့ဖြစ်တော့ပါ။ ဤစာအုပ်သည် သူကျွန်တော့်ကို ပေးခဲ့သောအချိန်နှင့် သံယောဇဉ်အတွက် ကျေးဇူးတင်လွှာဟုဆိုနိုင်သလို သူ့ထံမှ စာနာထောက်ထားမှု၊ ဉာဏ်အမြော်အမြင်ရှိမှု အကျိုးရလဒ်တို့ကို တိုက်ရိုက်ခံစားခွင့်မရလိုက်သူများအတွက် လက်ဆောင်မွန်တစ်ခုလည်းဖြစ်ပါသည်။

နယ်လ်ဆန်မင်ဒဲလား၏ ဘဝတစ်လျှောက် ဆရာများစွာ ရှိခဲ့သည်။ သို့သော် အထူးကဲဆုံးဆရာမှာ အကျဉ်းထောင်ပင်ဖြစ်သည်။



ကျွန်တော်တို့ ယနေ့ယခုသိသော မင်ဒဲလားသည် အကျဉ်းထောင်မှ အချောကိုင် ပုံသွင်းခဲ့သော မင်ဒဲလားဖြစ်သည်။ ဘဝအကြောင်း၊ ခေါင်းဆောင်မှုအကြောင်းတို့ကို အရင်းအမြစ်များစွာမှ သူတတ်သိခဲ့သည်။ သူနှင့်ရင်းနှီးမှုသိပ်မရှိသော ဖခင်ထံမှလည်းကောင်း၊ သူ့ကို သားရင်းတစ်ယောက်နှင့်မခြား မြေတောင်မြှောက်ပေးခဲ့သော သမ်းဘူးမျိုးနွယ်တို့၏ ဘုရင်ထံမှလည်းကောင်း၊ သူ၏ခိုင်မြဲသော မိတ်ဆွေနှင့် လုပ်ဖော်ကိုင်ဖက် ဝေါလ်တာဆစ်စူလူးနှင့် အော်လီဗာတမ်ဘိုတို့ထံမှလည်းကောင်း၊ သမိုင်းတွင်သည့် နိုင်ငံ့ခေါင်းဆောင်ဝင်စတန်ချာချီးလ်နှင့် ဟေလီဆယ်လစီတို့ထံမှလည်းကောင်း၊ မက်ကီယာဗယ်လီနှင့် တောလ်စတွိုင်းတို့၏စကားလုံးများမှ လည်းကောင်း သူသင်ယူခဲ့သည်။ သို့သော် သူအကျဉ်းထောင်တွင်နေထိုင်ခဲ့ရသော ၂၇ နှစ်သည် သူ့ကို ကြံ့ခိုင်စေသည်။ မလိုလားအပ်သောခံစားချက်များကို မေ့ပျောက်စေသည်။

အသက် ၇၁ နှစ်အရွယ်တွင် အကျဉ်းထောင်မှထွက်လာသော နယ်လ်ဆန်မင်ဒဲလားသည် အသက် ၄၄ နှစ်အရွယ်က အကျဉ်းထောင်သို့ ဝင်သွားသော နယ်လ်ဆန်မင်ဒဲလား မဟုတ်တော့ပါ။ မင်ဒဲလား အချုပ်ခံနေရစဉ်အချိန်က အေအင်န်စီအဖွဲ့ခေါင်းဆောင် ဖြစ်လာခဲ့သည့် သူ၏အခင်ဆုံးသူငယ်ချင်း၊ သူ၏ တစ်ချိန်ကလက်တွဲဖော် ရှေ့နေ အော်လီဗာတမ်ဘိုက ငယ်ရွယ်သော မင်ဒဲလားအကြောင်း ပြောပြသည်ကို နားဆင်ကြည့်ပါ။ 'လူတစ်ယောက်အနေနဲ့ မင်ဒဲလားဟာ စာနာထောက်ထားတတ်တယ်၊ စိတ်ခံစားချက်ပြင်းထန်တယ်၊ စိတ်ထိခိုက်လွယ်တယ်၊ စော်ကားတာတို့၊ အထက်စီးဟန်ပန်နဲ့ ဆက်ဆံတာတို့ ရှိခဲ့ရင် ခါးခါးသီးသီးခံစားတတ်ပြီး ချက်ချင်းလက်တုံ့ပြန်ချင်တဲ့စိတ် ရှိတယ်'။ စာနာထောက်ထားတတ်ပါသလား။ စိတ်ခံစားချက် ပြင်းထန်ပါသလား။ စိတ်ထိခိုက်လွယ်ပါသလား။ ခါးသီးစွာခံစားတတ်ပါသလား။ အကျဉ်းထောင်မှလွတ်လာသော နယ်လ်ဆန်မင်ဒဲလားသည် အပေါ်ယံအမြင်

အရ အထက်ဖော်ပြပါစိတ်ဓာတ်များ ရှိပုံမပေါက်တော့ပါ။ယနေ့အခါတွင် ထိုနာမဝိသေသနအားလုံးကို သူနှင့်တွဲသုံးခြင်းအား ကန့်ကွက်ပါလိမ့်မည်။ တကယ်ပင်၊ သူမကြိုက်သူတစ်ယောက်ယောက်ကို ဝေဖန်သည့်အခါ ထိုနာမဝိသေသနများကို အသုံးပြုသည်။ သူချီးကျူးလိုသူများကိုဆိုလျှင် 'ဘက်မလိုက်တတ်'၊ 'ချင့်ချိန်တတ်သည်'၊ 'ထိန်းချုပ်နိုင်သည်' စသည်ဖြင့်ချီးကျူးသည်။ သူများကိုချီးကျူးသော စကားရပ်ကိုကြည့်လျှင် ကျွန်ုပ်တို့မိမိကိုယ်ကိုယ် မည်သို့မြင်သည်ကို ရောင်ပြန်ဟပ်သည်။ထို့ကြောင့် သူအခြားသူများအတွက် အသုံးပြုသောနာမဝိသေသနများသည် သူ့ကိုယ်သူ ညွှန်းရမည်ဆိုလျှင် အသုံးပြုမည့် နာမဝိသေသနများပင်ဖြစ်သည်။

ဤခံစားမှုပြင်းထန်သည့် တော်လှန်ရေးသမား တစ်ယောက်သည် ချင့်ချိန်ဆောင်ရွက်တတ်သော နိုင်ငံရေးခေါင်းဆောင်တစ်ဦး မည်သို့ဖြစ်လာခဲ့သနည်း။ အကျဉ်းထောင်တွင် သူသည်သူ၏ စိတ်ခံစားချက်များကိုထိန်းချုပ်ရသည်။ အကျဉ်းထောင်အတွင်း၌ လူတစ်ယောက်အဖို့ ထိန်းချုပ်စရာဆို၍မိမိစိတ်သာရှိသည်။ စိတ်ပေါက်ကွဲခြင်း၊ စိတ်ကိုအလိုလိုက်ခြင်း၊ စည်းကမ်းမရှိခြင်းတို့အတွက် နေရာမရှိပါ။ သီးခြားလွတ်လပ်သည့်နေရာဟူ၍လည်းမရှိပါ။ မင်ဒဲလား အကျဉ်းကျခဲ့သည့်ရော်ဘင်အကျဉ်းထောင်သို့ ကျွန်တော်ပထမရောက်ခဲ့စဉ်က သူ၏အချုပ်ခန်းကို မြင်ရသည့်အခါ ကျွန်တော် အာမေဋိတ်သံပင်ပြုမိသည်။ သာမန်လူတစ်ဦးအတွက်ပင် လုံလောက်သည့် အခန်းနေရာမရှိပါ။ မင်ဒဲလားလို လူထွားအတွက်မပြောနှင့်တော့။ သူအိပ်ရာတွင် ခြေဆန့်ပြီး မအိပ်နိုင်ခဲ့ပါ။ အကျဉ်းထောင်သည် သူ့စိတ်ကို အမှန်တကယ်ပင်ပုံသွင်းလိုက်သည်။ အပိုလှုပ်ရှားမှုအတွက် နေရာမရှိသလို စိတ်လှုပ်ရှားမှုအတွက်လည်း နေရာမရှိပါ။ မလိုလားအပ်သည့် ခံစားချက်များကိုဖယ်ထုတ်ရသည်။ စည်းစနစ်ကျအောင်နေရသည်။ နံနက်တိုင်းနှင့်ညနေတိုင်း အချုပ်ခန်းကျဉ်းအတွင်းရှိ သူသုံးစွဲရန်ခွင့်ပြုထားသည့်ပစ္စည်းလေးများကို သပ်သပ်ရပ်ရပ်ပြန်စီလေ့ရှိသည်။ တစ်ချိန်တည်း



မှာပင် သူ့အနေဖြင့်နေ့စဉ်အကျဉ်းထောင်တွင် အထက်လူကြီးများထံမှ အခွင့်အရေးရပိုင်ခွင့်ကို တောင်းဆိုရသည်။ သူသည် အကျဉ်းသားများ၏ ခေါင်းဆောင်ဖြစ်ပြီး သူတို့ဘက်မှ ရပ်တည်ပေးရသည်။ သင် နောက်ဆုတ်သည်၊ သို့မဟုတ် သင်နားလည်မှု ယူလိုက်သည်ဆိုသည်နှင့် အကျဉ်းသားအားလုံးက သိနိုင်သည်။ သူ့ကိုအခြားအကျဉ်းသားများ မည်သို့မြင်သည်ကို သူခံစားတတ်လာသည်။ သူသည် အခြားအကျဉ်းသားများထက်ပိုကျယ်ပြန့်သော အသိုင်းအဝိုင်းမှလာသူ ဖြစ်သော်လည်း အကျဉ်းထောင်သည်လည်း သူ့ကမ္ဘာနှင့်သူပင်။ ထိုနေရာတွင် ဦးဆောင်နိုင်မှုထိုနေရာမှ ထွက်လာလျှင်အလားတူ ၊ သို့မဟုတ် ထို့ထက်ပို၍ ဦးဆောင်နိုင်ပေမည်။ ယင်းကာလအတွင်းသူသည် အချိန်ပိုများရှိနေသဖြင့် စဉ်းစားခြင်း၊ စီမံကိန်းချခြင်း၊ ပိုကောင်းအောင်အချောကိုင်ခြင်း၊ ထို့ထက် အချောကိုင်ခြင်းများပြုလုပ်နိုင်သည်။၂၇ နှစ်ကာလအတွင်း သူသည် ပေါ်လစီရေးရာသာမဟုတ်၊ မည်သို့လှုပ်ရှားသွားလာရမည်၊ မည်သို့ ခေါင်းဆောင်ကောင်းလုပ်ရမည်၊ မည်သို့လေးစားထိုက်သူ လူသားတစ်ဦးအဖြစ် ရပ်တည်ရမည်ကို စဉ်းစားတွေးတောသည်။

မင်ဒဲလားသည် မိမိကိုယ်ကိုယ် ပြန်လည်သုံးသပ်သူတစ်ဦး မဟုတ်ပါ။ သူ့စိတ်ထဲရှိသည့်ခံစားချက်နှင့် အတွေးများကို ပြောလေ့ပြောထမရှိပါ။ သူ၏စိတ်ကိုကျွန်တော်က ဝေဖန်ပိုင်းခြားခိုင်းသည့်အခါ သူစိတ်ရှုပ်လာသည်။ စိတ်တိုလာသည်။ စိတ္တဗေဒနှင့် မိမိကိုယ်ကိုယ် ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ ခေတ်သစ်ဝေါဟာရတို့ကို မကျွမ်းကျင်ပါ။ သူကြီးပြင်းသောလောကသည် ဆစ်ဂ်မန်ဖရွိုက်နှင့် မပတ်သက်ပါ။ သူ အတိတ်အကြောင်းကို သူအတော်ပင် ပြန်ပြောင်းစဉ်းစားသည်။ သို့သော် ထိုအကြောင်းများကို ပြောခဲ့သည်။ သူ့ကိုယ်သူ သနားသည်ကို ကျွန်တော်တစ်ကြိမ်သာ တွေ့ဖူးသည်။ ကျွန်တော်တို့ သူ၏ကလေးဘဝကို ဆွေးနွေးနေစဉ်ဖြစ်သည်။ သူကအဝေးသို့ မျှော်ကြည့်ရင်းပြောသည်။ 'ကျွန်တော်ဟာ အတိတ်မှာပဲ ကျန်နေခဲ့တဲ့ သက်ကြီးရွယ်အိုတစ်ယောက်ပါပဲလေ'။ ထိုစကားများပြောချိန်သည် တောင်အာဖရိကနိုင်ငံ၏ သမ္မတ

ဖြစ်လာရန်နှင့် နိုင်ငံသစ်ထူထောင်ရန်ပြင်ဆင်နေချိန်၊ သူ၏အောင်မြင်မှု အထွတ်အထိပ်အချိန်တွင်ဖြစ်သည်။ ကျွန်တော်သူ့ကို ထပ်ကာတလဲလဲ မေးမိသည်မှာ၊ အကျဉ်းထောင်သည် သူ့ကို မည်သို့ပြောင်းလဲစေခဲ့သနည်းဆိုသည့်မေးခွန်းပင်။ ၁၉၆၂ ခုနှစ်က အကျဉ်းထောင်ထဲသို့ ဝင်သွားသော လူတစ်ယောက်သည် ၁၉၉၀ပြည့်နှစ်တွင် ပြန်ထွက်လာသောအခါ မည်သို့ပြောင်းလဲသွားသနည်း။ ဤမေးခွန်းသည်သူ့အား စိတ်ရှုပ်စေသည်။ ထို့ကြောင့်မေးခွန်းကို လျစ်လျူရှုသည်။အခြားပေါ်လစီအဖြေတစ်ခုကိုပေးသည်။ထိုခေါင်းစဉ်ကို ဆက်ဆွေးနွေးခွင့်မပေးတော့ပါ။ နောက်ဆုံးတော့ တစ်နေ့တွင် သူကစိတ်မောသည့်ဟန်ဖြင့် 'အကျဉ်းထောင်က ထွက်လာတော့ ကျွန်တော်ရင့်ကျက်သွားတယ်' ဟုပြောသည်။ 'ကျွန်တော်ရင့်ကျက်သွားတယ်'။ သူဘာကို ဆိုလိုပါသနည်း။ အန်းဒရေးမားလ်ရိုးက သူ၏ကိုယ်တွေ့ဘဝမှတ်တမ်းတွင် ရေးသွားသည်မှာ၊ 'ကမ္ဘာပေါ်တွင် အရှားပါးဆုံးအရာတစ်ခုမှာ ရင့်ကျက်သောလူသားတစ်ဦးပင်ဖြစ်သည်' ဟု ဆိုထားသည်။ မင်ဒဲလားက ထိုသူနှင့်အမြင်တူလိမ့်မည်။ ကျွန်တော့်အတွက်တော့ ထိုစကားလုံးများက နယ်လ်ဆန်မင်ဒဲလားဆိုသည်မှာ မည်သူနည်း၊ သူမည်သည့် သင်ခန်းစာများရခဲ့သနည်း ဆိုသည့် မေးခွန်းများအတွက်ကို နက်နဲသည့် သဲလွန်စ ပေးသည်။ အဘယ်ကြောင့်ဆိုသော်၊ ထိုစိတ်ထိခိုက်လွယ် သော၊ စိတ်လှုပ်ရှားတတ်သောလူငယ်သည်မပျောက်ဆုံးသွားခဲ့ပါ။ ကျွန်တော်တို့ ယနေ့ မြင်တွေ့ရသည့် မင်ဒဲလားအတွင်းကိန်းအောင်းနေပါသည်။ ရင့်ကျက်လာသည်ဆိုရာတွင်၊ ထိုနူးညံ့သည့် စိတ်ခံစားမှုများကို ထိန်းချုပ်နိုင်ခြင်းကိုဆိုလိုပါသည်။ သူစိတ်မထိခိုက်တော့ပါ၊ သူ စိတ်မဆိုးတော့ပါ ဟု မဆိုလိုပါ။ သင်သည် ဘာကိုလုပ်ရမည်၊ ဘယ်လိုလုပ်ရမည်ဆိုသည်ကို အမြဲတစေမသိနိုင်ပါ။ သို့သော်လောကကို ကြည့်ရှုသုံးသပ်ရာတွင် မလိုလားအပ်သည့်စိတ်လှုပ်ရှားမှု၊ စိတ်ပူပန်မှုတို့ကို ဖယ်ရှားတတ်လာသည်။ ထိုစိတ်ခံစားချက်တို့၏ နှောင့်ယှက်ဟန့်တားမှုကို သင်မြင်လာနိုင်သည်။ ထိုအမြင်သည် သင့်ကို အထောက်အကူပြုလိမ့်မည်။



တစ်ချိန်တည်းမှာပင်၊ သူရိပ်စားမိသည်မှာ လူတိုင်းလူတိုင်းသည် နယ်လ်ဆန်မင်ဒဲလားမဖြစ်နိုင်ပါ။ အကျဉ်းထောင်သည် အခြားလူအများကို စိတ်ဓာတ်ကျဆင်းစေသော်လည်း သူ၏စိတ်ဓာတ်သည် သံမဏိကဲ့သို့ ခိုင်မာလာသည်။ ထိုအရာကို နားလည်လိုက်ခြင်းသည် သူ့ကိုပိုပြီး မျှဝေခံစားတတ်စေသည်။ စာနာစိတ် မလျော့သွားစေပါ။ လက်မခံနိုင်သူတို့ကို အဆိုးမဆိုသလို အရှုံးပေးသူတို့ကိုလည်း အပြစ်မတင်ပါ။ အရှုံးပေးခြင်းသည် လူသားတို့၏ သာမန်လုပ်ရပ်တစ်ခုပင်မဟုတ်ပါလား။ သူကျော်ဖြတ်ခဲ့ရသော နှစ်များစွာတွင် လူသားတို့၏ ပျော့ညံ့မှုများကို ရေဒါကဲ့သို့ ရှာဖွေတွေ့ရှိနိုင်ပြီး ကိုယ်ချင်းစာနာမှုလည်း ပေးနိုင်သည်။ တစ်နည်းဆိုသော်၊ သူ့အနေဖြင့် လူသားတိုင်း သူ့လို ဆက်ဆံမခံရအောင် ရင်ဆိုင်တိုက်ခိုက်နေခြင်းပင်။ သူ၏ ငယ်ရွယ်စဉ်က နူးညံ့သိမ်မွေ့မှုနှင့် နိုးကြားထက်မြက်မှုတို့မှာ ပျောက်ဆုံးသွားခြင်းမရှိပါ။ ထိုအရာတို့ကို အကာအကွယ်ပေးရန် ထိုအရာတို့ထက် ပိုမိုတောင့်တင်းခိုင်မာသော၊ ပိုမိုလုံခြုံဘေးကင်းသော အခွံမာဖြင့် ဝန်းရံထားလိုက်ခြင်းသာဖြစ်သည်။

ယနေ့အချိန်အခါတွင် နယ်လ်ဆန်မင်ဒဲလားအကြောင်း ရေးလျှင် သူနှင့်နှိုင်းယှဉ်ပြီးမရေးမဖြစ်သည့်ပုဂ္ဂိုလ်မှာ၊ အပြောင်းအလဲတို့ကို ဖြစ်ပေါ်စေနိုင်စွမ်းရှိသော လူမည်းခေါင်းဆောင် ဘားရတ်အိုဘားမားပင်ဖြစ်သည်။ သူတို့နှစ်ဦး တူညီသည့်အချက်များစွာရှိသည်။ ယမန်နှစ်က အမေရိကန်ပြည်ထောင်စု၏ ဒီမိုကရက်တစ် ရွေးကောက်ပွဲ အကြိုမဲဆွယ်ပွဲများအချိန်တွင် ကျွန်တော်မင်ဒဲလားကို သွားတွေ့ဆုံပြီး သူ့အနေဖြင့် ဟီလာရီကလင်တန်နှင့် ဘားရတ်အိုဘားမား၊ မည်သူ့ကို ပိုနှစ်သက်သနည်းဟုမေးလိုက်သည်။ သူကပြုံးပြီး သူ့လက်ညှိုးကို ကျွန်တော့်အား လှုပ်ယမ်းပြသည်။ 'ငါ့ကိုပြဿနာမရှာနဲ့' ဟုဆိုလိုသည်။ သူအဖြေမပေးပါ။ သူ၏ချုပ်တည်းမှုသည် ထူးခြားသော ပင်ကိုလက္ခဏာတစ်ခုပင်ဖြစ်သည်။ ထို တစ်ကိုယ်ရေထိန်းချုပ်နိုင်မှု၊ ထိုမပြတ်လပ်သောနူတ်စောင့်စည်းမှုတို့သည် ထိုပုဂ္ဂိုလ်နှစ်ဦး၏ ဘုံတူညီချက်

ဖြစ်သည်။ သို့သော် နယ်လ်ဆန်မင်ဒဲလားကို အချောကိုင်ပုံသွင်းရန် အကျဉ်းထောင်အတွေ့အကြုံ ၂၇ နှစ်ကြာမြင့်ခဲ့သလို အသက် ၄၈ နှစ်သာ ရှိသေးသော အမေရိကန်သမ္မတအနေဖြင့် အလားတူ နှစ်ရှည်လများ အနစ်နာခံမှုမျိုး မရှိခဲ့သော်လည်း၊ သူလည်း မင်ဒဲလားလို ပင်ကိုစရိုက်မျိုး ပိုင်ဆိုင်ထားသကဲ့သို့ မြင်ရပါသည်။ အိုဘားမား၏ တစ်ကိုယ်ရေ ထိန်းချုပ်ခြင်း၊ အမှုကိစ္စများကို အချိန်ပေးနားထောင်ခြင်း၊ အောင်မြင်မှုရလဒ်ကိုမျှဝေခြင်း၊ သူ့အုပ်ချုပ်ရေး အဖွဲ့အစည်းတွင် ပြိုင်ဘက်များကိုပါဝင်စေခြင်း၊ လူအများကိုအရာရာကိုရှင်းပြရန် လိုအပ်ချက်ရှိသည်ကို ရိပ်စားမိခြင်း၊ ယင်းအချက်များအားလုံးသည် မင်ဒဲလား၏ တန်ဖိုးထားမှုနှင့် သရုပ်သကန်တို့ကို ၂၁ ရာစုပုံစံသို့အသွင်ပြောင်းလိုက်ခြင်းနှင့်တူနေပေသည်။ မင်ဒဲလား၏ ကမ္ဘာ့အမြင်သည် လူမျိုးခွဲခြားရေးဆိုသည့်နိုင်ငံရေး ဒယ်စောက်အတွင်းမှ ပေါ်ထွက်လာခဲ့သည်။အိုဘားမားကမူ လူမျိုးခွဲခြားရေး ခေတ်လွန်နိုင်ငံရေးပုံစံကို တည်ဆောက်နေသည်။မင်ဒဲလားအနေဖြင့် အမေရိကန်သမ္မတအသစ်ကို မည်သို့ပင်သဘောထားသည်ဖြစ်စေ၊ အိုဘားမားသည်ကမ္ဘာ့ဇာတ်ခုံတွင် သူ၏ဆက်ခံသူစစ်စစ်ပင် ဖြစ်သည်။

သို့သော် မင်ဒဲလား၏ဘဝသည် ကျွန်တော်တို့အတွက်သာ စံပြမဟုတ်ပါ။ အချိန်တိုင်းအတွက်စံပြဖြစ်ပါသည်။ သင်ယခု ဖတ်ရှုရမည့်သင်ခန်းစာများသည် သူ၏အကျဉ်းထောင်အတွေ့အကြုံမှ သင်ခန်းစာများသာမဟုတ်၊ သူ့ဘဝတစ်လျှောက်မှတ်ယူခဲ့သည့်သင်ခန်းစာများဟုကျွန်တော်ယုံကြည်ပါသည်။ သူ့အား ခေါင်းဆောင်ကောင်းတစ်ယောက်၊ စံနမူနာထားထိုက်သောလူသားတစ်ယောက် ဖြစ်လာအောင်ပံ့ပိုးခဲ့သည့်အကြောင်းအရာများတွင် ဤသင်ခန်းစာများလည်း ပါဝင်ပေသည်။ အခြားမည်သူမျှနယ်လ်ဆန်မင်ဒဲလားဘဝကို အစားမထိုးနိုင်ပါ။ ထိုအရာအတွက်ကျေးဇူးတင်သင့်ကြောင်း သူ သင့်ကို ပြောလိမ့်မည်။ ကံကောင်းထောက်မစွာဖြင့် ကျွန်ုပ်တို့အထဲတွင် လူနည်းစုသာလျှင် သူကျော်ဖြတ်ရသည့်အခက်အခဲမျိုးကိုရင်ဆိုင်ရတတ်သည်။ သို့သော် သူ



ရရှိလိုက်သည့်သင်ခန်းစာများကို ကျွန်တော်တို့နှင့်အသုံးမတည့်ဟု မဆိုနိုင်ပါ။ အသုံးတည့်သည်ကိုကျွန်တော်သိပါသည်။ ကျွန်တော့်ဘဝသည် ဤသင်ခန်းစာများကြောင့် ပိုမိုနက်ရှိုင်းမှု ရှိလာခဲ့ပါသည်။ အကျဉ်းထောင်သည် ဘဝသင်ခန်းစာ၊ ဦးဆောင်မှုသင်ခန်းစာတို့ကိုမင်ဒဲလားအား အနှစ်ချုပ်ထုတ်ပေးလိုက်ပါသည်။ ကျွန်တော် ဤစာအုပ်တွင်လည်း အလားတူ ဆောင်ရွက်နိုင်ရန်ကြိုးပမ်းထားပါသည်။ အဆိုပါသင်ခန်းစာများအတွက် သူရင်းနှီးပေးဆပ်ခဲ့ရသည့်နစ်နာမှုများနှင့်နှိုင်းစာလျှင် သင့်အနေဖြင့် မဆိုစလောက်ငွေ အနည်းအကျဉ်းမျှသာ ပေးဆောင်ပြီး လေ့လာသင်ယူနိုင်ပါသည်။

■

# ရဲဝံ့သတ္တိရှိခြင်းသည် စိုးရိမ်ကြောင့်ကြမှု ကင်းမဲ့ခြင်း မဟုတ်ပါ

နယ်လ်ဆန်မင်ဒဲလားသည် ရဲဝံ့သတ္တိရှိခြင်းဆိုသည်ကို အကောင်းဆုံး သရုပ်ဖော်ဆောင်နေသူတစ်ဦးဖြစ်သည်ဟု လူအများက ပြောကြလိမ့်မည်။ သို့သော် မင်ဒဲလားကိုယ်တိုင်ကမူ ရဲဝံ့သတ္တိဆိုသည်ကို ထူးခြားစွာ အဓိပ္ပာယ်ဖွင့်ဆိုသည်။ သူက ထိုအရည်အချင်းသည် ဝမ်းတွင်းပါမဟုတ်၊ ကျွန်တော်တို့သောက်သုံးနိုင်သည့်သက်စောင့်ဆေးလည်း မဟုတ်၊ သမားရိုးကျသင်ယူနိုင်သောစွမ်းပကားလည်း မဟုတ်ဟု သူ မြင်သည်။ သူ့အမြင်အရ ရဲဝံ့သတ္တိရှိခြင်းသည် ကျွန်တော်တို့ ရွေးချယ်မှုပေါ်တွင် မူတည်သည်။မည်သူမျှရဲဝံ့သတ္တိပြည့်စုံစွာဖြင့်မွေးဖွားလာခဲ့သည်မဟုတ်။ ယင်းစွမ်း ရည်သည်အမျိုးမျိုးသောအနေအထားတို့ကို ကျွန်တော်တို့ မည်သို့ရင်ဆိုင်တုံ့ပြန်သည်ဆိုခြင်းအပေါ် မူတည်နေသည်။

မင်ဒဲလား၏ဘဝတဒင်္ဂများစွာတွင် သူသည် ဘဝ၏ စမ်းသပ်မှုကိုခံခဲ့ရသည်။ လူအများသိသောသူ၏ပြဿနာများမှာ ကြီးမားပြီး လူသိရှင်ကြားဖြစ်ကာ ဝတ္ထုဇာတ်လမ်းဆန်သည်။ သို့သော် ရဲဝံ့သတ္တိဆိုသည်မှာ နေ့စဉ်သက်ဝင်လှုပ်ရှားမှုတစ်ရပ်ဖြစ်ပြီး ကျွန်တော်တို့အနည်းငယ်သာ ထုတ်ပြနိုင်သလို၊ များများစားစားလည်း ထုတ်ပြနိုင်သည်။ ကျွန်တော် သူ့သတ္တိအမျိုးအစားကို ၁၉၉၄ ခုနှစ်က နေတာလ်မြို့တွင် ရိပ်ခနဲမြင်ခဲ့ဖူးသည်။ ထိုအချိန်သည်တောင်အာဖရိက၏ပထမဦးဆုံး ဒီမို



ကရေစီရွေး ကောက်ပွဲအကြိုကာလဖြစ်ပြီး နိုင်ငံရေးအကြမ်းဖက်မှုများလည်းကူးစက်ပြန့်ပွားနေချိန်ဖြစ်သည်။ သူက သူ့ကိုထောက်ခံသည့် ဇူးလူးလူမျိုးစုများရှိရာ နေတာလ်သို့ ပန်ကာလေယာဉ်ငယ်တစ်စင်းဖြင့် သွားရောက်ရန် ရွေးချယ်သည်။ အမှန်တကယ်တွင် သူသွားရန် မသင့်ပါ။ ထိုအချိန်က သူ့ကိုထောက်ခံသည့်ဇူးလူးလူမျိုးအများစုသည် သူ့ပြိုင်ဘက် ဇူးလူးအင်ကာသာလွတ်လပ်ရေးပါတီ၏ သတ်ဖြတ်ခြင်းကိုခံနေရပြီး သူ့လုံခြုံရေးအတွက်လည်း စိတ်မချရပါ။ သို့သော် သူက ဆုံးဖြတ်ချက်ကို မပြင်ပါ။

ကျွန်တော်က လေဆိပ်တွင် သူ့ကို ကြိုမည်ဟု ချိန်းထားသည်။ လေယာဉ်မဆိုက်မီ မိနစ် ၂၀ အလိုတွင် လေဆိပ်ဝန်ထမ်းတစ်ဦးက ကျွန်တော့်ထံလျှောက်လာပြီး မင်ဒဲလားစီးလာသည့်လေယာဉ်၏ ပန်ကာ တစ်လုံးသည် ပျက်သွားသဖြင့်လေယာဉ်အဆင်းတွင် ပြဿနာရှိလျှင်ကိုင်တွယ်နိုင်အောင်မီးသတ်ကားများနှင့်လူနာတင်ယာဉ်များ မှာထားသည်ဟု ပြောသည်။ များသောအားဖြင့်တော့ ယခုလို ဖြစ်ရပ်များတွင်လေယာဉ်ပိုင်းလော့က အခက်အခဲမရှိဘဲ လေယာဉ်ကို ဆိုက်နိုင်ကြောင်း ထိုဝန်ထမ်းက ပြောပြသည်။

မင်ဒဲလားသည်လေယာဉ်ပေါ်တွင် မိုက်ခ် ဆိုသည့်ကိုယ်ရံတော်တစ်ဦး၊ ထို့ပြင်ပိုင်းလော့နှစ်ဦးတို့နှင့်အတူ ရှိသည်။ မိနစ်၂၀ကြာပြီးနောက်လေယာဉ်သည်မီးသတ်ကားများ၊ လူနာတင်ယာဉ်များ ဝန်းရံလျက် ပြေးလမ်းတွင်ခပ်ကြမ်းကြမ်းလေးဆိုက်သည်။ ပြုံးရွှင်နေသော နယ်လ်ဆန်မင်ဒဲလားသည် လေဆိပ်ခန်းမငယ်အတွင်းသို့ ဝင်လာသည်။ ဘတ်စ်ကားစင်းလုံးပြည့်ဂျပန်ကမ္ဘာလှည့်ခရီးသည်များက သူ့ကို ဝိုင်းအုံလာကြသည်။ သူ့ထုံးစံအတိုင်းပင်၊ မင်ဒဲလားသည် ဂျပန်ခရီးသည်တစ်ယောက်စီနှင့်လက်ဆွဲနှုတ်ဆက်သည်။ ဓာတ်ပုံ ရိုက်ချင်သူများအတွက်လည်း ကောင်းကောင်းကြီးပြုံးပေးသည်။

မင်ဒဲလား ဓာတ်ပုံအရိုက်ခံနေစဉ် ကျွန်တော်က မိုက်ခ်နှင့် အတူ တိုးတိုးငွေ့ပူးကပ်နေလိုက်သည်။ မိုက်ခ်၏ ပြောပြချက်အရ သူတို့လေ

ယာဉ်ခရီးသုံးပုံနှစ်ပုံခန့် ပျံသန်းပြီးသောအခါ မင်ဒဲလားက သူ့ဘက်သို့ကိုယ်ကိုကိုင်းပြီး လေယာဉ်ပြတင်းမှအပြင်ဘက်သို့ လက်ညှိုးထိုးပြသည်။ လေယာဉ်ပျံပန်ကာအလုပ်လုပ်နေသည်ဟု သူမထင်ကြောင်းပြောသည်။ သူက မိုက်ခ်ကို ပိုင်းလော့များအား သတင်းပို့စေသည်။ မိုက်ခ်ကလေယာဉ်ဦးခေါင်းခန်းသို့ သွားသည်။ ပိုင်းလော့များက သူတို့သိရှိကြောင်း၊ အရေးပေါ်လေယာဉ်ဆင်းသက်ရန် အနေအထားကိုလေဆိပ်သို့သတင်းပို့ပြီးကြောင်း ပြောသည်။ အဆင်ပြေမှာပါဟုလည်းပြောသည်။ မိုက်ခ်က မင်ဒဲလားကို ပြန်ပြောပြသည်။ သူက အေးဆေးစွာ ခေါင်းညိတ်ပြီး ဖတ်လက်စသတင်းစာကို ဆက်ဖတ်နေသည်။ မိုက်ခ်ကတော့လေယာဉ်စီးနေကျလည်း မဟုတ်သဖြင့် ကြောက်ဒူးတုန်နေပြီး သူ့စိတ်ကိုငြိမ်စေရန် မင်ဒဲလားကိုသာ စိုက်ကြည့်နေလိုက်တော့သည်။ သူ့ဆရာသည် ရုံးအသွားနံနက်ရထားစီးချိန်တွင် ပြုမူသကဲ့သို့ သတင်းစာကိုသာ တွင်တွင်ဖတ်နေသည်။ လေယာဉ်ဆိုက်နေချိန်တွင်လည်း သတင်းစာဖတ်နေရာမှမော့မကြည့်ကြောင်း မိုက်ခ်က ပြောပြသည်။

မင်ဒဲလားလက်ဆွဲနှုတ်ဆက်ခြင်းများ ပြီးဆုံးသွားသောအခါ ကျွန်တော်တို့ကို မဲဆွယ်တရားဟောမည့်နေရာသို့ သယ်ဆောင်သွားမည့် ကျည်လုံ ဘီအမ်ဒဗလျူ၏ နောက်ဘက်ထိုင်ခုံသို့ အပူတပြင်းပို့ကြသည်။ ကျွန်တော်ကလေယာဉ်ခရီးအကြောင်း သတင်းမေးသောအခါ သူက ကျွန်တော့်ဆီသို့ ကိုင်းညွတ်ပြီးမျက်လုံးများကိုပြူးကျယ်စေကာ ‘ဘာပြောကောင်းမလဲ၊ ကျွန်တော်အပေါ်မှာ ကြောက်လန့်တကြားဖြစ်သွားတာ မပြောပါနဲ့တော့’ ဟု ဇာတ်သိမ်းပါပါပြောသည်။

သူ့အားအမှုမ်းတင်ခံရသောပုဂ္ဂိုလ်တစ်ဦးအနေဖြင့် သိထားသောသူများအဖို့သူကြောက်လန့်မိသည့်အချိန်များရှိသည်ဟု သူကိုယ်တိုင် ကျွန်တော့်ကို ပြောပြသည်ဟုဆိုလျှင် အံ့သြကြပေမည်။ သူ့ကိုတစ်သက်တစ်ကျွန်းအပြစ်ဒဏ်ချမှတ်ခဲ့သည့်ရီဗိုးနီးယားတရားရုံးတွင် အမှုရင်ဆိုင်ရစဉ်အချိန်ကာလက သူထိတ်လန့်ခဲ့ကြောင်း၊ ရော်ဘင်



အကျဉ်းထောင်တွင်ထောင်မှူးများကသူ့ကိုရိုက်နှက်မည်ဟု ခြိမ်းခြောက်ခဲ့စဉ်က သူထိတ်လန့်ခဲ့ကြောင်း၊ သူထွက်ပြေးနေရသည့်အချိန်များ၌ သတင်းစာများတွင် သူ့အား ‘လူမည်းပင်ပါနာလ်’ ဟု ခေါ်တွင်ရေးသားကြစဉ်က သူထိတ်လန့်ခဲ့ကြောင်း၊ အစိုးရနှင့်လျှို့ဝှက်စေ့စပ်ဆွေးနွေးမှုများလုပ်ခဲ့စဉ်က သူထိတ်လန့်ခဲ့ကြောင်း၊ သူ့အား တောင်အာဖရိကသမ္မတအဖြစ် တင်မြှောက်မည့်ရွေးကောက်ပွဲမတိုင်မီ ပဋိပက္ခကာလတွင် သူထိတ်လန့်ခဲ့ကြောင်းပြောပြသည်။ သူ့ထိတ်လန့်မှုကို ထုတ်ဖော်ပြောပြရန်လည်း မရှက်ရွံ့ပါ။

သူ၏ရဲဝံ့သတ္တိသည်ငယ်စဉ်ကပင် ကိန်းအောင်းခဲ့သည်။ သူကလေးဘဝကပင်ဒက္ခာရီလာအာဖရိကန်ခေါင်းဆောင်များဖြစ်ကြသည့် ဒင်ဂိန်း၊ ဘမ်ဘာတာနှင့်မာကားနားတို့၏ ရဲဇာနည်ပုံပြင်များကိုနားထောင်ခဲ့ရသည်။သူ့အသက် ကိုးနှစ်အရွယ်တွင်သူ့ဖခင်ဆုံးပြီးနောက်သူ့ကိုမက်ဟီကက်ဇွယ်နီဟု ခေါ်သည့် တော်ဝင်ရွာတစ်ခုသို့ခေါ်သွားကြသည်။ ထိုရွာတွင် သူ့အား သမ်းဘူးမျိုးနွယ်စုဘုရင်ဂျိုဂင်တာဘာက ကျွေးမွေးစောင့်ရှောက်ထားသည်။ မင်ဒဲလား၏ ဖခင်သည် ထိုဘုရင်၏ အကြံပေးလည်းဖြစ်ခဲ့သောရွာသူကြီးတစ်ဦးဖြစ်သည်။ ဘုရင်ကမင်ဒဲလားကို သူ့သားဘုရင်ဖြစ်သည့်အခါအကြံပေးအဖြစ် ထမ်းရွက်နိုင်ရန် လေ့ကျင့်ပျိုးထောင်ပေးလိုသည်။ ဘုရင်ကအာဖရိကန်သူရဲကောင်း မျိုးဆက်တစ်ဦးအဖြစ်သူ့ကိုယ်သူ မြင်သည်။ ‘ဇိုဆာ’ ဓလေ့ထုံးတမ်းများနှင့် အခမ်းအနားများကို စိတ်အားထက်သန်သူ ဖြစ်သည်။ အဆိုပါ အခမ်းအနားတစ်ခုသည် မင်ဒဲလားအား ဘဝတစ်သက်တာစိတ်တစ္ဆေခြောက်ခဲ့သည်။

၁၉၃၄ ခုနှစ်ဇန်နဝါရီလ၊ မင်ဒဲလားအသက် ၁၆နှစ်အရွယ်တွင် သူနှင့်အခြားရွယ်တူယောကျ်ားလေး ၂၅ ဦးကို အမ်ဘာရှမြစ်ကမ်းနံဘေးရှိ မြက်တဲနှစ်ခုတွင် တသီးတခြားထားရှိသည်။ အားလုံးသည် ရွာ၏ အထက်လွှာလူငယ်များ ဖြစ်သည်။ သူတို့၏ခန္ဓာကိုယ်များကို အမွေးပြောင်စင်အောင်ရိတ်ထားသည်။အသားတွင်မြေဖြူမှုန့်များ သုတ်လိမ်း

ထားသည်။ စောင်ကိုသာ ပခုံးမှသိုင်းပြီး ဝတ်ဆင်ထားရသည်။ သူတို့သည်တစ္ဆေသရဲများနှင့် တူနေသည်။ စိုးရိမ်ကြောင့်ကြမှုဖြင့်နေမထိထိုင်မထိဖြစ်ကာ 'ဇိုဆာ' ဓလေ့ထုံးတမ်းအရ လိင်တံထိပ်အရေပြားလှီးခြင်းအခမ်းအနားကို စောင့်ဆိုင်းနေရသည်။ မင်ဒဲလားက ယင်းကို 'ဇိုဆာအမျိုးသားတိုင်းကျော်ဖြတ်ရသည့်အရေးကြီးလှေကားထစ်တစ်ခု' ဟု ခေါ်ဝေါ်သည်။ 'ဒီအခမ်းအနားဟာ သီးသန့်မဟုတ်ဘူး။ လူသိရှင်ကြားဖြစ်တယ်။ ဘုရင်ကိုယ်တိုင်နဲ့လူမျိုးစုခေါင်းဆောင်တချို့၊ သူငယ်ချင်းတစ်စုနဲ့ ဆွေမျိုးတွေဟာ မြစ်ကမ်းနံဘေးမှာထိုင်နေကြပါတယ်။ ဒါဟာဓလေ့ထုံးတမ်းကျင့်စဉ်တစ်ခုပဲ မဟုတ်ဘူး။ ရဲစွမ်းသတ္တိကိုလူသိရှင်ကြားစစ်ဆေးတာလည်းဖြစ်တယ်။ လူငယ်တစ်ဦးစီကို အရေပြားလှီးကျွမ်းကျင်သူတစ်ယောက်က အလှည့်ကျလှီးဖြတ်တယ်'။ အဖြစ်အပျက်ကို မင်ဒဲလား၏ထုတ်ဝေခြင်းမရှိသည့်နေ့စဉ်မှတ်တမ်း၌ သူမည်သို့ရေးထားသည်ကို သင်ဖတ်ကြည့်ပါ။

'ဖြုန်းခနဲဆိုသလို လူများလှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး ပိန်လှီသော သက်ကြီးရွယ်အိုအမျိုးသားတစ်ဦးသည် ကျွန်တော့်ရှေ့မှ လျင်မြန်စွာဖြတ်ပြီး ဘယ်ဘက်တွင်ရှိသော ပထမဆုံးလူငယ်ရှေ့တွင် ဆောင့်ကြောင့် ထိုင်လိုက်သည်။ စက္ကန့်အနည်းငယ်ကြာသော် ထိုလူငယ်က 'ကျွန်တော်လူဖြစ်ပြီ' ဟု ကြွေးကြော်သံကို ကျွန်တော် ကြားရသည်။ ထို့နောက်ဂျပ်စ်တစ်စ် (ဘုရင့်သားတော်၊ မင်ဒဲလား၏ အခင်ဆုံးသူငယ်ချင်း) လည်း ထိုနည်းလည်းကောင်းပင် ဟစ်ကြွေးသည်။ သူနှင့် ကျွန်တော်အကြား လူငယ် သုံးယောက်ရှိသည်။ တစ်ဦးစီအလှည့်ကျဆောင်ရွက်ပြီး ကျွန်တော် ဘာမှန်းညာမှန်း မသိမီမှာပင် ထိုလူကြီးသည် ကျွန်တော့်ရှေ့ရောက်လာသည်။ ကျွန်တော် သူ့မျက်လုံးအစုံထဲသို့စိုက်ကြည့်လိုက်သည်။ သူ၏မျက်နှာသည် သွေးဆုတ်နေပြီး ထိုနေ့က ရာသီဥတုမှာအေးစက်သော်လည်း သူက ချွေးများသီးနေသည်။ သူစကားတစ်လုံးမှ မပြောဘဲ ကျွန်တော့်လိင်တံထိပ်အရေပြားကို ဆတ်ခနဲဆွဲကိုင်ကာ ဓားဖြင့် သပ်သပ်ရပ်ရပ် လှီးဖြတ်လိုက်သည်။ ထိုဒဏ်ရာအနာ



သည် တစ်ပတ်အတွင်း ကျက်သွားမည်။ သို့သော် ထုံဆေး မသုံးသဖြင့် ဓားလှီးလိုက်သည့်နေရာရှိ ကျွန်တော့်သွေးကြောများတစ်လျှောက် ခဲပူရည်များ စီးဆင်းသကဲ့သို့ ခံစားရသည်။ ကျွန်တော်အခြားလူငယ်များကဲ့သို့ ကြွေးကြော်ရန်ပင် မေ့သွားသည်။ ဓားချက်အထိနာခြင်းကို သက်သာစေရန် မြက်နံ့ရံတစ်ခုသို့ ကျွန်တော့် ဦးခေါင်းနှင့်ပခုံးနှစ်ဖက်ကို ထိုးစိုက်လိုက်သည်။ နောက်မှက္ကန္ဒြေဆည်ကာ ကပျာကယာ 'ကျွန်တော်လူဖြစ်ပြီ' ဟု အော်လိုက်ရသည်။ အခြားလူငယ်များက ပိုပြီး စွမ်းအားရှိကြသည်။ သူတို့အလှည့်တွင် ထိုစကားစုကို မပျက်မကွက် ကြည်လင်ပြတ်သားစွာ ကြွေးကြော်ကြသည်။

ဤဇာတ်လမ်းကို ထိုလေထန်သောနေ့တစ်နေ့၏ နောက်နှစ်ပေါင်း ၆၀ ခန့်အကြာတွင်ကျွန်တော့်အား ပြန်ပြောပြချိန်တိုင်ပင် မင်ဒဲလားသည် မချိတင်ကဲဖြစ်နေသည်။ အရေပြားလှီးသည့် ဒဏ်ရာဒဏ်ချက်ကို သတိရ၍မဟုတ်ဘဲ သူ့အပြုအမူကို သူနောင်တရ၍ဖြစ်သည်။ ဒဏ်ရာအနာပျောက်ကင်းသွားခဲ့ပြီဖြစ်သော်လည်း သူသတ္တိနည်းခဲ့ခြင်းအတွက် ရှက်မိခြင်းကို ဖျောက်ဖျက်မရပါ။ 'ကျွန်တော်တို့ဆိုင်းသွားတယ်။ ဟစ်ကြွေးသင့်တာကို ခိုင်ခိုင်မာမာမဟစ်ကြွေးနိုင်ခဲ့ဘူး'ဟု ပြောသည်။ အခြားလူငယ်များသည် သူ့ထက်ရဲစွမ်းသတ္တိ ပိုရှိသည်ဟု သူခံစားရသည်။ သူသည် ပင်ကိုသတ္တိ မရှိဆိုသည်ကို သူရှာဖွေတွေ့ရှိသည်ဟုပြောသည်။ ကျွန်တော်တို့မည်သူကမျှလည်းသတ္တိရှိကြသည် မဟုတ်ပါ။ သူက သူသတ္တိရှိအောင်ကြိုးစားရမည်ဟု ပြောသည်။ အဆိုပါအခမ်းအနားနှင့်ပတ်သက်ပြီး နောက်ပိုင်းနှစ်များတွင် သူ့ကိုယ်သူစိတ်ပျက်မိသည်။သို့သော် ထိုဓလေ့သည်အကျိုးသက်ရောက်မှုတော့ရှိသည်။ သူ အမြဲလိုလိုသန်မာသည့်သွင်ပြင် ဆောင်မည်၊ ဘယ်သောအခါမျှ တုံ့ဆိုင်းခြင်း မရှိစေရဟု သူသန္နိဋ္ဌာန် ချလိုက်သည်။

ကျွန်တော်တို့ အင်တာဗျူးအစောပိုင်းလများတွင် ရဲများနှင့် ပြဿနာဖြစ်ခြင်း၊ သို့မဟုတ် တောခိုခြင်းတို့အကြောင်း ဆွေးနွေးသည့်အခါ သူ့အနေဖြင့် ထိုအချိန်က စိုးထိတ်မှု ရှိ မရှိ မေးခဲ့သည်။ သူက

ကျွန်တော့်အားဉာဏ်နည်းလှချေလားဆိုသည့်အကြည့်ဖြင့်ကြည့်ပြီး 'ကျွန်တော် စိုးထိတ်မှု မရှိဘဲနေပါ့မလား' ဟု ဖြေသည်။ လူနုံလူအ တစ်ဦးဆိုလျှင်သာကြောက်ရွံ့မှု မရှိမှာဟု သူပြောသည်။ သို့သော် ထို စိတ်မျိုးဖြစ်ပေါ်လာတိုင်း ချိုးနှိမ်ပစ်ရန် သူကြိုးစားသည်။ သူကြောက်ရွံ့ ကောင်း ကြောက်ရွံ့နေမည်ဆိုသည်ကို အခြားလူတစ်ယောက် မြင်သွား စေလိုသည့်ဆန္ဒ လုံးဝမရှိပါ။

ရဲစွမ်းသတ္တိရှိခြင်းသည် စိုးထိတ်မှုမရှိခြင်း မဟုတ်ပါ။ စိုးထိတ်မှု ကိုကျော်လွှားနိုင်ရန် သင်ယူခြင်းဖြစ်သည်။

၁၉၅၀ ပြည့်လွန်နှစ်များတွင် သူသည် ဒေါက်တာဂျိမ်းစ် မိုရိုကာကိုတွေ့ဆုံရန် ဖရီးစတိတ်သို့ ကားဖြင့် သွားသည်။ ဒေါက်တာ သည်အာဖရိကအမျိုးသားကွန်ဂရက်၏ ရှေးကျပြီးမဟာဆန်သော သမ္မတဖြစ်သည်။ မင်းဒဲလားအနေဖြင့် တောင်အာဖရိကသမ္မတထံ ရေးထားသည့်စာမူကြမ်းကို ဒေါက်တာ့အနေဖြင့် အတည်ပြုပေးရန် လိုအပ်နေ၍ဖြစ်သည်။ တောင်အာဖရိက၏ရှေးရိုးစွဲဧရိယာတစ်ခုဖြစ် သည့်ထိုရွာငယ်သို့အသွားမင်းဒဲလား၏ကားသည်စက်ဘီးနင်းနေသော အသားဖြူကောင်လေးတစ်ယောက်ကို ပွတ်တိုက်မိသည်။ ကောင်လေးက တုန်လှုပ်သွားသော်လည်း အနာတရ မဖြစ်ပါ။ မင်းဒဲလားပထမဆုံးလုပ် သည်မှာ၊ ကားခုံအောက်သို့ခေါင်းငုံ့ပြီး နယူးအေ့ဂျ် သတင်းစာကို ဖွက် လိုက်ခြင်းပင်ဖြစ်သည်။ ထိုသတင်းစာသည်အေအင်န်စီအဖွဲ့ဝင်များ၏ စိတ်ကြိုက်သတင်းစာဖြစ်ပြီး ကား၏အရှေ့ထိုင်ခုံပေါ်တွင် ရှိနေခဲ့သည်။ ထိုစဉ်က တားမြစ်ထားသောစာအုပ်စာစောင် လက်ဝယ်ရှိမှုသည် သင့် အား ထောင်ဒဏ် ငါးနှစ် ကျခံစေနိုင်သည်။ ယာဉ်ထိန်းရဲတစ်ဦး မကြာမီ ရောက်လာပြီး သူ့ကို ကြည့်လိုက်၊ ကောင်လေးကို ကြည့်လိုက် လုပ်ပြီးနောက် 'ခင်ဗျားတော့ ဒီနေ့ ပြဿနာဖြစ်ပြီ' ဟု ပြောသည်။ မင်းဒဲလားက 'ငါပြဿနာဖြစ်မှာကို ရဲသားတစ်ယောက်က ပြောနေဖို့ မလိုဘူး' ဟု ပြန်ပြောလိုက်သည်။ သူထိုနေရာတွင် ဆက်မပြောဘဲ နားလိုက်သည်။ 'ကျွန်တော် ကြောက်ပေမယ့် မာန်ပါပါ ဆက်ဆံဖို့ ဆုံးဖြတ်လိုက်တယ်။ ကျွန်တော် သတ္တိရှိတယ်။ တစ်ကမ္ဘာလုံးကို အောင် နိုင်နိုင်တယ်လို့ ဟန်ဆောင်နိုင်တယ်' ဟု ပြောရင်း သူ့အသံ တိုးဝင်သွား သည်။

*ကျွန်တော်သတ္တိရှိတယ်လို့ ဟန်ဆောင်နိုင်တယ်။*

အမှန်တကယ်တွင်လည်း သူ ထိုအတိုင်းပင် လုပ်ဆောင်ခဲ့ သည်။ ထို့ကြောင့် ရဲစွမ်းသတ္တိရှိခြင်းကို သူ အဓိပ္ပာယ်ဖွင့်ဆိုရမည်ဆိုလျှင် သတ္တိရှိသယောင်ဆောင်သည် ဟုဆိုပေမည်။ စိုးထိတ်မှုကင်းမဲ့ခြင်း သည် နုံအခြင်းပင်ဖြစ်သည်။ ရဲစွမ်းသတ္တိရှိသည်ဆိုရာဝယ် သင်၏ စိုးထိတ်မှုအား သင့်ကို အောင်နိုင်ခွင့်မပေးခြင်းဖြစ်သည်။ သို့နှင့် ထိုရဲ က မင်းဒဲလားဆီသို့တိုးလာသောအခါ သူက ရဲကို သတိကြပ်ကြပ်ထား ရန်နှင့် သူသည် ရှေ့နေတစ်ဦးဖြစ်ပြီး ရဲ၏အလုပ်ကို ပျက်စီးရာပျက်စီး ကြောင်း လုပ်နိုင်သည်ဟု ခြိမ်းခြောက်လိုက်သည်။ထို့နောက်မင်းဒဲလားက သူ၏ အကျဉ်းထောင်မှတ်တမ်း စာအုပ်တွင်ဆက်ရေးထားသည်မှာ 'ထို ဆာဂျင်တွန့်ဆုတ်သွားသည်ကို မြင်သည့်အခါ ကျွန်တော့်လောက် အံ့ဩ သူရှိမည် မထင်ပါ'။ သူ့ခြိမ်းခြောက်မှုသည် ထိရောက်သည်။ ထိုညနေ တွင် သူ့ကို ရဲက လွှတ်ပေးလိုက်သဖြင့် ခရီးဆက်လက်ထွက်ခွာနိုင် ခဲ့သည်။

အလားတူအဖြစ်အပျက် နောက်တစ်ခုကိုလည်း မင်းဒဲလား ပြောပြသည်။ ၁၉၆၃ ခုနှစ်မေလတွင် ရောဘင်ကျွန်းသို့ ပထမအကြိမ် သွားစဉ်က အဖြစ်အပျက်ဖြစ်သည်။ သူ့အား တစ်သက်တစ်ကျွန်း ပြစ် ဒဏ်ချမည့်ရီဗိုးနီးယား တရားစီရင်ခြင်းကာလက သူ့အား အကျဉ်း ထောင်ထဲတွင်ထိန်းသိမ်းထားသည်။ ညလယ်ကောင်တွင် သူနှင့်အခြား သူအချို့ကို ထောင်ကြပ်တစ်ဦးက ထေ့ငေါ့သည့်သဘောဖြင့် သူတို့သည် လှပသည့်နေရာတစ်ခုသို့ သွားရမည်ဟုပြောသည်။ မင်းဒဲလားနှင့် အတူ ရှိနေသူမှာ ကွန်မြူနစ်ပါတီဝင်တစ်ဦးဖြစ်ပြီး သူ့ထက်အသက်ကြီးသူ စတိဗ်တေဖူးဖြစ်သည်။ ထိုသူကဒေါသကြီးသည်။ မင်းဒဲလားမှတ်မိသည် မှာ ထိုကျွန်းသို့ရောက်သောအခါ သူတို့အား ကျွဲနွားများကဲ့သို့ အုပ်လိုက်

မောင်းသည်။ မင်ဒဲလားနှင့်တေဖူးတို့သည် နောက်ကျကျန်နေသည်။ အစောင့်တစ်ယောက်က 'ဒီမှာကြည့်စမ်း ကျုပ်တို့ ခင်ဗျားတို့ကို ဒီမှာ သတ်ပစ်လိုက်မယ်။ ခင်ဗျားတို့ မိဘတွေ၊ ပြည်သူတွေက ခင်ဗျားတို့ ဘာဖြစ်သွားမှန်းတောင် သိလိုက်မှာမဟုတ်ဘူး။ ကျုပ်တို့ခင်ဗျားတို့ကို နောက်ဆုံးအနေနဲ့သတိပေးနေတာ'။ သူတို့အားလုံးအကျဉ်းသားများ ပထမစုဝေးရာပင်မအခန်းသို့ရောက်သည့်အခါ အစောင့်များက 'အဝတ်ချွတ်၊ အဝတ်ချွတ်' ဟု အော်သည်။

အကျဉ်းသားများကိုယ်လုံးတီးဖြစ်သည့်အခါ အစောင့်များက အကျဉ်းသားတစ်ယောက်ကို အထူးသဖြင့် ခနဲ့သည်။ ကပ္ပတိန်က 'ခင်ဗျားဆံပင်က ဘာလို့ ရှည်နေရတာလဲ' ဟုမေးသည်။သူရွေးမေးသည့်သူသည် ညင်သာမှုရှိပြီး မည်သူနှင့်မျှ ခိုက်ရန်မဖြစ်လိုသူမျိုး၊ ယင်ကောင်ကိုပင် မရိုက်မည့်လူမျိုးဖြစ်သဖြင့် ထိုသူက ကပ္ပတိန်အား မည်သို့ပြန်ဖြေရမည် မသိပါ။ ထိုအခါကပ္ပတိန်က'ကျုပ်ခင်ဗျားကို ပြောနေတယ်လေ။ ခင်ဗျားစည်းကမ်းမသိဘူးလား။ ခင်ဗျားဆံပင်ကို ညှပ်ခဲ့ရမှာ။ ဘာဖြစ်လို့ ဒီကောင်လေးလို ဆံပင်မညှပ်ဘဲထားတာလဲ' ဟု ဆိုပြီးမင်ဒဲလားသို့လက်ညှိုးထိုးပြသည်။ ထိုအခါမင်ဒဲလားက 'တစ်ဆိတ်လောက်. . .' ဟုသာ စပြောရသေးသည်။ ကပ္ပတိန်က 'ကျုပ်ကို အဲဒီလိုလေသံနဲ့ စကားမပြောနဲ့' ဟုဆိုကာ မင်ဒဲလားဆီသို့ ဒေါသဖြင့် လျှောက်လာသည်။

ထိုနေရာအရောက်တွင် မင်ဒဲလားက သူ့ဇာတ်လမ်းပြောသည်ကိုခေတ္တနားလိုက်သည်။ ထိုင်ခုံတွင် ရှေ့သို့ကိုင်းလိုက်သည်။ မျက်လုံးများကအဝေးဆီသို့မျှော်မှန်းကြည့်နေသည်။ 'ကပ္ပတိန်က ကျွန်တော့်ကိုစော်ကားချင်တယ်ဆိုတာရှင်းနေတာပဲ။ ကျွန်တော်အမှန်တကယ် ကြောက်ရွံ့မိတယ်လို့ ဝန်ခံပါတယ်။ ကိုယ့်ဘာသာ မကာကွယ်နိုင်ဘူး။ ပြန်ခုခံလို့လည်း မရဘူးလေ'။

သို့သော်လည်း သူပြန်ခုခံခဲ့သည်။ သူက ကျွန်တော့်ကိုပြောပြသည်။ 'ကျွန်တော်ကပ္ပတိန်ကို ပြောလိုက်တယ်။ကျွန်တော့်ကို ထိရဲထိကြည့်။ ခင်ဗျားကို ကျွန်တော်တို့နိုင်ငံရဲ့ အမြင့်ဆုံးတရားရုံးအထိ တရားစွဲမယ်။ အမှုပြီးရင် ခင်ဗျားဘုရားရှိခိုးကျောင်းက ကြွက်တစ်ကောင်လို ဆင်းရဲမွဲတေသွားစေရမယ်လို့ ပြောလိုက်တယ်။ ကပ္ပတိန် တန့်သွားတယ်။ ကျွန်တော် ကြောက်နေတယ်။ ကျွန်တော်သတ္တိရှိလို့ ခုခံတာမဟုတ်ဘူး။ လူတစ်ယောက်မှာ ဟန်ကိုယ့်ဖို့ဆိုတဲ့ အပြင်ပန်းဟန်ပန်တော့ ရှိရမယ်လေ'။

*အပြင်ပန်းဟန်ပန်တော့ရှိရမယ်။*

တစ်ခါတစ်ရံ ရဲဝံ့သည့်ဟန်ပန်လုပ်ရင်းရဲဝံ့သတ္တိအစစ်အမှန်ကို ရှာဖွေတွေ့ရှိသည်။ တစ်ခါတစ်ရံ ထိုဟန်ပန်သည် သင့်သတ္တိပင်။

အကျဉ်းထောင်တွင် မိမိတို့သတ္တိကို တစ်နေ့တစ်ခါ ပြရသည်။ အစောင့်တို့ကိုအများရှေ့တွင်ပြန်ခုခံရုံသာမဟုတ်၊ ခေါင်းမငုံ့ထားဘဲ လမ်းလျှောက်ခြင်း၊ ကြံ့ခိုင်ဖြင့်နေခြင်း၊ အကောင်းဘက်ကိုရှာတွေးခြင်း၊ မျှော်လင့်ချက်ထားခြင်းတို့ အားလုံးရှိရမည်။ ၁၉၆၉ခုနှစ်တွင် ထောင်ကြပ်တစ်ဦး မင်ဒဲလား၏ အခန်းကျဉ်းသို့လာပြီး စိတ်ထိခိုက်စရာသတင်းတစ်ခုပေးသည်။ မင်ဒဲလား၏ အကြီးဆုံးသား သမ်ဘီသည် ယာဉ်တိုက်မှုကြောင့် သေဆုံးသွားသည်။ ၂၇ နှစ်ကာလအတွင်း မင်ဒဲလား သူ့အခန်းကျဉ်းမှမထွက်သောနည်းပါးသည့်နေ့များတွင် ထိုနေ့သည် တစ်ရက် အပါအဝင်ဖြစ်သည်။ သူ၏ နှစ်ရှည်လများ သူငယ်ချင်း ဝေါလ်တာဆစ်စူလူးက သူ့အခန်းသို့လာပြီးနှစ်ယောက်အတူ လက်ကိုင်ကာ ငြိမ်သက်စွာ ထိုင်နေကြသည်။

နောက်တစ်နေ့တွင် မင်ဒဲလားသည် ထုံးကျောက်ကျင်းသို့ပြန်သွားပြီး အခြားအကျဉ်းသားများနည်းတူ ကျောက်တူးသည်။ ကျွန်တော် သူ့သားသေဆုံးသည့်အကြောင်းမေးသောအခါ သူက ထိုသတင်းအပေါ် ဝမ်းနည်းမှုသည် သူခံနိုင်ရည်ရှိသည်ထက် ကျော်လွန်ကြောင်း၊ သို့သော် အစောင့်များနှင့် အကျဉ်းသားအပေါင်းဖော်တို့အား ထိုကိစ္စကြောင့် သူစိတ်ပိုင်း၊ ရုပ်ပိုင်းချို့ယွင်းမှုမဖြစ်သွားဆိုသည်ကိုပြရန်မှာ အရေးကြီးသည်။ ဟန်ကိုယ့်ဖို့ပင်။ သူ အခြားရွေးချယ်ရန် လမ်းမရှိပေ။

ကျွန်တော်တို့သည် မင်ဒဲလားနှင့် တွေ့မည့်သူများ စိတ်လှုပ်ရှားကြမည်ဟုသာ တွေးထင်ကြသည်။ သို့သော် မင်ဒဲလားကိုယ်တိုင်သူများကို တွေ့ရမည်ဆိုလျှင် စိတ်လှုပ်ရှားသည်။ သူ တောင်အာဖရိက သမ္မတ ပီဒဗလျူကို ပထမအကြိမ် တွေ့စဉ်က စိုးရိမ်ကြောင့်ကြဖြစ်မိသည်။ ဘိုသာကို အများက 'မိကျောင်းကြီး' ဟု ခေါ်ဝေါ်ကြသည်။ သူ၏ ကြမ်းတမ်းစွာခြိမ်းခြောက်ဟိန်းဟောက်သည့်ဟန်ပန်၊ ထို့ပြင် သြဇာနှင့် စီမံအုပ်ချုပ်ခြင်းတို့ကြောင့်ဖြစ်သည်။ မင်ဒဲလားအကျဉ်းထောင်တွင် နောက်ဆုံးနှစ်ကျခံနေရစဉ်အချိန်ကဖြစ်ပြီး အကျဉ်းကျနေသော အေအင်န်စီအဖွဲ့ဝင်တစ်ဦးနှင့် တောင်အာဖရိကပြည်နယ်သမ္မတ ပထမဦးဆုံးအကြိမ် တွေ့ဆုံခြင်းပင် ဖြစ်သည်။ မင်ဒဲလားက သူပြောရန်နှင့် လုပ်ရန်တို့ကိုစိတ်ထဲတွင်ဇာတ်တိုက်နေသည်။ ဖြစ်နိုင်လျှင် သူ လက်ဦးမှုရယူလိုသည်။ ထိုအတွေးဖြင့် သူအခန်းကိုခြေလှမ်းကျဲကျဲဖြင့် ဖြတ်လျှောက်ပြီး ဘိုသာအား လှိုက်လှဲသောအပြုံးနှင့် အားပါးတရလက်ဆွဲနှုတ်ဆက်သည်။ သူ၏ဖော်ရွေမှု၊ ဟိတ်ဟန်မထုတ်မှုတို့သည် တောင်အာဖရိကသမ္မတအားသူ့အပေါ် အမြင်ရှင်းစေသည်။ သူကြိုတင်ကြံစည် ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ ဟန်ကိုယ့်ဖို့ပင်။

၁၉၈၀ ပြည့်နှစ်အစောပိုင်းတွင် မင်ဒဲလားအား ရော်ဘင်ကျွန်း အကျဉ်းထောင်မှမရွှေ့ပြောင်းမီ၊ အကျဉ်းသားတစ်ဦးကရှိတ်စပီးယား၏ လက်ရာများကိုစုစည်းထားသည့်စာအုပ်တစ်အုပ်ကို ကော်ပီကူးယူပြီး 'စီ'ဘလောက်ရှိအခန်းကျဉ်းများတွင်နေထိုင်ရသူများသို့ ထိုစာအုပ်ကို ယူသွားကာ ဖတ်ရှုပြီးသည့်အထဲမှ အကြိုက်နှစ်သက်ဆုံးစာပိုဒ်များကို စာအုပ်တွင်အမှတ်အသားပြုလုပ်စေသည်။ မင်ဒဲလားက တွေဝေမနေဘဲ ချက်ချင်းပင်ဂျူးလီးယပ်စ်ဆီဇာပြဇာတ်၏ အခန်း၂၊ ပြကွက်၂ သို့ စာရွက်လှန်လိုက်ပြီး အောက်ပါစာပိုဒ်ကို မင်ဖြင့်ဝိုင်းလိုက်သည်။

'သတ္တိနည်းသူတို့သည်အမှန်စင်စစ်မသေဆုံးမီ ထပ်ကာတလဲလဲ သေဆုံးကြသည်။



ရဲရင့်သူတို့သည် ဘဝတွင်တစ်ကြိမ်သာ သေဆုံးသည်။
ကျွန်ုပ် ယခုထိ ကြားဖူးသည့်ဆန်းပြားမှုများထဲတွင်
ကျွန်ုပ်ဆန်းပြားသည်ဟု ထင်သည်မှာ လူတို့၏စိုးထိတ်မှုပင်။
သေဆုံးခြင်းဆိုသည်မှာ ရှောင်လွှဲမရသည့် ဘဝနိဂုံးပင်ဖြစ်၍
သူလာချင်သည့်အခါလာမည်ပင်။'

သတ္တိနည်းသူတစ်ဦးက ထိုစာပိုဒ်ကို ရွေးချယ်ခဲ့လျှင် သူသတ္တိရှိသည်ဟု အခြားလူများအား ထင်စေလို၍ဖြစ်မည်။ မင်ဒဲလားအတွက်မူ ထိုစာပိုဒ်သည် ရဲရင့်မှုအကြောင်း မဟုတ်ပါ။ အမှန်တရားကို ရိုးရိုးရှင်းရှင်းတင်ဆက်ထားခြင်းသာ ဖြစ်သည်။ သင်သည် သတ္တိရှိဟန်ဆောင်လျှင်သတ္တိရှိလာမည်သာမက၊ သတ္တိကို ကိုယ်စားပြုသူပင် ဖြစ်လာမည်။

မင်ဒဲလားက ရဲဝံ့ခြင်းသည် လူနည်းစုနှင့်သာ သက်ဆိုင်သည်ဟု မမြင်ပါ။ အချို့လူများသည် ဘဝစာမေးပွဲစစ်ဆေးခြင်းကို ပြင်းထန်စွာခံရသည်။သို့သော် အခြားလူများလည်း တစ်နည်းနည်းဖြင့်တော့ ထိုစစ်ဆေးခြင်းကို ခံရသည်။ သူကျွန်တော့်ကိုအမြဲပြောသည့်အချက်တစ်ခုမှာ၊ သူအကျဉ်းကျသည့်အချိန်ကာလသည် သူ့ဇနီးအကျဉ်းကျဖူးသည့်အချိန်ကာလထက် ပိုရှည်ကြာသော်လည်း သူ့ဇနီး 'ဝင်နီ' က ပို၍ သတ္တိရှိသည်ဟု သူယူဆသည်။ သူ့အနေဖြင့် အကျဉ်းထောင်အတွင်း၌နေရသဖြင့် ဘဝ၏နေ့စဉ် အခက်အခဲများမှ အကာအကွယ်ရသလိုပင် ဖြစ်နေခဲ့သော်လည်း သူ့ဇနီးအနေဖြင့် 'အပါသိုက်' စနစ်အောက်တွင် နေ့စဉ် ဘဝအခက်အခဲများကိုရင်ဆိုင်ကာ သမီးနှစ်ယောက်ကိုလည်း ပြုစုပျိုးထောင်ရသေးသည်။

မင်ဒဲလားအနေဖြင့် သတ္တိရှိသူတစ်ဦးကို အမြင့်ဆုံးချီးကျူးလျှင် 'သူကောင်းကောင်းစွမ်းဆောင်နိုင်တယ်' ဟုသာ ဖြစ်သည်။ ဤသို့ပြောရာတွင်ထိုသူသည်ဇာတ်လမ်းထဲမှသူရဲကောင်းလို သတ္တိရှိခြင်း၊ အသက်ကိုစတေးရဲခြင်းတို့ကို မဆိုလိုပါ။ တစ်နေ့ဝင်တစ်နေ့ထွက်အခက်အခဲများ၊ စိတ်ဆင်းရဲမှုများကိုရင်ဆိုင်ရာတွင် မြဲမြံတည်ငြိမ်မှုရှိခြင်းကို ဆိုလိုသည်။ တစ်နေ့ဝင်တစ်နေ့ထွက် စိုးရိမ်ကြောင့်ကြမှုနှင့် စိတ်ပူပန်မှုတို့ကို

ခုခံနိုင်စွမ်းရှိခြင်းကို ဆိုလိုသည်။ ကျွန်ုပ်တို့အားလုံး ထိုသတ္တိမျိုးရှိနိုင်ကြသည်။ ကံကောင်းထောက်မစွာဖြင့် ထိုသတ္တိမျိုးကိုသာ ကျွန်ုပ်တို့အများစုအနေဖြင့်သရုပ်ပြရန် လိုအပ်ချက်ရှိပါသည်။

■

## စဉ်းစားချင့်ချိန်ပြီးမှ စီမံဆောင်ရွက်ပါ

ကျွန်တော် တစ်ခါက မင်ဒဲလားနှင့်ကျည်လုံဘီအမ်ဒဗလျူကား၏ နောက်ထိုင်ခုံတွင်သူနှင့် အတူရှိနေသည်။ သူ့ဒရိုင်ဘာက လမ်းပျောက်နေသည်။ ယင်းသည် မထူးဆန်းပါ။ သူ့ယာဉ်တန်းသည် မကြာခဏဖရိုဖရဲ ဖြစ်တတ်သည်။ ယာဉ်မောင်းက စက်ရှိန်မြှင့်ပြီးဟိုသည်ကွေ့ရာတွင် ကားဘီးက ကျွီခနဲမြည်မြည်နေသည်။ မင်ဒဲလားက ယာဉ်မောင်းဆီသို့ကိုယ်ကိုညွတ်ပြီး 'စိတ်အေးအေးထားပါကိုယ့်လူရာ' ဟု ပြောသည်။

*စိတ်အေးအေးထားပါ*။

မင်ဒဲလားသည် လှိုင်းလေထန်သော အချိန်များတွင်ပင် တည်ငြိမ်အေးဆေးပြီး အခြားသူများကိုလည်း တည်ငြိမ်အေးဆေးစေလိုသည်။ တကယ်တမ်းတွင် သူ့ထံမှ တည်ငြိမ်အေးဆေးမှုတို့ဖြာထွက်နေသည်။ သင့်စိတ်ကို သင်မထိန်းနိုင်လျှင် အနေအထားတစ်ခုတွင် သင်ဆုံးရှုံးသွားနိုင်သည်။ အာမက်ကသာဒရာသည် မင်ဒဲလားနှင့်အတူ အကျဉ်းထောင်တွင် အနှစ် ၃၀ နီးပါး အတူနေခဲ့ရသည်။ ထိုကာလအတွင်း မင်ဒဲလားစိတ်ဆိုးသည်ကို နှစ်ကြိမ်သာ တွေ့ဖူးသည်ဟု အာမက်က ပြောသည်။ နှစ်ကြိမ်စလုံးတွင်ထောင်ကြပ်များက သူ့ဇနီးဝင်နီကိုစော်ကားမော်ကားပြော၍ ဖြစ်သည်။ မှန်သည်၊ လူတစ်ယောက်အနေဖြင့် ဒေါသပေါက်ကွဲခြင်း၊ စိတ်ခံစားချက်အတိုင်း လှိုက်လှိုက်လှဲလှဲတုံ့ပြန်ခြင်းတို့ ရှိမည်ပင်။ သို့သော် မင်ဒဲလားပြောပြချက်အရ

ယင်းတို့သည်ဖြစ်ခဲ့သည်။ ဖြစ်လျှင်လည်း ကောက်ကာငင်ကာဖြစ်မည့်အစား မြော်မြင်ချင့်ချိန်တတ်ရမည်။ ခေါင်းဆောင်တစ်ယောက်၏ အတိုင်းအတာသည် သူ၏ ချုပ်တည်းနိုင်မှုပင် ဖြစ်သည်။ လူသားအားလုံးအတွက်လည်း ထိုနည်းလည်းကောင်းပင်။ တည်ငြိမ်အေးဆေးမှုသည် နိုင်ငံရေး၊ သို့မဟုတ် ကိုယ်ရေးကိုယ်တာတို့ အခြေအနေတင်းမာနေသည့်အချိန်တွင်လူအများက လိုလားကြသောအရည်အသွေးတစ်ခုဖြစ်သည်။ သူတို့က သင်စိတ်လှုပ်ရှားပြီး ကတောက်ကတက်ဖြစ်နေခြင်းမရှိ၊ အချက်အလက်အားလုံးကိုချိန်ထိုးစဉ်းစားနေသည်၊"သင့်တုံ့ပြန်မှုသည် ချင့်ချိန်တိုင်းတာပြီးသားဖြစ်မည်ဟု ယုံကြည်ထားကြသည်။

၁၉၉၃ ခုနှစ်တွင် တောင်အာဖရိကဥ္စနိုင်ငံရေး ချိန်ခွင်လျှာကစားနေသည်။ မင်ဒဲလားက နိုင်ငံတော်အစိုးရနှင့်ညှိနှိုင်းဆွေးနွေးပြီး ဖွဲ့စည်းပုံအသစ်ရေးဆွဲရန်နှင့် ဒီမိုကရေစီရွေးကောက်ပွဲကျင်းပဖို့နေ့ရက်သတ်မှတ်ရန်ဆောင်ရွက်နေစဉ် ထိုခြေလှမ်းသစ်ကိုအင်အားလျော့ပါးစေရန်ပြည်တွင်းအင်အားစုအချို့ကကြိုးပမ်းနေကြသည်။ ထိုအထဲတွင် မိမိတို့အင်အားစုများကို စုစည်းပြီးအကြမ်းဖက်ရန် ခြိမ်းခြောက်လျက်ရှိသော အစွန်းရောက်လက်ယာဝါဒီစစ်မက်ရေးရာအုပ်စုများ ပါဝင်သည်။ အချို့က မင်ဒဲလားသည်ရှေးရိုးစွဲဆန်လွန်းသည်၊ အစိုးရကိုယုံကြည်မှု လွန်ကဲသည် ဆိုပြီးအေအင်န်စီ၏စစ်မက်ရေးရာခေါင်းဆောင်လည်းဖြစ်သည့်ခရစ်ဟာနီကဲ့သို့လူငယ်ခေါင်းဆောင်မျိုးကို ရှေ့တန်း တင်လိုကြသည်။

ထိုစဉ်က တောင်အာဖရိကတွင် ဟာနီသည်မင်ဒဲလား ပြီးလျှင် ဒုတိယလူကြိုက်အများဆုံးခေါင်းဆောင်ဖြစ်သည်။ အမြဲတမ်းလိုလိုတိုက်ပွဲဝင်ဝတ်စုံဝတ်ဆင်ပြီးဘယ်ရီကက်ဦးထုပ်ကို ခပ်ကြော့ကြော့စောင်းစောင်းလေးဆောင်းထားလေ့ရှိသည့်ဟာနီသည် ဆွဲဆောင်မှုရှိလှသည်။ သူကမင်ဒဲလား၏ဆန့်ကျင်ဘက်ပင်။ မင်ဒဲလားက ခွင့်လွှတ်ရန်နှင့် အာဃာတ မထားရန်ပြောနေသည့်အချိန်တွင်ဟာနီကအမှတ်ထားပါ၊ တုံ့ပြန်ပါဟု လှုံ့ဆော်သည်။ မင်ဒဲလားကအသံခပ်အုပ်အုပ်ဖြင့် စကားပြောသည်။ ဟာနီကစကားကို အသံမြှင့်ပြောသည်။ မင်ဒဲလားက လူဖြူတို့၏အစဉ်အလာစီးပွားရေးကိုဆက်ထားရန် ပြောသည်။ ကွန်မြူနစ်စိတ်ဓာတ်ရှင်သန်သော ဟာနီကလူဖြူတို့၏ မြေဥစ္စာကိုပြည်သူများသို့ ခွဲဝေပေးရန်ပြောသည်။ အေအင်န်စီအဖွဲ့ဝင်အချို့ကပင် အသက် ၅၁ နှစ်ရှိပြီး သန်မာဖြတ်လတ်သည့်ဟာနီသည် မင်ဒဲလားနှင့် စာလျှင်ငှင်းတို့အဖွဲ့နှင့်တောင်အာဖရိက၏ အနာဂတ်ဖြစ်သည်ဟု ခံယူကြသည်။ ဟာနီ့အတွက် မျှော်လင့်ချက်ရှိသောကာလ ဖြစ်သည်။ တောင်အာဖရိကတွင် လူဖြူလူမည်းပဋိပက္ခကြောင့် ပြည်တွင်းစစ်ဆီသို့ ဆိုးရွားစွာ ဦးတည်နေသည်။ လူဖြူလက်ယာဝါဒီတို့က တိုက်ခိုက်ရေးအတွက် လက်နက်များစုဆောင်းနေသလိုဟာနီအပါအဝင်လက်ဝဲဝါဒီတို့က စစ်ပွဲအတွက်ပြင်ဆင်ရန်ပြည်သူများကိုတိုက်တွန်းနေသည်။ နိုင်ငံတစ်ဝန်းလူမျိုးရေးပြည်တွင်းစစ်ပွဲခြောက်လှန့်မှုသည်ဒိဋ္ဌဖြစ်ရပ်ဖြစ်လာတော့မည်။

ထိုနှစ် ဧပြီလတွင် ကျွန်တော်မင်ဒဲလားနှင့်အတူ ထရန်စကီရှိ သူ၏နေအိမ်သို့ လိုက်သွားသည်။ ထိုအိမ်သည် တောင်အာဖရိက၏ ကျေးလက်ဒေသတွင်ရှိပြီး သူကိုမွေးဖွားသည့်ချိုင့်ဝှမ်းဒေသကို လှမ်းမြင်ရသည့်နေရာတွင် တည်ရှိသည်။ သူက ကျွန်တော့်ကို တစ်ခါပြောဖူးသည်။ 'လူတိုင်းလူတိုင်းဟာကိုယ့်ကိုမွေးဖွားတဲ့အရပ်အနီးအနားမှာ အိမ်တစ်လုံးရှိသင့်တယ်'။ သူ့အိမ်သည်အယ်လ်ပုံသဏ္ဌာန် ရိုးစင်းသည့်တစ်ထပ်တိုက်တစ်လုံး ဖြစ်သည်။သူကလေးဘဝကဆော့ကစားခဲ့သောစိမ်းလန်းစိုပြည်သည့်မြက်ခင်းပြင်တွင်နေရာယူထားသည်။ လူအများက ထိုအိမ်နှင့်စပ်လျဉ်းပြီး အံ့ဩသည်မှာ အိမ်ပုံစံသည် သူ ၁၉၉၀ ပြည့်နှစ်တွင်အပြစ်ဒဏ်မှ မလွတ်မီနောက်ဆုံးနေခဲ့ရသည့်ဗစ်တာဗာစတာအကျဉ်းထောင်ရှိအဆောက်အအုံနှင့်တူနေခြင်းပင်ဖြစ်သည်။ ကျွန်တော်တစ်ခါကသူ့ကို ထိုအကြောင်းမေးသည့်အခါ သူပြုံးလိုက်သည်။ သူ နေခဲ့ရသည့်အကျဉ်းထောင်အဆောက်အအုံကို သူကြိုက်နှစ်သက်သဖြင့် ထရန်စကီတွင်သူ့အိမ်တစ်လုံးဆောက်မည့်အခါ အကျဉ်းထောင်အုပ်ချုပ်ရေးပိုင်းမှအဆိုပါအဆောက်အအုံ၏ကြမ်းခင်းပုံစံနှင့်ပုံစံပြာကို

တောင်းယူခဲ့ခြင်းဖြစ်သည်ဟု သူပြောပြသည်။

သူ့အိမ်သည် ပင်မလမ်းမမှ ခပ်ခွာခွာတွင်ရှိသည်။ အခြားအိမ်များကိုလည်းမြင်မနေရပါ။ အဝင်ဂိတ်မှာ မဝင့်ဝါပါ။ ကားအဝင်လမ်းမှာကွေ့ကောက်သည်။ ထိုနေရာသည်ယေဘုယျအားဖြင့်လူသူအရောက်အပေါက်နည်းသည့်နေရာဖြစ်ပြီး၊ သမိုင်းတွင်သည့်အထင်ကရပုဂ္ဂိုလ်တစ်ဦးနေထိုင်သည့် အိမ်ဖြစ်သော်လည်းစောင်ခြုံလွှားထားသည့် အမျိုးသမီးများ၊ လမ်းလျှောက်တုတ်နှင့် လူအိုများ စသည့်အနီးအနားရွာများမှလူများသည် မပြောမဆို သူ့ခြံရှေ့သို့ ရောက်လာပြီး အိမ်မျက်နှာစာတွင်ထိုင်သူထိုင်၊ ရပ်သူရပ်နှင့် သူ့ကို အရိုအသေပေးရန်၊ သို့မဟုတ် သူ့ထံမှ အစားအသောက်အလှူခံရန်၊ သို့မဟုတ် နှစ်မျိုးစလုံးအတွက် လာရောက်လေ့ရှိကြသည်။ ယင်းသည်သူတို့လူမျိုး၏ ဓလေ့ထုံးတမ်းဖြစ်ပြီးရာစုနှစ်ပေါင်းများစွာ ထိုကဲ့သို့ပင် ပြုမူခဲ့ကြသည်။ ဆုံတွေ့ရန်ချိန်းဆိုမှုမလုပ်ဘဲ လူများထိုအတိုင်း ဝင်ထွက်သွားလာကြသည်။

မင်းဒဲလားသည် ထရန်စကီတွင်ရှင်သန်လန်းဆန်းလာသည်။ စိတ်ဖိစီးမှုမရှိအေးအေးလူလူရှိသည်။ သူကသူ့ကိုယ်သူတောသားလေးတစ်ယောက်ဟုညွှန်းတတ်သည်။ အချို့က သူဟန်လုပ်ပြောသည်ဟုထင်ကြသည်။ သို့သော်သူ့ကိုကျေးလက်အသိုင်းအဝိုင်းတွင် သင်တွေ့မြင်မည်ဆိုလျှင် ထိုတောသားလေးကို ရေးရေးမျှမြင်နိုင်ပေမည်။ သူကရွာသားများကိုစကားပြောရသည်ကို ကြည်နူးသည်။ ထိုသူများသည် မိမိတို့နေအိမ်မှ မည်သည့် ဆယ်မိုင်အထက်ကွာဝေးသည့်ခရီးကိုမျှသွားဖူးသူများ မဟုတ်ပါ။ သူပိုရယ်သည်။ ဇိုဆာဘာသာစကားဖြင့် ပြက်လုံးများပြောသည်။ ကလေးငယ်များကိုဒူးပေါ်တင်၍ မြှူသည်။ ထိုသူအများစု၏ လူမှုဘဝပုံစံသည် လွန်ခဲ့သည့်အနှစ် ၅၀ ကျော်က မင်းဒဲလားခနထိုင်ခဲ့သည့်ပုံစံအတိုင်းပင် ဖြစ်သည်။

ထရန်စကီတွင် သူကြည်နူးသည့် နောက်ထပ်အရာတစ်ခုသည် နံနက်စောစောလမ်းထလျှောက်ခြင်းပင် ဖြစ်သည်။ သူပုံမှန်အားဖြင့် နံနက် ၄ နာရီခွဲတွင် အိပ်ရာမှနိုးသည်။ ၅နာရီနှင့်၅နာရီခွဲကြားတွင်



လမ်းလျှောက်ရန်အဆင်သင့်ဖြစ်သည်။ သူ သုံးနာရီ လေးနာရီကြာခန့် လမ်းလျှောက်ပြီးအိမ်သို့ ၉ နာရီနှင့် ၁၀ နာရီကြားတွင် ပြန်သည်။ ကျွန်တော် သူနှင့်ထရန်စကီသို့ ယခင်တစ်ခေါက်ဒီဇင်ဘာလတွင်လိုက်သွားဖူးသည်။ သူ၏နံနက်ခင်းလမ်းလျှောက်သည့်ပုံမှန်လှုပ်ရှားမှုတွင် ကျွန်တော် တတ်နိုင်သမျှ ပါဝင်အဖော်ပြုပေးသည်။

ဧပြီလ ၁၀ ရက်နေ့ နွေဦးရာသီနံနက်ခင်းတွင် ကျွန်တော်သူ့အိမ်သို့ နံနက် ၄ နာရီ ၅၅ မိနစ်တွင် ရောက်သည်။ အချိန်မှာ မှောင်မိုက်ဆဲပင်ဖြစ်သည်။ သူ့ကိုယ်ရံတော်များထဲမှနှစ်ယောက်သည် ကားထဲတွင်ထိုင်ပြီး သီချင်းနားထောင်နေကြသည်။ ရာသီဥတုမှာအေးစက်နေသဖြင့် ထိုသူတို့သည် သူတို့လက်များကို လေမှုတ်နေကြသည်ကို ကျွန်တော်ကားပြတင်းမှတစ်ဆင့်မြင်ရသည်။ မင်းဒဲလားက ၅နာရီထိုးအပြီးတွင်သူ့စိတ်ကြိုက်အနက်နှင့်ရွှေရောင်စပ်အားကစားဝတ်စုံဖြင့် အိမ်ထဲမှ ထွက်လာသည်။ သူတောင်ဘက်သို့ ဦးတည်ပြီး လမ်းလျှောက်သည်။

သူက နံနက်တိုင်း ဦးတည်ရာအရပ်ကိုပြောင်းလျှောက်သည်။ သူ ငယ်စဉ်က မြင်ကွင်းများကိုလည်းကောင်း၊ သူမရောက်ဖူးသေးသောရွာတစ်ရွာကိုလည်းကောင်း တွေ့လိုတွေ့ငြားဖြစ်သည်။ ကျွန်တော့်အားအထင်ကရနေရာများကို ညွှန်ပြပြီးသမိုင်းကြောင်းကို ပြောပြသည်။ ထိုနေ့နံနက်ကခါတိုင်းကဲ့သို့ပင် သူ့ကိုယ်ရံတော်များ လိုက်ပါလာသည်။ ပုံမှန်အားဖြင့်သူ့ရှေ့တွင် နှစ်ယောက်လျှောက်ပြီးသူ့နောက်တွင် နှစ်ယောက် လျှောက်သည်။ ကျွန်တော်ကသူ့ဘေး ဆယ်ပေအကွာလောက်မှလိုက်သည်။ သူစကားပြောလိုလျှင်ကြားနိုင်ပြီး သူလွတ်လပ်စွာနေလိုလျှင်လည်း ရအောင်ဖြစ်သည်။ လမ်းလျှောက်ခြင်းသည်သူ့အတွက်တရားအားထုတ်ခြင်းနှင့်တူသဖြင့် ကျွန်တော်တို့အားလုံးတိတ်ဆိတ်စွာ လျှောက်လေ့ရှိကြသည်။

တစ်နာရီကျော်ကြာသော်ကျွန်တော်တို့သည် ချွန်သည့်သက်ကယ်အမိုးပါရှိပြီး အဝိုင်းပုံစံဆောက်ထားသောအင်္ဂတေနုတဲများသို့

ရောက်လာကြသည်။ မင်ဒဲလားကြီးပြင်းခဲ့သောအိမ်ပုံစံမျိုး ဖြစ်ပြီး ထိုအရပ်မှလူများ ယခုတိုင်ယင်းကဲ့သို့နေထိုင်ဆဲဖြစ်သည်။ နံရံများကို ညက်သောနွားချေးနှင့်စီမံပြုလုပ်ထားပြီးကြမ်းခင်းသည်လည်း ခြောက် ဖြစ်သည်။ မင်ဒဲလား အသက်အရွယ်ခန့်အမျိုးသမီးတစ်ယောက်သည် တဲတစ်ခုတွင်းမှထွက်လာပြီး ကျွန်တော်တို့အား သံသယမျက်လုံးနှင့် ကြည့်သည်။ (ကြိမ်ဖန်များစွာ လူများက မင်ဒဲလားအား မသိကြပါ။သူ့ကို အလည်လာသောရွာသူကြီးတစ်ယောက်ဟု ထင်မှတ်ကြသည်)။ အမျိုးသမီးကတင်ပါးပေါ်တွင် လက်ထောက်လိုက်ပြီးမင်ဒဲလားအား သူတို့အုပ်စုသည်ခြေလျင်လာခဲ့ခြင်းလားဟု မေးသည်။ မင်ဒဲလားက ဟုတ်မှန်ကြောင်းပြောသောအခါထိုအမျိုးသမီးကမင်ဒဲလား၏ ခြေထောက်များကို ကြည့်ပြီး 'အဲဒီလိုဆိုရင် ရှင့်ဖိနပ်တွေက ဘာဖြစ်လို့ နံနက်ခင်းနှင်းစက်တွေနဲ့ မစိုရွှဲနေတာလဲ' ဟုမေးသည်။ မင်ဒဲလားက သူ့ဖိနပ်များကို ကြည့်လိုက်သည့်အခါခြောက်သွေ့နေသဖြင့် သူအော်ရယ်မိသည်။ ထိုအမျိုးသမီး၏ မှတ်ချက်သည် ကျေးလက်ပြည်သူများ၏ ရှုမြင်တွေးခေါ်မှုကို ဖော်ပြသည်။

၈ နာရီထိုးသောအခါ နေပူရှိန်ပြင်းထန်လာပြီး ရာသီဥတုအတော်နွေးလာသည်။ ကျွန်တော်တို့လမ်းလျှောက်တိုင်း မင်ဒဲလားပိုမိုသန်မာလာသည်ဟုထင်ရသည်။ ပထမတွင် လမ်းဖြည်းဖြည်းလျှောက်ပြီး တဖြည်းဖြည်းနှင့်ခြေလှမ်းများ ခိုင်မာစွာကျဲလာသည်။ သူ့ထက်ဆယ်စုနှစ်များမကအရွယ်ငိုယ်သော ကျွန်တော်တို့အတွက်မူ ယင်းနှင့်ပြောင်းပြန်ဖြစ်သည်။ ကျွန်တော်တို့ ရှည်လျားစွာပျင်းရိဖွယ်ရာ ဆက်လျှောက်နေပြီး လေးနာရီခန့်ကြာသော် သူ့အိမ်နားပြန်ရောက်သည်။ မင်ဒဲလားကတောင်ကုန်းတစ်ခု၏ထိပ်စွန်းကို ညွှန်ပြသည်။ ထိုတောင်ကုန်းမှ အောက်ဘက်သို့လှမ်းကြည့်လျှင် ကြူနူဟုခေါ်သည့် သူ့ဘိုးဘွားတို့၏ရွာကိုလှမ်းမြင်ရသည်။ ထိုရွာတွင် ပြိုကွဲပျက်စီးနေသော အဖြူရောင်အုတ်တိုက်တစ်လုံးကို မြင်ရသည်။ 'အဲဒါကျွန်တော့်ရဲ့ ပထမဦးဆုံးစာသင်ကျောင်းလေ' ဟု ပြောသည်။ ထိုကျောင်းတွင် စာသင်



ခန်းတစ်ခန်းသာပါဝင်ပြီးအခန်း၏ တစ်ဖက်တစ်ချက်တွင် ပြတင်းပေါက်များရှိသည်။ ကြမ်းခင်းမှာ ညီညာသည်။ သွပ်မိုးဖြစ်သဖြင့် မိုးရွာလျှင် ခေါင်မိုးပေါ်ရေစက်ကျသံ ကြားရသည်။ ထိုကျောင်းတွင် သူ၏ ပထမဦးဆုံးဆရာမ 'မစ်စ်မဒင်ဂိန်း' က သူ့အား 'နယ်လ်ဆန်' ဆိုသည့် နာမည်ပေးခဲ့ခြင်းဖြစ်သည်။ ထိုအချိန်အခါက ထိုကျောင်းတက်သည့် ကျောင်းသားတိုင်းကို အင်္ဂလိပ်နာမည်ပေးသည့်အလေ့အထ ရှိခဲ့သည်။

သူက ကျောင်းအနောက်ဘက်က တောင်ကုန်းသို့ လျှောက်သွားပြီးကြီးမားသော ကျောက်တုံးဝိုင်းတစ်ခုကိုညွှန်ပြသည်။ ထိုကျောက်တုံး၏အချင်းမှာ ၇၅ မီတာခန့်ရှိသည်။ ကျောင်းသားများသည် ထိုကျောက်တုံးပေါ်တွင်ပန်းကန်ပြားအရွယ်ရှိ ချောမွေ့သောကျောက်ပြားတစ်ချပ်ကို တင်စီးကာလျှောချလေ့ရှိကြသည်။ သူ၏ဘောင်းဘီချုပ်ရိုးများပင် ပြဲထွက်သဖြင့် သူ့အမေထံမှာ နာနာအရိုက်ခံရသည်။

ကျွန်တော်တို့ လေးနာရီကြာ လျှောက်ပြီးနောက် အိမ်သို့မလှမ်းချင်လှမ်းချင်ပြန်ကြသည်။ အိမ်ရှေ့တွင်လူ ခြောက်ဦးခန့်ဝိုင်းအုံစောင့်နေသည်။ ဧည့်ခန်းတွင်းသို့ဝင်လိုက်သောအခါ နောက်ထပ် ရှစ်ယောက်ဆယ်ယောက် ထိုင်စောင့်နေသည်ကို တွေ့ရပြန်သည်။ အမြဲလိုသဘောကောင်းသောအိမ်ရှင်မင်ဒဲလားက ထိုလူများကို လက်ဆွဲနှုတ်ဆက်နေစဉ်ကျွန်တော်က စာကြည့်ခန်းသို့ သွားပြီး မင်ဒဲလားကို အင်တာဗျူးလုပ်ရန် ပြင်ဆင်သည်။ မိနစ်ပိုင်းအတွင်း သူစာကြည့်ခန်းသို့ဝင်လာသောအခါ ကျွန်တော်က ထိုဧည့်သည်များအကြောင်းမေးလိုက်သည်။ သူ့အိမ်ထိန်းမိရီယမ်က ထိုလူများသည် ဆာလောင်မွတ်သိပ်သဖြင့် အိမ်ရှေ့သို့ရောက်လာကြခြင်းဖြစ်ကြောင်း ပြောသည်။ မင်ဒဲလားက သူတို့ကို အထူးဧည့်သည်များကဲ့သို့ ဆက်ဆံသည်။

မိရီယမ်က ကျွန်တော်တို့အတွက် နံနက်စာ ပြင်ဆင်နေသည်။ မင်ဒဲလားက 'စကြစို့' ဟုပြောသော်လည်း နောက်မိနစ် ၂၀ တွင် နံနက်စာ မစားရသေးပါ။ ကိုယ်ရံတော်တစ်ဦးက တံခါးနားတွင် ရစ်သီရစ်သီလုပ်နေသဖြင့် မင်ဒဲလားက ထိုသူ့အား 'မင်း တစ်ခုခု လိုချင်လို့လား'

ဟု မေးသည်။ ကိုယ်ရံတော်က ဇိုဆာဘာသာစကားဖြင့် အိမ်ရှေ့တွင် အရှေ့လန်ဒန်ရပ်ဂ်ဘီဘောလုံးအသင်း ရောက်နေကြောင်းပြောသည်။ မင်ဒဲလားက 'အား၊ ဟုတ်သားပဲ' ဟုပြောသည်။ယမန်နေ့က သူ့လုပ်ဖော်ကိုင်ဖက်တစ်ဦးအား ထိုအရပ်တွင် ရောက်နေသောအရှေ့လန်ဒန်ရပ်ဂ်ဘီအသင်းကို သူတွေ့ဆုံနှုတ်ဆက်မည်ဟု ပြောထားခဲ့သည်။ 'ဟုတ်ပြီ။ ကျွန်တော် သတိရပြီ' ဟုပြောပြီး သူ့ကိုယ်ပေါ်မှ မိုက်ကရိုဖုန်းကို အနည်းငယ်စိတ်ရှုပ်ဟန်ဖြင့် ဖြုတ်လိုက်သည်။

ကျွန်တော် သိထားသည့် သူ့အကြောင်းတစ်ခုမှာ သူသည် အချိန်တိကျသူတစ်ဦးဖြစ်သော်လည်းယခုလို ကျပန်း၊ သို့မဟုတ် လက်တန်းတွေ့ဆုံနှုတ်ဆက်သည့်ကိစ္စများအတွက်ဆိုလျှင် သူလုပ်လက်စအလုပ်ကိုကြားဖြတ်ပြီး တွေ့ဆုံသည့်အလေ့အထရှိသည်။သူထိုကိစ္စများကို နှစ်သက်လှ၍ မဟုတ်သော်လည်း လုပ်စရာရှိသည်ကို လက်ငင်းလုပ်လိုက်ခြင်းသည် အချိန်ကုန်သက်သာစေသည်ဟု သူယူဆသည်။ တစ်ခါတစ်ရံသူကထိုအချိန်မျိုးကို 'အာဖရိကန်အချိန်' ဟု ရွှတ်နောက်နောက်ခေါ်သည်။ သူ့ပတ်ဝန်းကျင်မှအခြားလူများသည်သူ့ကဲ့သို့အချိန်လေးစားမှုမရှိသည်ကို သူ ဆိုလိုသည်။

အိမ်အဝင်ကားလမ်းတွင်အစိမ်းနှင့်အဝါရပ်ဂ်ဘီဂျာဇီအင်္ကျီဝတ်ထားသည့်သန်မာသော လူမည်း ၂၅ ဦးတရွရွခြေရှုပ်ပြီး စောင့်နေကြသည်။ သူကတစ်ယောက်ချင်းကို လက်ဆွဲနှုတ်ဆက်ပြီးလျှပ်တစ်ပြက်မေးခွန်းများလည်းမေးသည်။ ဆယ်မိနစ်ကြာနှုတ်ဆက်ပြီးချိန်တွင် သူနှင့်အရင်းနှီးဆုံးလက်ထောက်တစ်ဦးထံမှ တယ်လီဖုန်းလာသည်ဆိုသဖြင့် အိမ်ထဲသို့ ပြန်ဝင်သည်။ ထိုဖုန်းကိုမဆေးကြောရသေးသော အိုးခွက်ပန်းကန်များဖြင့် ရှုပ်ပွနေသော မီးဖိုချောင်တွင်သူကိုင်သည်။ သူကျောက်ရုပ်တစ်ရုပ်လိုရပ်ပြီးတစ်ဖက်မှစကားကို နားထောင်နေစဉ် သူ့မျက်နှာတွင် စိုးရိမ်ပူပန်မှုတို့ဖြစ်ပေါ်နေသည်။ သူစိုးရိမ်သည့်အခါ သူ့နှုတ်ခမ်းများသည် အောက်သို့နိမ့်ကျပြီးခက်ထန်သည့်မှုန်ကုပ်ကုပ်မျက်နှာထား ဖြစ်လာသည်။



နောက်ဆုံးတွင် 'ကျေးဇူးတင်ပါတယ်' ဟု ပြောပြီး သူ ဖုန်းချလိုက်သည်။

ထို့နောက် 'ခရစ်ဟာနီကိုပစ်သတ်လိုက်ကြတယ်' ဟု သူပြောသည်။ မည်သူ သတ်သည်ကို ကျွန်တော်မေးသောအခါ သူမသိဟု ပြောသည်။ ထို့နောက် အေးစက်သောမျက်နှာထားဖြင့်မီးဖိုချောင်မှ ခြေလှမ်းကျဲကျဲဖြင့်လှမ်းထွက်ကာ အိမ်ရှေ့လမ်းတွင် အရှေ့လန်ဒန်ရပ်ဂ်ဘီအသင်းနှင့်လက်ဆွဲနှုတ်ဆက်ခြင်းကို ဆက်လုပ်သည်။

တောင်အာဖရိကနိုင်ငံသည်ပြဿနာထုထည်၏ ထိပ်ဖျားတွင် ရောက်နေသည်။ ဟာနီအားလုပ်ကြံသတ်ဖြတ်မှုသည် ပြည်တွင်းစစ်သို့ တွန်းပို့နိုင်သည်။ ဟာနီ၏ သန်းပေါင်းများစွာသောထောက်ခံသူတို့သည် ကလဲ့စားချေရန်လှုံ့ဆော်ပြီးလူဖြူနှင့်လူမည်းအကြားစစ်ပွဲကို အစပျိုးပေးစေနိုင်သည်။ ထိုအနေအထားကိုမင်ဒဲလားမည်သည့်နည်းနှင့်မျှ မလိုလားပါ။ သို့သော် လက်ရှိအချိန်တွင် သူလုပ်နေသည့်အလုပ်ကို ဆက်လုပ်သင့်သည်ဟု ယူဆသဖြင့်အရှေ့လန်ဒန်ရပ်ဂ်ဘီအသင်းအားနှုတ်ဆက်ခြင်းအလုပ်ကို ဆက်လုပ်သည်။

မင်ဒဲလားပြုံးလိုက်၊ ရယ်စရာပြောလိုက်နှင့် ရပ်ဂ်ဘီအသင်းကိုပြီးအောင်နှုတ်ဆက်သည်ကို ကျွန်တော်ပြတင်းပေါက်မှကြည့်နေလိုက်သည်။ မကြာမီ သုန်မှုန်သောမျက်နှာထားဖြင့် စာဖတ်ခန်းသို့ သူပြန်ဝင်လာသည်။သူထိုင်ချလိုက်ပြီးနောက် ပထမဆုံးပြောလိုက်သည်မှာ 'သူတို့ယာဂုလာချဖို့အဆင်သင့်ဖြစ်ပြီလားလို့ ခင်ဗျားသွားကြည့်ပေးပါလား' ဟု ကျွန်တော့်ကိုပြောသည်။ ကျွန်တော်မီးဖိုချောင်သို့ သွားပြောလိုက်ပြီး နံနက်စာလာချပြီးသောအခါ ကျွန်တော်တို့ တိတ်ဆိတ်စွာ စားသောက်ကြသည်။ မင်ဒဲလားက အတွေးနယ်ချဲ့နေသည်။

သူယာဂုကိုသောက်ပြီးသည့်အခါ သူ့ဒိုင်ယာရီစာအုပ်ကို တောင်းသည်။ ထို့နောက် သူနှင့်အရင်းနှီးဆုံးလုပ်ဖော်ကိုင်ဖက်များဆီသို့တစ်ယောက်ပြီးတစ်ယောက်အမြန်ဆက်သည်။ ဂျိုဟန်းနစ်ဘတ်သို့ပြန်ရန်လည်းစီစဉ်သည်။ လုပ်ကြံသတ်ဖြတ်မှုနှင့် စပ်လျဉ်းပြီး ရဲစုံစမ်း

ထောက်လှမ်းရေးရလဒ်ကိုလည်း မေးသည်။ ဟာနီအသတ်ခံရခြင်းနှင့် စပ်လျဉ်းပြီး ထိုညနေတီဗီတွင် သူစကားပြောသင့်ကြောင်းလည်း ပြောသည်။ မေးခွန်းများလည်းမေး၊အဖြေများလည်းပေးပြီး အသံခပ်ပြတ်ပြတ် နှင့်ပုံမှန်ပြောဆိုသည်။ ပြီးဆုံးသောအခါသူထိုင်ရာမှထလိုက်ပြီး ကျွန်တော်နှင့်အင်တာဗျူးမလုပ်နိုင်တော့သည့်အတွက်ယဉ်ကျေးစွာ တောင်းပန်သည်။ ထို့နောက် အခန်းတွင်းမှ ထွက်သွားသည်။

လုပ်ကြံသတ်ဖြတ်မှုနောက်ပိုင်းရက်များတွင် သတင်းစာများတွင်လည်းကောင်း၊ ပြည်သူများအကြားပြောဆိုကြသောစကားများတွင်လည်းကောင်း၊ အေအင်န်စီအတွင်း၌ပင်လည်းကောင်း ဟာနီ၏သေဆုံးမှုကြောင့်မင်ဒဲလားကြေကွဲနေသည်၊ ဗျာများနေသည်ဟု ပြောကြသည်။ အမှန်တကယ်တွင်သူသည်တည်ငြိမ်အေးဆေးစွာရှိပြီးအခြေအနေကို ဝေဖန်ပိုင်းခြားကာ လာလတ္တံ့သောအနာဂတ်အတွက် စီမံချက်ချပြီး လုပ်ကြံသတ်ဖြတ်မှု၏ အကျိုးဆက်ကိုလည်း တွက်ဆသည်။ ကျွန်တော် မင်ဒဲလားနှင့်အတူရှိနေသည့်အချိန်အတွင်း ဘေးကျပ်နံကျပ်ကာလတစ်ခုတွင်သူသည်အထူးတည်ငြိမ်ပြီး သူ့ပတ်ဝန်းကျင်မှအဖြစ်အပျက်များကိုပင် နွေးထွေးသွားစေသည့်သက်ရောက်မှု ရှိသည်ဟု ထင်ရသည်။

ထိုညက နိုင်ငံတော်တီဗီတွင် လုပ်ကြံသတ်ဖြတ်မှုအကြောင်း ပြောဆိုဆွေးနွေးသည်မှာ ထိုစဉ်ကသမ္မတအက်ဖ်ဒဗလျူဒီကလတ်မဟုတ်၊ မင်ဒဲလားဖြစ်သည်။ ပြည်သူများ၏မျှော်လင့်ချက်နှင့်စိုးရိမ်ကြောင့်ကြမှုတို့ကို ရင်ဆိုင်ဆွေးနွေးသူမှာ နိုင်ငံတော်သမ္မတမဟုတ်၊ မင်ဒဲလားဖြစ်သည်။ ဒီကလတ်ကသတင်းကြေညာချက်တစ်ခုကို ထုတ်ပြန်စေသည်။ လူသတ်မှုအပြီး၊ ရဲများစုံစမ်းဖော်ထုတ်ချက်အရ လူသတ်သမားမှာ တောင်အာဖရိကသို့ ပြောင်းရွှေ့ဝင်ရောက်လာသည့် ပိုလန်နိုင်ငံသားတစ်ဦးဖြစ်ပြီး သူ့ကို ဖမ်းမိသည်မှာ ဒတ်ချ်အာဖရိကန် အမျိုးသမီးတစ်ယောက်က သူ့ကားနံပတ်ကို အလွတ်ကျက်မှတ်ပြီး ရဲသို့ သတင်းပို့၍ ဖြစ်သည်။ ထိုညက မင်ဒဲလား မိန့်ခွန်းပြောသည့်အခါ သူ့မျက်နှာသွင်ပြင်မှာ ဝမ်းနည်းညှိုးငယ်နေသည်။



'ဒီည ကျွန်တော် တောင်အာဖရိကသားမှန်သမျှ လူဖြူဖြစ်စေ၊ လူမည်းဖြစ်စေကျွန်တော့်ရင်ထဲက လှိုက်လှဲစွာနှုတ်ခွန်းဆက်ပါတယ်။ လူဖြူတစ်ယောက်ဟာ ကျွန်တော်တို့နိုင်ငံကို မုန်းတီးမှုတွေနဲ့ရောက်လာပြီးဆိုးရွားလှတဲ့ပြစ်မှုကို ကျူးလွန်တယ်။ ကျွန်တော်တို့နိုင်ငံကို ဘေးဒုက္ခရောက်အောင်တွန်းပို့တယ်။ ဒီလူသတ်သမားကို တရားစီရင်နိုင်ဖို့အတွက်ဒတ်ချ် အာဖရိကန်အမျိုးသမီးတစ်ယောက်က သက်စွန့်ဆံဖျားကြိုးပမ်းခဲ့တယ်။ခရစ်ဟာနီကိုသွေးအေးအေးနဲ့ သတ်တဲ့အမှုဟာ ဒီနိုင်ငံသာမကတစ်ကမ္ဘာလုံးကို ထိတ်လန့်စေတယ်။ ကျွန်တော်တို့ရဲ့ ပူဆွေးသောကနဲ့အမျက်ဒေါသဟာခံရခက်လှပါတယ်။ အခုအဖြစ်အပျက်ဟာ နိုင်ငံရေးပဋိပက္ခနဲ့ လူမျိုးရေးခွဲခြားမှုကိုရင်ဆိုင်ခံစားနေရတဲ့ သန်းပေါင်းများစွာသော လူတို့ကို စိတ်ထိခိုက်စေတဲ့ဖြစ်ရပ်ဆိုးတစ်ခုပါပဲ'။

သူ၏မိန့်ခွန်းကိုအောက်ပါအတိုင်းနိဂုံးချုပ်သည်။

'အခုအချိန်ဟာကျွန်တော်တို့အားလုံးအတွက် အရေးပါတဲ့ အပြောင်းအလဲအချိန်ကာလ ဖြစ်ပါတယ်။ ကျွန်တော်တို့ချမှတ်တဲ့ ဆုံးဖြတ်ချက်နဲ့ ကျွန်တော်တို့ရဲ့ လုပ်ဆောင်ချက်တွေဟာကျွန်တော်တို့နာကြည်းချက်၊ ကျွန်တော်တို့ပူဆွေးမှုနဲ့ကျွန်တော်တို့ အမျက်ဒေါသကို အသုံးပြုပြီးရှေ့လျှောက် ကျွန်တော်တို့နိုင်ငံအတွက် တစ်ခုတည်းသောတာရှည်ခံရလဒ်ကို ရအောင်စွမ်းဆောင်နိုင်မလားဆိုတာကို အဆုံးအဖြတ်ပေးပါလိမ့်မယ်။ ဆိုလိုတာကပြည်သူတွေကို ကိုယ်စားပြုဖို့ ပြည်သူတွေက ရွေးကောက်တင်မြှောက်တဲ့ကိုယ်စားလှယ်တွေက ပြည်သူတွေအတွက် စီမံအုပ်ချုပ်တဲ့စနစ်ကို ကျင့်သုံးဖို့ပဲ ဖြစ်ပါတယ်'။

သူတောင်အာဖရိက၏သမ္မတဖြစ်လာပြီးနောက်နှစ်အတော်ကြာတွင် ကျွန်တော့်အား အတွင်းစကားပြောပြချက်အရ၊ ဟာနီအား လုပ်ကြံသတ်ဖြတ်ပြီးရက်ပိုင်းကာလသည် တောင်အာဖရိကအနေဖြင့် လွတ်လပ်သည့်ဒီမိုကရေစီနိုင်ငံဖြစ်လာရေးကိုထိခိုက်စေနိုင်သည့်ကာလဖြစ်ပြီးသူချစ်လှသည့်နိုင်ငံတွင် ယခင်က တစ်ခါမျှမကြုံဖူးသည့်အတိုင်းအတာဖြင့် လူမည်းမှလူဖြူကို တိုက်ခိုက်သည့်လူမျိုးရေးစစ်ဖြစ်နိုင်သည့်

အချိန်ကာလလည်းဖြစ်သည်။ ဤဘေးကျပ်နံကျပ်ကာလတွင် သူ၏ချင့်ချိန်တုံ့ပြန်မှုသည် တောင်အာဖရိကပြည်တွင်းစစ်မဖြစ်အောင် ကာကွယ်ရာတွင်အဓိကအခန်းကဏ္ဍမှပါဝင်သည်။

တစ်ခါတစ်ရံ တည်ငြိမ်အေးဆေးမှုသည် ညံ့ဖျင်းရာ ရောက်သည်။ သို့သော် မင်ဒဲလားက ဂရုမစိုက်ပါ။ သူသည် အေးဆေးတည်ငြိမ်သည့်ဘက်မှ မှားမိနိုင်သည့်အနေအထားကို စိတ်လှုပ်ရှားခြင်းနှင့် စိတ်လှုပ်ရှားလွယ်သည့်အနေအထားထက်ပိုနှစ်သက်သည်။ သူကကိပ်တောင်းမြို့မှ အမျိုးသမီးတစ်ယောက်ထံမှရသည့် စာတစ်စောင် အကြောင်း ပြောပြရသည်ကို နှစ်သက်သည်။ ထိုအမျိုးသမီးက မင်ဒဲလား အကျဉ်းထောင်မှလွတ်ပြီးပြီးချင်း မြို့တော်ခန်းမအပြင်ဘက်တွင် ပထမဦးဆုံးကျင်းပသည့်ဟောပြောပွဲသို့ တက်ရောက်ခဲ့သည်။ ထိုအမျိုးသမီးကမင်ဒဲလားထောင်မှလွတ်လာ၍ဝမ်းသာကြောင်း၊ တောင်အာဖရိကကို စည်းလုံးညီညွတ်ရန်ဆောင်ရွက်ရာတွင်အောင်မြင်ရန် မျှော်လင့်ကြောင်း၊ သို့သော် မင်ဒဲလား၏မိန့်ခွန်းမှာ ပျင်းစရာကောင်းလှကြောင်း ရေးထားသည်။ မင်ဒဲလားက ထိုစာအကြောင်း ပြောတိုင်းအားရပါးရ ရယ်သည်။ တကယ်ပင်၊ မည်သူမျှအကျဉ်းထောင်မှလွတ်လာသည့် နယ်လ်ဆန်မင်ဒဲလားကို အဟောအပြောကောင်းသူတစ်ဦးဖြင့် မရောထွေးနိုင်ပါ။ တစ်ခါတစ်ရံ သူက လျော့ရဲနေသည့်မျက်မှန်တစ်လက်ကို တပ်ပြီးမိန့်ခွန်းရှည်ကြီးများကို ငြီးငွေ့ဖွယ်ကောင်းသောလေသံဖြင့် မဆုတ်မနစ် ပြောသည်။ တစ်နေ့တွင် ကျွန်တော် သူ့ကို မေးသည်။ 'လူတွေက ဆရာကြီးရဲ့မိန့်ခွန်းတွေကို ပျင်းစရာကောင်းတယ်လို့ဝေဖန်ကြတယ်။ အဲဒီအပေါ် ဘာပြောချင်ပါသလဲ'။

'ကျွန်တော့်အနေနဲ့ ပရိသတ်အုံကြွလာအောင် လှုံ့ဆော်တရားဟောသူတစ်ယောက်မဖြစ်အောင် ကြိုးစားတယ်။ လူတွေက ကျွန်တော်တို့ အခက်အခဲတွေကို ဘယ်လိုဖြေရှင်းနေလဲလို့ သိချင်ကြတယ်။ ကိစ္စရပ်တွေကိုရှင်းရှင်းလင်းလင်းနဲ့ အကျိုးသင့်အကြောင်းသင့် ရှင်းပြစေချင်ကြတယ်။ ကျွန်တော် ရင့်ကျက်လာခဲ့ပြီ။ ကျွန်တော်ငယ်ငယ်



တုန်းက တော်လှန်လိုတဲ့စိတ်ရှိတယ်။ လူတိုင်းကို တိုက်ခိုက်တယ်။ စကားကြီးစကားကျယ်တွေ ပြောတယ်'။

မှန်သည်။ သူ ငယ်စဉ်က မကြာခဏ ဆူပူမှုဖြစ်ရန် ဖန်တီးဖူးသည်။ သို့သော်ယခုအခါတွင်သူကငြီးငွေ့စရာကောင်းပြီး ယုံကြည်ထိုက်သူဖြစ်ရခြင်းသည် ရဲရဲတောက်တက်ကြွပြီးမရေရာသောသူ ဖြစ်ရခြင်းထက် ပိုသာသည်ဟု သူခံယူသည်။ သူ့မှတ်ချက်များ၊ အဖြေများ ပြည့်စုံရှင်းလင်းမှုရှိရန် သူလိုလားသည်။ လူများအနေဖြင့် ယုံကြည်ကိုးစားနိုင်ခြင်းနှင့်ခိုင်လုံမှုရှိခြင်းတို့အတွက် ငြီးငွေ့စရာကောင်းခြင်းကို သည်းခံနိုင်လိမ့်မည်ဟု သူ ယုံကြည်သည်။

တစ်ခါတစ်ရံ သူ၏ အေးအေးမှန်မှန်စတိုင်လ်သည် နည်းဗျူဟာတစ်ခု၊ ဂျူဂျစ်ဆုလို ကိုယ်ခံပညာအမျိုးအစားတစ်ခုဟု ထင်ရသည်။ အာမက်ကသရာဒါ တစ်ခါက ကျွန်တော့်ကိုပြောဖူးသည်မှာ၊ အကျဉ်းထောင်တွင်မင်ဒဲလားသည် ကျားထိုးကစားနည်းကို နှစ်သက်သည်။ ရော်ဘင်ကျွန်းအကျဉ်းထောင်၏ ကျားထိုးချန်ပီယံဖြစ်သည်။ မင်ဒဲလား၏ဗျူဟာတစ်စိတ်တစ်ပိုင်းမှာ သူ၏ ကစားနည်းဖြင့်ပြိုင်ဘက်၏ စိတ်ဓာတ်ကျအောင်လုပ်ခြင်းပင် ဖြစ်သည်။ သူကျားကွက် ရွှေ့ရန်ယူသည့် အချိန်သည် ကြာမြင့်သည်။ ဖြစ်နိုင်ခြေများကို သေချာတွေးဆသည်။ တစ်ခါတစ်ရံ သူ့ပြိုင်ဘက်ကို စိတ်အနှောင့်အယှက် ဖြစ်စေမည်ဆိုသည်ကိုသိထားလျှင် သူ့အနေဖြင့် ကစားကွက်ရွှေ့ရန်အချိန်ကို လိုသည်ထက်ပိုယူသည့် အလေ့အထရှိသည်။

သူ၏အဓိကပြိုင်ဘက်များထဲမှတစ်ဦးမှာဒွန်ဒေးဗစ်ဆိုသည့် အကျဉ်းသားတစ်ဦးဖြစ်ပြီး ထိုသူက မင်ဒဲလားကို မကြာခဏစိန်ခေါ်တတ်သည်။ ရော်ဘင်ကျွန်းချန်ပီယံမှာ မင်ဒဲလားမဟုတ်ဘဲ သူဖြစ်လိုသည်။ ကျွန်တော်တစ်ခါက ဒေးဗစ်အကြောင်း မင်ဒဲလားအားမေးရာ ဒေးဗစ်သည်အကျဉ်းထောင်အာဏာပိုင်များကိုခုခံရာတွင် သတ္တိရှိခြင်းအတွက် ပေါ်လွင်ထင်ရှားသည်ဟုပြောပြသည်။ သို့သော် အာဏာပိုင်များကို ခုခံနိုင်သည့် သူ့အရည်အချင်းသည် ကျားထိုးကစားနည်းတွင်

ဆရာတစ်ဆူ မဖြစ်စေနိုင်ဟု မင်ဒဲလားက မှတ်ချက်ချသည်။

'သူ့မှာ အားကစားစိတ်ဓာတ် မရှိဘူး။ ပြိုင်ပွဲတစ်ခု ကစားတိုင်း သူ့စိတ်ဓာတ် ပြောင်းလဲတယ်'။ မင်ဒဲလားက ပြုံးပြီး ပြောသည်။ 'သူက လိုအပ်တာထက် ပိုပြီး မာန်ပါတယ်။ ကျွန်တော်က အေးအေးဆေးဆေး ကစားတယ်။ ကျွန်တော့်ရဲ့ အေးဆေးတဲ့ကစားနည်းကြောင့် ပြိုင်ဘက်တွေ စိတ်ဓာတ်ကျတယ်။ ဒေးဗစ်က အားလုံးထဲမှာအားနည်းချက် အရှိဆုံးပဲ'။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ပင်ကိုစရိုက်ကို မွေးရာပါဟု ထင်ကြသည်။ သို့သော် မင်ဒဲလားအတွက်မူ ပင်ကိုစရိုက်သည် သူလုပ်ယူသောအရာဖြစ်သည်။ သူလူငယ်ဘဝက ကမူးရှူးထိုးလုပ်တတ်ပြီး စိတ်ဆိုးလွယ်သည်။ အကျဉ်းထောင်မှထွက်လာသော သူသည် ထိုပင်ကိုစရိုက်တို့၏ ဆန့်ကျင်ဘက်ဖြစ်ပြီး သူ့ကိုကျွဲမြီးတိုအောင် မည်သို့မျှ မလုပ်နိုင်ပါ။ ဆုံးဖြတ်ချက်တစ်ခုမချမီ အချိန်ယူသည်။ ဖြစ်နိုင်ခြေအားလုံးကို ထည့်သွင်းစဉ်းစားသည်။ ဆုံးဖြတ်ချက်မချမီ အခြေအနေတစ်ခု၏အနေအထားကိုအပြည့်အဝသိရန်မှာ မဖြစ်နိုင်ပါ။ ကျွန်ုပ်တို့ထိုအရာကိုမမှိတ်မသုန်လုပ်ရမည်ဆိုလျှင် တုံ့ဆိုင်းရပ်တန့်သွားလိမ့်မည်။ သို့သော် ဆုံးဖြတ်ချက်တစ်ခုကို မချမီ ရနိုင်သမျှအချက်အလက်အားလုံးကို ချိန်ဆခြင်း၏တန်ဖိုးကို မင်ဒဲလား၏နမူနာမှ သိနိုင်သည်။ သူ့ဘဝတစ်လျှောက်လုပ်မိသောအမှားအယွင်းအများစုသည် မြန်မြန်ဆန်ဆန်လုပ်မိသည့်လုပ်ရပ်များကြောင့်ဖြစ်ပြီးနှေးကွေးသည့်လုပ်ရပ်များကြောင့်မဟုတ်ပါ။ သူကပြောလိမ့်မည်၊ 'အလောသုံးဆယ်မလုပ်ပါနှင့်။ စဉ်းစားပါ၊ ဝေဖန်ပိုင်းခြားပါ၊ ထို့နောက်မှ လုပ်စရာရှိသည်ကို လုပ်ပါ'။

■

## ရှေ့တန်းမှ ဦးဆောင်ပါ

မင်ဒဲလား၏ဘဝတစ်လျှောက်တွင်သူသည် ဦးဆောင်နိုင်ခွင့်ရရန်စွန့်စားသည်။ သူသည် စစ်သားတစ်ဦးဖြစ်ခဲ့လျှင် သေနတ်ပစ်ကျင်းမှခုန်ထွက်ပြီး စစ်မြေပြင်ကိုဖြတ်ကာ ညာသံပေးပြီး ချီတက်မည့်သူမျိုးဖြစ်သည်။ သူ့အယူအဆမှာ၊ ခေါင်းဆောင်များသည် ဦးဆောင်ရုံနှင့်မပြီး၊ ဦးဆောင်နေသည်ကို လူအများမြင်တွေ့သင့်သည်။ ယင်းသည်ခေါင်းဆောင်အလုပ်၏လိုအပ်ချက်တစ်ခုဖြစ်သည်။ အခြားလူများကသူသည် အဆိုပါစွန့်စားမှုမျိုးကိုလုပ်ရန်ဆန္ဒမရှိဟု ပြောမည်ကို သူစိုးရိမ်သည်။ လူမှုဆက်ဆံရေးများတွင်လည်း မည်သူမဆို မိမိလူမှုရေးကဏ္ဍတွင် ဦးဆောင်သင့်သည်ဟု ယုံကြည်သည်။ တစ်ခုခုကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေသည်။ တစ်ဦးဦးကမျှတစွာဆက်ဆံမှု မရှိဟု သင် ထင်လျှင် သင်ထုတ်ဖော်ပြောဆိုရမည်။ ယင်းသည်လည်း ဦးဆောင်ခြင်းပင်။

ရှေ့တန်းမှ ဦးဆောင်သည်ဆိုရာဝယ် အဓိပ္ပာယ်အမျိုးမျိုးရှိသည်။ တစ်ခါတစ်ရံ ထိုအဓိပ္ပာယ်ကို သူရော်ဘင်ကျွန်းစရောက်စဉ်ကကဲ့သို့ တိုက်ရိုက်အဓိပ္ပာယ်ယူသည်။ ကျွန်းကို ဝင်ရောက်လာသည့် အကျဉ်းသားများ၏ ထိပ်စည်းတွင် သူနေရာယူလိုက်သည်။အစောင့်များက ရိုင်းပြစွာ စိုက်ကြည့်သည်။ မခံချိမခံသာ ဖြစ်အောင်ပြောသည်။ သို့သော် ထိုအနေအထားကို မည်သို့တုံ့ပြန်ရမည်ကိုအခြားသူများကိုပြ

သလို၍ သူပြုလုပ်ခြင်းဖြစ်သည်။ အစကနဦးကပင် အစောင့်များက မစော်ကားနိုင်ရန် အများဘက်မှ ရပ်တည်ခုခံရမည်ဟု သူ့အပေါင်းအဖော်များကို ပြောသည်။ ထိုသို့ရပ်တည်ခုခံရာတွင် သူ ဦးဆောင်သည်။

သို့သော် ရှေ့တန်းမှ ဦးဆောင်သည်ဆိုရာတွင်လူအများ အာရုံစိုက်ခြင်းမရှိသည့်လုပ်ရပ်များလည်းရှိသည်။ ဆိုလိုသည်မှာ အထူးအခွင့်အရေးများမယူဘဲ အခြားအကျဉ်းသားများနည်းတူ အလုပ်လုပ်ခြင်း၊ ဥပမာ- ထောင်ကြပ်၏ဆီးအိုးများ၊ သို့မဟုတ် အကျဉ်းသားအဖော်များ၏ဆီးအိုးများကိုဆေးကြောခြင်း အလုပ်မျိုးကိုလည်း သူ မရှောင်ပါ။ ခေါင်းဆောင်တစ်ဦးအတွက် ယုတ်နိမ့်သောအလုပ်ဟူ၍ မရှိပါ။ အယ်ဒီဒယ်နီယယ်ဆိုသူက ၁၉၆၀ ပြည့်လွန်နှစ်များ အစောပိုင်းတွင် သူရော်ဘင်ကျွန်းသို့ စရောက်စဉ်က မင်ဒဲလားက အကျဉ်းထောင်ဝင်းကိုဖြတ်လျှောက်ပြီး သူ့အား လာနှုတ်ဆက်ကြောင်း ပြောပြသည်။ ဒယ်နီယယ်သည် မင်ဒဲလားကို အံ့ဩလေးစားသည်။မင်ဒဲလားကို ကြည့်နေရရုံနှင့်စိတ်ဓာတ်တက်ကြွသည်ဟု ပြောသည်။

'မင်ဒဲလားရဲ့ခမ်းနားမှုကအဲဒါပဲ။ သူလမ်းလျှောက်ပုံ၊ သူ့ကိုယ်ဟန်အနေအထား၊ အဲဒါတွေဟာတခြားအကျဉ်းသားတွေကို စိတ်တက်ကြွစေတယ်။ ယုံကြည်ချက်အပြည့်နဲ့ သူလမ်းလျှောက်ပုံကို ကြည့်ရတာဟာ ကျွန်တော့်ကိုလည်း စိတ်တက်ကြွစေတယ်'။ မင်ဒဲလား လမ်းလျှောက်သည့်ဟန်ပန်သည် သူရှေ့တန်းမှ ဦးဆောင်နေခြင်းပင်ဖြစ်သည်။

ဒယ်နီ (ဒယ်နီယယ်အား လူတိုင်းခေါ်သည့်နာမည်) ပြန်ပြောင်းသတိရသည်မှာ တစ်ကြိမ်တွင် သူနေထိုင်မကောင်းဖြစ်၍ သူ့ဆီးအိုးကို သူဆေးရန်အားအင်မရှိပါ။ မင်ဒဲလားက သူ့အခန်းကျဉ်းနားမှ ဖြတ်လျှောက်ချိန်တွင်သူ့ဆီးအိုးကို ကောက်ယူသွားပြီး ရေချိုးခန်းတွင် သွားဆေးပေးသည်။ မည်သူမျှ အခြားသူ၏အညစ်အကြေးကိုဆေးကြောရန်စိတ်အားထက်သန်မှု မရှိပါ။ နောက်နေ့နံနက်တွင် နယ်လ်ဆန်က



ဒယ်နီ့ထံ လာသည်။ နယ်လ်ဆန်သည်အကျဉ်းထောင်တွင်း အကြီးဆုံးအဖွဲ့အစည်းခေါင်းဆောင်ဖြစ်သည်။ သူမည်သူ့ကိုမဆို ဒယ်နီ့အား ကူညီရန် ညွှန်ကြားနိုင်သည်။ သို့သော် 'သူ့ဆီးအိုးကို ချိုင်းကြားမှာ ညှပ်ထားတယ်။ ပြီးတော့ သူက 'ဒယ်နီ သက်သာရဲ့လား' လို့ မေးပြီး ကျွန်တော့်ဆီးအိုးကို ကောက်ယူလိုက်တယ်'။

မှန်သည်၊ ရှေ့တန်းမှ ဦးဆောင်သည်ဆိုရာဝယ် ကိုယ်စွမ်းကိုယ်စဖြင့် လက်ဦးမှုရယူခြင်းလည်း ပါဝင်သည်။ မင်ဒဲလားဘဝတစ်လျှောက်တွင်အကျပ်အတည်းဆိုက်နေသော လမ်းခွဆုံမျိုး၌ သူလက်ဦးမှု ရယူတတ်သည်။ သူသည် အေအင်န်စီလူငယ် အဖွဲ့ချုပ်၏ ခေါင်းဆောင်ဖြစ်သည်။ ၁၉၅၂ ခုနှစ် အာခံဖီဆန်ရန် လှုံ့ဆော်ရေးတွင် စေတနာ့ဝန်ထမ်းခေါင်းဆောင်ဖြစ်သည်။ သူကလက်နက်ဖြင့် တွန်းလှန်မှု ပြုလုပ်ရန်ဆုံးဖြတ်ချက်ကိုဦးဆောင်ခဲ့သည်။ ၁၉၆၃-၆၄ ခုနှစ် ရီဗိုးနီးယားတရားခွင်ကိုလည်းသူ့အားကြိုးမိန့်ပေးရန်စိန်ခေါ်သည်။ သူ့အားတစ်သက်တစ်ကျွန်းပြစ်ဒဏ်ချမှတ်သည့်တရားခွင်တွင် သူက 'အပြစ်မရှိပါ' ဟုထုချေသည်။ သို့သော်'လူ့အခွင့်အရေးနှင့်လွတ်လပ်ခွင့်ကိုခုခံကာကွယ်ခြင်းအတွက် အပြစ်ရှိသည်၊ မျှတမှု မရှိသော ဥပဒေများကို တိုက်ခိုက်ခြင်းအတွက်အပြစ်ရှိသည်၊ ဖိနှိပ်ခံနေရသော မိမိတို့လူမျိုးများအတွက်တိုက်ခိုက်ပေးခြင်းအတွက် အပြစ်ရှိသည်' ဟု ထုချေသည်။ နိုင်ငံတော်အစိုးရကိုဖြုတ်ချရန်စီမံခဲ့သည်ကိုဝန်ခံသည်။ ထိုပြစ်ချက်အတွက် သေဒဏ်ချမှတ်ခံရဖွယ်ရှိသည်ကို သိထားသော်လည်း ဘွန့်ဆုတ်မှု မရှိပါ။ တရားခွင်တွင် သူ၏ အပြီးသတ် ထွက်ဆိုချက်အဖြစ် သူ လေးနာရီကြာ စကားပြောပြီး အောက်ဖော်ပြပါ စကားလုံးများဖြင့် နိဂုံးချုပ်သည်။ ထိုစကားလုံးများသည်သူအကျဉ်းထောင်မှ ပြန်လွတ်မည့် ၁၉၉၀ ပြည့်နှစ်အထိ အများပြည်သူအားနောက်ဆုံးပြောသောစကားလုံးများပင် ဖြစ်သည်။

'ကျွန်တော့်ဘဝတစ်လျှောက် ကျွန်တော်ဟာ အာဖရိကန်လူမျိုးတွေရဲ့ရုန်းကန်လှုပ်ရှားမှုမှာ စူးစိုက်နှစ်မြှုပ်ခဲ့ပါတယ်။ ကျွန်တော်ဟာ

လူဖြူတွေရဲ့လွှမ်းမိုးမှုကို ဆန့်ကျင်တိုက်ခိုက်ခဲ့ပါတယ်။ လူမည်း လွှမ်းမိုးမှုကိုလည်းဆန့်ကျင်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမိုကရေစီစနစ်နဲ့ လွတ်လပ်တဲ့လူမှုအသင်းအဖွဲ့ပေါ်ပေါက်ရေးကို အမြတ်တနိုး စံထားပါတယ်။ ဒီစနစ်မှာ လူတိုင်းဟာ ညီညွတ်စွာအတူတကွ နေထိုင်ကြပြီး၊ သာတူညီမျှ အခွင့်အလမ်းများလည်း ရကြမှာဖြစ်ပါတယ်။ ဒီစံအတွက် ကျွန်တော်အသက်ရှင်နေတာဖြစ်ပြီး ကျွန်တော် အရယူနိုင်မယ်လို့လည်း မျှော်လင့်ပါတယ်။ ဒါပေမဲ့ လိုအပ်မှုရှိခဲ့ရင် ဒီစံအတွက် ကျွန်တော် အသက်ဆုံးရှုံးခံဖို့ အဆင်သင့်ပါပဲ'။

သူ စကားပြောပြီးသည့်အခါ တရားခွင်တွင် တိတ်ဆိတ်သွားသည်။ ထိုစကားများသည် သူ၏နောက်ဆုံးစကားများဖြစ်ကောင်း ဖြစ်နိုင်သည်ကိုသိထားပြီးပြောသောစကားများ ဖြစ်သည်။

သို့သော် မင်ဒဲလား၏မည့်သည့်လုပ်ရပ်မျှ ၁၉၈၅ ခုနှစ် သူ အကျဉ်းထောင်ထဲရှိနေဆဲကာလက လူဖြူအစိုးရနှင့်လျှို့ဝှက်ဆွေးနွေးမှုများပြုလုပ်ခဲ့ခြင်းကဲ့သို့ အန္တရာယ် မများခဲ့ပါ။ ထိုကဲ့သို့တွေ့ဆုံခြင်းသည် သူတို့အဖွဲ့အစည်းလှုပ်ရှားမှု၏ယုံကြည်ချက်မှန်သမျှကို ချိုးဖောက်ရာကျသည်။ ဆယ်စုနှစ်များစွာ သူကိုယ်တိုင်အများပြည်သူကို ပြောဆိုတင်ပြခဲ့သည်များနှင့်လည်း ဆန့်ကျင်သည်။သူ့အားသစ္စာဖောက်ဟုအမည်တပ်ပြီးသူတို့လှုပ်ရှားရေးမှဖယ်ရှားနိုင်သည်။ နိုင်ငံကိုလည်း ပြည်တွင်းစစ်ဖြစ်စေနိုင်သည်။ သို့သော်သူက လုပ်စရာရှိသည်ကို လုပ်သည်။ မလွဲမရှောင်သာ၍ ကြုံတွေ့ရသည့်အခက်အခဲကိုရင်ဆိုင်ရန်အချိန်မဆွဲသင့်ဟု တွေးခေါ်သည်။ ထိုတစ်ခဏတာအတွင်း ပြောင်းလဲမှုကို အပြင်လူမှုကြည့်လျှင် ဗြုန်းခနဲမြန်ဆန်သည်ဟု ထင်ရသော်လည်း သူ့ဘဝတစ်လျှောက်အခြားဆုံးဖြတ်ချက်များနည်းတူ ယင်းသည်လည်း ရှည်လျားကွေ့ကောက်သောသမိုင်းကြောင်း ရှိသည်။

ထိုသမိုင်းကြောင်းသည် ပိုးလ်စမိုးအကျဉ်းထောင်တွင် စတင်သည်။ မင်ဒဲလားအား ထိုထောင်သို့ ရော်ဘင်ကျွန်းထောင်၌ ၁၈ နှစ်ကြာမြင့်ပြီးသည့်အချိန်တွင် ပို့လိုက်သည်။ ပိုးလ်စမိုးအကျဉ်းထောင်သည်



ကိပ်တောင်းမြို့ဆင်ခြေဖုံး၏ သပ်ရပ်လှပသောအစွန်တစ်နေရာမှ တောင်ရိပ်တစ်ခု၌ တည်ရှိသည်။ ထိုတောင်သည် ဆေးဖြူသုတ်ထားသောထောင်နံရံ၏မြောက်ဘက်တွင်ရှိသော စတင်းဘတ်တောင်တန်းဖြစ်သည်။ ထောင်သို့ရောက်ရန် သင်သည်မြို့၏ တစ်လမ်းသွားလမ်းများတစ်လျှောက် သင့်ကားကို မောင်းရသည်။ လမ်းတွင်အိမ်ရှေ့မြက်ခင်းပြင်များ၌ စက်ဘီးများရပ်ထားသည့် သေသပ်သောအိမ်ငယ်လေးများကိုဖြတ်ကျော်ရသည်။ ထို့နောက် လူနေရပ်ကွက်တစ်ခု၏ အမှတ်အသားမရှိသောလမ်းဆုံးတွင် သင် ညာဘက်ကိုချိုးကွေ့လိုက်ပါက ပိုးလ်စမိုးအထူးလုံခြုံရေးအကျဉ်းထောင်၏ထုထဲခိုင်ခံ့သော ဂိတ်တံခါးကို မြင်တွေ့ရမည်။

အကျဉ်းထောင်တစ်ခု သာယာနိုင်စွမ်းရှိသလောက် ပိုးလ်စမိုးအကျဉ်းထောင်သည်သာယာသည်။ ကားအဝင်လမ်းတွင် ဥယျာဉ်များနှင့်ပန်းမြောင်းများ ရှိသည်။ ထိုမှတစ်ဖန် မီးခိုးနုရောင်ရှိသည့်ကွန်ကရစ်အဆောက်အအုံခပ်နိမ့်နိမ့်သို့ သင်ရောက်မည်။ ပိုးလ်စမိုးတွင် မင်ဒဲလားသည်ရော်ဘင်ကျွန်း၏ သဘာဝအလှမျိုးကိုမခံစားနိုင်ပါ။ နေပူဆာလှုံနိုင်ခြင်းမျိုးလည်း မရှိပါ။ သို့သော်အစားထိုးနှစ်သိမ့်မှုများရှိပါသည်။ သူ့မိသားစုသူ့အားလာတွေ့ရန်ပိုမိုလွယ်ကူသည်။ အစားအသောက် ပိုကောင်းသည်။ မြို့တွင်ဖြစ်၍ ကမ္ဘာကြီးနှင့်ဆက်စပ်မှုပိုရှိသည်ဟု သူခံစားမိသည်။ သူနှင့်အတူ ရွှေ့ပြောင်းလာရသည့် ရော်ဘင်ကျွန်းမှ အကျဉ်းသားဖော် လေးဦးဖြစ်သည့် ဝေါလ်တာဆစ်စူးလူး၊ အာမက်ကသာဒရာ၊ ရေမွန်မလာဘာနှင့် အင်ဒရူးမလန်ဂယ်နီတို့နှင့်အတူ ထောင်အခန်းကျယ်တစ်ခုတွင် မျှဝေနေထိုင်ရသည်။ ထိုအခန်းသည် အထက်တန်းကျောင်းဘတ်စကက်ဘောအားကစားရုံတစ်ခုအလားကျယ်ပြန့်ပြီးအဆောက်အအုံ၏ တတိယထပ်တွင်ရှိသည်။ ထို့ပြင် အခန်းကျယ်၏အပြင်ဘက်တွင် ကျယ်ပြန့်သည့်ကုန်းပတ်တစ်ခုရှိပြီး မင်ဒဲလားအားထိုကုန်းပတ်တွင် ဥယျာဉ်တစ်ခုစိုက်ပျိုးရန် ခွင့်ပြုချက်ပေးထားသည်။

၁၉၈၅ခုနှစ်တွင် မင်ဒဲလား အကျဉ်းကျသည်မှာ ၂၂ နှစ်ရှိပေပြီ။ တောင်အာဖရိကအတွင်း အပါသိုက်စနစ်ဆန့်ကျင်ရေးလှုပ်ရှားမှုသည် ပိုမို ပြင်းထန်လာသည်။ ရန်စွယ်နှင့်ငေါငေါ ဖြစ်လာသည်။ အေအင်န်စီ၏ တောင်အာဖရိကအား 'ထိန်းမရသော' နယ်မြေဖြစ်စေရေးကြိုးပမ်းမှုသည် မြို့နယ်များကို စစ်မြေပြင်တစ်ခုသို့အသွင်ပြောင်းစေသည်။ နေ့စဉ်အုံကြွမှုများသည် ကမ္ဘာ့ညနေခင်းသတင်းများ၏ ခေါင်းကြီးပိုင်းဖြစ်နေသည်။ စုပေါင်းလှုပ်ရှားမှုနှင့်ယှဉ်နိုက်တက်ဒီမိုကရက်တစ်ရှေ့တန်းအမည်ရှိရာပေါင်းများစွာသောအပါသိုက်စနစ်ဆန့်ကျင်ရေး ၅ အဖွဲ့အစည်းများ၏ ကွပ်ကဲရေးအဖွဲ့အစည်းကြီးသည် အစိုးရကိုဖိအားမပြတ်ပေးနေသည်။ မင်ဒဲလား၏အမည်နှင့် ရုပ်ပုံလွှာသည် ကမ္ဘာအနှံ့အပါသိုက်စနစ် ဆန့်ကျင်ရေးလှုပ်ရှားမှု၏သင်္ကေတဖြစ်လာသည်။

ထိုနှစ်တွင်ပင် မင်ဒဲလားသည် ပရော့စတိတ်အကျိတ်ရောင်သဖြင့် ဆရာဝန်များက ခွဲစိတ်ရန် အကြံပြုသည်။ လုံခြုံရေးတင်းကျပ်စွာဖြင့်သူ့အား ကိပ်တောင်းမြို့၏ ဗော့လ်ခ်စ်ဆေးရုံသို့ ခေါ်သွားပြီး ခွဲစိတ်စေသည်။ သူရော်ဘင်ကျွန်းတွင် ရှိစဉ်က မြို့သို့အကြောင်းကိစ္စရှိ၍တက်ရလျှင်သူအလွန်မုန်းတီးသည်။ သူ့အားအခြားလူမည်းအကျဉ်းသားများနှင့်မခြား ဆက်ဆံသည်။ တစ်ခါက သူတို့အား တောင်အာဖရိကက လူဖြူတို့စီးနေကျလှေ၏ဝမ်းဗိုက်တွင်ထားစဉ်အပေါ်မှခရီးသည်များက တံတွေးဖြင့်လှမ်းထွေးကြကြောင်း သူကျွန်တော့်ကို ပြောပြဖူးသည်။ ရောဘင်ကျွန်းတွင် မည်မျှစော်ကားမော်ကားခံရသည်ဆိုစေ၊ ထိုနေရာပြင်ပတွင် အရှက်တကွဲ ဖြစ်ရခြင်းကို မမီပါ။

ယခုတစ်ကြိမ်သည် ထူးခြားမှုရှိသည်။ သူ့အနေအထားသည် ပြောင်းလဲခဲ့ပေပြီ။ ဆေးရုံ၏သီးခြားအဆောင်တွင် နေသာသည့်အခန်းတစ်ခန်း၌ထားပေးသည်။ အခန်းတွင်း၌ပန်းများလည်း အလှဆင်ထားသည်။ သူနာပြုများက တိတ်ဆိတ်သောလေးစားမှုဖြင့် ဆက်ဆံသည်။ ခွဲစိတ်မှုအောင်မြင်သည်။ ပိုးလ်စမိုးသို့ ပြန်မခေါ်သွားမီ သူ ရက်အတော်ကြာ အားဖြည့်အနားယူသည်။ ဆေးရုံမှအထွက်တွင် သူ့အားအကျဉ်းထောင်၏ဦးစီးအရာရှိတစ်ဦးမှ လာကြိုသည်။ ယင်းသည် ထူးခြားမှုရှိသည်။ ယခင်က သာမန်ထောင်ကြပ်များက ဗင်ကားဖြင့်သယ်ယူပို့ဆောင်နေကျဖြစ်သည်။ အပြန်ခရီးတွင် အရာရှိက မင်ဒဲလားအားသူထောင်သို့ပြန်ရောက်လျှင်သူ့အပေါင်းဖော်များနှင့်အတူ ပြန်နေရမည်မဟုတ်၊ သီးသန့်အခန်းတစ်ခုတွင် နေရမည်ဟုပြောသည်။အကြောင်းရင်းကို မင်ဒဲလားမေးသည့်အခါ အရာရှိက ပခုံးတွန့်ပြီး 'ပရီတိုးရီးယားမြို့က အထက်အမိန့်' ဟုပြောသည်။



မင်ဒဲလား၏ အကျဉ်းခန်းအသစ်သည် ထောင်၏မြေညီထပ်တွင်ဖြစ်သည်။ မှောင်ပြီးစိမ့်စိုအေးစက်သောအခန်း သုံးခန်းပါရှိသည်။ ရော်ဘင်ကျွန်းကို စံပြုပြီး တိုင်းတာမည်ဆိုလျှင် ခမ်းနားသည်။ သို့သော် သူက ထိုအပြောင်းအလဲကြောင့် အနေခက်နေသည်။ သူ့အနေအထားကိုရှုထောင့်မျိုးစုံမှ သူသုံးသပ်သည်။ သူ့အပေါင်းဖော်များထံမှဘာကြောင့် ခွဲထားသနည်း။ ဦးစီးအရာရှိက သူ့အား ဘာကြောင့်လာကြိုသနည်း။ အစိုးရက မည်သည့်ဗျူဟာကို ကျင့်သုံးနေသနည်း။ ပုံမှန်ဆိုလျှင် သူ မကျေနပ်ချက်ကို တင်ပြမည်။ သို့မဟုတ် တရားဝင်စုံစမ်းမည်။ သို့သော် ယခုကိစ္စကိုမူ အချိန်ယူပြီး စဉ်းစားသင့်သည်ဟုသူ့စိတ်က ပြောနေသည်။

သူ့အနေအထားကိုသုံးသပ်ရာတွင်ပတ်ဝန်းကျင်အသစ်၏ ချို့ငဲ့ခြင်းများကို မစဉ်းစားဘဲအခွင့်အလမ်းများကို ချိန်ဆသည်။ သူ၏ အထီးကျန်မှုသည် သူနှစ်ပေါင်းများစွာလုပ်ချင်နေခဲ့သည့်အရာတစ်ခုအတွက် အသုံးချနိုင်သည်ဟုသူသုံးသပ်သည်။ ထိုအရာအတွက် သူ မဝံ့မရဲစုံစမ်းမှုများပြုလုပ်ခဲ့သည်။ အေအင်န်စီအမြင်အရ ယင်းသည် မိစ္ဆာဒိဋ္ဌိအယူဖြစ်နေသည်။ သူ့အစိုးရဖြင့် ညှိနှိုင်းဆွေးနွေးနိုင်သည်။ ဆယ်စုနှစ်ပေါင်းများစွာအေအင်န်စီအနေဖြင့် အစိုးရမှအပါသိုက် ဥပဒေများမရုပ်သိမ်းမချင်းနှင့် နိုင်ငံရေးအကျဉ်းသားများအား မလွှတ်ပေးမချင်း ညှိနှိုင်းဆွေးနွေးမှုမပြုလုပ်လိုကြောင်း ငြင်းဆိုခဲ့သည်။ သို့သော်

မင်ဒဲလားအနေဖြင့်ကမ္ဘာကြီးပြောင်းလဲနေသလို သူလည်းထိုနည်းလည်းကောင်း ပြောင်းလဲသင့်ကြောင်းရိပ်စားမိသည်။ အေအင်န်စီအနေဖြင့် လက်နက်ကိုင် ဆူပူမှုဖြင့်အစိုးရကို ဖြုတ်မချနိုင်ကြောင်း သူသဘောပေါက်သည်မှာ ကြာပေပြီ။ ဆွေးနွေးညှိနှိုင်းမှုများသာလျှင် ရလဒ်ပေါ်ထွက်စေနိုင်မည်။ ထိုယုံကြည်ချက်ဖြင့် သူလှုပ်ရှားတော့မည်။

သူ၏အကျဉ်းသားဖော်များဖြင့်အခန်းကျဉ်းတစ်ခုတွင်အတူနေရလျှင် သူဘာလုပ်လုပ် သီးသန့်မဖြစ်နိုင်၊ သူတို့ သိမည်ပင်။အာဏာပိုင်များဖြင့်ဆွေးနွေးလျှင်လည်းသူတို့ကိုပြောပြရပေမည်။‘ ယခုမူ သူသည်တစ်ယောက်တည်းဖြစ်နေသည်။အစိုးရဘက်မှလည်း သူ၏အနေအထားအသစ်ကို အခွင့်အလမ်းတစ်ခုအဖြစ် ခံယူကြောင်း သူသိနေသည်။

သူ့ဆုံးဖြတ်ချက်သည် လေးနက်သောဆုံးဖြတ်ချက်ပင်။ သူ့ဘဝတစ်လျှောက် သူသည် လူဖြူဦးစားပေးအုပ်ချုပ်ရေးကို ဆန့်ကျင်ခဲ့သည်။ အေအင်န်စီဆိုလျှင် ယင်းကိစ္စကို ဆန့်ကျင်လှုပ်ရှားခဲ့သည်မှာ ၇၅ နှစ်ရှိပေပြီ။ လက်နက်ကိုင်လှုပ်ရှားမှုမှာအနှစ် ၂၀ ရှိခဲ့ပေပြီ။ ထိုကာလတစ်လျှောက် ပေါ်လစီမှာ အစိုးရဖြင့်ဆွေးနွေးညှိနှိုင်းခြင်းမပြုလုပ်ရန် ဖြစ်သည်။ ဆွေးနွေးမည်ဆိုလျှင်လည်းတန်းတူညီမျှ အခွင့်အရေးပေးရမည်။ မင်ဒဲလားသည် မည်သူ့ကိုမျှ တိုင်ပင်ဆွေးနွေးခြင်းမရှိဘဲ အဆိုပါသမိုင်းကြောင်းကို ပြောင်းပစ်ရန်ဆုံးဖြတ်ခဲ့သည်။သူက အေအင်န်စီ၏ခံယူချက်ဗျူဟာမှ ခွဲထွက်မည်။ သူအေအင်န်စီကို ချစ်သည်။ အေအင်န်စီကသူ့ကိုအားပေးထောက်ခံခဲ့သည်။ အေအင်န်စီအပေါ်လည်း သူသစ္စာရှိသင့်သလောက် ရှိခဲ့သည်။

သို့သော် သူ စိုးရိမ်သည်။ စိုးရိမ်သင့်သည့်အကြောင်းလည်းရှိသည်။ နှစ်ဦးနှစ်ဖက်ဆွေးနွေးရန် အတွေးအခေါ်သည် ယခုမှစပေါ်ပေါက်ခြင်း မဟုတ်ပါ။ ထိုနှစ်အစောပိုင်းဇန်နဝါရီလတွင် တောင်အာဖရိကသမ္မတပီဒလျူဘိုသာထံမှ လူသိရှင်ကြားကမ်းလှမ်းချက်အရ မင်ဒဲလားအနေဖြင့်အကြမ်းဖက်မှုကို နိုင်ငံရေးအတွက်အသုံးချခြင်းကို ရှုတ်ချမည်ဆိုလျှင် သူ့ကို လွှတ်ပေးမည်ဖြစ်သည်။ မင်ဒဲလားက ထိုကမ်းလှမ်းချက်ကိုချက်ချင်းငြင်းလိုက်ပြီး ကြေညာချက်တစ်ခုကို ထုတ်ပြန်ခဲ့သည်။ ‘လွတ်လပ်သူတို့သာ ညှိနှိုင်းဆွေးနွေးနိုင်တယ်။ အကျဉ်းသားတွေဟာ သဘောတူညီချက်ကန်ထရိုက်တွေ မချုပ်ဆိုနိုင်။ ကျွန်တော်နဲ့ပြည်သူတွေလွတ်လပ်မှုမရှိတဲ့အချိန်မှာ ဘယ်လိုကတိခံဝန်ချက်ကိုမှ မပေးနိုင်ပါ။ ပေးဖို့လည်း မရည်ရွယ်ပါ။ ပြည်သူလူထုရဲ့ လွတ်လပ်မှုနဲ့ကျွန်တော့်ရဲ့လွတ်လပ်မှုကို ခွဲခြားလို့ မရပါ’။ မင်ဒဲလား၏ တုံးတိတိနှင့် စစ်သွေးကြွသောတုံ့ပြန်မှုသည် အစိုးရနှင့် သမ္မတဘိုသာကို အရှက်ရစေသည်။

ယခုတစ်ကြိမ်တွင်မူ ယခင်ကနှင့် ကွဲပြားမှုရှိသည်။ ညှိနှိုင်းမှုများကို လျှို့ဝှက်စွာသူ့သဘောနှင့် ဆောင်ရွက်နိုင်မည်။ အပါသိုက် ဆန့်ကျင်ရေးသည် အရှိန်အဟုန်ပြင်းထန်လျက်ရှိသည်။ အစိုးရသည် လာလတ္တံ့သောအဖြစ်အပျက်တို့ကို ကြိုမြင်သည်။ဘိုသာကသူ့နိုင်ငံသားတို့အား ‘ခေတ်နဲ့အညီလိုက်လျောညီထွေ မကျင့်ကြံနိုင်ရင်သေဖို့လမ်းပဲရှိတယ်’ဟုပြောသည်။ တစ်ချိန်တည်းမှာပင် မင်ဒဲလားက ထိုပိုနေမြဲကျားနေမြဲအနေအထားသည် ဆယ်စုနှစ်များစွာထပ်မံကြာမြင့်နိုင်သည်ကိုသိသည်။ သူ့အသက်မှာလည်းမငယ်တော့ပါ။ သူအစိုးရဖြင့်ညှိနှိုင်းဆွေးနွေးမှုများလုပ်ခဲ့လျှင် သူ့အပေါင်းဖော်များ၊ သူ့နိုင်ငံရေးပါတီ၊ ပြင်ပလောကတို့မှမသိနိုင်သည့် အနေအထားတွင်ရှိသည်။ ထို့ကြောင့်သူက အစိုးရဖြင့် ညှိနှိုင်းဆွေးနွေးမှုစတင်လိုကြောင်း လျှို့ဝှက်စာတစ်စောင်ကို တရားရေးရာဝန်ကြီး ကိုဘီကိုအက်စီးထံ ရေးသားပေးပို့ခဲ့သည်။

တိုးတက်မှုသည် အေးစက်သည်။ သူထိုစာရေးသည့်အချိန်မှ ပထမအကြိမ် ဆွေးနွေးမှုကျင်းပသည့်အထိ နှစ်နှစ်ကြာမြင့်သည်။ အစိုးရက သူ့စာကိုအရေးယူဆောင်ရွက်နေခြင်းရှိ၊ မရှိ မသိနိုင်သည့်နည်းတူ သူစာတစ်စောင်ပြီးတစ်စောင် ဆက်ရေးခဲ့သည်။ သို့သော် ၁၉၈၆ ခုနှစ်၊ ဇူလိုင်လတွင် အနေအထားသည် ဖြန်းခနဲဇယ်စက်သလို ဖြစ်လာသည်။

သူက ပြန်ပြောင်းသတိရပြီး ပြောပြသည်။ 'ကျွန်တော် ကောင်းကောင်း သတိရတယ်။ ကျွန်တော်သူတို့ဆီကို ရေးထားတဲ့စာကို ပေးတော့ ဗုဒ္ဓဟူးနေ့ပေါ့။ ကျွန်တော်က ကော်မစ်ရှင်နာကိုနိုင်ငံအတွက် အရမ်းအရေးကြီးတဲ့ကိစ္စရပ်တစ်ခု ဆွေးနွေးဖို့တွေ့ချင်ပါတယ်လို့ ရှင်းရှင်းလေးပဲ ရေးထားတယ်'။ နောက်တနင်္ဂနွေနေ့တွင် မင်ဒဲလားအား အကျဉ်းထောင် ခြံအတွင်းရှိကော်မစ်ရှင်နာ၏နေအိမ်သို့ ခေါ်ယူတွေ့ဆုံသည်။ မင်ဒဲလားက ကော်မစ်ရှင်နာနှင့် မျက်နှာချင်းဆိုင်တွေ့သောအခါ သူ့အနေဖြင့် တရားရေးရာဝန်ကြီးကိုသာ အမှန်တကယ်တွေ့လိုကြောင်း ပြောပြသည်။ ကော်မစ်ရှင်နာက ထိုသို့တွေ့လိုသည့်အကြောင်းရင်းကို မေးသည်။

'ကျွန်တော်အေအင်န်စီနဲ့ အစိုးရအကြား ဆွေးနွေးဖို့ကိစ္စကို ညှိနှိုင်းချင်တယ်'ဟု မင်ဒဲလားကပြောလိုက်သည်။ ကော်မစ်ရှင်နာက ကိုအက်စီးထံ ချက်ချင်းဖုန်းဆက်သည်။ ဝန်ကြီးက ကိပ်တောင်းမြို့တွင် ရောက်နေသည်။ မင်ဒဲလားပြောပြချက်အရ ကိုအက်စီးက ကော်မစ်ရှင်နာကို ၎င်းအား ချက်ချင်းသူ့အိမ်သို့ခေါ်ဆောင်ခဲ့ရန် မှာကြားသဖြင့် မင်ဒဲလားအား သူ့အကျဉ်းခန်းသို့ပင် ပေးမပြန်တော့ဘဲ ညစ်ပတ်ပေရေနေသည့် ထောင်ဝတ်စုံဖြင့် ကိပ်တောင်းရှိကိုအက်စီး၏နေအိမ်သို့ ခေါ်ဆောင်သွားကြသည်။ ထိုနေအိမ်တွင် သုံးနာရီ ကြာမြင့်သည်။

မင်ဒဲလားသည် အခြေအနေချင်း မတူဘဲနှင့် မည်သူ့ကိုမျှ မတွေ့လိုပါ။ ယခုသူသည် အကျဉ်းထောင်ဝတ်စုံနှင့် ဖြစ်နေသည်ကို သူစိတ်တိုင်း မကျပါ။ သို့သော် ယင်းကို အမှုမထားတော့ပါ။

'ကျွန်တော် နိုင်ငံတော်သမ္မတပီဒဗလျူဘိုသာနဲ့ တွေ့ချင်ပါတယ်' ဟု သူပြောလိုက်သည်။ တရားရေးဝန်ကြီးကို တွေ့ခွင့်တောင်းခံခြင်းမှာ နိုင်ငံတော်သမ္မတကို တွေ့ဆုံလိုခြင်းကိုပြောလို၍ဖြစ်သည်။ မင်ဒဲလားက ပုဂ္ဂိုလ်တစ်ဦးချင်းကို သူနောက်တစ်ဆင့်တက်နိုင်ရန် အသုံးချသည်။ မင်ဒဲလားမှ ကိုအက်စီးကို တွေ့ရန်တောင်းဆိုခြင်းသည် တွေ့ဆုံဆွေးနွေးမှုအတွက် အမြင့်ဆုံးအဆင့်သို့ တက်လှမ်းခြင်းပင်။



ကမ္ဘာ့အထင်ရှားဆုံး နိုင်ငံရေးအကျဉ်းသားနှင့် သူ့အား ထောင်တွင်းအကျဉ်းချထားသည့် ဝန်ကြီးတို့လျို့ဝှက်တွေ့ဆုံမှုဖြစ်သည်။ ကိုအက်စီးက ထိုတွေ့ဆုံမှုသည် မည်မျှသမိုင်းဝင်အရေးကြီးကြောင်း ရိပ်စားမိသည်။ ထိုနေ့တွေ့ဆုံမှုသည် ဖြစ်စဉ်ကွင်းဆက်များကို အစပျိုးခဲ့ပြီး မင်ဒဲလားအား အကျဉ်းထောင်မှ လွတ်မြောက်စေသည့်အပြင် တောင်အာဖရိကသမိုင်းတွင် ပထမဦးဆုံးလွတ်လပ်သည့် ဒီမိုကရက်တစ်ရွေးကောက်ပွဲကို ဖြစ်ပေါ်စေခဲ့သည်။

သင်ရှေ့တန်းမှဦးဆောင်လျှင် သင့်လုပ်ဖော်ကိုင်ဖက်များကို နောက်ချန်ထား၍ မဖြစ်ပါ။ ထို့ကြောင့် သမ္မတနှင့်တွေ့ဆုံရန်ညှိနှိုင်းပြောဆိုပြီးသည်နှင့် မင်ဒဲလားက သူ့အပေါင်းအဖော်များကို တွေ့ခွင့်တောင်းသည်။ သူ၏လုပ်ဆောင်ချက်ကိုပြောပြပြီး သူတို့၏ရိုင်းပင်းမှုကို လိုချင်သည်။ သူတို့နေထိုင်သောအကျဉ်းခန်းမှာ အလွှာ သုံးလွှာသာ ကွာခြားသော်လည်း သူတို့ကိုတွေ့ဆုံခွင့်တောင်းခံခြင်းကို ထောင်အာဏာပိုင်များသို့ တင်ပြရသည်။ ထိုမှတစ်ဆင့် ကိပ်တောင်းအကျဉ်းဦးစီးသို့ တင်ပြရသည်။ နောက်ဆုံးပရီတိုးရီးယားရှိ အစိုးရရုံးချုပ်သို့ တင်ပြရသည်။ အာဏာပိုင်များက သူ့ကိုသူ့အပေါင်းအဖော်များနှင့် တစ်ဦးချင်းစီသာ တွေ့ခွင့်ပေးသည်။ သူပထမဦးဆုံး တွေ့ရသည်မှာ သူ့အရင်းနှီးဆုံး လုပ်ဖော်ကိုင်ဖက်ဝေါလ်တာဖြစ်သည်။ ဝေါလ်တာက သူ့ဆရာပင်။ ထရန်စကီမှ အရပ် ကလန်ကလားနှင့် တောသားလေးထံတွင် လူထုကိုဦးဆောင်နိုင်မည့် အရည်အချင်းရှိသည်ကို ကနဦးသိမြင်ခဲ့သူ ဖြစ်သည်။ ဝေါလ်တာအားသူ၏တွေ့ဆုံဆွေးနွေးမှုအကြောင်း ပြောပြသည်။

ဝေါလ်တာ၏တုံ့ပြန်မှုမှာ မကောင်းလှဟု မင်ဒဲလားက ကျွန်တော့်အား ပြောပြသည်။ ဝေါလ်တာက 'စေ့စပ်ဆွေးနွေးတာကိုတော့ မူအရမကန့်ကွက်ချင်ပါဘူး။ ဒါပေမဲ့ကျွန်တော်တို့က စတောင်းဆိုတာ မဖြစ်သင့်ဘူး။ သူတို့ စတောင်းဆိုတာ ဖြစ်သင့်တယ်'။ မင်ဒဲလားက ပြန်ပြောလိုက်သည်။ 'စေ့စပ်ဆွေးနွေးတာကို မူအရ မကန့်ကွက်ဘူး

ဆိုရင် ဘယ်ဘက်ကစစ အရေးမကြီးဘူးထင်တာပဲ။ ကျွန်တော်စခဲ့ပြီးပြီလေ' ဟု ပြောလိုက်သည်။

ထို့နောက် မင်ဒဲလားကမလာဘာ၊ ကသာဒရာ၊ မလန်ဂယ်နီတို့နှင့် အလှည့်ကျတွေ့ဆုံသည်။ ကသာဒရာကဝေါလ်တာကဲ့သို့ပင် စေ့စပ်ဆွေးနွေးခြင်းကိုမလိုလားပါ။ မလာဘာနှင့်မလန်ဂယ်နီတို့နှစ်ဦးကတူညီစွာ 'ခင်ဗျားဘာကိုစောင့်နေခဲ့တာလဲ' ဟု ပြောကြသည်။

သို့သော် ယင်းသည် လူဆာကာ၊ ဇမ်ဘီးယားတွင် အခြေစိုက်သော အေအင်န်စီရုံးချုပ်၏ တုံ့ပြန်မှုမဟုတ်ပါ။ မင်ဒဲလား၏ ရင်နှီးသောမိတ်ဆွေအေအင်န်စီ၏ခေါင်းဆောင်အော်လီဗာတမ်ဘိုက မင်ဒဲလားအစိုးရနှင့်စကားပြောနေသည်ဟုသတင်းကြားသောအခါ သူစိတ်ပူပန်သွားသည်။ အချို့က မင်ဒဲလားတစ်ယောက် စိတ်ဓာတ်ကျပြီးအစိုးရဘက်မှ ပါသွားသည်ဟု ထင်ကြသည်။ တမ်ဘိုက မင်ဒဲလားထံစာတစ်စောင်ရေးပြီး ထိုကိစ္စကို ဖြေရှင်းခိုင်းသည်။

'ဒီတော့ကျွန်တော်က ပြောလိုက်တယ်။ 'ရဲဘော်အိုအာရ် (ကျွန်တော်သူ့ကို အဲဒီလိုခေါ်လေ့ရှိတယ်) ကျွန်တော်အစိုးရနဲ့ ဆွေးနွေးတယ်ဆိုတာ အကြောင်းအရာတစ်ခုတည်းပါ။ အဲဒီတစ်ခုဆိုတာ အေအင်န်စီနဲ့အစိုးရနဲ့ တွေ့ဆုံညှိနှိုင်းဖို့ပဲ။ တခြား ဘာမှမပါဘူး'။

စေ့စပ်ဆွေးနွေးရန် ဆုံးဖြတ်ရာတွင် သူ၏ဦးဆောင်မှုကို ထိခိုက်နစ်နာစေနိုင်သည်ကို သူကောင်းကောင်းသိသည်။ တမ်ဘိုအပြင် အေအင်န်စီအဖွဲ့ဝင်များ (အချို့ကအဆင့်မြင့်သူများဖြစ်သည်) က အဖွဲ့အစည်း၏ ခံယူချက်ကိုအယုံအကြည်မဲ့အောင်လုပ်သည်ဟု တွေးခေါ်ကြသည်။ အချို့ကသစ္စာဖောက်ဟုပင် ခေါ်ကြသည်။ ယင်းသည် သူ့အား အေအင်န်စီခေါင်းဆောင်အဖြစ်လည်းကောင်း၊ အပါသိုက်ဆန့်ကျင်ရေးလှုပ်ရှားမှု၏ခေါင်းဆောင်အဖြစ်လည်းကောင်း၊ လက်ခံယုံကြည်ထားမှုကို ထိခိုက်စေသည်အမှန်ပင်။ အေအင်န်စီအတွင်း၌ သူ့ကိုဆန့်ကျင်ရန် ကြံစည်နေသူများရှိနေပြီး ယခုလုပ်ရပ်သည် ထိုသူတို့အားတွန်းအားပေးလိုက်သလို ဖြစ်သွားသည်။



မင်ဒဲလားက ကျွန်တော့်အား ကြိမ်ဖန်များစွာ ပြောဖူးသည်မှာ အေအင်န်စီသည် စုပေါင်းအဖွဲ့အစည်းတစ်ခုဖြစ်ပြီးဆုံးဖြတ်ချက်ကို တစ်ဦးတည်းက မချနိုင်ပါ။ ထို့ကြောင့် ကျွန်တော်က ယခု သူ့အနေဖြင့် အပြောင်းအလဲတို့ကို ဖြစ်ပေါ်စေမည့်ဆုံးဖြတ်ချက်ကို တစ်ယောက်တည်း ထိရောက်စွာချခဲ့ခြင်းနှင့် စပ်လျဉ်းပြီး မေးမြန်းလိုက်သည်။

မင်ဒဲလားက တဲ့တိုးဖြေသည်။ 'တစ်ခါတလေခေါင်းဆောင်တစ်ယောက်ဟာ ဘယ်သူ့ကိုမှမတိုင်ပင်ဘဲ လွတ်လပ်တဲ့ ဆောင်ရွက်ချက်တစ်ခုကိုလုပ်ဆောင်လိုက်ပြီး သူ့လုပ်ဆောင်ချက်ကိုအဖွဲ့အစည်းကို တင်ပြဖို့လိုတယ်။ အဲဒီသဘောဆောင်တဲ့ကိစ္စမျိုးတွေမှာ ကျွန်တော်ကိုယ့်ဘာသာဆုံးဖြတ်ချက်ချပြီးရင်သက်ဆိုင်သူတွေကိုပြောပြမယ်။ သူတို့အနေနဲ့ စဉ်းစားရမှာက ကျွန်တော့်ရဲ့ လုပ်ဆောင်ချက်ဟာ အဖွဲ့အစည်းရဲ့ ဦးတည်ချက်ကိုအကျိုးပြုမပြုပဲဖြစ်တယ်။ ကျွန်တော့်လုပ်ဖော်ကိုင်ဖက်တွေနဲ့ ကျွန်တော်အစိုးရကိုသွားမတွေ့ခင် တိုင်ပင်ခဲ့မယ်ဆိုရင် သူတို့ဖျက်တာနဲ့ စေ့စပ်ဆွေးနွေးမှုတွေ ဖြစ်လာခဲ့မှာ မဟုတ်ဘူး'။

မင်ဒဲလားအဖို့ ရှေ့တန်းမှ ဦးဆောင်သည်ဆိုရာဝယ် တာဝန်လည်း ယူနိုင်ရမည်ဟု နားလည်ထားသည်။ ဆုံးဖြတ်ချက်တစ်ခုကို ကိုယ်တိုင်ချခဲ့ခြင်းအတွက် ဖြစ်ပေါ်လာသည့် အကျိုးဆက်တို့ကိုကိုယ်တိုင်ဖြေရှင်းရမည်။ သူမှားခဲ့လျှင်သူ့ကိုသာ အပြစ်ပုံချဖို့လိုသည်။ ယနေ့အထိ မင်ဒဲလားအနေဖြင့် ဘိုသာနှင့်ဆွေးနွေးရန် ဆုံးဖြတ်ခဲ့ခြင်းသည်သူ့ဘဝတစ်လျှောက် လုံးလုံးလျားလျား ပြောင်းလဲမှုတစ်ရပ်ပင်ဖြစ်သည်။ စစ်မက်ရေးရာမှတစ်ဆင့် အနိုင်ယူနိုင်မည်မဟုတ်၊ ညှိနှိုင်းဆွေးနွေးဖို့သာ ရှိတော့သည်ဟုဆုံးဖြတ်ပြီးကတည်းက သူရွေးချယ်ထားခဲ့သည့်လမ်းကြောင်းကို ပြောင်းပစ်ရန်မတွေ့ဆိုင်းခဲ့ပါ။

မင်ဒဲလား၏ ဘဝတွင် အခြေအနေပြောင်းလဲမှုပေါ်မူတည်ပြီး သူ၏အတွေးအခေါ် လိုက်ပြောင်းခြင်းမျိုး မကြာမကြာရှိခဲ့သည်။ သူ့အတွက်ယင်းသည် ရိုးရှင်းသည့်သာမန်အသိဖြစ်သည်။ မလွှဲမရှောင်သာသည့် ကိစ္စရပ်တစ်ခု ရင်ဆိုင်ရန်ရှိခဲ့လျှင်သူ၏အမြင်ကို လိုအပ်သလို

ပြင်ဆင်မည်။ သို့သော်ချက်ချင်းလက်ငင်းမဟုတ်ပါ။ သူ့အတွေးအခေါ်တို့ကို ပြောင်းပစ်ဖို့အကျိုးဆက်များကို တစ်ခုချင်းစိစစ်သည်။ ပြီးမှ လှုပ်ရှားသည်။ အပြင်လူများအနေဖြင့် သူ့လုပ်ဆောင်ချက်များသည် ရုတ်တရက်ဆန်လွန်းသည်ဟု ထင်နိုင်ဖွယ်ရှိသည်။ သို့ရာတွင် သူ့အနေဖြင့် အသေးစိတ် စဉ်းစားတွေးတောပြီးသားဖြစ်သည်။ မိမိတို့ တကယ်တမ်းလိုချင်သောရလဒ်ကိုရမည်မသေချာလျှင်ပင် ရှောင်လွှဲမရသည်ကိုတော့အချိန်မရွှေ့ဆိုင်းပါနှင့်ဟု သူပြောလိမ့်မည်။

ကျွန်တော်တို့အတူအလုပ်လုပ်နေစဉ်က သူဝါရှင်တန်ဒီစီကို သွားရာတွင် ကျွန်တော်လိုက်သွားသည်။ ထိုမြို့မှ သတင်းစာရှင်းလင်းပွဲတစ်ခုတွင် တောင်အာဖရိကအပေါ် ချမှတ်ထားသော ပိတ်ဆို့မှုများကိုအမေရိကနှင့် ကမ္ဘာက ရုပ်သိမ်းချိန်တန်ပြီဟု သူပြောသည်။ ထိုပေါ်လစီ အပြောင်းအလဲအပေါ် မင်ဒဲလား၏အေအင်န်စီ လုပ်ဖော်ကိုင်ဖက်များနှင့် ပြင်ပလောကမှအံ့သြကြသည်။ ထိုအကြောင်းအရာသည် သူတို့လပေါင်းများစွာ ဆွေးနွေးနေခဲ့ပြီး မဆုတ်သာမတိုးသာ အခြေအနေတွင်ရှိခဲ့သည်။သူက သင်သည် တစ်ခါတစ်ရံ အလုပ်ကြွေးကို ဖြိုမှဖြစ်မည်ဟု ပြောသည်။ သူ့အနေဖြင့် အများသဘောတူညီမှုကို ရယူရန်ကြိုးစားခဲ့သော်လည်း မရရှိခဲ့ပါ။ အများသဘောတူညီမှုကို သူဦးစားပေးလိုသော်လည်းမဖြစ်နိုင်လျှင် သူ့ဆန္ဒအတိုင်း လုပ်ဆောင်မည်။ ပိတ်ဆို့မှုများနှင့်စပ်လျဉ်းပြီး သူထိုကိစ္စကိုစဉ်းစားနေသည်ဟု ကျွန်တော့်ကိုပြောပြခဲ့သည်။စဉ်းစားသည်ဆိုရာဝယ် သူဆုံးဖြတ်ပြီး ဖြစ်နေကာ သွေးတိုးစမ်းကြည့်ဆဲဖြစ်သည်။

၁၉၉၉ ခုနှစ်တွင် သူအငြိမ်းစားယူသောအခါ သူက အေးဆေးစွာအနားယူမည်ဟု ခိုင်မာစွာပြောသည်။ သို့သော်ယင်းသို့ဖြစ်မလာပါ။ တောင်အာဖရိကတွင် ပျံ့နှံ့နေသော အေ့ဒ်စ် ရောဂါကို သူ လျစ်လျူရှုပြီး မနေနိုင်ပါ။ သူထောင်မှ လွတ်လာစဉ်အချိန်က ထိုရောဂါအကြောင်း အနည်းအကျဉ်းမျှသာ သိခဲ့သည်။ ယခုထိလည်း ထိုရောဂါ၊ ထို့ပြင် လိင်တူဆက်ဆံခြင်း ကိစ္စရပ်တို့နှင့် စပ်လျဉ်းပြီး



သူ့ခေတ်သူ့အရွယ်တို့ သိသင့်သည်ထက် ပိုမသိပါ။ သို့သော် သူ အငြိမ်းစားယူပြီး သူ့အားဆက်ခံသူ သာဘိုအမ်ဘက်ကီက တောင်အာဖရိက၏ အေ့ဒ်စ်ရောဂါ ကပ်ဆိုက်သောကာလတွင် မှားယွင်းစွာ ကိုင်တွယ်မှုရှိလာသည့်အခါ မင်ဒဲလားက ဝင်ပြောရတော့သည်။ အမ်ဘက်ကီက အိတ်ချ်အိုင်ဗီဗိုင်းရပ်စ်ပိုးနှင့် အေ့ဒ်စ်ရောဂါ ဆက်နွယ်မှုကို ငြင်းဆိုခဲ့ပြီး ကမ္ဘာမှ ပေးလှူသော ဗိုင်းရပ်စ်ပိုး လျော့နည်းဆေးတို့ကို ပြည်တွင်းသို့ တင်ပို့ခွင့်မပြုခဲ့ခြင်းကြောင့် ဖြစ်သည်။

နောက်ဆုံးတွင် ၂၀၀၂ ခုနှစ်၌၊ မင်ဒဲလားက ဂျိုဟန်းနစ်ဘတ်မြို့၊ ဆန်းဒေးတိုင်းမ်စ် သို့ပြောသည်။ ဒီရောဂါရဲ့ တိုက်ခိုက်မှုဟာ စစ်ဖြစ်တာနဲ့ အတူတူပဲ။ အရင်ကစစ်ပွဲအားလုံးနဲ့ သဘာဝဘေးအန္တရာယ်တွေကြောင့် သေဆုံးခဲ့တဲ့လူဦးရေထက် ပိုဆုံးရှုံးရတယ်။ လူတွေဒီလောက် သေဆုံးနေတဲ့အချိန်မှာ ကျွန်တော်တို့ အငြင်းပွားမနေသင့်ဘူး'။ အမ်ဘက်ကီကမင်ဒဲလား ပြောသည်ကို မကြိုက်လှသော်လည်း သူပြောသည်မှာ မှန်သည်။ တစ်ခါတစ်ရံရှေ့တန်းမှ ဦးဆောင်ရာတွင် မိမိမှားသည်ကို ဝန်ခံနိုင်ရမည်။ မည်သူကမျှသင့်အား မှားသည်ဟုတော့ ပြောမနေပါ။ မင်ဒဲလားက ရိပ်စားမိသည်မှာ၊ အမှန်ကိုမြင်ဖို့ သူနှေးကွေးခဲ့သည်။ သို့သော်အမှားကို မြင်ပြီးလျှင်မူ အမှန်ပြင်ရမည်။

ဘေးတွင်နေလျက်နှင့်ပင် မင်ဒဲလားသည်ဦးဆောင်နေမြဲပင်။

■

# နောက်တန်းမှ ဦးဆောင်ပါ

မင်ဒဲလားသည် ထင်ရှားကျော်ကြားမှုကို နှစ်သက်သော်လည်း အခြားသူများနှင့် ဝေမျှရမည်ကို သိသည်။သူနားလည်ထားသည်မှာ ဦးဆောင်မှုဆိုခြင်း၏ အတော်ကြီးသော အစိတ်အပိုင်းသည် အထိမ်းအမှတ်သင်္ကေတတစ်ခုအဖြစ် တည်ရှိခြင်းဖြစ်ပြီး သူသည် ထည်ဝါသော သင်္ကေတတစ်ခုဖြစ်သည်။ သို့သော်လည်း သူအမြဲရှေ့တန်းတွင် နေ၍ မဖြစ်၊ အခြားသူများကို ဦးဆောင်နိုင်ခွင့်မပေးလျှင် သူ၏ဦးတည်ချက် ပျောက်ဆုံးသွားနိုင်သည်။ ဘတ်စကက်ဘောစကားဖြင့် ပြောရမည်ဆိုလျှင် ဘောလုံးကိုသူယူထားလိုသည်။ သို့သော် အခြားအဖွဲ့ဝင်များသို့ လက်ဆင့်ကမ်းပြီး ပိုက်သွင်းနိုင်ရန် အခွင့်အလမ်းပေးရမည်။ မင်ဒဲလားက အဖွဲ့အစည်းတစ်ခု၏ ကျင့်ဝတ်များကို ခိုင်မာစွာ ယုံကြည်သည်။ အခြားအဖွဲ့ဝင်များ၏ အကောင်းဆုံးပါဝင်မှုကို ရရှိရန်မှာ၊ အောင်မြင်မှုတွင် သူတို့ကိုပါဝင်စေရန်နှင့် သူ၏ဆုံးဖြတ်ချက်များတွင် သူတို့၏ အတွေးအခေါ်များ ပါဝင်နေသည်ဟု ခံစားစေရန်ဖြစ်သည်။

နံနက်ခင်းတစ်ခုတွင် သူ၏ထရန်စကီ နေအိမ်အနောက်ဘက် တောင်ကုန်းငယ်များတွင် ကျွန်တော်တို့ တစ်နာရီခွဲခန့် လမ်းလျှောက်နေခဲ့ကြသည်။ မြူတို့ကင်းစင်သွားချိန်ဖြစ်သည်။ ထိုနေရာသည် ကျောက်တုံး၊ ကျောက်ခဲပေါ်များကာ တိုပြီးခြောက်သော မြက်ပင်တို့ ရှိသည်။ သစ်ပင်လည်း အနည်းငယ်မျှသာရှိသည်။ မင်ဒဲလားက



လမ်းလျှောက်နေခြင်းကိုရပ်လိုက်ပြီး ခေါင်းမော့ကာ ပတ်ဝန်းကျင်ကို ကြည့်သည်။ သူက ထိုဧရိယာသည် ယခင်ကပြောင်းခင်း ဖြစ်ခဲ့ဖူးသည်ဟု ပြောသည်။

'အဲဒီအချိန်က ပျော်စရာကောင်းတယ်။ ကျွန်တော်တို့ကို နွားကျောင်းခိုင်းထားပေမယ့် ကျွန်တော်တို့က ပြောင်းခင်းက ပြောင်းဖူးတချို့ကိုခိုးခူးပြီး မီးဖုတ်တယ်။ ကျွန်တော်တို့ခြမရှိတော့တဲ့ ခြတောင်ပို့ကြီးကြီးတွေကိုရှာတယ်။ တောင်ပို့ထဲမှာ မြက်ခြောက်တချို့နဲ့ ချကောင်တချို့ပဲကျန်တယ်။ ပြောင်းဖူးကို ခြအိမ်ဝကနေအထဲကို ထိုးသွင်းပြီး အောက်ခြေကမြက်ခြောက်ကို မီးရှို့တယ်။ အထဲကခြတွေက မီးမြိုက်ခံရတဲ့အခါ အဆီတစ်မျိုးထွက်ပြီး ပြောင်းဖူးကို ထူးကဲတဲ့အရသာရှိစေတယ်'။ သူပြောသည်ကို နားထောင်ရသည်မှာ ကျွန်တော်တို့ပင် သူငယ်စဉ်ဘဝကိုရောက်သွားပြီး သူနှင့်အတူ ပြောင်းဖူးဖုတ် အတူးကို စားနေရသလိုပင်။

သူက ကျွန်တော့်ဆီသို့ လှည့်ကြည့်ပြီး ပြောသည်။ 'ရစ်ချတ်၊ မင်းနွားမကျောင်းဖူးဘူး မဟုတ်လား'။ ကျွန်တော်က မကျောင်းဖူးကြောင်းဖြေလိုက်သည်။ သူကခေါင်းညိတ်သည်။ သူသည် ရှစ်နှစ်ကိုးနှစ်အရွယ်ကပင် အချိန်နာရီများစွာ နွားကျောင်းခဲ့ရသည်။ သူ့မိခင်ထံတွင် ကိုယ်ပိုင်နွားအချို့ရှိသည်။ သို့သော် သူတို့ရွာမှ စုပေါင်းပိုင်သည့် နွားများရှိပြီး ထိုနွားများကို ယောကျ်ားလေးများက အလှည့်ကျကျောင်းရသည်။ သူက နွားကျောင်းခြင်း၏ အခြေခံသဘောတရားကို ရှင်းပြသည်။

'နွားတွေကိုတစ်နေရာကို ဦးတည်ပြီး သွားစေချင်ရင် တစ်အုပ်လုံးကို မောင်းစရာ မလိုဘူး။ နွားအုပ်ရဲ့ အနောက်ဘက်မှာ တုတ်တစ်ချောင်းနဲ့ရပ်နေပြီး လိမ္မာပါးနပ်တဲ့ နွားတချို့ကို ရှေ့ကိုမောင်းပြီး ကိုယ်သွားစေချင်တဲ့ဘက်ကို သွားခိုင်းလိုက်ရင် သူတို့နောက်ကို ကျန်တဲ့ နွားတွေ လိုက်ကြလိမ့်မယ်။ ကိုယ်က နောက်ကနေ ဦးဆောင်တာပဲ'။

သူစကားပြောခြင်းကို နားလိုက်သည်။ 'ခေါင်းဆောင်တစ်ယောက်ဟာလည်း အဲဒီလိုဦးဆောင်နိုင်ရမယ်'။

ယင်းသည်ပုံဆောင် ပြောကြားခြင်းသာဖြစ်သည်။ အဓိကမှာ ဦးဆောင်မှုသည် အခြေခံအားဖြင့်လူများကို ဦးတည်ချက်တစ်နေရာသို့ ရွေ့လျားစေခြင်းပင်ဖြစ်သည်။ ယေဘုယျအားဖြင့် သူတို့မူလက အတွေးအခေါ်နှင့် လုပ်ဆောင်ချက်များကို ပြောင်းလဲစေခြင်းဖြစ်သည်။ ထိုသို့ လုပ်ဆောင်ရန်မှာ ရှေ့သို့ညာသံပေး၍ထွက်ပြီး 'ကျွန်တော့်နောက်ကို လိုက်ခဲ့ကြ' ဟု ပြောရန်မလိုပါ။ အခြားလူများကိုသင့်ရှေ့သို့ တက်နိုင်ရန် တွန်းအားပေးခြင်းဖြစ်သည်။ အခြားသူများကို တွန်းအားပေးခြင်းဖြင့် ကျွန်တော်တို့၏ဦးဆောင်မှုနှင့် အတွေးအခေါ်များကို သူတို့နှင့် မျှဝေနိုင်သည်။ ယင်းသည် ဘဝဇာတ်ခုံ အသွယ်သွယ်တွင် တန်ဖိုးရှိသည်။ ရုံးဌာနတွင် မန်နေဂျာတစ်ဦးသည် လုပ်ငန်းဗျူဟာအသစ်များကို ဖော်ထုတ်ရန်တိုက်တွန်းသည့် အခါမျိုး၊ မိသားစုအတွင်း စည်းကမ်းအမိန့်များကို တစ်ဖက်သတ်ထုတ်မည့်အစား မိသားစုအစည်းအဝေးလုပ်ပြီး အဓိပ္ပာယ်ရှိသည့်စည်းကမ်းနှင့်အပြုအမူတို့ကို ဆွေးနွေးချမှတ်ခြင်းမျိုးတို့တွင် မြင်နိုင်ပါသည်။

မင်ဒဲလား၏ ကြာပြီဖြစ်သော လုပ်ဖော်ကိုင်ဖက်တစ်ဦးက ကျွန်တော့်ကို ပြောဖူးသည်။ မင်ဒဲလားသည် သန်မာပြီးသြဇာတိက္ကမနှင့် ပြည့်စုံလွန်းသဖြင့် သူ၏လိမ္မာပါးနပ်မှုအတွက် ချီးကျူးမခံရပါ။ လူများက သူ၏ဥပမိရုပ်ကိုသာ မှတ်ချက်ချပြီးသူ၏ ဉာဏ်အမြော်အမြင်ကြီးမားမှုကို မှတ်ချက် မချပါ။ သို့သော် မင်ဒဲလားသည် သူ၏ဉာဏ်ရည်ကို အထင်မသေးသော်လည်း သူထိုအရာကို လွယ်လွယ်နှင့် ရခဲ့ခြင်းမဟုတ်ပါ။ ကြိုးစားရယူခဲ့ရခြင်း ဖြစ်သည်။

အကြောင်းအရာတစ်ခုကို သူနားလည်လိုသည်၊ ရှုထောင့်အမျိုးမျိုးမှ ဆန်းစစ်လိုသည်ဆိုလျှင် သူနာရီပေါင်းများစွာ အချိန်ပေးပြီး လေ့လာသည်။ သူမသိနားမလည်သည့်အကြောင်းရပ်ကို သိဟန်ဆောင်



ခြင်းမျိုးတော့မရှိပါ။ ထို့ကြောင့် သူ့ထက်ပိုသွက်သော၊ ဉာဏ်ရည်ပိုထက်မြက်သော သူများနှင့်ပေါင်းသည်။ အတွေ့အကြုံ အမှန်တကယ်ရှိသူများထံမှ သင်ယူလိုသည်။ မသိနားမလည်သည်ကို သူတို့အား ရှင်းပြခိုင်းရန်လည်း သူမရှက်ရွံ့ပါ။ ထိုသူတို့၏အကူအညီနှင့် အကြံဉာဏ်ကို တောင်းခံခြင်းအားဖြင့်သူတို့ထံမှ သင်ယူနိုင်သည်သာမက သူတို့အား မဟာမိတ်များဖြစ်စေသည်။ လူတစ်ယောက်ထံမှ အကူအညီ တောင်းခြင်းအားဖြင့် ထိုသူ့ထံမှ သင်မျက်နှာသာရသည့်အပြင် သင့်အနေဖြင့် သူ့ကိုဆရာတင်လျှင် သူ၏သစ္စာရှိမှုကို ထပ်တိုးခံစားရမည်။

နောက်တန်းမှဦးဆောင်ခြင်းအတွက် မင်ဒဲလား စံထားသူမှာ သူ၏ဖခင်မဟုတ်ပါ။ သူ့ကို 'ဂရိတ်ပလေ့စ်' ဟု ခေါ်တွင်သည့်အရပ်တွင် ပြုစုပျိုးထောင်ခဲ့သည့် ဘုရင်ကျိုဂင်တာဘာ ဖြစ်သည်။ မင်ဒဲလား၏ဖခင်ကွယ်လွန်ပြီးနောက် သူ၏မိခင်က သားငယ်၏ပစ္စည်းလေးများကို ကျောပိုးအိတ်တစ်လုံးတွင် ထည့်ပြီးထရန်စကီမှ မက်ဟီကက်ဇွယ်နီသို့ ခြေလျင်ခရီးနှင်ကြသည်။ ထိုနေရာသည် ဂရိတ်ပလေ့စ်ဟု အမည်တွင်သည့် သမ်းဘူးနယ်မြေ၏မြို့တော် ဖြစ်သည် ။ မင်ဒဲလား၏ ဖခင်သည် ဘုရင်ကြီး၏အကြံပေးတစ်ဦး ဖြစ်ခဲ့သည်။ ဘုရင်က မင်ဒဲလားအား တစ်နေ့တွင် သူ့သားဂျပ်စ်တစ်၏ အကြံပေးဖြစ်လာစေရန် လက်သပ်မွေးလိုသည်။ ဂျပ်စ်တစ်သည် မင်ဒဲလားနှင့်သက်တူရွယ်တူပင်ဖြစ်သည်။ မင်ဒဲလားက သူ့ဇာတိရွာ ကြူးနူးမှ သူ့မိခင်နှင့်အတူတိတ်ဆိတ်ရှည်လျားသော ခြေလျင်ခရီးကို နှင်ခဲ့ရသည်ကို ပြန်ပြောင်းသတိရသည်။ သူငယ်စဉ်ကပင် သိခဲ့သည့် တစ်ခုတည်းသောကမ္ဘာကို စွန့်ခဲ့ရ၍ ဝမ်းနည်းသည်။ သို့သော် ဂရိတ်ပလေ့စ်သို့ ရောက်သည့်အခါ ထိုနေရာ၏ခမ်းနားထည်ဝါမှုကို သူရင်သပ်ရှုမောဖြစ်သည်။ သူ၏အကျဉ်းထောင်ဒိုင်ယာရီတွင် ရေးထားသည်။ 'ကမ္ဘာပေါ်မှာ ဒီထက်ခမ်းနားတဲ့နေရာရှိမယ်လို့မထင်ဘူး'။ တကယ်တမ်းတွင် ဂရိတ်ပလေ့စ်သည် တဲဝိုင်း ၁၂ လုံးခန့်နှင့် ဥယျာဉ်ကြီးတစ်ခုသာဖြစ်သည်။ အာဖရိကနန်းတော်တစ်ခု၏

စံဖြင့် တိုင်းတာမည်ဆိုလျှင်ပင် မပြောပလောက်ဟုဆိုရပေမည်။ သို့သော် မင်ဒဲလားက ကမ္ဘာ့အလယ်သို့ ဆိုက်ရောက်သွားသည်ဟု ထင်မှတ်ခဲ့သည်။

သူရောက်သွားသောညနေခင်းတွင် ကားတစ်စီးသည် ရွာ၏ အနောက်ဘက်အပေါက်မှ လျှောခနဲဝင်သွားပြီး ရွာအရိပ်တွင် ထိုင်နေသူအားလုံးမတ်တတ်ရပ်ကာ 'ဂျွန်ဂင်တာဘာကို ကြိုဆိုဂုဏ်ပြုပါတယ်' ဟုတစ်ပြိုင်တည်းရွတ်ဆိုကြသည်။ ယင်းသည်ထုံးတမ်းစဉ်လာအရ ဗိုဆာခေါင်းဆောင်ကို နှုတ်ခွန်းဆက်ခြင်းဖြစ်သည်။ မင်ဒဲလားက သူ့ဒိုင်ယာရီတွင် ဆက်ရေးထားသည်။ 'အရပ်ပုပု၊ အသားမည်းမည်းနဲ့ ကိုယ်လုံးကိုယ်ထည်ကြီးပြီး စမတ်ကျကျဝတ်စုံဝတ်ထားတဲ့ လူတစ်ယောက်က ကားပေါ်ကဆင်းလာပြီး သစ်ပင်ရိပ်ကလူတွေနဲ့ အတူ ပူးပေါင်းလိုက်တယ်။ သူကဟန်ပန်ခံ့ညားပြီး ဉာဏ်ထက်မြက်တဲ့ မျက်နှာသွင်ပြင်ရှိတယ်။ သူ့ကိုယ်သူ ယုံကြည်မှုနဲ့ သက်သောင့်သက်သာရှိမှုတို့ကို ကြည့်ရင်သူဟာလူအများချီးမွမ်းခံရမှုနဲ့ သူ့အာဏာအသုံးချမှုတို့ကို ကျင့်သားရနေတဲ့ လူတစ်ယောက်မှန်းသိသာတယ်'။ ထိုသူက ဘုရင်ဂျွန်ဂင်တာဘာပင် ဖြစ်သည်။

ထိုနေ့သည်သူ့စိတ်ထဲတွင် တစ်သက်တာအမှတ်တရ ဖြစ်ကျန်နေသည်။ သူ့ဒိုင်ယာရီတွင်ရေးထားသလို၊ မက်ဟီကက်ဇွယ်နီသို့ မရောက်မီအထိ သူ၏တစ်ခုတည်းသော ရည်မှန်းချက်မှာဝါးရင်းတုတ်တိုက်ခိုက်သူ၊ သို့မဟုတ် နာမည်ကြီးမုဆိုးတစ်ဦးဖြစ်ရန်သာ။ 'အဲဒီနေ့က ကျွန်တော်ဟာအမြစ်က ဆွဲနုတ်ပြီးရေစီးသန်တဲ့ ချောင်းမြောင်းထဲ ပစ်ချခံလိုက်ရသလိုပဲ ခံစားရတယ်'။ ထိုရေစီးကြောင်းသည် သူ့အား ခေါင်းဆောင်တစ်ယောက်ဖြစ်လာစေခဲ့သည်။ ထိုသန်မြန်သော ရေစီးတို့က သူ့အားပိုမိုကျယ်ပြန့်သော ကမ္ဘာကြီးဆီသို့ မည်သို့တွန်းပို့မည်ဆိုသည်ကို ထိုအချိန်က သူမှန်းဆနိုင်ခြင်း မရှိခဲ့ပါ။

မင်ဒဲလားက ဘုရင်ကြီး၏ဟန်ပန်နှင့် အပြုအမူတို့ကို အနီးကပ် လေ့လာသည်။ သူအပါအဝင်ထိုနေရာတွင် နေထိုင်သူများ၏



ဘဝသည် သူတို့ မျိုးနွယ်စုအကြီးအကဲကိုမဏ္ဍိုင်ထားပြီး လည်ပတ်နေသည်။ ဘုရင်ကြီးသည် ပညာမတတ်ပါ (စာလည်းမဖတ်တတ်၊ စာလည်းမရေးတတ်ပါ)။ သို့သော်သူသည် သမ်းဘူးသမိုင်းနှင့်ထုံးတမ်းစဉ်လာတို့ကို ထိန်းသိမ်းစောင့်ရှောက်သူဖြစ်သည်။ ဘုရင်ဖြစ်၍ ဦးဆောင်ရသည် မှန်သော်လည်း ပြည်သူ့ဝန်ထမ်းတစ်ဦးအဖြစ်လည်း သဘောထားကြသည်။ မျိုးနွယ်စုခေါင်းဆောင်မှုသည် အထူးခံစားခွင့် တစ်ရပ်ဖြစ်ပြီး ရပိုင်ခွင့်တစ်ခုမဟုတ်ပါ။ ဦးဆောင်ခြင်း၏အဓိကတာဝန်မှာလည်း မိမိကိုယ်ကိုယ်ရှေ့တန်းသို့ ခုန်ကျော်တက်ရန် မဟုတ်ဘဲ အများပြည်သူကို နားထောင်ပေးရန်နှင့် အများပြည်သူ၏တူညီသောသဘောဆန္ဒကို ရယူရန်ဖြစ်သည်။

နန်းတော်အစည်းအဝေးများသည် မြို့တော်ခန်းမတွင် ကျင်းပသော ဒီမိုကရေစီအစည်းအဝေးများနှင့်တူပြီး ဦးဆောင်မှု၏ ကိန်းအောင်းရာဖြစ်သည်။ ရွာနေအမျိုးသားအားလုံးတက်ရောက်သည်။ စကားပြောလိုသူမည်သူမဆို ပြောခွင့်ရှိသည်။ ခေါင်းဆောင်အနေဖြင့် အကြံပေးများနှင့်ရွာသားများ၏ သဘောထားအမြင်ကိုကနဦး နားထောင်ရသည့်ထုံးစံရှိသည်။ နောက်မှသာမိမိ၏အမြင်ကို ထုတ်ဖော်ပြောဆိုရသည်။ ဘုရင်သည်မာန်ဖြင့် အမြဲတမ်း မတ်မတ်ရပ်ရသည်။ အစည်းအဝေးတစ်ခု၏ အဆုံးသတ်တွင် သူကြားထားသည့်သဘောအမြင်တို့၏ အနှစ်ချုပ်ကိုပြန်ပြောင်းပြောရသည်။ ဘုရင်သည် ထက်မြက်သူတစ်ဦးဖြစ်ပင်ဖြစ်ငြား သူ၏ထက်မြက်မှုအား သူ့မျိုးနွယ်စု၏ သဘောထားကို မကျော်လွှားစေပါ။

ယင်းသည် 'နောက်တန်းမှ ဦးဆောင်ပါ' ဟု မင်ဒဲလားပြောသည့်သဘောတရား ဖြစ်သည်။ မျိုးနွယ်စု ခေါင်းဆောင်ကောင်းတစ်ယောက်သည် မိမိ၏သဘောထားကို ပြောပြပြီး အခြားသူများကို မလိုက်နာစေပါ။ မျိုးနွယ်စုမှ တင်ပြချက်များကို နားထောင်သည်။ အနှစ်ချုပ်ကို သုံးသပ်သည်။ ခိုင်မာသည့် သဘောထားတစ်ခုကိုပုံဖော်သည်။ မျိုးနွယ်စုကို ထိုသဘောထားအတိုင်း လှုပ်ရှားစေသည်။ နွားအုပ်

ကို နောက်တန်းမှထိန်းကျောင်းပေးသည့် လူငယ်လေးနှင့် ကွာခြားမှု မရှိလှပါ။ ယင်းကို မင်ဒဲလားက အာဖရိကန်ခေါင်းဆောင်မှု၏ ရိုးရာ ဓလေ့များထဲတွင် အကောင်းဆုံးအဖြစ် ရှုမြင်သည်။ သူက အနောက် တိုင်းကို ကိုယ်ရေးရည်မှန်းချက်များ ရယူကြသည့်နေရာအဖြစ် မြင် သည်။ အနောက်တိုင်းတွင်လူတို့သည် ရှေ့တန်းရောက်အောင် တစ်ဦး နှင့်တစ်ဦး တိုက်ခိုက်ကြပြီး အခြားသူများကို ချန်ထားခဲ့ကြသည်။ ရီနေ ဆန်အတွေးအခေါ်ဖြစ်သည့် ကိုယ်ပိုင်မှုဆိုသည်မှာ ဥရောပတိုက်နှင့် အမေရိကတိုက်သို့ ထိုးဖောက်ဝင်ရောက်သော်လည်း အာဖရိကသို့ မထိုးဖောက်သေးပါ။ အာဖရိကခေါင်းဆောင်မှု၏စံအရ လူတို့သည် အခြားလူများ၏ တွန်းအားပေးမှုအရ အားအင်ရှိလာသည်၊ တစ်ကိုယ် ကောင်းမဆန်သည့် အပြန်အလှန်ရိုင်းပင်းမှုမှတစ်ဆင့် တစ်ဦးတစ် ယောက်ချင်း၏အကောင်းဆုံးအရည်အသွေးများ ပေါ်ထွက်လာသည်။

စနေတနင်္ဂနွေနံနက်ခင်းတစ်ခုတွင် ဟောက်တန်ရှိ မင်ဒဲလား နေအိမ်သို့ ရောက်ခဲ့သည်ကိုမှတ်မိသည်။ ကားအဝင်လမ်းအိမ်ရှေ့ ဂိတ်အလွန်တွင် မင်ဒဲလားနှင့် သူ့အကြံပေး အုပ်စုတစ်စုသည် အရိပ် တစ်နေရာတွင် ခေါက်ကုလားထိုင်များဖြင့် ထိုင်ပြီး ဆွေးနွေးမှုတစ်ခုတွင် စျာန်ဝင်နေကြသည်။ ကျွန်တော်လည်း သူတို့ဝိုင်း၏ အစွန်နားတွင် ခုံဆွဲပြီးထိုင်လိုက်သည်။ ကျွန်တော်အထူး သတိထားမိသည်မှာ ထိုအကြံ ပေးများသည် စကားကိုသွက်လက်တက်ကြွစွာ ပြောနေကြပြီး အချို့က မင်ဒဲလားကိုပြစ်တင်ရှုတ်ချကာ သူမှားယွင်းထားသည်ဟု ထင်သော အနေအထားများကို ပြောင်တင်းစွာပြောဆိုသည်။ အားလုံးက ရိုသေသ မှုတော့ပြသည် (အချို့ကတော့ ရိုသေသည် ဆိုရုံမျှသာ)။ အချို့က ဒေါကြီးပြီး ဟောဟောဒိုင်းဒိုင်းပြောသည်။ မင်ဒဲလားက တည့်မတ်စွာ မလှုပ်မယှက်ထိုင်ပြီး ကြားနေမျက်နှာထားဖြင့် အာရုံထားနား ထောင် နေသည်။ သူသည်အလွန်တော်သော ပိုကာဖဲကစားသူ ဖြစ်နိုင်သည်။ အစည်းအဝေးအပြီး အကြံပေးများ ပြန်မည်ပြုချိန်ကျမှ သူတို့၏ သဘောထားများကိုသူက အနှစ်ချုပ်ထုတ်ပြသည်။ သူ့သဘောထားကို



မပြောပြပါ။ ထိုသူများက သူတို့ပြောစရာရှိသည်ကို ပြောလိုက်ရ၍ စိတ် သက်သာရာ ရသွားကြပုံပေါ်သည်။ သူတို့စကားသည် မင်ဒဲလားကို တိုက်တွန်းနိုင်မှုရှိ၊ မရှိကို သိပ်ဂရုထားပုံမပေါ်ပါ။ ငြင်းခုံမှု တစ်ရပ်ကို ထိန်းသိမ်းရန်မှာ ဆန့်ကျင်ဘက်သဘောထားကို စိတ်ရှည်လက်ရှည် နားထောင်ပေးရန်ဖြစ်သည်။

ကျွန်တော် သူ့အား နောက်ပိုင်းတွင် ထိုဆွေးနွေးမှုအကြောင်းနှင့် သူ၏ခေါင်းဆောင်မှုဟန်ပန်အကြောင်း မေးသည်။ သူက ပြောသည်၊ 'ကျွန်တော်တို့က ဒီမိုကရက်တစ် အဖွဲ့အစည်းတစ်ခုပါ။ ကျွန်တော် တစ်ခါတလေ အမျိုးသားအုပ်ချုပ်မှု ကော်မတီကို တင်ပြစရာ သဘော ထားတစ်ခု စဉ်းစားပြီးသွားတယ်။ သူတို့က ကျွန်တော်နဲ့ သဘောထား ကွဲလွဲတယ်။ ကျွန်တော့်အဆိုကို ပယ်ချတယ်။ ကျွန်တော် သူတို့ဆုံးဖြတ် ချက်ကို လိုက်နာတယ်။ ဒီမိုကရေစီဆိုတာ အဲဒါပဲလေ'။ သူပြောပြီး ဟက်ဟက်ပက်ပက် ရယ်သည်။ အနေအထားအတော်များများတွင် သူ့သဘောထားအမြင်များသည် ဒီမိုကရေစီလုပ်ငန်းစဉ်လောက် အရေး မကြီးပါ။ ကိစ္စရပ်တစ်ခုချင်းအပေါ် အန်ရှုံးပေးပြီး ဒီမိုကရေစီမှုကို အနိုင် ရစေခြင်းသည် ပိုမိုသင့်လျော်ပါသည်။

မင်ဒဲလား သမ္မတဖြစ်လာသည့်အခါ သူကက်ဘိနက် အစည်း အဝေးများတွင် အထက်ပါအတိုင်းဆောင်ရွက်သည်။ ဆန့်ကျင်ဘက် အမြင်သဘောထားများကို တင်ပြရန်အခွင့်အရေးပေးသည်။ သူ အမြဲ တမ်းနောက်ဆုံးမှ စကားပြောသည်။ ပြောသည့်အခါတွင် အကျဉ်းရုံးပြီး တိုတိုတုတ်တုတ် ပြောလေ့ရှိသည်။

သူစံထားသည့်ခေါင်းဆောင်မှာ အေဘရာဟင်လင်ကွန်းဖြစ် ကြောင်း သူကျွန်တော့်အားပြောပြဖူးသည်။ သူကျောင်းသားလူငယ်ဘဝ ကပင်လင်ကွန်းအကြောင်းသိခဲ့ရသည်။ ကျောင်းပြဇာတ်တစ်ခုတွင်ပင် သူလင်ကွန်းနေရာ၌ သရုပ်ဆောင်လိုခဲ့သည်။ သို့သော် သူ့ထက်ပိုအရပ် မြင့်သော ကျောင်းသားကအရွေးခံခဲ့ရသည်။ပိုဆိုးသည်မှာ သူ့အား ဂျွန်ဝစ်လ်ခ်ဘွတ်သ် (လင်ကွန်းအားသတ်သူ) နေရာတွင် သရုပ်ဆောင်

ခိုင်းခဲ့ခြင်းဖြစ်သည်။ လင်ကွန်းသည် သူ၏ အခက်ထန်ဆုံးပြိုင်ဘက်များကို သူ့ကက်ဘိနက်တွင် ထည့်သွင်းခန့်ထားခဲ့သည်။ အလားတူပင် မင်ဒဲလားကလည်း ဆန့်ကျင်ဘက်ပါတီမှ လူအချို့ကိုသူ၏ ပထမကက်ဘိနက်တွင် ထည့်သွင်းခန့်ထားခဲ့သည်။ လင်ကွန်းက သူ့ကက်ဘိနက်ကို အုပ်ချုပ်ရာတွင် အကျပ်ကိုင်နည်းဖြင့် မအုပ်ချုပ်ဘဲ စည်းရုံးတိုက်တွန်းမှုဖြင့် အုပ်ချုပ်သည်ကို သူအထင်ကြီး လေးစားသည်။ သူက လင်ကွန်း တစ်ခါက လူတစ်ယောက်အား သူ့ကက်ဘိနက်တွင် မပါဝင်စေလို၍ ပြောသည့်စကားများအကြောင်း ကျွန်တော့်အားပြောပြဖူးသည်။ ထို့နောက် သူက 'အလုပ်တစ်ခုလုပ်တဲ့အခါမှာ လူတွေကိုသူတို့သဘောနဲ့ သူတို့လုပ်တာလို့ ဖြစ်ရအောင် တိုက်တွန်းပြောဆိုတာက ပိုပြီး ထိရောက်မှုရှိတယ်' ဟု နိဂုံးချုပ်မှတ်ချက်ချသည်။

မင်ဒဲလားအတွက် နောက်တန်းမှ ဦးဆောင်ခြင်းသည် တစ်နည်းအားဖြင့် ရှေ့တန်းမှဦးဆောင်နေခြင်းကို ကိုယ်ယောင်ဖျောက်ထားခြင်းပင်ဖြစ်သည်။ သို့သော် သူအပါအဝင်မည်သည့် လူတစ်ဦးတစ်ယောက်မဆို ခေါင်းဆောင်မှုအခန်းကဏ္ဍတွင် ကန့်သတ်ချက်ဘောင်တော့ရှိကြသည်ကိုသူနားလည်သည်။ သူ အကျဉ်းထောင်မှ လွတ်လာချိန်က သူသည်အာဖရိက၏ ရစ်ပ်ဗင်းဝင်ကာလ် (ပုံပြင်ထဲ၌အနှစ် ၇၀ အိပ်ပျော်သွားသောသူ) နှင့်တူသည်။ မိတ်ဆွေများနှင့် အပေါင်းအသင်းများက နေရောင်အောက်ရှိ အရာတိုင်းအကြောင်းကို ဝိုင်းသင်ပြပေးကြသည်။ အမျိုးသမီး အခွင့်အရေးအကြောင်း၊ ခေတ်သစ်မီဒီယာအကြောင်း၊ အေ့ဒ်စ်နှင့် အိတ်ချ်အိုင်ဗီအကြောင်းအပါအဝင်များစွာသော အကြောင်းအရာတို့ ဖြစ်သည်။ ယင်းသည်အရေးပါသောဖေးမကူညီမှု ပညာသင်ကြားရေး နည်းလမ်းဖြစ်ပြီး စုပေါင်းဦးဆောင်မှုနှင့် စပ်လျဉ်းသည့်အာဖရိက ခံယူချက်ဖြစ်သည်။ သူငယ်စဉ်ကပင် နားလည်ထားသည်မှာ စုပေါင်းဦးဆောင်မှုတွင် အဓိကအချက်နှစ်ချက်ရှိသည်။ တစ်ဦးချင်း၏ အမြော်အမြင်ထက် အုပ်စုလိုက်



အမြော်အမြင်သည် ပိုသာသည်။ ထို့ပြင် အများသဘောတူအုပ်စုလိုက်အားစိုက်မြှုပ်နှံလုပ်ကိုင်မှုကြောင့် ရလဒ်မှာ အားသာသည်။

နောက်တန်းမှဦးဆောင်ခြင်းသည် ထိုနည်းလည်းကောင်းပင်။ အများ၏သဘောထားကိုတောင်းခံခြင်းဖြင့် သင်လိုချင်သောရလဒ်ကို သင့်မြတ်စွာရရှိနိုင်သည်။ အများအတွက်ကောင်းသလို မိမိအတွက်လည်း ကောင်းပါသည်။

■

## သင်၏အခန်းကဏ္ဍနှင့် သင်၏အသွင်အပြင် ကိုက်ညီမှုရှိပါစေ

ကျွန်တော်တို့သည် လူတစ်ယောက်ကိုအကဲဖြတ်သည့်အခါ သူ၏အမူအကျင့်အရ အကဲဖြတ်လေ့ရှိကြသည်။ နယ်လ်ဆန်မင်ဒဲလား နားလည်ထားသည်မှာ၊ အပြင်လူများ သင်၏အမူအကျင့်ကို သိမြင်နိုင်ရန်မှာ သင်၏အသွင်အပြင်မှတစ်ဆင့် ဖြစ်သည်။ သူ၏ရှပ်အကျႌအရောင်သည် သူတင်ပြနေသည့်ပေါ်လစီနှင့် လိုက်ဖက်မှုရှိရန် အရေးကြီးသကဲ့သို့ သူမည်မျှမတ်မတ်ရပ်သည်ဆိုသည်မှာလည်း အရေးကြီးသည်။ စာအုပ်တစ်အုပ်၏ အရည်အသွေးကို အဖုံးကြည့်ရုံမျှနှင့်မသိနိုင်ဟု သူမပြောပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့အားလုံး အဖုံးကိုအာရုံထား၍ဖြစ်သည်။ သူသည်တောင့်တင်း ခိုင်မာသော ထောက်ခံချက်ရရှိထားသည့် အခြေအမြစ်ရှိသူတစ်ဦးဖြစ်သော်လည်း ပရိသတ်က အမြင်အရလည်းတော့ အကဲဖြတ်သင့်သည်ဟု ပြောသည်။ မိမိအသွင်အပြင်သည် အရေးကြီးပါသည်။ ထိုအသွင်အပြင်ဖြင့် အများအာရုံဖမ်းစားရန် ကနဦးအခွင့်အလမ်းကို တစ်ကြိမ်သာ ရရှိနိုင်မည်။

မင်ဒဲလားက အဝတ်အစားကြိုက်သည်။ ယခင်ကပင်ဖြစ်သည်။ 'လူမှာအဝတ်' ဟုတော့ သူ မပြောလိုသော်လည်း လတ်တလော အများ၏ ထင်မြင်ချက်သည် မိမိဝတ်ပုံစားပုံပေါ်တွင်မူတည်သည်။ မိမိသရုပ်ဆောင်လိုသောအခန်းကဏ္ဍနှင့် လိုက်လျောညီထွေရှိသော ဝတ်စုံကိုဝတ်ရမည်။ သူ ကလေးဘဝကပင် ထိုအရာကို သင်မှတ်ခဲ့ရသည်။ သူ့ဖခင်က သူ၏မြင်းစီးဘောင်းဘီကို ကတ်ကြေးနှင့်ညှပ်ပြီး ပထမနေ့ ကျောင်းတက်ရန် ဘောင်းဘီအဖြစ်အသွင်ပြောင်းပေးခဲ့သည်။ သူ့ဖခင်က သားဖြစ်သူကို တောသားတစ်ယောက်လို စောင်ခြုံပြီး ကျောင်းမသွားစေလို၍ ဖြစ်သည်။ နောင်အခါတွင် သူ လူငယ်တစ်ယောက်ဖြစ်လာပြီး သမ်းဘူးနယ်မြေဘုရင်၏ စောင့်ရှောက်မှုအောက်တွင် နေရသောအခါ သူ၏တာဝန်တစ်ခုမှာ ဘုရင်၏ဝတ်စုံများကို မီးပူထိုးပေးရခြင်းလည်းပါဝင်သည်။ ဘုရင်ဆိုသည်မှာ အမြဲသန့်ပြန့်နေရမည်။ မင်ဒဲလားက သူ့တာဝန်ကို အနုစိတ်ထမ်းရွက်သည်။ တစ်ခါက ဟိုတယ်တစ်ခုတွင် သူနှင့်အတူရှိနေစဉ် သူဝတ်မည့်အကျႌ တွန့်ကြေနေ၍ မီးပူတစ်လုံးရှာပေးရန် ကျွန်တော့်အားပြောဖူးသည်။သူ့ဝတ်စုံများ၏ ပိတ်သားအရည်အသွေးကို သူသိသလို အခြားလူများ ဝတ်ဆင်ထားသောဝတ်စုံများ၏ ပိတ်သားများအကြောင်းလည်း သူ သိသည်။ သူ ဖို့တ်ဟဲရ်ရှိတက္ကသိုလ်သို့ တက်ရောက်ရန် သွားစဉ်အချိန်က ဘုရင်ကြီးသူ့အတွက် ပြင်ဆင်ပေးလိုက်သော ဒီဇိုင်းလှလှရင်ဖုံး နှစ်ထပ်ကုတ်အကျႌကို အသေးစိတ် မှတ်မိနေသည်။

သို့သော် သူ့အနေဖြင့် သူဝတ်စားချင်သလိုတော့ အမြဲတမ်းမဝတ်စားနိုင်ပါ။ သူဂျိုဟန်းနစ်ဘတ်မြို့တွင်နေထိုင်စဉ် ဘဝအစောပိုင်းက ငါးနှစ်တာကာလအတွင်း ဝတ်စုံတစ်စုံသာ ပိုင်ဆိုင်ခဲ့သည်။ ထိုဝတ်စုံတွင် ဖာထေးရာအတော်ရှိသည်။ သူဝတ်ရမည်ကိုရှက်မိလာသည်။ နောက်နှစ်အနည်းငယ်အတွင်း သူရှေ့နေတစ်ဦးအဖြစ် စတင်အောင်မြင်လာသည့်အခါ သူရှေးဦးစွာလုပ်သည်မှာ သူ့အဝတ်အစားများ သီးခြားချုပ်လုပ်ပေးရန်အပ်ချုပ်သည်တစ်ဦးကို ရှာဖွေခြင်းပင်ဖြစ်သည်။ နောင် သူ၏ရှေ့နေဖြစ်လာမည့် ဂျော့ဂ်ျဘီဇို့စ်က မင်ဒဲလားအား အပ်ချုပ်သည်ထံတွင်တွေ့ဖူးသည်ကို အမှတ်ရသည်။ လူမည်းတစ်ယောက်ကို အကျႌချုပ်ပေးရန်တိုင်းတာခြင်းကို ဂျော့ဂ်ျ ပထမအကြိမ်

တွေ့ဖူးခြင်းဖြစ်သည်။ မင်ဒဲလားက စတိုင်လ်ကျကျဝတ်စားတတ်၍ ထိုအရွယ်က သူ့အားဂိုက်ထုတ်သူတစ်ဦးဟု သတ်မှတ်ကြသည်။သူ ထိုကဲ့သို့ ဝတ်ဆင်ရသည်ကိုကြိုက်သည့်အပြင် ထိုခေတ်ထိုအခါက လူဖြူများက လူမည်းများကို အဝတ်အစားဖြင့် ဆုံးဖြတ်တတ်ကြ၍ သူ့အနေဖြင့် သာမန်လုပ်သားတစ်ယောက်အဖြစ် အထင်မခံနိုင်ပါ။ ပညာရှင်တစ်ဦးအဖြစ် မြင်စေလိုသည်။

အကဲဖြတ်ဒိုင်လူကြီးများရှေ့တွင် အစမ်းသရုပ်ဆောင်ပြရန်သွားသည့်အခါ သရုပ်ဆောင်တစ်ဦးအနေဖြင့် သူသရုပ်ဆောင်လိုသော ဇာတ်ကောင်၏ ဝတ်စားဆင်ယင်ပုံအတိုင်း ဝတ်ဆင်သွားလျှင် အခွင့်အလမ်းပိုရှိသည်ကို သိထားကြသည်။ သတ္တိရှိရန်ဟန်ဆောင်ခြင်းသည် အမှန်တကယ်သတ္တိရှိလာစေနိုင်သည်။ ကျွန်တော်တို့ဖြစ်လိုသော ပုဂ္ဂိုလ်တစ်ဦးကဲ့သို့ ဝတ်စားဆင်ယင်ခြင်းသည်လည်း ထိုပုဂ္ဂိုလ်ဖြစ်လာရန် နီးစပ်စေသည်။ မင်ဒဲလားဘဝတစ်လျှောက် သူသည် သူ၏ဇာတ်ကောင်စရိုက်အတိုင်း ဝတ်စားဆင်ယင်သရုပ်ဆောင်သည်။ ကျောင်းသားအရွယ်တွင် သူသည်တိကျသူ၊ စနစ်ကျသူအဖြစ်မြင်စေလိုသည်။ သူရှေ့နေအဖြစ် ထမ်းဆောင်စဉ်က တရားသူကြီးနှင့် အမှုသည်တို့မှ အထင်ကြီးစေရန် အော်ဒါချုပ်အဝတ်အထည်များ ဝတ်ဆင်ခဲ့သည်။ သူ တော်လှန်ရေးသမားလုပ်ခဲ့စဉ်က တိုက်ပွဲဝတ်စုံဝတ်ပြီး မုတ်ဆိတ်မွေးထားခဲ့သည်။ သူသမ္မတဖြစ်ခါစကာလက ရှေးရိုးစွဲအရောင်ရင့်အနောက်တိုင်းဝတ်စုံများ ဝတ်ဆင်သည်။ နောက်ပိုင်းတောင်အာဖရိကနိုင်ငံတည်ငြိမ်မှုရှိလာသည့်အခါ ဥရောပဝတ်စုံများကိုစွန့်လွှတ်ပြီး ပိုးသားရှပ်အင်္ကျီများကိုသာ ဝတ်ဆင်တော့သည်။ ထိုအင်္ကျီများသည် သူ၏သင်္ကေတသဖွယ်ဖြစ်လာပြီး 'မင်ဒဲလား ရှပ်များ' ဟု အမည်တွင်သည်။ ထိုအင်္ကျီများကို သူအလွန်နှစ်သက်ပြီး ဗီရိုအပြည့်ရှိသည်။ တောက်ပသောအရောင်များကို နှစ်သက်သည့်အပြင် ထိုရှပ်အင်္ကျီများသည် စွမ်းအားသစ်အမျိုးအစားတစ်ရပ်ကို ကိုယ်စားပြုသည်။ ယင်းမှာ၊ ထိုအင်္ကျီသည် အာဖရိကန်ဆန်သည်။ တိုင်းရင်းသားလူမျိုးစုများကိုကိုယ်စားပြုသည်။ ယုံကြည်မှုပေးသည်။ ထို့ပြင်ကြေညာချက်တစ်ခုကို ဖော်ဆောင်နေသည်။ 'အာဖရိကန် ခေါင်းဆောင်တစ်ဦးအနေဖြင့် ခြေခြေမြစ်မြစ်ဖြစ်ရန် အနောက်တိုင်းဝတ်စုံဝတ်ဆင်ရသည့် လိုအပ်ချက်မျိုးယခုမရှိတော့ပါ'။



လူတစ်ယောက်၏ အသွင်အပြင်အရေးပါမှုကို ယုံကြည်သည့်အလျောက် မင်ဒဲလား ရော်ဘင်ကျွန်းအကျဉ်းထောင်တွင် ပထမတိုက်ရသည့်စစ်ပွဲမှာ အဝတ်အစားကိစ္စဖြစ်သည်။ ထောင်စည်းမျဉ်းများအရ လူမည်းအကျဉ်းသားများသည် ဘောင်းဘီတိုသာဝတ်ရမည်။အိန္ဒိယလူမျိုးနှင့်ကပြားဆိုလျှင် ဘောင်းဘီရှည်ဝတ်နိုင်သည်။ သူ့အနေဖြင့် မာလီကုလားလေးလို ဘောင်းဘီတိုဝတ်ရမည်ကို ရှက်သည်။ ထို့ကြောင့် ထိုကိစ္စကိုစစ်ပွဲတစ်ခုအလား ပြင်းပြင်းထန်ထန်တိုက်ခိုက်သည်။ နောက်ပိုင်းတွင် အခြားကိစ္စများကိုလည်း အလားတူ တိုက်ခိုက်သည်။ နောက်နှစ်ပေါင်းများစွာ ကြာမြင့်ပြီးနောက် သူ့ ပီဒဗလျူဘိုသာကို ပထမဆုံးအကြိမ်တွေ့ဆုံရန် ပြင်ဆင်နေစဉ်က မင်ဒဲလားအနေဖြင့် တောင်အာဖရိကသမ္မတကို တွေ့ဆုံရာတွင် ထောင်ဝတ်စုံမဝတ်သင့်ဟု သူယူဆသည်။ ထိုဝတ်စုံနှင့်ဆိုလျှင် သူ တစ်ပန်းရှုံးသည်။ သို့နှင့် ထောင်အာဏာပိုင်တို့က သူ့အတွက် အနောက်တိုင်းဝတ်စုံပြည့်တစ်စုံချုပ်ပေးသည်။ သူက ကြေးများသည်။ဘိုသာနှင့်တန်းတူပြောဆိုနိုင်ရန်မှာ သူ့ဝတ်စုံလည်းအရေးပါသည်ဟု သူယူဆသည်။

ကျွန်တော်တို့ အတူတူခရီးသွားသည့်အခါ သူနောက်တစ်နေ့တွင် ဘာဝတ်မည်ကိုကျွန်တော်ကြိုသိလိုသည်။ သို့မှသာကျွန်တော်လည်း ဆီလျော်သော အဝတ်ဝတ်နိုင်မည်။ သူကအဝတ်အစားကိစ္စဆိုလျှင် အလေးထားမှန်း ကျွန်တော်သိသည်။ ကျွန်တော်သူ့အခန်းသို့သွားပြီး ထိုမေးခွန်းထုတ်လျှင်သူက 'ရစ်ချတ်ရေ၊ ငါကမင်းဘာဝတ်မလဲ သိချင်နေတာ' ဟုပြောလေ့ရှိသည်။ သူနောက်နေခြင်းမဟုတ်ပါ။ ကျွန်တော်ဝတ်ဆင်ထားသော ဝတ်စုံ၊ သို့မဟုတ် နက်ကတိုင်ကို သူမှတ်ချက်ပြုတတ်သည်။ အထူးပွဲလမ်းတစ်ခုရှိခဲ့ပြီး ကျွန်တော်ဝတ်ထားသည့် ဝတ်စုံသည်

အပို၊ အလိုရှိနေပါက သူ့ကျေနပ်ချက်ကို ထုတ်ဖော်ပြောတတ်သည်။

ဤကိစ္စနှင့်စပ်လျဉ်းပြီးမင်ဒဲလားသည် အရပ်ထောင်ထောင် မောင်းမောင်းရှိခြင်း၊ ပိန်ပိန်ပါးပါးရှိခြင်း၊ ကြံ့ခိုင်ခြင်းတို့ကြောင့် ဆီလျော်မှုရှိသည်။ သူ၏ကိုယ်နေဟန်ထားသည် ခံ့ညားသည်။ သူ့ကို သင်ဘယ်တော့မှ ခပ်ကိုင်းကိုင်းအနေအထားဖြင့်မမြင်ရပါ။ ဦးခေါင်းကိုလည်း တည့်မတ်စွာထားပြီး ရှေ့သို့သာကြည့်သည်။ ရော်ဘင်ကျွန်းတွင် သူမည်သည့်ဟန်ပန်ဖြင့် လမ်းလျှောက်သည်ကို သူ့ကိုယ်သူ သတိထားမိသည်။ သူအစိုးရဖြင့်လျှို့ဝှက်စွာ ဆက်သွယ်နေချိန်မှာပင် သူ့အားကျန်လူများကအာဏာပိုင်များကို ခုခံပြောတတ်သူအဖြစ် မြင်စေလိုသည်။ အခြားလူများသည် သူဦးဆောင်သလို လိုက်လုပ်တတ်သည်ကို သူသိသည်။ ထို့ကြောင့် သူယုံကြည်ချက်ပြည့်ဝပြီး အနိုင်မခံ အရှုံးမပေးသည့် စိတ်ဓာတ်ကိုပြနိုင်လျှင် ကျန်လူများလည်း အလားတူ စိတ်ဓာတ်ထားရှိလိမ့်မည်။

ကာယလေ့ကျင့်ခန်းအဖြစ် ရှရှပြေးခြင်းခေတ်မစားမီအချိန်ကပင်သူသည် ကျန်းမာရေးကိုလိုက်စားသည်။ ဂျိုဟန်းနစ်ဘတ်တွင် နေစဉ် ၁၉၅၀ ပြည့်နှစ်ကာလများက နံနက်ပိုင်း၌သူပြေးလေ့ရှိသည်။ အဓိကအကြောင်းရင်းမှာ သူ၏ကြံ့ခိုင်မှုကို သူ ဂုဏ်ယူ၍ဖြစ်သည်။ သူ ကျစ်ကျစ်လျစ်လျစ်ရှိသည်ကို ပီတိဖြစ်သည်။ အစားအသောက်ကို ဂရုစိုက်သည်။ သူနှင့်ရွယ်တူလူများဗိုက်ရွှဲနေပါက သူသရော်တတ်သည်။ ကျွန်တော်တို့အတူရှိနေစဉ်၊ သူ့အသိုင်းအဝိုင်းထဲမှ မည်သူကရုပ်မရင့်၊ မည်သူကရင့်သည်ကို မှတ်ချက်ချတတ်သည်။ တစ်ခါကကျွန်တော်တို့ ထရန်စကီတွင်လမ်းလျှောက်နေစဉ် အနီးအနားရွာမှ သူနှင့်ရွယ်တူခန့်ရှိမည့် အမျိုးသမီးနှစ်ဦးကိုတွေ့သည်။ သူတို့က သူ၏နုပျိုမှုကို မှတ်ချက်ချသဖြင့် သူအထူးဝမ်းသာသွားသည်။ သူတို့က သူ့ထက် ရင့်နေသည်။

'ကျေးလက်ဘဝက ကြမ်းတမ်းတယ်။ ဆင်းရဲမွဲတေမှုကလည်း လူတစ်ယောက်ကို အရွယ်ရင့်စေတယ်။ ရယ်စရာကောင်းတာက ထောင်ထဲကခြိုးခြံချွေးမွေးမှုနဲ့ ကာယအလုပ်စေခိုင်းမှုတို့ဟာ အသက်ရှည်ပြီးအရွယ်နုပျိုစေတယ်' ဟုသူပြောသည်။ မှန်သည်။ သူ၏ အကျဉ်းထောင်စည်းစနစ်အရ နေ့စဉ်အလုပ်ကြမ်းလုပ်ရခြင်း၊ နံ့စေ့များနှင့် ဟင်းသီးဟင်းရွက်သာစားရခြင်း၊ စောစောအိပ်ထ အလေ့အကျင့်ကို လိုက်နာရခြင်းတို့သည် ရုပ်ရည်အိုမင်းလာမှုကို ကာကွယ်နိုင်ရန်အိုမှုဖြစ်စဉ်ပညာရှင်တစ်ဦးက စီစဉ်ဖွင့်လှစ်ထားသည့် ရေပူစမ်းတစ်ခုနှင့် အသွင်တူသည်။ ဝေါလ်တာဆစ်စူလူးက အကျဉ်းထောင်ပြင်ပတွင် စိတ်ဖိစီးမှုပိုများ၍ သူထောင်မှ လွတ်သည့်အချိန်ကစပြီး တစ်ညမှကောင်းကောင်း မအိပ်ရသေးဟု ရယ်စရာပြောသည်။ မင်ဒဲလားကထောင်တွင်း၏ နံနက်လေ့ကျင့်ခန်း လှုပ်ရှားမှုအကြောင်း မကြာခဏ ပြောပြသည်။ ထိုလှုပ်ရှားမှုတွင်၊ မိမိတို့ နေရာ၌ ၄၅ မိနစ် ပြေးခြင်း၊ အိပ်ထမတင် နှစ်ရာလုပ်ခြင်း၊ လက်ထောက်မှောက် တစ်ရာလုပ်ခြင်းတို့ပါဝင်သည်။ သူက တစ်နေ့ ကြမ်းပေါ်တွင် မှောက်ချလိုက်ပြီး ကျွန်တော့်အားလက်ထောက်မှောက် နှစ်ကြိမ် လုပ်ပြသည်။ ထို့နောက်လက်ကိုဖုန်ခါပြီး ကျေနပ်သည့်အပြုံး ပြုံးလိုက်သည်။

မင်ဒဲလားအနေဖြင့် အသွင်အပြင်ကို ဂရုစိုက်သည်ဆိုရာဝယ်ဝတ်စုံခံ့ညားမှုရှိခြင်းထက် ပိုပါသည်။ ခေါင်းဆောင်တစ်ယောက်၏ ရုပ်ပုံလွှာစွမ်းအားကို သူနားလည်သည်။ အင်တာနက်နှင့် ၂၄ နာရီ ကေဘယ်လ်သတင်းတို့ မပေါ်မီကပင် မင်ဒဲလားကသူ့လှုပ်ရှားမှုများကို မဲဆန္ဒရှင်များနှင့် မီဒီယာကမည်သို့အဓိပ္ပာယ်ကောက်မည်ကို လေးလေးနက်နက် တွေးတောသည်။ သူတို့ပါတီ၏ ပေါ်လစီများကိုလည်း ကမ္ဘာ့ဇာတ်ခုံတွင်မည်သို့ မြင်မည်ကို စဉ်းစားသည်။ 'အပြင်ပန်းအမြင်ဟာ ဖြစ်ရပ်မှန်နဲ့ ညီမျှတယ်' ဟု သူတစ်ခါက ကျွန်တော့်အား ပြောဖူးသည်။ သင်္ကေတအထိမ်းအမှတ်များသည် အခြေအမြစ်ရှိခြင်းထက် အလေးသာသည်ကို သူနားလည်သည်။ သူကိုယ်တိုင်သူ့နိုင်ငံ၏ ခေါင်းဆောင်ဖြစ်လာသည်မှာ သင်္ကေတနှင့် အခြေအမြစ်ကို ပေါင်းစပ်သုံးစွဲခဲ့၍ မဟုတ်ပါလား။ သူသည်မဟာဆန်သောတော်လှန်ရေးသမားဖြစ်ပြီး ခါးသီးမှုမရှိသော အကျဉ်းသားလည်း ဖြစ်သည်။ ကနဦးကပင် သူသည်

အသင်းအဖွဲ့ပေါ်လစီနှင့် အုပ်ချုပ်ရေးကိုနားလည်သော၊ ရုပ်ရည်ချော မောပြီး ဩဇာတိက္ကမနှင့် ပြည့်စုံသောပြယုဂ်ဖြစ်သည်။ ဝေါလ်တာဆစ်စူလူးက သူမင်ဒဲလားကို ၁၉၄၁ ခုနှစ်၌ စတွေ့ခဲ့သည့်အကြောင်း ဤသို့ပြောပြသည်။ 'ကျွန်တော်တို့က လူထုလှုပ်ရှားရေးတစ်ရပ် လုပ်ချင်နေခဲ့တာ။ တစ်နေ့ ကျွန်တော့်ရုံးခန်းထဲကို လမ်းလျှောက်ဝင်လာခဲ့တဲ့သူ (မင်ဒဲလား) ဟာ လူထုခေါင်းဆောင်ပဲဆိုတာ ချက်ချင်း သိလိုက်တယ်'။

မင်ဒဲလားသည် လူမှုဗေဒပညာရှင်များ အမည်နာမပေးထားသည့် 'အထင်ကြီးသဘောကျအောင် စီမံကိုင်တွယ်မှု' တွင် ပါရမီရှင်ဖြစ်သည်။ မှန်သည်၊ အာဖရိကန်အမျိုးသားကွန်ဂရက်သည် လက်နက်ကိုင်စွဲမှု နည်းစနစ်ကိုအသုံးချမှ ရည်မှန်းချက် အောင်မြင်မည်ဆိုသည်ကို သူယုံကြည်သည်။ သို့သော် နောက်ကွယ်ရှိ အပါသိုက် ဆန့်ကျင်ရေးနှင့် စည်းလုံးရန် သင်္ကေ[illegible]ပြောင်းအလဲများ လိုအပ်သည်ဟု ခံယူသည်။ နာမည်ကျော်ရီဗိုးနီးယားအမှုတွင် သူကိုယ်သူ ခုခံကာကွယ်လိုခဲ့သည်။ သို့သော် သူက 'အပြစ်ရှိပါသည်' ဟု ထွက်ဆိုခဲ့သည်။ အပြင်လောကမှသူ့အား သူ့ရဲကောင်းတစ်ဦးကဲ့သို့မြင်စေရန်ဖြစ်သည်။ အကျဉ်းထောင်မှထောင်မှူးများနှင့် ထောင်ကြပ်များသည် သူ့အပေါ်မှာကောင်းခဲ့သည်ဟု သူ မထင်ပါ။ သို့သော် သူ့အနေဖြင့် စိတ်ဆိုးမနေပါ၊ နာကြည်းမနေပါဟု လူဖြူအသိုင်းအဝိုင်းအားပြလိုသည်။

ပေါ်လစီတစ်ခု၊ လုပ်ရပ်တစ်ခုအတွက်သူအမြဲလိုလို သေချာကြိုတင်စီမံသည်။ အသေးစိတ်အချက်အလက်အားလုံးကို ထည့်သွင်းစဉ်းစားသည်။ မဲဆွယ်သည့်ပိုစတာများကို သေချာစိစစ်သည်။ မည်သူနှင့် လက်ဆွဲနှုတ်ဆက်မည်ဆိုသည်ကိုလည်း ကြိုတွေးထားသည်။ကျွန်တော်သူနှင့်အကြိမ်များစွာ ကားအတူစီးဖူးသည်။ ကားထဲမှ မည်သည့်အချိန်တွင် ကွက်တိထွက်ရမည်ကိုပင် သူကြိုတွက်ထားသည်။သူလေယာဉ်တစ်စင်းမှအထွက်၊ အခန်းတစ်ခန်းသို့ အဝင်စသည့်အချိန်များတွင် သူ့အသွင်အပြင် မည်သို့ရှိသည်၊ မည်သည့်အချိန်တွင် အာရုံအများဆုံးအထားခံရသည်ကို သူသိနေသည်။



ထို့ပြင်လက်ဦးရယူမှုကို လူသိရှင်ကြားပြုလုပ်ခြင်းသည် ဩဇာရှိစေသည်ကို နားလည်သည်။ နိုင်ငံရေး၊ သို့မဟုတ် လူမှုရေးပွဲလမ်းများတွင် သူအရင်ထရပ်ပြီး လက်ခုပ်တီးသည်။ ဖြေဖျော်တင်ဆက်သူများနှင့်အရင်လက်ဆွဲနှုတ်ဆက်သည်။ အနိုင်ရသူကိုအရင် ဝမ်းသာစကားပြောသည်။ လူများကိုသူကကြိုဆိုသည်။ သူ့အား လူများက ကြိုဆိုခြင်းမဟုတ်ပါ။ သူမိန့်ခွန်းမပြောသည့်ပွဲလမ်းအကြီး၊ အသေး၊ မရှိပါ။ သူမတ်တတ်ထပြီးမှတ်ချက်မပေးရန် တားမြစ်၍မရပါ။ သူသာလျှင် အိမ်ရှင်ဖြစ်သည်။ ဧည့်သည်မဟုတ်ပါ။ သူလန်ဒန်မြို့တွင် အဲလီဇဘက်ဘုရင်မနှင့် ပွဲထွက်ခဲ့စဉ်က သူသည်ဧည့်ဝတ်ကျေပွန်သော တော်ဝင်အိမ်ရှင်ပုံစံ ပေါက်နေပြီးအဲလီဇဘက်သည် တည်ကြည်ခံ့ညားသောကျေးလက်အမျိုးသမီးကြီးပုံစံ ဖြစ်နေသည်။

လူအများကို သူထင်ဟပ်စေလိုသည့်အမြင်မှာသူသည် မည်သူ့ကိုမျှဦးစားပေးခြင်းမရှိဆိုသည်ပင်။ ဘက်လိုက်ခြင်းကိုလည်း သူ မလုပ်ပါ။ အကျဉ်းထောင်တွင်နေရစဉ်က၊ စနေ၊ တနင်္ဂနွေနေ့များတွင် ထောင်အာဏာပိုင်များက နိုင်ငံရေးအကျဉ်းသားများကို ဘောလုံးကွင်းသို့ လမ်းလျှောက်သွားစေပြီး အခြားအကျဉ်းသားများ ဘောလုံးကစားသည်ကိုကြည့်ခွင့်ပေးသည်။ သူကသူနှင့်တွဲလျှောက်ရန် ကုလားလူမျိုး၊ သို့မဟုတ် အခြားလူမည်းတစ်ဦးကို ရွေးချယ်လေ့ရှိသည်။ အမျိုးတူသာ ပေါင်းသင့်သည်ဆိုသည့် ခံယူချက်မှားယွင်းကြောင်း သူပြလိုသည်။ ထိုစဉ်က သူသမ္မတ မဖြစ်သေးမီအချိန်ကပင် လူများက သူ၏ အနှစ်သက်ဆုံးဘောလုံးအသင်းအမည်ကိုမေးလျှင် သူက ထိုမေးခွန်းကို ကန့်ကွက်သည်။

'ကျွန်တော်နာမည်ကျော်တွေနဲ့ အသင်းတွေကိုဘယ်သူ ဘယ်ဝါကောင်းလဲလို့ ဘယ်တော့မှ မရွေးချယ်ဘူး။ ကျွန်တော်နာမည်ကျော်တစ်ယောက်ကို ဦးစားပေးတယ်ဆိုတာနဲ့ ကျန်လူတွေရဲ့ထောက်ခံမှုကို စတေးလိုက်သလိုပဲ။ ထောင်ထဲမှာဆိုရင်လည်း ကျွန်တော်သူတို့အားလုံးကို အားပေးတယ်၊ အတော်ဆုံးတွေကိုလည်း အားပေးတယ်လို့ပဲပြောတယ်'။

အလားတူပင်၊ သူသည် အများပြည်သူတို့၏ အသည်းကျော် ဖြစ်လိုသည်။ ပွဲလမ်းများ၊ ထမင်းစားပွဲများတွင် သူအမြဲလိုလို မီးဖိုချောင်သို့သွားပြီး ဝန်ထမ်းများနှင့် လက်ဆွဲနှုတ်ဆက်သည်။ လေဆိပ်တွင် ဆိုလျှင် မြေပြင်လေဆိပ်ဝန်ထမ်းများကို လက်ဆွဲနှုတ်ဆက်သည်။ ထင်ပေါ်ကျော်ကြားသူများအကြား သူပျော်တတ်ရွှင်တတ်သော်လည်း၊ အများပြည်သူကသူ့အား လူ့မလိုင်များနှင့်သာ ပေါင်းသင်းသည်ဟု မမြင်စေလိုပါ။ လူများကိုသူသိစေချင်သည်မှာ၊ သူသည် ခေါင်းဆောင်တစ်ယောက်၏ တာဝန်ဝတ္တရားများကိုလက်ခံသလို ပျော်ရွှင်ကြည်နူးမှုတို့ကိုလည်း ခံစားတတ်သည်။ အရာရာကို တာဝန်ရှိသလို အခွင့်အလမ်းရှိသည်။

မင်ဒဲလားသည် မယုံကြည်နိုင်လောက်အောင် စည်းကမ်းကြီးသူ ဖြစ်သည်။ သို့သော်သူများကသူ့ကို စည်းကမ်းကြီးသူဟု မြင်စေချင်သည်။ ကျွန်တော်တို့အလုပ်အတူ စလုပ်စဉ်က စနေနေ့နံနက်တစ်ခုတွင် သူနှင့်စောစောချိန်းထားသည်။ ကျွန်တော်သူ့ရုံးခန်းသို့ ၇ နာရီမထိုးမီ ရောက်သွားသည့်အခါ သူက ဝတ်စုံပြည့်ဖြင့် စားပွဲတွင် ထိုင်ပြီးဖုန်းပြောနေသည်။ တစ်ဖက်မှ လူသည် သူတယ်လီဖုန်းဆက်ခြင်းကြောင့် နိုးသွားမှန်းသေချာသည်။ ထိုလူက ‘ခင်ဗျား ဘယ်တော့မှမအိပ်ဘူးလား’ ဆိုသည်မျိုး မေးသံကြားရသည်။ သူက ‘အင်း၊ ကျွန်တော်ကသက်ကြီးရွယ်အိုဆိုတော့ တစ်ညကို နှစ်နာရီပဲအိပ်နိုင်တယ်လေ’ ဟု ဖြေသည်။ သူဖုန်းပြောပြီးသောအခါ ကျွန်တော်က သူ နှစ်နာရီသာ အိပ်သည်ဆိုသည်မှာ တကယ်ပဲလားဟုမေးလိုက်ရာ သူက ‘ဘယ်ဟုတ်မလဲ။ ကျွန်တော် ရှစ်နာရီအိပ်တယ်’ ဟု ရယ်ပြီးပြောသည်။

သမ္မတလင်ကွန်းသည် အခွင့်သာတိုင်းဓာတ်ပုံအရိုက်ခံသည်။ မင်ဒဲလားက ရုပ်ပုံလွှာဆိုသည်မှာ လူတစ်ယောက်ကို မည်သို့လက်ခံကြမည်ကို ပုံဖော်ရာတွင် အင်အားကြီးကြောင်းနားလည်ထားသည်။ ငယ်စဉ်ကပင် သူဓာတ်ပုံအရိုက်ခံရသည်ကို ကြိုက်သည်။ ရှပ်ဗီးလ်အုံကြွမှုနောက်ပိုင်းတွင် သူ၏သွားလာခွင့်ကတ်ကို မီးရှို့နေပုံ အရိုက်ခံသည်။ လက်ဝှေ့ကြိုးဝိုင်းအတွင်း၊ အပြင်တွင်အပေါ် အင်္ကျီမပါဘဲ အရိုက်ခံသည်။ သစ္စာဖောက်အမှုမစီရင်မီ အာဖရိကဝတ်စုံပြည့်ဖြင့် အရိုက်ခံသည်။ ရော်ဘင်ကျွန်းတွင်ပင် ဓာတ်ပုံအရိုက်ခံသည်။ အင်တာနက်ဘလော့ဂ်များ၊ လူမှုကွန်ရက်ဝက်ဘ်ဆိုက်များမရှိသေးစဉ်ကပင် မင်ဒဲလားက ရုပ်ပုံလွှာတို့၏စွဲမြဲတည်တံ့မှုကို နားလည်သည်။ လူပုဂ္ဂိုလ်တစ်ဦးကိုမြှင့်တင်ပေးနိုင်သလို နစ်နာစေနိုင်သည်ကိုလည်း သိထားသည်။ သူ့ဘဝတစ်လျှောက်သူ့ရုပ်လွှာအားသာရေးအတွက် ပျိုးထောင်သည်။ ထိန်းသိမ်းသည်။ သူ့အားအမှတ်သညာဖြစ်စေမည့်ရုပ်ပုံလွှာမျိုးကို အသုံးပြုရန်ရွေးချယ်ပေးပြီး၊ သူ့အားအမြင်မှားစေမည့်ရုပ်ပုံလွှာမျိုးကို သူရှောင်သည်။



သင် မင်ဒဲလား၏ဓာတ်ပုံဟောင်းများကိုကြည့်လျှင် သူနှင့်ခေတ်ပြိုင် အာဖရိကန်လူများတွင် အလွန်ရှားပါးသည့် တစ်မူထူးခြားသည့် အရာတစ်ခုကိုတွေ့ရမည်။ ထိုအရာမှာ လင်းလက်သော အားပါးတရအပြုံးဖြစ်သည်။ မင်ဒဲလား၏အပြုံးသည် သမိုင်းတွင် ထွန်းလင်းဝင်းပမှုအရှိဆုံးအပြုံး ဖြစ်သည်။ ထိုအပြုံးသည် နွေးထွေးမှုနှင့် ဉာဏ်အမြော်အမြင်၊ စွမ်းအားနှင့် သဘောပြည့်ဝမှု၊ နားလည်မှုနှင့် ခွင့်လွှတ်မှုတို့ကိုကမ်းလင့်သည်။ ထိုအရာသည် ထရန်စကီမှ ရောက်လာသည့် လူငယ်၏အရည်အချင်းများအဖြစ် ဝေါလ်တာဆစ်စူလူးက ဦးစွာ သတိပြုမိသည်။ ယင်းသည်အာဖရိကန်လူမျိုးဆိုလျှင် မိမိကိုယ်ကိုယ်နှိမ့်ချကျိုးနွံသည့်ပုံစံပြုရပြီး၊ ပြည်သူလူထုရှေ့ထွက်ပုဂ္ဂိုလ်အကျော်အမော်တို့၏ အပြုံးသည်စိတ်ထဲကမပါသလိုမြင်ရသည့် အချိန်ကာလဖြစ်သည်။ အပြုံးများသည် ခေတ်မီသည်။ မင်ဒဲလား၏အပြုံးသည် ယုံကြည်မှုပေးသည်။ ထိုအပြုံးကသူသည် ‘စေလိုရာစေသဘောထားတတ်သော စစ်သည်တစ်ဦးဖြစ်သည်။ အငြိုးကြီးသောစစ်သည်မဟုတ်’ ဟု ဖော်ပြနေသည်။

မင်ဒဲလားက သူ၏ အောင်မြင်မှုတစ်စိတ်တစ်ပိုင်းသည် သူ၏ အပြုံးကြောင့်ဖြစ်သည်ဟု အစောပိုင်းကပင်သိနှင့်နေသည်။ သူနှင့် အတူရှိသည့်နှစ်များတစ်လျှောက် ပွဲလမ်းများတွင် သူဓာတ်ပုံအရိုက်ခံ

သည့်အခါတိုင်း သူ့အပြုံးသည်တည်ငြိမ်ပြီး ခြောက်ပြစ်ကင်းသည်။ ကျွမ်းကျင်သော ဇာတ်ကောင်တစ်ဦးကဲ့သို့ သူ့အပြုံးကို ထိရောက်အောင် ကျင့်ထားသည်။ သူ့ဓာတ်ပုံတစ်ပုံပြီးတစ်ပုံကိုကြည့်ပါ။ အပြုံးသည် အတူတူပင်ဖြစ်သည်။ ထိုအပြုံးသည် သူ့မျက်နှာဖုံးဖြစ်သည်။

၁၉၉၄ ခုနှစ် ရွေးကောက်ပွဲအတွက် စည်းရုံးလှုံ့ဆော်မှုကာလက သူ့အပြုံးသည်သူ့စည်းရုံးမှုပင်ဖြစ်သည်။ သူပြုံးနေသည့် ရုပ်ပုံလွှာဖြင့် စည်းရုံးရေးပိုစတာကို နေရာတကာတွင် တွေ့ရသည်။ ကြော်ငြာဘုတ်များ၊ အဝေးပြေးလမ်းမများ၊ လမ်းဘေးမီးတိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့် သစ်သီးဆိုင်များတွင်ဖြစ်သည်။ လူမည်းမဲဆန္ဒရှင်များအားသူသည် ယင်းတို့၏ချန်ပီယံအဖြစ်နေပေးမည်၊ လူဖြူမဲဆန္ဒရှင်များအားသူသည် ၎င်းတို့ကို အကာအကွယ်ပေးမည်ဟု ဖော်ပြထားသည်။ သူ့အပြုံးသည် 'နားလည်နိုင်လျှင် ခွင့်လွှတ်နိုင်သည်' ဟူသည့် ဆိုရိုးကိုကိုယ်စားပြုသည်။ စိုးရိမ်ကြောင့်ကြမှုရှိနေသောမဲဆန္ဒရှင်များအဖို့ သူ့အပြုံးသည် နိုင်ငံရေးအားဆေးပင်ဖြစ်သည်။

အဆုံးစွန်တွင်၊ သူ့အားထောင်မှလွှတ်ပြီးသည့်အချိန်တွင် သူပေးလိုသောသဝဏ်လွှာမှာ 'သူသည်နာကြည်းမှုမထားသောသူ' ဖြစ်သည်။ တောင်အာဖရိက၏ပထမဆုံးရွေးချယ်တင်မြှောက်သော ဒီမိုကရက်တစ်သမ္မတအနေဖြင့်သူသည်သူ့နိုင်ငံ၏ ဖခင်ဖြစ်ရမည်။ လူမျိုးစုစုံပြီးစစ်ပွဲများကြောင့် ဒဏ်ရာဒဏ်ချက်များနေသောနိုင်ငံကို တစုတစည်းတည်းဖြစ်အောင်ဖော်ဆောင်ရမည်။ သူ့ကိုထောင်မှ လွှတ်သည့်အချိန်မှစပြီးသူသမ္မတအဖြစ်အုပ်ချုပ်သည့်ကာလတစ်လျှောက် သူသည်နာကြည်းခါးသီးမှုတို့ မထားပါဆိုသည်ကို သူပြည်သူပြည်သားများ သိအောင်ဖော်ဆောင်သည်။ အကျဉ်းထောင်မှလွှတ်ပြီး ပထမသတင်းစာရှင်းလင်းပွဲမှစပြီး နောင်ရာပေါင်းများစွာသော ရှင်းလင်းပွဲတို့တွင် သူ့ထောင်မှူးများ စေတနာကောင်းခြင်းကိုပြောသည်။ 'အတိတ်ကိုမေ့ပစ်လိုက်ပါ' ဟုပြောသည်။ သူအဓိကပေးလိုသည့် အမှာစကားမှာ 'ခွင့်လွှတ်ရန်နှင့်မေ့ပစ်ရန်' ဖြစ်သည်။ သူ၏ လူဖြူထောင်မှူးအချို့နှင့် လူရှေ့



ထွက်သည်။ ထိုအထဲတွင်ပါဝင်သည့် ဂျိမ်းစ်ဂရက်ဂိုရီဆိုသည့်ထောင်မှူးသည် လူရှေ့ရောက်နေသည့် ၁၅ မိနစ်တွင် သူသည်မင်ဒဲလား၏ မိတ်ဆွေဖြစ်ခဲ့သည်ဟု အခိုင်အမာ ဆိုသည်။ မင်ဒဲလားက အပါသိုက်၏ဖခင်၊ ကွယ်လွန်သူဝန်ကြီးချုပ်ဟောင်းဟင်းဒရစ်ခ်ဗားဝိုးရတ်၏ ဇနီးထံသို့ လူသိရှင်ကြားသွားလည်သည်။သူ့ထံမှအာဏာသိမ်းရန် ကြံစည်ခဲ့သူလက်ယာဝါဒီ ဗိုလ်ချုပ်ဟောင်း ကွန်စတင်းဗီလ်ဂျိုအင်အား ပခုံးမှဖက်သည်။ ထိုအရာအားလုံးသည် အများပြည်သူကို သူသိစေချင်သောအချက်ကို ညွှန်ပြနေသည်။ 'အတိတ်ကို သူမေ့ပစ်လိုက်ပြီ။ သူသည်ယခုသက်တံရောင်ခြည်နိုင်ငံ၏ ဖခင်ဖြစ်သည်။ သူရှေ့သို့သာ မျှော်မှန်းသည်။ နောက်သို့ ပြန်လှည့်မကြည့်။ သူ့ဒေါသကို ဖော်ထုတ်လျှင် သူ့စွမ်းအားကိုလျော့နည်းစေမည်။ ဒေါသကိုဖုံးကွယ်နိုင်လျှင် သူ့စွမ်းအားတိုးပွားမည်'။

သို့သော်ယင်းတို့အားလုံးလိုလိုသည် ဟန်ပြသာဖြစ်သည်။ မင်ဒဲလားကိုယ်တိုင်က သူ့ဖြစ်ရပ်များအတွက် ဝေဒနာခံစားရသည်။ သူ၏ အရွယ်ကောင်းအချိန်ကို သံတိုင်နောက်တွင်ကုန်ဆုံးခဲ့ရသည်။ သူ့ထောင်မှူးများနှင့် အစိုးရခေါင်းဆောင်တို့၏ သဘောထား အမြင်တို့သည်ကျဉ်းမြောင်းသည်။ သူဂရက်ဂိုရီကိုလည်းမခင်ပါ။ ဂရက်ဂိုရီက ကန့်သတ်အရည်အချင်းသာရှိသည်။ ထို့ပြင်မင်ဒဲလားနှင့်ဆက်နွယ်မှုအပေါ် အမြတ်ထုတ်သည်။ မင်ဒဲလားက သူထောင်ကျနေစဉ်အတွင်း သူ့ဇနီးဝင်နီ့အပေါ် ကောင်းမွန်စွာ မဆက်ဆံကြခြင်းကိုလည်း စိတ်နာသည်။ သူ၏နိုင်ငံရေးပြိုင်ဘက်များက သူ့ကိုချိုးနှိမ်ရန်ကြိုးပမ်းခြင်းကိုလည်း ဒေါသထွက်သည်။ နိုင်ငံတွင်းဖိနှိပ်ချုပ်ချယ်မှုနှင့် ဘက်လိုက်မှုတို့ကို တိုက်ခိုက်ရခြင်းကြောင့် မိမိအိမ်ထောင်နှင့် မိသားစုကိုစတေးရသည်။ သို့သော် ပြည်သူများကို ကန့်လန့်ကာနောက်ကွယ်ကို မြင်စေရန်မှာ မဖြစ်နိုင်ပါ။ သူ့ခံစားချက်အမှန်တို့ကို ထုတ်ဖော်ပြသ၍ မဖြစ်ပါ။ ကျွန်တော်တို့နေထိုင်သည့်ခေတ်ကာလသည် မင်ဒဲလားတို့ခေတ်ကာလထက် ပိုပွင့်လင်းသည်။ မည်သို့ပင်ဆိုစေ၊ လူတစ်ဦးတစ်ယောက်

သည် မိမိ၏ခံစားချက်များကို အပြည့်အဝ လှစ်ဟပြသရန်မသင့်ဟု သူက ပြောသည်။ မှန်သည်၊ ခံစားချက်များသည် စစ်မှန်မှုရှိပြီး၊ စစ်မှန်မှုသည် ခေတ်သစ်အရည်အသွေးတစ်ခုဖြစ်သော်လည်း မလိုအပ်ဘဲ ကိုယ်ရေးကိစ္စများကို လှစ်ဟပြသခြင်းမပြုဘဲ အစစ်အမှန်ကိုရရှိနိုင်ပါသည်။ ဤနေရာတွင် သူ၏ထူးခြားသည့်စည်းကမ်းက နေရာယူပေသည်။ ထို့ကြောင့် သူ့အပြုံးသည် သူ့မျက်နှာဖုံးဖြစ်သည်။ စိတ်ထိခိုက်ခြင်း၊ ဝမ်းနည်းခြင်းတို့ကို ဖုံးကွယ်ထားသလောက် လှစ်ဟပြသည်။

အဆုံးတွင် မင်ဒဲလား၏အပြုံးသည် သူ့ဘဝကိုမည်သို့ ပုံသွင်းထားသည်ကို ဖော်ပြသည့်သင်္ကေတဖြစ်သည်။ သူ့ဘဝအချိုးအကွေ့တိုင်းတွင် သူမည်သို့သော ပုဂ္ဂိုလ်မျိုးဖြစ်လိုသည်ကို ဆုံးဖြတ်သည်။ ထိုသူနှင့် လိုက်လျောညီထွေရှိမည့် အသွင်အပြင်ကိုစဉ်းစားဖော်ထုတ်သည်။ ထို့နောက် ထိုပုဂ္ဂိုလ်အစစ်အမှန်ဖြစ်အောင် ကြိုးပမ်းသည်။ သူဖြစ်လိုသောပုဂ္ဂိုလ်ဖြစ်လာသည်။

■

# ကျောရိုးမှုတစ်ခုထားရှိပါ ကျန်အရာအားလုံးသည်ပရိယာယ် နည်းဗျူဟာများသာဖြစ်သည်

နယ်လ်ဆန်မင်ဒဲလားသည် အခြေခံသဘောတရား ခိုင်မာသူဖြစ်သည်။ သူ့မှုတစ်ခုသာရှိသည်။ယင်းမှာ၊ လူမျိုး၊အဆင့်အတန်း၊ လိင်ခွဲခြားမှုမရှိဘဲ တန်းတူအခွင့်အရေးရရှိရန်ဖြစ်သည်။ ကျန်အရာအားလုံးသည်နည်းဗျူဟာများသာဖြစ်သည်။

ဤသည်မှာ အကျယ်ချဲ့နေခြင်းဟုထင်ပေမည်။ သို့သော် မင်ဒဲလားသည် စေ့စပ်သေချာသော လက်တွေ့အကျိုးမျှော်ကိုးမှုဝါဒီဖြစ်ပြီး သူ့ရည်မှန်းချက် ပန်းတိုင်သို့ရောက်မည်ဆိုလျှင် သူ့ဗျူဟာကို အပေးအယူလုပ်မည်။ ပြောင်းလဲမည်။ လိုက်ဖက်အောင်ပြင်ဆင်မည်။ မွမ်းမံမည်။ မည်သည့်နည်းလမ်းသုံးရသုံးရ ထိုမြင့်မြတ်သည့် ပန်းတိုင်ရောက်ရန် လျော်ကန်သင့်မြတ်မှုရှိသည်။ ၁၉၈၀ ပြည့်လွန်နှစ်များနှင့် ၁၉၉၀ ပြည့်လွန်နှစ်များတွင် ထိုကြိုးပမ်းမှုများ၏ ဦးတည်ချက်မှာ တစ်ခုတည်းဖြစ်သည်။ အပါသိုက်လူမျိုးခွဲခြားရေးစနစ်ကို တော်လှန်ဖြုတ်ချရန်နှင့် လူမျိုးခွဲခြားရေးမရှိသည့် လူတစ်ယောက်၊ မဲတစ်မဲ ပေးနိုင်မည့် ဒီမိုကရေစီစနစ်ကို ထူထောင်ရန် ဖြစ်သည်။ အခြားမရှိပါ။

မင်ဒဲလားကို တမန်တော်၊ သူတော်စင်၊ သူရဲကောင်းဟုအမည်တပ်ကြသည်။ သူ့ကိုမည်သို့ခေါ်ခေါ် သူသည်ရိုးစင်းသော အတွေးအမြင်

ပဓာနဝါဒီတော့မဟုတ်ပါ။ သူသည်အတွေးအမြင်ကောင်းသော လက်တွေ့အကျိုးမျှော်ကိုးမှုဝါဒီဖြစ်သည်။ အမြင်မြင့်မားသည်။ သို့သော် တစ်နေ့တာပြီးဆုံးချိန်တွင် အလုပ်ကိစ္စများ ပြီးမြောက်စမြဲပင်။

ကျွန်တော်တို့နှစ်ဦး အတူရှိချိန်များတွင် မင်ဒဲလားက အခြေခံမူနှင့်နည်းဗျူဟာကွဲပြားခြားနားမှုကို သိသာအောင်ထပ်ကာတလဲလဲပြောသည်။ (မူနှင့်ဗျူဟာအစားဗျူဟာနှင့်မူဟုလည်း အပြန်အလှန် ပြောင်းလဲသုံးစွဲသည်)။ သူအကျဉ်းထောင်အတွင်းရှိစဉ်က ထိုအမြင်ပြောင်းလဲဖြစ်ပေါ်ခဲ့သည်။ ထောင်သို့အပို့ခံရသော မင်ဒဲလားသည် ထောင်မှပြန်ထွက်လာသည့် မင်ဒဲလားလောက် ဗျူဟာ မဆန်ခဲ့ပါ။ သူငယ်စဉ်က စိတ်ကူးယဉ်သဘောတရားများကို ခံယူပြီး နောင်အခါ နောင်တရမည့် ဆုံးဖြတ်ချက်များချခဲ့ဖူးသည်။ သို့သော် လွတ်လပ်ရေးတိုက်ပွဲဝင်တစ်ဦးဖြစ်လာပြီးနောက် အခြေခံမူမရှိသည့်၊ သို့မဟုတ် နည်းပါးစွာသာရှိသည့် ရန်သူကို တိုက်ခိုက်ခဲ့ခြင်း၊ ထောင်တွင်း အနှစ် ၂၀ ကျော် နေထိုင်ခဲ့ရခြင်းတို့နောက်တွင် သူသည် အဆုံးစွန်ဗျူဟာမြောက်သူ၊ ဗျူဟာကျွမ်းသူ တစ်ဦးဖြစ်လာခဲ့သည်။

အများပြည်သူရှေ့တွင် သူမိန့်ခွန်းပြောနေသည်ကို သင် နားထောင်ရလျှင် ထိုအရာကိုသိနိုင်မည်မဟုတ်ပါ။ သူက မွန်မြတ်သည့် လွတ်လပ်ရေးအခြေခံမူများနှင့် ဒီမိုကရေစီအကြောင်းများကို ပြောပြီး သူ့လေသံမှာ အခြားပုဂ္ဂိုလ်တို့နှင့် ကွာခြားမှုမရှိလှပါ။ အပြောင်းအလဲတို့ကိုဖြစ်စေနိုင်သည့် ခေါင်းဆောင်တစ်ဦးသည် မဲဆန္ဒအကြောင်း၊ ဗျူဟာအကြောင်းတို့ကို ပြောမည့်အစား အခြေခံသဘောတရားနှင့် အတွေးအခေါ်များအကြောင်း ပြောပါမည်။ သို့သော် မင်ဒဲလား နိုင်ငံရေးအကြောင်း သီးသန့်ပြောသည့်အခါ သင်နားထောင်ရလျှင် သူသည် နိုင်ငံရေးဘွဲ့သင်တန်းပို့ချနေသည်ဟု ထင်မှတ်ရပြီးသမ္မတ ရွေးကောက်ခံမည့် ကိုယ်စားလှယ်တစ်ဦးမှ အတိုင်ပင်ခံအဖြစ် ငှားရမ်းလိုစိတ် ဖြစ်ပေါ်လာမည်။



သူ၏ဗျူဟာအတတ်ပညာအတွက် ပေးဆပ်ခဲ့ရသည့် တန်ဖိုးမှာ များပြားသည်။ ဗျူဟာများကိုသာတတ်ကျွမ်းခဲ့ခြင်းမဟုတ်၊ ဗျူဟာသုံးနေသည်ဆိုခြင်းကို မသိအောင်လည်းကွယ်ဝှက်ထားဖို့ တတ်ကျွမ်းခဲ့သည်။

မင်ဒဲလားသည် ယုံကြည်မှုအပြည့်၊ အားအင်အပြည့်ဖြင့် ကြီးပြင်းခဲ့သည်။ ၂၀ ရာစုနှစ်အစောပိုင်းက တောင်အာဖရိကမှ လူမည်းတစ်ဦးသည် ထိုကဲ့သို့စိတ်ဓာတ်ရှိရန် ခက်ခဲပါသည်။ ကိုလိုနီနယ်ချဲ့စနစ်နှင့် အပါသိုက်လူမျိုးရေး ခွဲခြားအုပ်ချုပ်မှုစနစ်တို့သည် တောင်အာဖရိကသားများအနက်မှ လူမည်းများကို အရာမရောက်အောင် ဖိနှိပ်ထားသည်။ သူငယ်စဉ်ကပင် အထက်တန်းလွှာပုံ ပေါက်သည်။ အကြောင်းရင်းအချို့မှာ သူ့ဒီအင်န်အေနှင့်ဆိုင်သည်။ သို့သော် သူ အာဖရိကန်ဘုရင့်နန်းတော်တွင် ကြီးပြင်းခဲ့ခြင်းနှင့်လည်း အတော်ဆိုင်သည်။ သူကြီးပြင်းခဲ့ရသည့် ၁၉ ရာစုအာဖရိကန်မျိုးနွယ်စု ကမ္ဘာသို့ လူဖြူများ မလာသလောက်ပင်။ ထို့ကြောင့် သူနှင့်ခေတ်ပြိုင် အခြားတောင်အာဖရိကသားများကဲ့သို့ လူမျိုးခွဲခြားရေးဒဏ်ကို မခံရပေ။လူဖြူများသည် သူ၏နေ့စဉ်ဘဝကို ထိခိုက်စေနိုင်သည့် အကွာအဝေးတွင် မရှိပါ။ သူကျောင်းအိပ်ကျောင်းစား ကျောင်းမတက်မီက မည်သည့် လူဖြူနှင့်မျှလက်ဆွဲနှုတ်မဆက်ဖူးပါ။ သူ့ကမ္ဘာသည် သီးသန့်ဖြစ်သည်။ ထိုသီးသန့်ဖြစ်တည်မှုက သူ့အားလူမျိုးခွဲခြားရေး၏ အဆိပ်အတောက်နှင့် နိမ့်ကျသောဘဝမျှော်မှန်းချက် စသည်တို့ ကူးစက်ခြင်းမှ ကင်းဝေးစေသည်။ သူ၏မိမိကိုယ်မိမိ ယုံကြည်မှုသည် သူ့အောင်မြင်မှု၏ သော့ချက်ဖြစ်ပြီး အေအင်န်စီကသူ့အားလူထုခေါင်းဆောင်အဖြစ် ရွေးချယ်သတ်မှတ်ခြင်း၏အကြောင်းရင်းတစ်ရပ်ဖြစ်သည်။

သူကျောင်းသားအရွယ်ရောက်လာပြီး ကျောင်းတက်သည့်အခါတွင်မှ အဆင့်အတန်းနှင့် လူမျိုးရေးခွဲခြားမှုတို့ကို မြင်တွေ့ရသည်။ အထူးသဖြင့် သူဂျိုဟန်းနစ်ဘတ်သွားစဉ်က သူ့အားမျိုးနွယ်စုခေါင်းဆောင်တစ်ဦး၏သားအဖြစ် မဆက်ဆံဘဲ ကျေးလက်မှဆင်းရဲပြီး ပညာမတတ်သည့် တောသားကဲ့သို့ ဆက်ဆံသည့်အခါ လူမည်းနှင့် လူဖြူ

အကြား ချောက်နက်ကြီးကို သူမျက်ဝါးထင်ထင် မြင်တွေ့ခံစားရသည်။ သူပထမအကြိမ်လူမျိုးခွဲခြားရေးနှင့် ဂုရုမစိုက်မှုကိုခံစားရသည့် အခါ သူစိတ်ဆိုးသည်။ သူ့အား ထိုသို့ဆက်ဆံရမည်လား ဆိုပြီး စိတ်ဆိုးသည်။ မည်သူ့ကိုမဆို ထိုသို့ဆက်ဆံရမည်လားဟု စိတ်ဆိုးသည်။ စိတ်ဆိုးလွန်း၍ သူဖြစ်နိုင်ခြေရှိသည့် သက်သောင့်သက်သာအနေအထားများကို စွန့်လွှတ်ပြီး လူမျိုးခွဲခြားဆက်ဆံရေးဝါဒကို တိုက်ခိုက်လိုစိတ်ပေါ်လာသည်။ မိမိကိုယ်ကိုယ်ယုံကြည်မှုနှင့် မိမိကိုယ်ကိုယ် တန်ဖိုးထားခြင်းတို့ကြောင့် သူနက်နဲစွာ စိတ်ထိခိုက်သည်။ မိမိကိုယ်ကိုယ် နှိမ့်ချသူများထံမှ နိမ့်သောမျှော်လင့်ချက်ထားလျှင် သူတို့နှိမ့်ချစိတ်နှင့် ကိုက်ညီသည်။ မိမိကိုယ်ကိုယ် တန်ဖိုးထားသူထံမှ အလားတူနိမ့်ကျသော မျှော်မှန်းချက်ထားခဲ့လျှင်မူ ထိုသူတို့ကို စော်ကားရာရောက်သည်။ မင်ဒဲလားက မကျေမနပ် ဖြစ်သည်။ မင်ဒဲလားသည် လူတစ်ယောက်အနေဖြင့် လွယ်လွယ်နှင့်စိတ်မဆိုးတတ်ပါ။ သို့သော်စိတ်ဆိုးခဲ့လျှင် အကြီးအကျယ်ခေါင်းမာသည်။ အလျှော့မပေးပါ။ သူအလျှော့မပေးသည်မှာ နှစ် ၅၀ ကြာမြင့်ပေသည်။ သူက နိုင်ငံရေးဆိုသည်မှာ တစ်ကိုယ်ရေမျှော်မှန်းချက်ဟု ဆိုကြသည်ကို အကြောက်အကန် ငြင်းဆိုမည်ဖြစ်သော်လည်း သူ၏ နိုင်ငံရေးလှုပ်ရှားမှုသည် တောင်အာဖရိကတွင် မဆုံးတမ်းစော်ကားမှုများကို ကိုယ်တိုင်ကိုယ်ကျခံခဲ့ရခြင်းများ၌ ဖြစ်ဖျားခံပေသည်။

မင်ဒဲလားအား စောင့်ရှောက်သူ ဘုရင်ဂျွန်ဂင်တာဘာ၏ ပံ့ပိုးမှုဖြင့် သူသည်တောင်အာဖရိကရှိ လူမည်းများအတွက် တစ်ခုတည်းသော တက္ကသိုလ်သို့ တက်ရောက်နိုင်ခဲ့သည်။ ထိုတက္ကသိုလ်နှင့် ပရိဝုဏ်သည် သေးငယ်သည်။ သို့သော် အထက်တန်းစားဟန်ပန်ရှိသည်။ ဝိတိုရိယစတိုင်လ် အဆောင်အအုံများက မြက်ခင်းစိမ်းဝင်းများကို ဝိုင်းရံထားသည်။ မင်ဒဲလားထိုတက္ကသိုလ်တွင် တက်ရောက်စဉ်အချိန်က ကျောင်းသား ၁၅၀ ခန့်သာရှိသည်။ ထိုနေရာသည်ရိုးရာမျိုးနွယ်စုခေါင်းဆောင်များကိုသာမက မင်ဒဲလားကဲ့သို့သော အနာဂတ် တော်လှန်ရေးသမားများကို မွေးထုတ်ပေးရာ ဥဖောက်စက်တစ်ခု ဖြစ်သည်။



ကျောင်းသားများသည် မင်ဒဲလားကဲ့သို့ပင် အထက်တန်းလွှာမှ ချမ်းသာသော အာဖရိကန်မိသားစုများမှဖြစ်ကြသလို ခရစ်ယာန်မစ်ရှင်ကျောင်းများမှ ထူးချွန်စွာအောင်မြင်ခဲ့သောလူငယ်များ ဖြစ်ကြသည်။ သူတို့သည် ယဉ်ကျေးစွာ ပြုမူနေထိုင်သည်၊ အနောက်တိုင်းဝတ်စုံများဝတ်ကြသည်။ စည်းကမ်းလည်း တင်းကျပ်သည်။ ကျောင်းအုပ်ချုပ်သူမှာ အဲလက်ဇန္ဒားကားရ်ဆိုသည့် ခက်ထန်သော်လည်း သုတကြွယ်သည့် စကော့တ်လူမျိုးတစ်ယောက် ဖြစ်သည်။ သူက ကျောင်းသားများကို ခပ်ကြမ်းကြမ်းကိုင်တွယ်သည်။ သို့သော် သူ့ကျောင်းမှ ခေါင်းဆောင်များကို မွေးထုတ်နိုင်ခြင်းအတွက် ဂုဏ်ယူသည်။ သမ်းဘူးတော်ဝင်အိမ်မှ မင်ဒဲလား၏တူတော်စပ်သူ ကေဒီမာတန်ဇီးမားသည် အတန်းကြီးမှဖြစ်သည်။ အရပ်ရှည်ပြီး ခံ့ညားသော ထိုသူသည်မင်ဒဲလားထက် အသက်ကြီးသည့်ပြင် မျိုးနွယ်သူကြီးတစ်ယောက်အဖြစ် ဆက်ခံမည့်သူလည်းဖြစ်သည်။ မင်ဒဲလားက သူ့ကို မြတ်နိုးကိုးကွယ်သည်။

မင်ဒဲလားသည် ဖို့တ်ဟဲရ်တွင်ပေါ်ပြူလာဖြစ်သော ကျောင်းသားတစ်ယောက်ဖြစ်သည်။ ထက်မြက်သည်။ ဥပဓိရုပ်ရှိသည်။ ကြံ့ခိုင်ဖြတ်လတ်သည်။ ရုပ်ရည်ချောမောသည်။ ဒုတိယနှစ်တွင် မင်ဒဲလားသည် ဘက်လိုက်မှုထက်သေးနုပ်သော မကျေနပ်ချက်တစ်ခုအတွက် ဆန္ဒပြရာတွင် ပါဝင်ခဲ့သည်။ အစားအသောက်ကိစ္စပင်။ အစားအသောက်ညံ့ဖျင်းမှုကို ဆန္ဒပြသောကျောင်းသားများက ကျောင်းသားရွေးကောက်ပွဲကိုပါသပိတ်မှောက်ရန် ဆုံးဖြတ်ကြသည်။ သို့သော် အချို့ကျောင်းသားများက မဲပေးကြသည်။ မင်ဒဲလားအား ကျောင်းသားကောင်စီသို့ ရွေးချယ်တင်မြှောက်ကြသည်။ ထိုကိစ္စသည် သူ့အားစိတ်အနှောင့်အယှက်ဖြစ်စေသည်။ အများသဘောဆန္ဒဖြင့် ရွေးချယ်ခြင်းမဟုတ်သဖြင့် မဲဆန္ဒရလဒ်သည် တရားမဝင်ဟုသူယူဆသည်။ ဒေါက်တာကားရ်က မင်ဒဲလားနှင့် အခြားရွေးချယ်ခံရသည့်ကျောင်းသားများအနေဖြင့် ကျောင်းသားကောင်စီတွင် တာဝန်ထမ်းဆောင်ရန် မရမက ပြောသည်။ မင်ဒဲလားအား ကောင်စီတွင် လုပ်လျှင်လုပ်၊ မလုပ်လျှင်

ကျောင်းမှ နုတ်ထွက်ရန် ရာဇသံပေးသည်။ သူကျွန်တော့်ကို ပြန်ပြောပြသည်။ 'ကျွန်တော်ကြောက်ပြီးကေဒီဆီကို သတင်းသွားပို့တယ်။ သူက 'အရေးမကြီးဘူး၊ မူကိစ္စဖြစ်နေတယ်။ မင်း မလုပ်နိုင်ဘူးသာပြောလိုက်' လို့ အကြံပေးတယ်။ ကျွန်တော်လည်း ကားရ်ဆီကိုသွားတယ်။ ကျွန်တော်ကကေဒီကို ကားရ်ထက် ပိုကြောက်ရတယ်လေ'။ ကားရ်က မင်ဒဲလားအား ရွေးချယ်ရန် ပြောသည်။ မင်ဒဲလားက သူ့သဘောထားကို ပြောင်းလဲခြင်းမရှိ၊ ကျောင်းမှ နုတ်ထွက်လိုက်သည်။

မင်ဒဲလားက ထိုအကြောင်းကိုအပြုံးနှင့် တခစ်ခစ်ရယ်ပြီး ပြောသည်။ သူပြုံးသည်မှာ ရွေးချယ်မှုတစ်ခု လုပ်ခဲ့သည့် ခေါင်းမာလှသော လူငယ်အကြောင်း တွေးပြီးပြုံးခြင်းဖြစ်သည်။ ယနေ့ မင်ဒဲလားသည် ထိုကဲ့သို့သော ရွေးချယ်မှုမျိုးကို သူကိုယ်တိုင်လည်း လုပ်မည်မဟုတ်သလို၊ အခြားသူတစ်ယောက်ကိုလည်း ယင်းကဲ့သို့ အကြံပြုမည်မဟုတ်။ ထိုလူငယ်သည် လူမျိုးခွဲခြားရေးကို တိုက်ခိုက်ရာတွင် ပိုအားပြင်းသော အင်အားစုဖြစ်လာနိုင်သည့် ပညာရေးအခွင့်အလမ်းတစ်ခုကို စွန့်လွှတ်ခဲ့သည်။ မူဆိုသည်မှာ တန်းတူညီတူတီထွင်ထားခြင်းမဟုတ်။ သင့်အနေဖြင့် သက်ဆိုင်ရာအားသာချက်များကို ချိန်ဆရမည်။ ယခုကိစ္စတွင်မူ သဘောထားက သေးငယ်ပြီး စတေးသည့်အရာက ကြီးနေသည်။ ကုန်ကျစရိတ်သည် အကျိုးအမြတ်ထက်သာ လွန်နေသည်။

တစ်နည်းအားဖြင့် ထိုဆုံးဖြတ်ချက်သည် အာဏာပိုင်တို့အား စိန်ခေါ်သည့် သူ့ဘဝလမ်းကြောင်းကို စတင်လိုက်သည်။ သူ မက်ဟီကက်ဇွယ်နီသို့ ပြန်ရောက်သည့်အခါ ဘုရင်ကြီးအား အဖြစ်အပျက်ကို ပြောပြရမည်ကို စိုးထိတ်နေသည်။ ပြောပြလိုက်သည့်အခါ ဘုရင်က စိတ်ရှုပ်ထွေးသွားသည်။ ဒေါသလည်းထွက်သည်။ များမကြာမီ မင်ဒဲလားနှင့် ညီဝမ်းကွဲဂျပ်စ်တစ်တို့သည် ဂျိုဟန်းနစ်ဘတ်သို့ ထွက်ပြေးခဲ့ကြသည်။

မင်ဒဲလား၏ ဂျိုဟန်းနစ်ဘတ်နေ့ရက်များသည် စရိုက်ကြမ်းပြီး ခင်မင်စရာကောင်းသူတစ်ယောက်၏ ဝတ္ထုကို ဖတ်နေရသည်နှင့် တူသည်။ သတ္တုတွင်းတစ်ခုတွင် ညစောင့်အလုပ်ရပြီးနောက် အလုပ်ဖြုတ်ခံရသည်။ လျှပ်စစ်မီးပင်မရှိသော တဲကုပ်များတွင် နေထိုင်ရသည် သူ၏ အိမ်ရှင်မိသားစုများက သူ့အားခေတ်နောက်ကျန်သော အပျင်းခိုသူတစ်ယောက်ဟု မြင်ကြသည်။ နောက်ပိုင်း သူ၏ ဘဝတစ်သက်တာ မိတ်ဆွေနှင့် ဆရာဖြစ်လာသူ ဝေါလ်တာဆစ်စူလူးနှင့် တွေ့ပြီးမှ သူ့ဘဝကို ပြန်မတ်စေသည်။ ဝေါလ်တာမှတစ်ဆင့် ဂျိုဟန်းနစ်ဘတ်မြို့၏ ဥပဒေအကျိုးဆောင်ကုမ္ပဏီအသေးတစ်ခုတွင် စာရေးဝန်ထမ်း အလုပ်ရသည်။ ထိုရုံးသည် အာဖရိကလူမည်းကို အလုပ်ခန့်သည့် နည်းပါးလှစွာသော ရုံးများထဲမှတစ်ရုံးဖြစ်သည်။ မင်ဒဲလားအတွက် ဥပဒေသည် ထွက်ပေါက်တစ်ခုဖြစ်သည်။ လောကတွင် တက်လမ်းရှိအောင် အရည်အသွေးအလျောက် အမှတ်ရယူနိုင်သည့် စနစ်ဖြစ်သည်။ သူ့ဝစ်တ်ဝါတာစရန်းတက္ကသိုလ်တွင် ဥပဒေဘာသာရပ် သင်ကြားရန် စာရင်းသွင်းသည်။ သူက သူ့ဥပဒေပါမောက္ခကို အပြုံးဖြင့်သတိရသည်။ ထိုပါမောက္ခက လူမည်းများသည် ရှေ့နေများ ဖြစ်နိုင်လောက်အောင် အရည်အချင်းမရှိကြဟု မှတ်ချက်ပြုခဲ့သည်။

မင်ဒဲလား သူ၏သူငယ်ချင်းနှင့် လုပ်ဖော်ကိုင်ဖက် အော်လီဗာတမ်ဘိုနှင့် ပူးပေါင်းဖွင့်သည် ဥပဒေကုမ္ပဏီသည် တောင်အာဖရိက၏ ပထမဦးဆုံး လူမည်းဥပဒေအကျိုးဆောင် ကုမ္ပဏီဖြစ်ပြီး အထက်လွှာလူမည်းများ ဥပဒေအကြံဉာဏ် တောင်းခံရန် လာရောက်သည့်နေရာဖြစ်ခဲ့သည်။ မင်ဒဲလားသည် တရားခွင်တွင်မာန်ပါပြီး တက်ကြွသောသူတစ်ယောက်ဖြစ်သည်။ သူ့အမှုသည်များအတွက် အပါသိုက်ဥပဒေများကို တိုက်ခိုက်ပြောဆိုပေးသည်။ ရှေ့နေတစ်ဦးအဖြစ် ကျွမ်းကျွမ်းကျင်ကျင်ရှိသည်ကို သူဂုဏ်ယူသည်။ ဥပဒေပြဋ္ဌာန်းချက်များ၏ ရှင်းလင်းပြတ်သားသည့် ခေါက်ချိုးညီမှုကိုလည်း သူယုံကြည်ချက်ရှိသည်။

သူ၏ ဥပဒေပညာရေးက တရားမျှတမှုသည် မျက်ကန်းဖြစ်သည် (ဘက်မလိုက်) ဟု သင်ကြားခဲ့သော်လည်း (တကယ်ပင် သူအမှုလိုက်သည့် တရားရုံးအပြင်ဘက်ဝင်းတွင် မျက်ကန်းတရားမျှတမှုရုပ်တု

တစ်ခုရှိသည်)။ ဆန့်ကျင်ဘက်သဘောတရားကို ညွှန်ပြသည့် အထောက်အထား အများအပြားကိုတွေ့ရသည်။ သူလိုက်သော အမှုများတွင် တရားသူကြီးများသည် အမှုသည်အား မျိုးနွယ်ခွဲခြားခြင်းကို ထိုသူ၏ ပခုံးကျခြင်းနှင့် အကဲဖြတ်သည်။ သို့မဟုတ် ခဲတံတစ်ချောင်းသည် အမှုသည်၏ဆံပင်ထက်တွင်နေ၊ မနေကြည့်သည်။ အချို့အမှုများတွင် လူဖြူတရားခံသည် အသားဖြူရုံမျှနှင့် အမှုမှလွတ်ပြီး လူမည်းတရားခံများသည် အသားမည်းရုံမျှနှင့် ပြစ်ဒဏ်ချမှတ်ခံရသည်။ ထို့ပြင် သူသည် နေ့စဉ်နှင့်အမျှအစိုးရကအေအင်န်စီနှင့် လွတ်လပ်ရေးလှုပ်ရှားမှုကို ဖိနှိပ်ရန်ဥပဒေကို အသုံးပြုသည်ကို မြင်ရသည်။ သူ၏ ပုံနှိပ်ထုတ်ဝေခြင်းမရှိသည့် ဒိုင်ယာရီတွင် သူရေးသားထားသည်။ 'လက်တွေ့တွင် ဥပဒေဆိုသည်မှာ အုပ်ချုပ်သူလူတန်းစား၏ လူမှုစနစ်ကို ၎င်းတို့အားသာမှုအတွက် ပုံသွင်းယူရန်စနစ်တကျစီစဉ်ထားသည့် အင်အားသုံးစွဲမှုတစ်ရပ်သာ ဖြစ်သည်'။ သူအင်တင်တင်ဖြင့် နိဂုံးချုပ် သုံးသပ်သည်မှာ၊ သူတစ်ချိန်က ယုံကြည်ခဲ့သလို၊ ဥပဒေသည် တရားမျှတမှု၏ မပြောင်းလဲသော လူ့ကျင့်ဝတ်မှုများမဟုတ်၊ သူ၏ နိုင်ငံရေးရည်မှန်းချက်အတွက် အသုံးချရမည့်နည်းဗျူဟာတစ်ရပ် ဖြစ်သည်။

အေအင်န်စီလူငယ်အဖွဲ့အစည်း၏ အစောပိုင်းအဖွဲ့ဝင်ကာလတွင် မင်ဒဲလားသည် မူနှင့်ဗျူဟာအကြား ဝိရောဓိရှိခဲ့သည်။ ရှေးဦးစွာ သူက အေအင်န်စီတွင် လူမည်းမဟုတ်သူများကို အဖွဲ့ဝင်အဖြစ်လက်ခံခြင်းကို ဆန့်ကျင်သည်။ သို့သော် စိတ်ပြောင်းသွားသည်။ ထို့နောက် ကွန်မြူနစ်ပါတီဝင်များကို အေအင်န်စီတွင် လက်မခံရန် ဆန့်ကျင်သည်။ သို့သော် စိတ်ပြောင်းသွားသည်။ ကိစ္စရပ်တိုင်းတွင် လက်တွေ့အကျိုးမျှော်ကိုးဝါဒက မူသဘောထားအပေါ် အနိုင်ယူသည်။ ကိစ္စရပ်တိုင်းတွင်၊ မည်သည့်နည်းလမ်းက အေအင်န်စီကိုပို၍ အင်အားကြီးထွားလာစေမည်နည်းဆိုသည်ကို သူသုံးသပ်ဆုံးဖြတ်သည်။

အေအင်န်စီမူသဘောထား၏ ဗျူဟာနိုင်ဖဲမှာ လွတ်လပ်ရေးတိုက်ပွဲ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် အကြမ်းဖက်ရေးကို အသုံးချ



သင့်ကြောင်း မင်ဒဲလားနှင့်အေအင်န်စီတို့ ဆုံးဖြတ်ချက်ပင်ဖြစ်သည်။ ၁၉၁၂ ခုနှစ် အေအင်န်စီစတင်ဖွဲ့စည်းချိန်ကတည်းက အကြမ်းမဖက်ရေးမူဖြင့် ဆန္ဒပြခြင်းကိုသာ အဓိကထားလှုပ်ရှားခဲ့သည်။ ဆယ်စုနှစ်ပေါင်းများစွာ အေအင်န်စီခေါင်းဆောင်များအပေါ် ဂန္ဒီ၏ စံနမူနာက ဩဇာသက်ရောက်ခဲ့သည်။ အဖွဲ့အစည်း၏ မပြောင်းလဲသည့် ဝါဒရေးရာသည် အကြမ်းမဖက်ရေးမူပင် ဖြစ်သည်။

သို့သော် လူမည်းတို့၏ ဆန္ဒပြခြင်းကို အစိုးရကအကြမ်းဖက်ပြီး နှိမ်နင်းသည်ကိုကြိမ်ဖန်များစွာ မြင်ရသောအခါ မင်ဒဲလားက အကြမ်းမဖက်ရေးမူဝါဒကို သည်းမခံနိုင်တော့ပါ။ သေနတ်တိုက်ပွဲသို့ လှံနှင့်ချီတက်ရသလိုမျိုး ခံစားရသည်။ နောက်ဆုံး ၁၉၆၁ ခုနှစ်တွင် မင်ဒဲလားသည် မူဝါဒပြောင်းလဲရေးကို မျိုးနွယ်စုခေါင်းဆောင် အဲလ်ဘတ်လူသူလီနှင့် ဆွေးနွေးရန်နေတာလ်မြို့သို့ သွားသည်။ ထိုပုဂ္ဂိုလ်သည် ထိုအချိန်က အေအင်န်စီ၏ဥက္ကဋ္ဌဖြစ်ပြီး ရှေ့နှစ်က အပါသိုက်ဆန့်ကျင်ရေးကို အကြမ်းမဖက်ရေးမူဖြင့် ဦးဆောင်တိုက်ခိုက်ခဲ့ခြင်းအတွက် နိုဘယ်ငြိမ်းချမ်းရေးဆု ရရှိထားသူဖြစ်သည်။ မင်ဒဲလားက 'ဥက္ကဋ္ဌကြီး' ဟုခေါ်သူ အဲလ်ဘတ်အပေါ် အထူးလေးစားမှုရှိသည်။ ကျွန်တော်က မင်ဒဲလားအား ဗျူဟာပြောင်းရန်ကိစ္စနှင့် စပ်လျဉ်းပြီး လူသူလီ၏ တုံ့ပြန်မှုကို မေးကြည့်သည်။

'သူက သေချာပေါက် အဲဒီကိစ္စကို ဆန့်ကျင်တာပေါ့။ အကြမ်းမဖက်ရေးမူဝါဒကို ဆုပ်ကိုင်ထားတာကိုး။ ကျွန်တော်နဲ့တချို့အဖွဲ့ဝင်တွေကလည်း အကြမ်းမဖက်ရေးမူကို ယုံကြည်ပါတယ်။ ဒါပေမဲ့ လိုအပ်ချက်ရှိရင် ပြောင်းလဲရမယ်လို့ခံယူတယ်။ ကျွန်တော်တို့ ကွာခြားချက်က အဲဒါပဲ'။

အေအင်န်စီ၏ ကုလားလူမျိုးအဖွဲ့ဝင်များသည် အကြမ်းမဖက်ရေးမူကို စွန့်ခွာရန်တွင်တွင်ငြင်းကြသည်။ နာမည်ကျော်လွတ်မြောက်ရေးကြိုးပမ်းသူ ကုလားလူမျိုး ဂျေအင်န်ဆင်းဂ်က အပြောင်းအလဲကို ကန့်ကွက်သည်။ ဂျေအင်န်က နှုတ်စလျှာစဖြင့် ပြောသည်။ 'အကြမ်း

မဖက်ရေးမှုက ကျွန်တော်တို့ကိုရှုံးနိမ့်စေတာ မဟုတ်ဘူး။ ကျွန်တော်တို့က အကြမ်းမဖက်ရေးမှုကိုရှုံးနိမ့်စေတာ'။ ထိုကြွေးကြော်သံများသည် အင်အားရှိသည်။ သို့သော် မင်ဒဲလားအတွက် မူအတိုက်အခံသည် ဆောင်ပုဒ်တစ်ခုသာဖြစ်သည်။ မူသဘောထားမဟုတ်ပါ။သူ၏ခေါင်းမာသည့်အတွေးအခေါ်ဖြင့်ဆုံးဖြတ်သည်မှာ၊ အပါသိုက်ကိုဖြုတ်ချရန် ပြင်းထန်သည့် ပြောက်ကျားတိုက်ခိုက်မှုကသာလျှင် အခွင့်အရေးသာစေနိုင်မည်။ 'လက်ရှိအနေအထားပေါ်မှာမူတည်ပြီးငြိမ်းချမ်းတဲ့နည်းလမ်းသုံးမလား၊ ကြမ်းတမ်းတဲ့ နည်းလမ်းသုံးမလား ရွေးချယ်ရတာယ်။ ဒီရွေးချယ်မှုကို ခေတ်အနေအထားတွေက အဆုံးအဖြတ်ပေးတယ်' ဟု သူကပြောသည်။

အခြေအနေအရပ်ရပ်နှင့် မူသဘောထားများသည် နည်းဗျူဟာကို အဆုံးအဖြတ်ပေးသည်။ မင်ဒဲလားသည် ဂန္ဒီမဟုတ်ပါ။ ဂန္ဒီလည်း ဖြစ်လာမည်မဟုတ်ပါ။ သူ၏ဘဝအမြင်သဘောထားမှာ အကြမ်းမဖက်ရေးမှုဖြစ်ပြီး ထိုမူကိုချိုးဖောက်လျှင် အောင်ပွဲခံရာတွင် ပြည့်စုံမှုရှိမည်မဟုတ်ပါ။ မှန်သည်၊ မင်ဒဲလားကအကြမ်းမဖက်ရေးမှုကို ပိုနှစ်သက်သည်။ မည်သည့်အကြမ်းဖက်မှုမျိုးမဆို သူစက်ဆုပ်ရွံရှာသည်။ သို့သော် အကြမ်းမဖက်ရေးမှုသည် သူမျက်ခြည်ပြတ်၍ မဖြစ်သောလူမျိုးမခွဲခြားရေးခံယူချက်ကို လျော့ပါးစေသည်။

သို့သော် သူထောင်မှထွက်သည့်အခါ စိတ်ကူးယဉ်ဆန်သည့် စကားစစ်ထိုးပွဲများကို ဘေးဖယ်လိုက်သည်။ ဆိုရှယ်လစ်စနစ်သည် ဒီမိုကရေစီကြိုးပမ်းမှုနှင့် လူမျိုးရေးစည်းလုံးမှုကို လျော့ပါးစေမည်။ လူမျိုးစုသီးခြားအုပ်ချုပ်မှုစနစ်သည် သူ့အတွက်အသုံးဝင်နိုင်မည်။ သူက လူဖြူအရင်းရှင်ခေါင်းဆောင်များနှင့် ငြိမ်းချမ်းရေးရယူသည်။ လူမည်းမျိုးနွယ်စုခေါင်းဆောင်များနှင့်လည်း ငြိမ်းချမ်းရေးရယူသည်။ တောင်အာဖရိကနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံဒီမိုကရေစီ ပန်းတိုင်သို့ ရောက်ပြီးသည့်အခါ၊ သူက ယင်း၏ကြောင်းကျိုးဆက်စပ်သည့်အရာကို ကိုင်တွယ်သည်။ ယင်းမှာ 'လူမျိုးရေးညီညွတ်မှု' (အမျိုးသားပြန်လည်သင့်မြတ်



ရေး) ဖြစ်သည်။ ကျန်အရာအားလုံးသည် ထိုပဓာနကျသော ရည်မှန်းချက်ပန်းတိုင်လောက် အရေးမကြီးပါ။ အနေအထားတို့ ပြောင်းလဲလျှင် သင်၏ဗျူဟာနှင့်အတွေးအခေါ်ကိုလည်း ပြောင်းလဲရမည်။ ယင်းကို မပြတ်သားခြင်းဟု မဆိုနိုင်ပါ။ လက်တွေ့အကျိုးမျှော်ကိုးဝါဒီဟု ဆိုနိုင်သည်။

■

# အခြားသူများအပေါ် အကောင်းမြင်ပါ

အချို့က ယင်းအမြင်သည် မျက်ကွယ်ပြုခြင်းသာဖြစ်သည်ဟု ပြောသည်။ အချို့က နုံအသည်ဟုပြောသည်။ သို့သော် မင်ဒဲလားက လူတိုင်းကို အခြားသက်သေမရှိမချင်း အကျင့်သိက္ခာရှိသည်ဟု မြင်သည်။ သူက သင်နှင့်ဆက်ဆံရေးအစပိုင်းတွင် သင်သည် စိတ်ရင်းကောင်းဖြင့် ဆက်ဆံသည်ဟု သူယူဆသည်။ သတ္တိရှိချင်ယောင်ဆောင်လျှင် သတ္တိရှိသောလုပ်ရပ်များကို စွမ်းဆောင်နိုင်လာသည်။ အခြားသူများအပေါ် အကောင်းမြင်ခြင်းသည် ထိုသူတို့၏ ကောင်းသောအချက်များကို ပေါ်ထွက်လာစေနိုင်သည်။

လူတစ်ယောက်သည် သူ့ဘဝအစိတ်အပိုင်းအများစုတွင် ကောင်းမွန်စွာ ဆက်ဆံခြင်းမခံခဲ့ရဘဲနှင့် အခြားသူများအပေါ် အကောင်းမြင်တတ်သည်မှာ ထူးခြားလှပေသည်။ တစ်ခါတစ်ရံသူနှင့် စကားပြောရသည်မှာ စိတ်တိုစရာပင်ကောင်းသည်။ မည်သူ့ကိုမျှသူက အဆိုးမပြော၍ဖြစ်သည်။ သူ့ကိုကြိုးမိန့်ပေးခံရအောင် ကြိုးပမ်းခဲ့သူ အကြောင်းကိုပင် အပြစ်တင်စကားတစ်ခွန်းမျှမပြော။ ကျွန်တော် တစ်ခါကသူ့အား နာဇီဝါဒီထောက်ခံအားပေးသူ တောင်အာဖရိကသမ္မတ ဂျွန်ဖော်စတာအကြောင်း မေးဖူးသည်။ ထိုသမ္မတသည် အပါသိုက် လူမျိုး ခွဲခြားရေးစည်းမျဉ်းများကို ပိုမိုတင်းကျပ်စေပြီးမင်ဒဲလားနှင့်အပေါင်းပါများ ကွပ်မျက်မခံရသည့်ကိစ္စကို မချိတင်ကဲဖြစ်နေခဲ့သူဖြစ်သည်။



'သူကရည်မွန်တဲ့လူတစ်ယောက်ပါ' ဟု မင်ဒဲလားက ဟန်ဆောင်မှု မပါဘဲပြောသည်။ 'ပထမဆုံးအနေနဲ့ သူကရည်မွန်တယ်။ ကျွန်တော်တို့အကြောင်း ရည်ညွှန်းတဲ့အခါ သူကယဉ်ကျေးတဲ့အသုံးအနှုန်းတွေ သုံးတယ်'။

ဤသည်မှာ ဆာဒမ်ဟူစိန်အား တိရစ္ဆာန်များအပေါ်ကြင်နာ၍ ချီးကျူးသကဲ့သို့ ဖြစ်နေမည်။ သို့သော်မင်ဒဲလားက ဂျွန်ဖော်စတာလို လူမျိုးတစ်ယောက်၏ မကောင်းသည့်ရှုထောင့်ကို မမြင်၍မဟုတ်ပါ။ ထိုရှုထောင့်တစ်ခုတည်းကို မမြင်လိုခြင်းဖြစ်သည်။ မည်သူမဆို အပြည့်ကောင်းသည်၊ အပြည့်ဆိုးသည်ဟုမရှိကြောင်း သူသိသည်။တစ်နေ့တွင် သူနှင့်ကျွန်တော်သည် ရော်ဘင်ကျွန်းတွင် အကျဉ်းကျနေစဉ်က သူ၏ ပြိုင်ဘက်ဖြစ်ခဲ့သော သူတစ်ယောက်အကြောင်း ပြောနေမိကြသည်။ ထိုသူက မင်ဒဲလားအပေါ် မကျေနပ်ချက်များကို မွေးထားသူဖြစ်သည်။ ထိုသူ့အကြောင်းပြောရာတွင် မင်ဒဲလားကထိုသူ၏ စိမ်းကားမှုကို မပြော၊ 'ကျွန်တော်သူ့ဆီက ရယူလိုက်တာကတော့ အလုပ်ကြိုးစားလုပ်တဲ့အရည်အချင်းပဲ' ဟုပြောသည်။

'သူ့ဆီက ရယူလိုက်တာကတော့'။ မင်ဒဲလားက အပြုသဘောဆောင်သည့် အရာများကိုရှာဖွေသည်။ အနုတ်လက္ခဏာပြသော အရာများကို ခွင့်လွှတ်သည့်အမြင်ဖြင့်ကြည့်သည်။ အကြောင်းရင်းမှာ နှစ်ချက်ရှိသည်။ သူကလူများထံတွင် ကောင်းသည့်အချက်များကို အလိုအလျောက်ကြည့်တတ်သည်။ ထို့ပြင် အခြားသူများပေါ် အကောင်းမြင်လျှင် ထိုသူများ တကယ်ကောင်းလာနိုင်သည်ဟု သူက ဉာဏ်အမြော်အမြင်ရှိသည်။ သင်၏လုပ်ဖော်ကိုင်ဖက်များဖြစ်စေ၊ သင့်မိသားစုဝင်များဖြစ်စေ သင်သူတို့အပေါ် မျှော်လင့်ချက်ပိုထားလျှင် သူတို့ပို၍ ဖြည့်ဆည်းနိုင်သည်။ သို့မဟုတ်ပါကလည်း သူတို့မဖြည့်ဆည်းနိုင်ခဲ့လျှင် သူတို့အပြစ်ရှိသလို ခံစားကြရသည်။

လူတစ်ဦးတစ်ယောက်အကြောင်း သူအဆိုးဆုံးပြောသည်မှာ၊ ထိုသူသည် 'ကိုယ်ကျိုးကြည့်ပြီး လှုပ်ရှားနေသူ' ဟု သူပြောခြင်းပင်။

ကျွန်တော်တစ်ခါက သူတောင်အာဖရိက၏ အကြီးကျယ်ဆုံး လူမည်း သတင်းစာ၏ အယ်ဒီတာဖြင့်တယ်လီဖုန်းပြောနေသည်ကို နားထောင်ဖူးသည်။ အယ်ဒီတာက အစိုးရနှင့် စေ့စပ်ဆွေးနွေးမှုအကြောင်း သတင်းစာတွင်ထည့်လိုသည်။ မင်ဒဲလားက သဘောမတူပါ။ ထိုကိစ္စသည် နူးညံ့သည့်သဘောရှိသည်ဟု ပြောလိုက်သည်။ ထို့နောက် မင်ဒဲလားက ကျွန်တော့်အား အဆိုပါအယ်ဒီတာ ထိုအကြောင်း ထည့်တော့မည် မဟုတ်ဟု မှတ်ချက်ချသည်။ သို့သော် နောက်တစ်နေ့တွင် သတင်းစာ၌ မျက်နှာဖုံးသတင်းအဖြစ်ဖော်ပြလာသည်။ ကျွန်တော်က ထိုသတင်းကို လက်ညှိုးထိုးပြရာ သူကပြုံးပြီး ဒီလူတွေက နောက်ကွယ်လျှို့ဝှက်ချက်မရှိဘဲ ဒီလိုလုပ်တတ်ကြတယ်။ သူတို့အကျိုးအတွက် သူတို့လုပ်တာပဲ။ ဒီတော့ ကျွန်တော် စိတ်မဆိုးနိုင်ဘူးလေ'။

အယ်ဒီတာက သူ့ကို လိမ်လည်မပြောခဲ့ပါ။ ကိုယ်ကျိုးအတွက် လုပ်ဆောင်ခြင်းသာဖြစ်သည်။ ပုဂ္ဂိုလ်ရေးအရ သူစိတ်ဆိုးနေလျှင် အပိုပင်။ သူစိတ်မဆိုးပါ။

ထူးခြားစွာပင်၊ အကျဉ်းထောင်သည် မင်ဒဲလား၏ လူ့သဘာဝပေါ် အမြင်ကို ကျဉ်းမြောင်းစေမည့်အစား ကျယ်ပြန့်စေခဲ့သည်။ ထောင်သည် အခြားလူများစွာကို နာကြည်းစေသော်လည်း မင်ဒဲလားအား အမြော်အမြင်တိုးပွားစေသည်။ ရော်ဘင်ကျွန်းသို့ ရောက်ခါစနေ့ရက်များက အကျဉ်းသားများကိုပုံမှန်ရိုက်နှက်ထိပါးပြီး အပြင်လောကနှင့်လည်း အဆက်အသွယ်မရှိ၊ အဆိုပါစော်ကားမှုများကိုလည်း သတင်းပို့မည့်သူမရှိသည့်အချိန်က ထိုကျွန်း၏ ဦးစီးဦးဆောင်သူမှာ ဗိုလ်မှူးကြီးပီယက်ဘာဒင်ဟော့စ်ဖြစ်ပြီး ထိုသူသည် ရက်စက်ကြမ်းကြုတ်မှုအတွက် နာမည်ဆိုးရှိသည်။ ထိုသူသည် လူဖြူအာဖရိကန်အုပ်ချုပ်ရေးမှူးများထဲမှ အဆိုးဆုံးစံနမူနာဖြစ်သည်။ သူကလူမည်း အကျဉ်းသားဆိုသည်မှာ တိရစ္ဆာန်နှင့်မခြားဟုယူဆသဖြင့် တိရစ္ဆာန်ကဲ့သို့ ဆက်ဆံသင့်သည်ဟု ခံယူသူဖြစ်သည်။ သူက အကျဉ်းသားများသည် အကြမ်းဖက်သမားများဖြစ်သည်၊ မင်ဒဲလားသည် နံပါတ် ၁ အကြမ်းဖက်သမားဖြစ်သည်ဟု သတ်မှတ်သည်။ မင်ဒဲလားသူနှင့် အကြိမ်များစွာ ရင်ဆိုင်တိုးဝှေ့ဖူးသော်လည်း သူကအမြင်မပြောင်းလဲပါ။



၁၉၇၀ ပြည့်နှစ်များ အစောပိုင်းတွင် တရားသူကြီးအဖွဲ့တစ်ဖွဲ့က ရော်ဘင်ကျွန်းကို လာရောက်ကြည့်ရှုသည့်အခါ အကျဉ်းသားဖော်များက မင်ဒဲလားအား သူတို့မကျေနပ်ချက်များကို တင်ပြပေးရန် တောင်းဆိုကြသည်။ 'အဒီအချိန်တုန်းက အကျဉ်းစခန်းရဲ့တခြားအကန့်တစ်ခုမှာ ကျွန်တော်တို့လူတွေကို ရိုက်နှက်နှိပ်စက်တဲ့ကိစ္စ ဖြစ်ထားတယ်လေ' ဟု မင်ဒဲလားက ကျွန်တော့်ကိုပြောပြသည်။ တရားသူကြီးများရောက်လာသည့်အခါ သူတို့က မင်ဒဲလားအား သူတို့နှင့် တွေ့ဆုံသည့်အခါ ဘာဒင်ဟော့စ်ပါမည်မဟုတ်သဖြင့် မင်ဒဲလားလွတ်လပ်စွာ စကားပြောဆိုနိုင်ကြောင်းပြောသည်။ တရားသူကြီးများက အင်္ဂလိပ်စကားပြောနိုင်ပြီး ထောင်အရာထမ်းများထက် သဘောထားကြီးသည်။ မင်ဒဲလားက ဘာဒင်ဟော့စ် တက်ရောက်သင့်ကြောင်း၊ သူ့အားခြိမ်းခြောက်မှုမရှိကြောင်းပြောသည်။ တွေ့ဆုံပွဲတွင်မင်ဒဲလားက ထောင်တွင်း စော်ကားမှုတစ်ခုအကြောင်းပြောပြသည်။ ဘာဒင်ဟော့စ်ကစိတ်ဆိုးပြီး 'ခင်ဗျားမျက်မြင်သက်သေဖြစ်ခဲ့လို့လား' ဟု မေးသည်။ မင်ဒဲလားက မျက်မြင်သက်သေတော့မဟုတ်ကြောင်း ဖြေဆိုသည်။ ဘာဒင်ဟော့စ်က မင်ဒဲလားအား လက်ညှိုးတထိုးထိုးဖြင့် 'ခင်ဗျားသတိထားပါ။ ကိုယ်တိုင်မမြင်ရတဲ့ကိစ္စတွေကို ဝင်မပြောနဲ့။ ပြောရင်ခင်ဗျား ဒုက္ခရောက်လိမ့်မယ်' ဟု ပြောသည်။ အခန်းတွင်း ငြိမ်သက်သွားသည်။ မင်ဒဲလားက တရားသူကြီးများဘက်သို့လှည့်ပြီး တည်ငြိမ်စွာဖြင့် 'လူကြီးမင်းတို့အနေနဲ့ ကျွန်တော်တို့ ဘယ်လိုမျိုးအုပ်ချုပ်သူအရာရှိရထားတယ်ဆိုတာ ခန့်မှန်းနိုင်ပါတယ်။ လူကြီးမင်းတို့ ရှေ့မှောက်မှာတောင် ကျွန်တော့်ကို ဒီလိုခြိမ်းခြောက်ရင် လူကြီးမင်းတို့မျက်ကွယ်မှာ သူဘယ်လိုရှိမလဲဆိုတာ ခန့်မှန်းနိုင်ပါလိမ့်မယ်' ဟု ပြောချလိုက်သည်။

မင်ဒဲလားက ထိုဇာတ်လမ်းကို ဘာဒင်ဟော့စ်၏ အဆိုးဆုံးရှုထောင့်ကို ပုံဖော်ရန်ပြောပြခြင်းဖြစ်သည်။ သို့သော် မင်ဒဲလားက

ဘာဒင်ဟော့စ် ရော်ဘင်ကျွန်းမှထွက်ခွာချိန်က ဖြစ်ပျက်သည့် ဒုတိယ ဇာတ်လမ်းကို ဆက်တိုက်ပြောပြသည်။ ထိုစဉ်က မင်ဒဲလားအား ထောင်သို့ အလည်ရောက်နေသောထောင်ဦးစီးမှူး ဗိုလ်ချုပ် ဂျေစီစတိန်းက ခေါ်ပြီး တိုင်ကြားရန်အချက်များရှိ၊ မရှိမေးသည်။ ဘာဒင်ဟော့စ်လည်း သူနှင့်အတူရှိနေသည်။ မင်ဒဲလားကသူ၏ ရှေ့နေပုံစံဖြင့် အကျဉ်းသားများ၏ မကျေနပ်ချက်များကို တိကျစွာတစ်ခုပြီးတစ်ခု တင်ပြသည်။ သူကသူ့ကိစ္စဖြစ်ဖြစ်၊ သူ့အပေါင်းဖော်များ၏ကိစ္စဖြစ်ဖြစ် အာဏာပိုင်များရှေ့တွင်တင်ပြရန် မဝံ့မရဲဖြစ်လေ့ဖြစ်ထမရှိပါ။ သူပြီးသောအခါ ဗိုလ်ချုပ်က မင်ဒဲလားအား သတင်းတစ်ခုပေးရန်ရှိကြောင်း၊ ဗိုလ်မှူးကြီး ဘာဒင်ဟော့စ်အား ရော်ဘင်ကျွန်းမှ ပြောင်းရွှေ့မိန့်ထွက်ပြီဖြစ်ကြောင်း ပြောသည်။ ထို့နောက်ဘာဒင်ဟော့စ်က မင်ဒဲလားဘက်လှည့်ပြီး စကားတိုက်ရိုက်ပြောသည်။

'ဘာဒင်က 'ခင်ဗျားတို့ကံကောင်းပါစေလို့ ကျွန်တော် ဆုတောင်းပေးပါတယ်' ဆိုတာမျိုးပြောလိုက်တော့ ကျွန်တော် သူ့ရဲ့ကြင်နာတဲ့ စကားသံကြောင့် နည်းနည်းတုန်လှုပ်အံ့သြသွားတယ်။ ကျွန်တော် သူ့ကို ကျေးဇူးတင်လိုက်တယ်။ နောက်ပိုင်းမှာ ကျွန်တော် အဲဒီကိစ္စကို အတော်စဉ်းစားမိတယ်။ အဓိကကျွန်တော် နားလည်လိုက်တာကတော့ ဒီလူတွေဟာ လူစိတ်မရှိတာ မဟုတ်ဘူး။ လူစိတ်မရှိစေတဲ့တာဝန်တွေကို ထမ်းဆောင်ရတယ်။ သူတို့ကရိုင်းစိုင်းတဲ့သတ္တဝါတွေလို ပြုမူတယ်။အဲဒီလိုပြုမူမှုလည်း ဆုချခံရတယ်။ ရာထူးတွေဘာတွေတက်နိုင်တယ်။ အဲဒီနေ့က ကျွန်တော်သိလိုက်ရတာက ဘာဒင်ဟော့စ်ဟာ ထင်သလောက် မဆိုးဘူး။ သူကောင်းတာကိုသူ့အပြုအမူက ဖုံးလွှမ်းထားတယ်ဆိုတာပဲ'။

ဤမွန်မြတ်သောအတွေးသည် ကျွန်တော်တို့အား လူသားဆန်စေသော အတွေးဖြစ်ပေသည်။ *'သူကောင်းတာကိုသူ့အပြုအမူက ဖုံးလွှမ်းသွားတယ်'*။ သူ့အတွင်းစိတ်သည် သူ့လုပ်ရပ်များလောက် မရက်စက်ပါ။ မည်သူမျှဘက်လိုက်တွေးခေါ်ခြင်း၊ လူမျိုးရေးခွဲခြားခြင်းတို့ဖြင့်မွေးဖွားလာခြင်းမရှိပါ။ မင်ဒဲလားက မည်သူတစ်ဦးတစ်ယောက်မျှ စိတ်ရင်းဆိုးယုတ်ခြင်းမရှိကြောင်းပြောသည်။ ဆိုးယုတ်ခြင်းဆိုသည်မှာ အခြေအနေအရ၊ ပတ်ဝန်းကျင်အရ၊ မိမိကြီးပြင်းလာခဲ့သော အသိုင်းအဝိုင်းအရ လူတို့တတ်သိလာခြင်းဖြစ်သည်။ မွေးရာပါ မဟုတ်။ အပ၊ သိုက်ကလူများကို ဆိုးယုတ်စေသည်။ ဆိုးယုတ်ခြင်းက အပါသိုက်ကို ဘီထွင်ခဲ့ခြင်း မဟုတ်ပါ။

မင်ဒဲလား၏အပေါင်းအဖော်များက ထောင်ကြပ်များနှင့် ထောင်မှူးများကို ကြီးမားခိုင်ခံ့ပြီး အကြင်နာမဲ့သော အပါသိုက်စနစ်၏ ပြယုဂ်အဖြစ်မြင်ကြသည်။ မင်ဒဲလားကသူတို့၏ ရည်မွန်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကိုရှာဖွေသည်။အဆုံးတွင်သူတို့အား စနစ်တစ်ခု၏ သားကောင်များအဖြစ်လည်းကောင်း၊ ထိုစနစ်အရ ပြစ်မှုကျူးလွန်သူများအဖြစ်လည်းကောင်း မြင်သည်။ မင်ဒဲလားက ကျွန်တော့်အား ကြိမ်ဖန်များစွာ ပြောဖူးသည်။ ထိုသူတို့သည် ရိုးစင်းပြီး ပညာမတတ်သူများဖြစ်ကာ သူတို့ငယ်စဉ်ကပင် တရားမျှတမှုမရှိသည့်လူမျိုးခွဲခြားရေးစနစ်ဆိုးအကြောင်း စွဲမှတ်အောင်သွန်သင်မှု ခံယူထားသူများ ဖြစ်သည်။ အားလုံးလိုလိုဆင်းရဲသော မိသားစုများမှဖြစ်ပြီး အကျဉ်းသားအများစု၏ အနေအထားနှင့်ခြားနားမှုမရှိလှပါ။ အာဖရိကတစ်ခွင် ခရီးထွက်ဖူးသော ပညာတတ်ဥပဒေအကျိုးဆောင် မင်ဒဲလားသည် ထောင်စောင့်များမြင်နိုင်မည်မဟုတ်သည့် ကမ္ဘာ့မြင်ကွင်းများကို မြင်ဖူးပြီးဖြစ်သည်။ ထိုထောင်အမှုထမ်းတို့လည်း အပါသိုက်စနစ်အောက်တွင် ခံစားခဲ့ရသည်။ သို့သော်ငြားလည်း မင်ဒဲလားနှင့် အပေါင်းအဖော်များ ခံစားရသလိုတော့ မဟုတ်ပါ။

မင်ဒဲလားက ဘုန်းတော်ကြီးအန်းဒရေးရှက်ဖာ အပေါ်လည်း အထက်ပါအတိုင်းပင်ရှုမြင်သည်။ ဘုန်းတော်ကြီးက တနင်္ဂနွေနေ့များတွင် အကျဉ်းသားများကို တရားဟောသည်။ ရှက်ဖာသည် ပြန်လည်ဖွဲ့စည်းထားသည့် ဒပ်ချ်ဘုရားကျောင်း အသင်းအဖွဲ့မှ သွေးမြောက်နေ

သည့် တရားဟောဆရာတစ်ဦးဖြစ်ပြီး လူမျိုးရေးခွဲခြားမှုသည် ဘုရားသခင်က စီမံခဲ့ခြင်းဖြစ်သည်ဟု လက်ခံယုံကြည်သူဖြစ်သည်။ 'သူက လူမည်းတွေကို အထင်သေးတယ်၊ ရင့်ရင့်သီးသီးဆက်ဆံတယ်' ဟု မင်ဒဲလားက ပြန်ပြောင်းသတိရသည်။ ရှက်ဖာက မင်ဒဲလားနှင့် အပေါင်းအဖော်များကို ဘာသာရေးအမြင်အရပင်လျှင်' မျှတမှုရှိသော စနစ်တစ်ခုကို နှောင့်ယှက်သည့် သာမန်ရာဇဝတ်ကောင်များ' အဖြစ် မြင်သည်။

ဘုန်းတော်ကြီးပြောသော စကားများကို မင်ဒဲလားမှတ်မိနေသည်။ 'ခင်ဗျားတို့က လွတ်မြောက်ရေးတိုက်စစ်ဆင်နေသူတွေလို့ ကိုယ့်ဘာသာထင်နေကြတယ်။ ခင်ဗျားတို့ကိုဖမ်းမိတုန်းက ခင်ဗျားတို့ ဆေးခြောက်နဲ့ အရက်သုံးစွဲထားတာဖြစ်ရမယ်။ ခင်ဗျားတို့ပြဿနာရှိတိုင်း 'အဖြူတွေလုပ်တာ' လို့ လွယ်လွယ်ပြောလိုက်ဖို့ပဲသိတယ်'။

အခြားအကျဉ်းသားများက ဘုန်းတော်ကြီးကို သည်းမခံနိုင်သဖြင့် သူ့ကိုရှောင်ဖို့ ကြိုးစားကြသည်။ မင်ဒဲလားကတော့ ထိုကိစ္စကို စိန်ခေါ်မှုတစ်ရပ်ဟုယူဆသည်။ သူ၏အမြင်တွင် ဘာသာရေးယုံကြည်ချက်များသည် လူတို့အပေါ်ပြဋ္ဌာန်းသတ်မှတ်ချက်များဖြစ်ပြီး အပါသိုက်နှင့် ခြားနားမှု မရှိလှပါ။ ဘုန်းတော်ကြီး၏ အမုန်းအားမာန်သည် သူကြီးပြင်းလာသည့် ပတ်ဝန်းကျင်၏ ရောင်ပြန်ဟပ်မှုပင်ဖြစ်သည်။ မင်ဒဲလားကဘုန်းတော်ကြီး၏ ခြိမ်းခြောက်ဟိန်းဟောက်မှု နောက်ကွယ်မှ လူသားကို ရိပ်ခနဲမြင်မိသည်။ ထို့ကြောင့် ဘုန်းတော်ကြီးက သူတို့အား အယူပြောင်းလဲနိုင်ရန် ကြိုးစားနေသည့်အချိန်တွင် သူက ဘုန်းတော်ကြီးအား အယူပြောင်းလဲနိုင်ရန် တန်ပြန်ကြိုးစားသည်။

'ကျွန်တော်တို့ သူ့ကိုပြောင်းလဲယူဖို့ ကြိုးစားကြတယ်။ကျွန်တော်က သူကျွန်တော်တို့ကို တရားဟောစေချင်တယ်။ ကျွန်တော်တို့က လူတိုင်းကို ကျွန်တော်တို့ခံယူချက်ကို နားလည်လာအောင် ကြိုးစားပြောဆိုကြတယ်။ အချိန်နဲ့အမျှ သူ့ကိုကျွန်တော်တို့ဟာ ဘယ်သူတွေ၊ ထောင်ဘာလို့ကျတယ်၊ ဘာအတွက်တိုက်ခိုက်နေကြတယ်ဆိုတာကို



ရှင်းပြတယ်'။ မင်ဒဲလားပြောပြချက်အရ ရှက်ဖာကယခင်ထက် ပိုရင်းနှီးလာသည်။ အနည်းဆုံး သူတို့လှုပ်ရှားမှုအကြောင်းကိုတော့ နားလည်လာသည်။ သူတို့ခံယူချက်ကိုလက်ခံသည့်အဆင့်အထိတော့ မဟုတ်သော်လည်း သူတို့ရန်သူမဟုတ်တော့ပါ။ မင်ဒဲလားသူ့ကို တစ်နည်းအားဖြင့် စည်းရုံးနိုင်ခဲ့သည်။

မင်ဒဲလား၏ ရဲဘော်ရဲဘက်များက သူအစောင့်များအပေါ်ထားရှိသည့် ကြင်နာသောအမြင်ကို အလိုလိုက်နားလည်ပေးကြသော်လည်း သူတို့အချင်းချင်းအကြားတွင် မင်ဒဲလားက အစောင့်များအပေါ် ယုံကြည်မှုလွန်ကဲခြင်း၊ သူတို့အားပြင်မရအောင်ဆိုးသည်ဟု မြင်သူများအပေါ် အကောင်းမြင်ခြင်းတို့နှင့် စပ်လျဉ်းပြီးအပြစ်ရှာဝေဖန်ကြသည်။ သူတို့သဘောအရ ရန်သူကိုနားလည်ရန်မလို၊ အောင်နိုင်ရန်သာလိုသည်။ အချို့ကမင်ဒဲလားသည်ရိုးစင်းသည်။ သူ၏သဘောထားကြီးမှုမှာ ဉာဏ်စွမ်းရည်အားနည်းချက်ရှိ၍ဟု ပြောကြသည်။ သူက ကြင်နာမှုကို ယုံလွယ်သည်။ သူ့ကို ယဉ်ယဉ်ကျေးကျေးဆက်ဆံသည့် မည်သည့်အစောင့်အတွက်မဆို၊ ဘာမဆိုလုပ်ပေးရန် အဆင်သင့်ရှိသည်။ ယင်းသည်သူ့အနေဖြင့် ဂုဏ်အဆောင်အယောင်တစ်ခုကို လိုလား၍ ဖြစ်သည်ဟု စွပ်စွဲကြသည်။ အချို့ရဲဘော်ရဲဘက်များက ထို့ထက်ဆိုးသည်ကိုပင်ပြောသေးသည်။ သူ၏အဆိုပါ အားနည်းချက်များသည် ကိုယ်ရေးကိုယ်တာသာမဟုတ်တော့၊ ရန်သူကိုနှစ်သိမ့်ခြင်းအတွက် သူ့အနေဖြင့်အပြစ်ရှိသည်ဟု ပြောကြသည်။

မင်ဒဲလားက ထိုအပြစ်ရှာဝေဖန်မှုကိုသိနေသော်လည်း စိတ်သဘောထားကြီးမှုဘက်မှရပ်တည်ပြီး အမှားခံရန်ရွေးချယ်သည်။ သူ့ကို အပြစ်ရှာဝေဖန်သူများကိုလည်း ထိုအတိုင်းပင်သဘောထားသည်။ လူတစ်ယောက်သည် ဂုဏ်ရှိရှိနေထိုင်ပြုမူလျှင် ထိုအပြုအမူနှင့် မထိုက်တန်သူများကိုပင်လျှင် သူတို့ပင်ကိုယ့်ထက် ဂုဏ်ရှိရှိနေထိုင်ပြုမူရန် လွှမ်းမိုးမှုရှိနိုင်သည်ဟု မင်ဒဲလားကယုံကြည်သည်။ ဤနည်းလမ်းသည် တစ်ခါတစ်ရံ အသုံးဝင်သည်။ အထူးသဖြင့် သူထောင်မှလွတ်မြောက်

သည့်အချိန်တွင် သူ၏ပွင့်လင်းပြီးယုံလွယ်သော သဘောထားသည် သူ့အားနာကြည်းခါးသီးမှုတို့ကို ကျော်လွှားနိုင်သူအဖြစ် အများကို မြင်စေသည်။ တောင်အာဖရိကသားများကို 'အတိတ်ကို မေ့ပစ်လိုက်ပါ' ဟု သူပြောသည့်အခါ ထိုသူတို့ကသူလည်း မေ့ပစ်လိုက်ပြီဟုယုံကြည်ကြသည်။ ယင်းသည်အကျိုးနှစ်ဆရှိစေသည်။ လူဖြူတို့အားသူ့အပေါ်ယုံကြည်စေသည်။ ထိုယုံကြည်မှုကြောင့် သူတို့မကြာသေးမီက ဖိနှိပ်ချုပ်ချယ်ခဲ့သည့် လူမည်းများအပေါ် သဘောထားကောင်းလာစေသည်။

မင်ဒဲလားက လူများအပေါ် ယုံကြည်ခြင်းသည် အကျိုးရှိသည်ဟု ယုံကြည်သည်။ သို့သော်သူပင်လျှင်ဝန်ခံသည်မှာ တစ်ခါတစ်ရံ သူယုံကြည်သူကသူ့အား သစ္စာဖောက်ခြင်းမျိုးရှိတတ်သည်။ သူနောင်တရလောက်အောင် ယုံကြည်မှုများထားမိခဲ့သူမှာ အက်ဖ်ဒဗလျူဒီကလတ်ခ်ဖြစ်သည်။ ဒီကလတ်ခ်က သူ့အား အကျဉ်းထောင်မှ လွှတ်ခဲ့သည်။ နောင်အခါသူနှင့်အတူ ငြိမ်းချမ်းရေးနိုဘယ်ဆုကို ဆွတ်ခူးကြသည်။ မူလအစကပင် ဒီကလတ်ခ်က မင်ဒဲလားအား မင်ဒဲလားအကြိုက် ယဉ်ကျေးစွာဆက်ဆံသည်။ မင်ဒဲလားက အစောပိုင်းတွင် ဒီကလတ်ခ်အား 'သမာဓိရှိသူတစ်ဦး' ဟု မှတ်ချက်ချခဲ့သည်။ နောက်ပိုင်း သူတို့စေ့စပ်ဆွေးနွေးမှုများ အထွတ်အထိပ်သို့ ရောက်ရှိချိန်တွင် သူ၏ ထိုမှတ်ချက်ကို နောင်တရမိသည်။

မင်ဒဲလားနှင့် ဒီကလတ်ခ် သုံးကြိမ်တိုင်တိုင် တွေ့ဆုံဆွေးနွေးပြီးနောက် ဒီကလတ်ခ်က မင်ဒဲလားအား လွှတ်ပေးရန်နှင့် အေအင်န်စီအပေါ် တားမြစ်ချက်ကို ရုပ်သိမ်းပေးရန် သဘောတူခဲ့သည်။ မူလကပင် ဒီကလတ်ခ်အား မင်ဒဲလားက ကွဲပြားသောအမျိုးသားပါတီခေါင်းဆောင်တစ်ဦးအဖြစ် မြင်ခဲ့သည်။ ပြုပြင်ပြောင်းလဲရေးကို စတင်ခြင်းအတွက် 'ရဲဝံ့သတ္တိရှိသည်' ဟု မင်ဒဲလားကထုတ်ဖော်ပြောဆိုသည်။ သူဒီကလတ်ခ်နှင့် ကိပ်တောင်းမြို့ရှိ သမ္မတအိမ်တော်တွင် ပထမအကြိမ် တွေ့ဆုံစဉ်က ဗစ်တာ ဗာစတာအကျဉ်းထောင်တွင်ပင်ရှိသေးသည်။ သူကဒီကလတ်ခ်အား တောင်အာဖရိက၏သမ္မတအဖြစ် ရွေးကောက်ခံရခြင်းကို ဂုဏ်ပြုနှုတ်ဆက်သည်။ ထို့နောက် 'အသင်းအဖွဲ့လုပ်ပိုင်ခွင့်များ' နှင့် စပ်လျဉ်းပြီး ပေါ်လစီချမှတ်နိုင်ရန် ဆွေးနွေးသည်။ အပါသိုက်စနစ်ကို နောက်ဖေးပေါက်မှသာဝင်စေသည့် သဘောဖြစ်သည်။ မင်ဒဲလားပြောပြချက်အရ ဒီကလတ်ခ်က ထိုပေါ်လစီကိစ္စကို သူမလိုလားလျှင် ဆက်မဆွေးနွေးလိုကြောင်းပြောခဲ့သည်။ မင်ဒဲလားက ဒီကလတ်ခ်အပေါ် အထင်ကြီးသွားသည်။ အမှန်တွင် ဒီကလတ်ခ်က သူ့ရှေ့သမ္မတများနှင့်လည်းကောင်း၊ ထောင်အစောင့်များနှင့်လည်းကောင်း မင်ဒဲလားအသုံးချခဲ့သည့် နည်းလမ်းမျိုးကို အသုံးချသွားခြင်းသာဖြစ်သည်။ သူကမင်ဒဲလားအား ယဉ်ကျေးစွာဆက်ဆံသည်။ လိုလိုလားလားရှိခြင်းကို ပြသည်။ သူတို့နှစ်ဦးအား ပိတ်တစ်စတည်းမှ ဖြတ်ထားသည့်အလား ပြုမူသည်။

ကျွန်တော် သူတို့နှစ်ဦးနှင့် တစ်ကြိမ်နှစ်ကြိမ်အတူရှိဖူးသည်။ ဒီကလတ်ခ်က မင်ဒဲလားကို နွေးထွေးစွာဆက်ဆံသော်လည်း သမားရိုးကျဆန်သည်။ သူ၏ထည်ဝါသော အသံအောကြီးဖြင့် 'မစ္စတာမင်ဒဲလား' ဟုခေါ်ဆိုသည်။ စီးကရက်ကိုအဆက်မပြတ်သောက်တတ်သည့်အလေ့အထရှိသော်လည်း ဆေးလိပ်မီးခိုးမကြိုက်သည့်မင်ဒဲလားရှေ့တွင် ဆေးလိပ်သောက်ခြင်းရှောင်သည်။ သူ၏အပြုအမူများသည် မင်ဒဲလားအား ချော့မော့ရန်ဗျူဟာတစ်ရပ်ဆိုသည်ကို မင်ဒဲလားမရိပ်မိခဲ့ပါ။ မင်ဒဲလားအခြားသူများအပေါ် အမြတ်ထုတ်အသုံးချခဲ့သည့် မျက်ကွယ်ပြု အားနည်းချက်သည် မင်ဒဲလားကိုယ်တိုင်တွင်လည်း ရှိနေခဲ့သည်။

သို့သော် မင်ဒဲလားအားထောင်မှလွှတ်ပြီးသည့်နောက် ရွေးကောက်ပွဲနှင့် ဖွဲ့စည်းပုံရေးရာများကို အပူတပြင်းဆွေးနွေးချိန်တွင်မူ ဒီကလတ်ခ်အပေါ် မင်ဒဲလားအမြင်ပြောင်းလဲလာသည်။ အစိုးရမှ 'တတိယအင်အားစု' တစ်ခုကို ပံ့ပိုးပေးနေသည်ဟု သူ ယုံကြည်သည်။ ထိုအင်အားစုသည် ရက်စက်ကြမ်းကြုတ်မှုတို့ကို လှုံ့ဆော်ပြီး ပြည်တွင်းစစ်ဖြစ်အောင် စနက်မီးပျိုးပေးနေသည့် ရိုးတိုးရိပ်တိပ်စင်ပြိုင်စစ်တပ်အဖွဲ့အစည်း ဖြစ်သည်။ မင်ဒဲလားက ဒီကလတ်ခ်ငြင်းဆိုသော်လည်း

ထိုကိစ္စကိုဒီကလတ်ခ်သိသည့်အပြင် လျစ်လျူရှုပေးထားသည်ဟု ယုံကြည်သည်။ သူတို့နှစ်ယောက် အများပြည်သူရှေ့တွင် လည်းကောင်း၊ သီးသန့်နေရာများတွင်လည်းကောင်း ခိုက်ရန်ဖြစ်ကြသည်။ မင်ဒဲလား က ဒီကလတ်ခ်ကို မျက်နှာနှစ်ခုရှိသူ၊ သူတော်ကောင်းဟန်ဆောင်သူဟု မြင်လာသည်။

တစ်ချိန်တွင် ဒီကလတ်ခ်က မင်ဒဲလား၏ ရှားပါးလှသည့် လူရှေ့တွင် အမျက်ဒေါသထွက်မှုကိုမီးမွှေးပေးခဲ့သည်။ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖြစ်သည်။ သူတို့နှစ်ဦးစလုံးတောင်အာဖရိက၏ ပထမဦးဆုံး ဖွဲ့စည်းပုံနှင့် စပ်လျဉ်းသည့် သမိုင်းဝင်ဆွေးနွေးပွဲများကို စတင်သည့် အထိမ်းအမှတ်ပွဲတွင် မိန့်ခွန်းပြောရန်ရှိသည်။အဆိုပါ ဆွေးနွေးပွဲများသည် ၁၉၉၄ ခုနှစ်တွင် ကျင်းပရန်ရည်ရွယ်ထားသည့် 'လူတစ်ယောက်၊ မဲတစ်မဲ' ရွေးကောက်ပွဲသို့ဦးတည်ရာတွင် အဓိကကျမည့်မိန့်ခွန်းများ ဖြစ်မည်။ မင်ဒဲလား ကျွန်တော့်ကို ပြောပြချက်အရ ဒီကလတ်ခ်က သူထံ နှစ်ကိုယ်ချင်းလာတွေ့ပြီး မင်ဒဲလား စကားပြောပြီးနောက်မှ သူပြောလိုကြောင်း တောင်းဆိုသည်။ မင်ဒဲလားက သဘောတူလိုက်သည်။ မင်ဒဲလားက အရင်စကားပြောသည်။ ဖွဲ့စည်းပုံဆိုင်ရာဆွေးနွေးမှုများ အောင်မြင်စေလိုကြောင်းစိတ်ထားကောင်း အသံနေအသံထားဖြင့် ပြောသည်။ သို့သော် ဒီကလတ်ခ်စကားပြောသည့်အခါ ငြိမ်းချမ်းရေး သံလွင်ခက်တို့ မမြင်ရပါ။ သူကအေအင်န်စီနှင့် မင်ဒဲလားတို့သည် နိုင်ငံတွင်ရက်စက်ကြမ်းကြုတ်မှုတို့ကို ဖြစ်ပေါ်စေသည့်လျှို့ဝှက်စစ်တပ်များကို ပံ့ပိုးပေးနေကြောင်းစွပ်စွဲသည်။ သူက အဓိကအားဖြင့် မင်ဒဲလားကို ကြောင်သူတော်ဟု စွပ်စွဲသည်။ တတိယအင်အားစုကို စိုးရိမ်ကြောင်း မင်ဒဲလားက ဒီကလတ်ခ်ကို ကြိမ်ဖန်များစွာ ပြောခဲ့ဖူးလျက်နှင့် ယင်းသို့ စွပ်စွဲသည်ကို မင်ဒဲလားက တစ်လုံးမကျန်လိမ်ညာမှုများအဖြစ် ခံယူသည်။ ဒီကလတ်ခ် စကားပြောပြီးသည့်အခါ ကွန်ဖရင့် ပြီးဆုံးရန် ဖြစ်သော်လည်း မင်ဒဲလားက ထိုင်ရာမှ ထလိုက်ပြီး တီဗီကင်မရာများရှေ့တွင် စကားပြောစင်မြင့်သို့ လျှောက်သွားသည်။ သူ့မျက်နှာသည် ဒေါသ



ဖြင့် အေးစက်မာကျောနေသည်။ သူစကားပြောနေစဉ် ဒီကလတ်ခ်ကို တစ်ချက်မျှ မကြည့်။

'သူ့လိုတရားမဝင်တဲ့၊ လူတွေလက်မခံတဲ့၊ လူနည်းစုအစိုးရအဖွဲ့ရဲ့ခေါင်းဆောင်တစ်ယောက်အနေနဲ့တောင်မှ ထိန်းသိမ်းရမယ့် သိက္ခာဆိုတာရှိတယ်။ လူတစ်ယောက်ဟာ အခုလိုကွန်ဖရင့်မျိုးကိုလာပြီး ဒီလိုနိုင်ငံရေးကျင့်ကြံမယ်ဆိုရင် ဒီလိုလူနဲ့ဘယ်သူကမှ ဆက်ဆံချင်မှာ မဟုတ်ဘူး'။

ကျွန်တော် သူ့ကို စိတ်အဆိုးဆုံးမြင်တွေ့ရသည့်အချိန်ဖြစ်သည်။ သူ၏တစ်ကိုယ်ရေကျင့်ဝတ်အရ သူ့ဒေါသကို ထိန်းချုပ်ရန် အစွမ်းကုန်ကြိုးစားနေသည်မှာ မြင်သာသည်။ သူတို့နှစ်ဦးသည် လူကြီးလူကောင်းတို့သဘောတူညီချက်ဖြင့် ကွန်ဖရင့်တွင် ဒီကလတ်ခ်က နောက်ဆုံးမှစကားပြောရန် နားလည်မှုယူခဲ့ကြသည်။ ယခုမင်ဒဲလားက ဒီကလတ်ခ်သူ့ကို သစ္စာဖောက်သကဲ့သို့ ခံစားရသည်။ ပိုဆိုးသည်မှာ မင်ဒဲလားက လောကဝတ်နှင့် အပြန်အလှန်ကောင်းမွန်စွာပြုမူခြင်းတို့ကို တန်ဖိုးထားသူဖြစ်သည်။

နောက်နှစ်အတော်ကြာသောအခါ ကျွန်တော်မင်ဒဲလားနှင့် ဒီကလတ်ခ်အကြောင်း ပြောဖြစ်ကြသည်။ သူ ထိုအခါက ဒဏ်ရာကို မေ့ပျောက်နိုင်ပြီဖြစ်ကြောင်းမြင်ရသည်။ ဒီကလတ်ခ်က ထိုစဉ်က သူ့ကိုယ်ကျိုးနှင့် သူ၏နိုင်ငံရေးတပည့်တပန်းများ ကိုယ်ကျိုးအတွက် ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ကြောင်း သူသုံးသပ်မိသည်။ သို့သော် ထိုမတရားမှုကို ဒီကလတ်ခ် မချိုးနှိမ်နိုင်ခြင်းကို သူဝမ်းနည်းသည်ဟု ပြောသည်။ သူ ဒီကလတ်ခ်အား မှားယွင်းဆုံးဖြတ်ခဲ့သည်မှန်သော်လည်း ယုံကြည်ကိုးစားခဲ့ခြင်းကတော့ မမှားကြောင်း၊ သူ၏လွတ်လပ်ရေး ကြိုးပမ်းမှုတွင် ဒီကလတ်ခ်သည် အရေးပါသောလက်တွဲဖော်တစ်ဦးဖြစ်ခဲ့ကြောင်း၊ ထိုပုဂ္ဂိုလ်သည်တည်ကြည်မှုမရှိသူတစ်ဦးဖြစ်ကြောင်း ပြောနေလျှင် အပိုပင်ဟု မြင်သည်။ ထို့ပြင် ဒီကလတ်ခ်ကို နောင်အခါတွင် သူလိုအပ်ချက်ရှိမည်၊ မရှိမည်မပြောနိုင်၊ ထို့ကြောင့်အဆက်ဖြတ်ထားရန်လည်း

မသင့်တော်ဟုသူဆုံးဖြတ်သည်။

မင်ဒဲလားအနေဖြင့် အခြားသူများကိုအကောင်းဘက်မှ ကြည့်မြင်တတ်သည်မှာ သူ၏ သဘောသဘာဝဖြစ်သလို သူ၏အကျိုး အတွက်လည်းဖြစ်သည်။ တစ်ခါတစ်ရံ ယင်းသည် ကြောင်းကျိုးမမြင် သကဲ့သို့ ဖြစ်နေသော်လည်း ထိုအရဲစွန့်မှုကို သူလုပ်ရန်ဝန်မလေးပါ။ အမှန်ပင်အရဲစွန့်မှုဖြစ်သည်။ ကျွန်တော်တို့အနေဖြင့် အန္တရာယ်များ သော အမြင့်တက်ခြင်းကဲ့သို့သော ကာယစွန့်စားမှု၊ ရလဒ်မသေချာ သည့် ရင်းနှီးမြှုပ်နှံမှုတွင် မိမိငွေကိုထည့်ဝင်ခြင်းစသည့် အရဲစွန့်မှုတို့ကို သာ စွန့်စားခြင်းဟုသတ်မှတ်လေ့ရှိကြသည်။ မင်ဒဲလားက စိတ် ခံစားမှုနှင့်ဆိုင်သော စွန့်စားမှုတို့ကို ယုံကြည်စွာစွမ်းဆောင်ရဲသည်။ အခြားသူကိုယုံကြည်မှုပေးပြီး မိမိကိုယ်ကိုယ်အားနည်းချက်ရှိစေသည်။ ကျွန်တော်တို့သည် တစ်ခါတစ်ရံမိမိတို့ရင်းနှီးစွာ မသိကျွမ်းသောသူတို့ကို အတွင်းစကားများပြောတတ်ကြသည်။ သို့သော် ကျွန်တော်တို့ အနေဖြင့် နေ့စဉ်ဘဝထဲမှလူများ၏ ရည်မွန်မှု၊ ရိုးသားမှုနှင့် စိတ်ထားကောင်းမွန်မှု တို့ကိုရှာဖွေခြင်းအား စွန့်စားမှုတစ်ရပ်အနေနှင့် မခံယူဖူးကြပါ။

'လူတွေက ကျွန်တော် လူတွေကို အကောင်းမြင်တတ်လွန်း တယ်လို့ ထင်ကြလိမ့်မယ်။ ဒီဝေဖန်ပြောဆိုမှုကို ကျွန်တော်သည်းညည်း ခံရမှာပဲ။ ကျွန်တော်အလွန်အကျွံ မဖြစ်အောင်တော့ ချင့်ချိန်ရတယ်။ ဘာပဲဖြစ်ဖြစ်ကျွန်တော့်အတွက် အကျိုးရှိတယ်လို့ယူဆပါတယ်။တခြား သူတွေဟာ တည်ကြည်သူတွေ၊ ဂုဏ်သိက္ခာရှိသူတွေလို့ယူဆပြီး ဆက်ဆံ လုပ်ကိုင်ရတာကောင်းပါတယ်။ ကိုယ့်အမြင်ကြောင့် တခြားသူတွေရဲ့ တည်ကြည်မှုနဲ့ဂုဏ်သိက္ခာရှိမှုတို့ကို ဆွဲဆောင်ရာကျတယ်။ ကျွန်တော် အဲဒီလိုယုံကြည်တယ်' ဟု မင်ဒဲလား ကျွန်တော့်ကို တစ်ခါက ပြောဖူး သည်။

■

# ရန်သူကို သိနားလည်ပါ

၁၉၅၀ ပြည့်လွန်နှစ်များက မင်ဒဲလားသည် နေ့အခါတွင် အများအကျိုးဆောင်ရှေ့နေတစ်ဦးဖြစ်ပြီး ညအခါတွင် အပျော်တမ်း လက်ဝှေ့သမားတစ်ဦးဖြစ်သည်။ သူက လူမည်းမြို့နယ် အော်လန်ဒိုရှိ ကျပ်ကျပ်တည်းတည်းအားကစားရုံတစ်ခုတွင် ညနေတိုင်းလိုလို လေ့ ကျင့်သည်။ သူ့အရပ်က ၆ ပေ ၂ လက်မ၊ ကိုယ်ခန္ဓာကတုတ်ခိုင်သည်။ အနည်းငယ်နွေးကွေးသည်။ ဟဲဗီးဝိတ်ချန်ပီယံဖြစ်ရန်ကံမပါပါ။သို့သော် သူကစည်းကမ်းအလွန်သေဝပ်သည်။ ထို့ပြင် ကြိုးခုန်ခြင်း၊ တာဝေးပြေး ခြင်း၊ အလေးအိတ်ကိုထိုးခြင်းစသည့် လေ့ကျင့်ရေးနည်းလမ်းများကို တကယ့်လက်ဝှေ့ပွဲထက် စိတ်အားထက်သန်သည်။ သူ၏တက်ကြွသော နည်းပြစကစ်ပါမိုလော့တ်စီက၊ လက်ဝှေ့သမားတစ်ယောက် အောင်မြင် ရန်မှာသန်မာဖြတ်လတ်ရုံမျှနှင့်မပြီး၊ ပြိုင်ဘက်အကြောင်းကို သိထားရ မည်ဟု သူ့အား သင်ကြားသည်။ ဆိုလိုသည်မှာ မိမိပြိုင်ဘက်သည် မိမိအား ဆတ်ခနဲတစ်ချက်ထိုးပြီးလျှင် ဘယ်ဝိုက်လက်သီးနှင့်ဆက်ထိုး ခြင်းရှိ၊ မရှိ၊ ထိုသူကလက်သီးထိုးချက်ခံရပြီးသည့်အခါ ညာသို့ရှောင် သည်၊ သို့မဟုတ် ဘယ်သို့ရှောင်သည် ဆိုသည်ကို လေ့လာထားရမည်။

မင်ဒဲလားက နိုင်ငံရေးနယ်ပယ်တွင်လည်း ထိုနည်းလည်း ကောင်း ပြုကျင့်သင့်ကြောင်း သဘောပေါက်မိသည်။ ခိုင်မာသည့် နိုင်ငံရေးပြိုင်ဘက်ကို အနိုင်ရရန်အလို့ငှာ ထိုသူ့ကို နားလည်ရမည်။

ထိုသူ၏အားနည်းချက်များကို ရှာဖွေဖော်ထုတ်ရမည်။ မင်းဒဲလားသည် အဖိနှိပ်ခံပုဂ္ဂိုလ်ဖြစ်နေ၍ ပြိုင်ဘက်၏ ဆန့်ကျင်ဘက်အင်အားကိုလည်း အသုံးချနိုင်ရမည်။

၁၉၆၂ ခုနှစ်တွင် မင်းဒဲလား ၄၄ နှစ်ပြည့်စဉ်က သူကိုယ်တိုင် ဦးဆောင်ပြီး အမ်ကေဟုအမည်တွင်သည့် အေအင်န်စီ၏ စစ်မက် ရေးရာပါတီခွဲ 'နိုင်ငံ၏လှံတံ' ကိုဖွဲ့စည်းခဲ့သည်။ သူသည် အမ်ကေ၏ ပထမဦးဆုံး စစ်သေနာပတိဖြစ်သည်။ အမ်ကေမှ စစ်မက်ရေးရာ ပစ်မှတ်အချို့ကို ဗုံးကြဲသည့်အခါ မင်းဒဲလားအနေဖြင့် မြေအောက် တော်လှန်ရေး လုပ်ရသည်။ တောင်အာဖရိက၏ ဆုငွေထုတ်ခံရသည့် ဝရမ်းပြေးတစ်ယောက်ဖြစ်လာသည်။ လျှို့ဝှက်သိုသိပ်စွာ လှုပ်ရှားနေ သည့်ပုံရိပ်တစ်ခုဖြစ်ပြီး လူဖြူသတင်းစာများမှ 'လူမည်းပင်ပါနာလ်' ဟုအမည်ပေးကြသည်။ သူက မုတ်ဆိတ်မွေးခပ်ပါးပါးထားပြီး ဟောင်း နွမ်းသော အပေခံဝတ်စုံများဝတ်ဆင်သည်။ ကားမောင်းလျှင် ပွရောင်း သောဦးထုပ်တစ်လုံးဆောင်းထားသဖြင့် လူများက သူ့အားယာဉ်မောင်း တစ်ဦး၊ သို့မဟုတ် ပန်းခြံအလုပ်သမားတစ်ဦးဟု ထင်ကြသည်။ ဆန်းဇူး ၏ 'စစ်ပွဲအနုပညာ' ကို ဖတ်ရှုလေ့လာသည်။ အခြားစစ်မက်ရေးရာ စာအုပ်များကိုလည်း ရနိုင်သလောက် ဖတ်သည်။

သူအခြားလက်စွဲစာအုပ်များကိုလည်း စတင်လေ့လာသည်။ ဒပ်ချ်အာဖရိကန် ဘာသာစကားသဒ္ဒါစာအုပ်များ ဖြစ်သည်။

သူ့ရဲဘော်ရဲဘက်များက သူ 'စစ်ပွဲအနုပညာ' ဖတ်ရှုလေ့လာ သည်ကို နားလည်ပေးနိုင်သော်လည်း ဒပ်ချ်အာဖရိကန်ကဗျာများ ဖတ်ခြင်းကိုတော့ နားမလည်နိုင်ပါ။ ဖိနှိပ်ချုပ်ချယ်သူများ၏ ဘာသာ စကားကို လေ့လာခြင်းအတွက် သူ့အားသရော်ကြသည်။ သို့သော် မင်းဒဲလားက ရန်သူကို နားမလည်နိုင်လျှင် သူတို့ကိုအနိုင်ယူနိုင်မည် မဟုတ်၊ သူတို့ကိုနားလည်ရန်မှာ သူတို့ဘာသာစကားကို နားလည်ရမည် ဟု တကယ့်ကို သူခံယူသည်။ ထို့ထက်ပင် ပိုတွေးတောထားသေးသည်။ တောင်အာဖရိကတွင် ဒပ်ချ်အာဖရိကန်တို့မပါဘဲနှင့် မျှတသည့်စနစ်၊



ငြိမ်းချမ်းသည့်ဖြေရှင်းမှု ရရှိနိုင်မည်မဟုတ်ဟု သူနားလည်ထားသည်။ အမ်ကေ၏ခေါင်းဆောင်ဖြစ်သော်လည်း ဒပ်ချ်အာဖရိကန်များကို ပင် လယ်ပြင်သို့မောင်းထုတ်ရန် ရည်ရွယ်ချက် မရှိပါ။ အဆုံးတွင်ပြေလည် အောင်ညှိနှိုင်းခြင်း၊ စေ့စပ်ဆွေးနွေးခြင်း စသည့် လိုအပ်ချက်တို့ ရှိလာ မည်ဖြစ်သည်။

ကျွန်တော်က သူ့အား ဒပ်ချ်အာဖရိကန် ဘာသာစကားသင်ယူ သည့် အကြောင်းရင်းကိုမေးသောအခါ သူကတဲ့တိုးဖြေသည်။ 'ဒီလို ရှိတယ်လေ။ လူရှေ့သူရှေ့ထွက်ရတဲ့ လူတစ်ယောက်အနေနဲ့ နိုင်ငံရဲ့ အဓိကဘာသာစကားနှစ်မျိုးစလုံးကို တတ်ထားသင့်တယ်။ ဒပ်ချ်အာ ဖရိကန်စကားကို နိုင်ငံမှာရှိတဲ့လူဖြူအများစုက ပြောကြသလို မျက်နှာ ဖြူမျိုးမဟုတ်သူတွေရဲ့ အများစုကလည်းပြောကြတယ်။ ဒီဘာသာ စကားကို မပြောတတ်ရင် အားနည်းချက်တစ်ခုဖြစ်သွားမှာပေါ့။ ဒပ်ချ် အာဖရိကန် စကားပြောတဲ့အခါတိုင်း သူတို့နှလုံးသားကို တည့်တည့် မတ်မတ်ထိတယ်'။

*သူတို့နှလုံးသားကို တည့်တည့်မတ်မတ်ထိတယ်။*

ယင်းသည် တိုက်တွန်းမှုအနုပညာနှင့် စပ်လျဉ်းပြီး သူ၏ ထင်ရှားသောစကား 'ထိုပုဂ္ဂိုလ်တို့၏ဦးနှောက်ကို စကားမပြောပါနှင့်။ နှလုံးသားကို စကားပြောပါ' ၏ ပဲ့တင်သံဖြစ်သည်။ ကျွန်တော်တို့ဘဝ ကြိုးဝိုင်းတွင်၊ လုပ်ဖော်ကိုင်ဖက်တစ်ဦးအား မိမိထင်မြင်ချက်ကို နား လည်အောင် တိုက်တွန်းပြောဆိုသည့်အခါတွင်လည်းကောင်း၊ တစ်ဦး ဦး၏မဲဆန္ဒကို ရယူလိုသည့်အခါတွင်လည်းကောင်း၊ ဈေးဝယ်သူအသစ် များကို ဆွဲဆောင်လိုလျှင်လည်းကောင်း ယင်းအချက်သည် မှန်ကန် သည်။ မိမိကုန်ပစ္စည်းကို ရောင်းထွက်စေလိုလျှင် ဈေးဝယ်သူ၏ နှလုံး သားကို စကားပြောသင့်သည်။ မင်းဒဲလားက ယင်းနည်းလမ်းကို သူ့အား ထောက်ခံသူများအတွက်သုံးသလို ဒပ်ချ်အာဖရိကန်များအတွက်လည်း သုံးသည်။ သို့သော် ဒပ်ချ်အာဖရိကန်များအား သူတို့ဘာသာစကား ပြောရုံမျှနှင့် မပြီးပါ။ အခြားကျော်လွှားရမည့် အခက်အခဲများရှိသေး

သည်။ သူက ဘက်လိုက်ခြင်းအစွဲအလမ်းသည် ဆင်ခြင်တုံတရားကို အခြေခံထားခြင်းမရှိ၍ ယင်းကိစ္စကိုကိုင်တွယ်ရာတွင် ဆင်ခြင်တုံတရားတစ်ခုတည်းနှင့် မလုံလောက်မှန်းသိသည်။ သူက ဒီမိုကရေစီစနစ်ကို လက်ခံရမည့် မျက်နှာဖြူများအနေဖြင့် ဉာဏ်ရည်အလျောက်သာ မဟုတ်၊ စိတ်ခံစားချက်အလျောက်ပါ ကွဲပြားခြားနားချက်ရှိသည့်နိုင်ငံ၏ သဘောသဘာဝကို လက်ခံရန်လိုအပ်ချက်ရှိသည်။ သို့မှသာ သူအမှန်တကယ် ရှာဖွေနေသည့် အမျိုးသားသင့်မြတ်ရေး ညှိနှိုင်းပြေလည်မှုကို ရရှိနိုင်ပေမည်။ သူ့အနေဖြင့် ပြည်သူများ၏စိတ်ကို အမြဲလိုလို ဆွဲဆောင်နိုင်စွမ်း ရှိခဲ့သည်မှန်သော်လည်း သူတို့၏နှလုံးသားများကိုပါ ဆွဲဆောင်နိုင်မှ အဆုံးစွန်အောင်နိုင်မှုကို ရရှိမည်ဖြစ်သည်။

မင်ဒဲလား မြေအောက်တော်လှန်ရေးလှုပ်ရှားမှု စတင်ပြီး တစ်နှစ်ခွဲအကြာ၊ သူဒပ်ချ်အာဖရိကန် ဘာသာစကားစသင်ပြီး လပိုင်းအနည်းငယ်တွင်၊ သူဘော့တ်စွားနားနယ်စပ်မှ တောင်အာဖရိကသို့ ဖြတ်ကျော်ဝင်နေစဉ် ဖမ်းမိသွားသည်။ သူ့ကိုသေဒဏ်ကျခံစေနိုင်သည့် နိုင်ငံတော်သစ္စာဖောက်မှုဖြင့် တရားစွဲဆိုစစ်ဆေးစီရင်မည်ဖြစ်သည်။ အချိန်ကာလ တစ်နှစ်နီးပါးကြာမြင့်သည့် နာမည်ပျက် ရီဗိုးနီးယားစစ်ဆေးစီရင်ခြင်းသည် နယ်လ်ဆန်မင်ဒဲလားအား နောက်ဆုံးမြင်ရကြားရမည့်ကာလဖြစ်သည်ဟု အများပြည်သူတို့ကယူဆကြသည်။ အမှုအစောပိုင်းရက်များတွင် မင်ဒဲလားက ခင်မင်တတ်သည့် ဒပ်ချ်အာဖရိကန်ထောင်ကြပ်တစ်ယောက်နှင့် စကားစမြည်ပြောသည်ကို သတိရသည်။

ထိုသူက မင်ဒဲလားအား မေးခွန်းမေးသည်။ 'မင်ဒဲလား၊ ခင်ဗျားကို တရားသူကြီးက ဒီအမှုနဲ့စပ်လျဉ်းပြီး ဘာအပြစ်ဒဏ်ချမယ် ထင်လဲ'။ မင်ဒဲလားက 'အင်း၊ ကြိုးမိန့်ပေးမှာပေါ့' ဟု ဖြေလိုက်သည်။ တကယ်တမ်းထိုကဲ့သို့ ဆိုလိုသည် မဟုတ်ပါ။ ထောင်ကြပ်ထံမှ အားပေးမှုနှင့်စာနာမှုလိုချင်၍ ပြောလိုက်ခြင်းသာဖြစ်သည်။ 'တရားသူကြီးက အဲဒီလောက်တော့လုပ်မှာ မဟုတ်ပါဘူး' ဟု နှစ်သိမ့်မည်ဟု မင်ဒဲလားက



ထင်သည်။ သို့သော် ထိုသူက တိတ်သွားသည်။ မင်ဒဲလားထံမှ မျက်စိလွှဲလိုက်သည်။ ထို့နောက် 'ခင်ဗျား မှန်တယ်လို့ ကျွန်တော် ထင်တယ်၊ သူတို့ခင်ဗျားကို ကြိုးမိန့်ပေးလိမ့်မယ်' ဟုပြောသည်။

ယင်းသည် ရန်သူ၏နှလုံးသားထဲသို့ ထိုးထွင်းမြင်ရခြင်းပင်ဖြစ်သည်။ ထိုဒပ်ချ်အာဖရိကန်ထောင်ကြပ်သည် ပွင့်လင်းသည်။ ဖွဲ့တိုးပြောသည်။ ဉာဏ်မများပါ။ မလှည့်ဖြားတတ်ပါ။ သူသင့်ကို စာနာမှုမပေးနိုင်သည်ဖြစ်စေ၊ မဖြစ်စေ သူ့စိတ်တွင်ရှိသည်ကို အမှန်အတိုင်းပြောတတ်သည်။

နောက်ဆုံးတွင် တရားသူကြီးက မင်ဒဲလားနှင့် လုပ်ဖော်ကိုင်ဖက်များကို ထောင်တစ်သက်တစ်ကျွန်း အပြစ်ဒဏ်ချမှတ်လိုက်သည်။ ထိုစီရင်ချက်ချပြီးသည့်နေ့တွင်ပင် မင်ဒဲလားနှင့်အပေါင်းပါ လူမည်းတရားခံများကို ဗင်ကားတစ်စီးဖြင့် လေဆိပ်သို့ ခေါ်ဆောင်သွားပြီး ကိပ်တောင်းမြို့သို့ လေယာဉ်ဖြင့် ခေါ်သွားသည်။ ထိုမှတစ်ဖန် ရော်ဘင်ကျွန်းသို့ ခေါ်ဆောင်သွားသည်။ ထိုကျွန်းသို့ရောက်ပြီးခါစ နှစ်များတွင် မင်ဒဲလားက သူ၏ တရားသူကြီးနှင့် ထောင်ကြပ်များ၏ ဘာသာစကားကို အလေးထားလေ့လာခဲ့သည်။ ဒပ်ချ်အာဖရိကန်ဘာသာရပ်ကို အဝေးသင်တက်ရောက်သည်။ ထိုကြမ်းတမ်းသည့်ရှေ့ပိုင်းနှစ်များတွင် ဒပ်ချ်အာဖရိကန်သဒ္ဒါစာအုပ်များအား ထောင်အတွင်းသို့ ယူဆောင်ခွင့်ပြုသည်။ (သူကတောလ်စတွိုင်း၏ *စစ်နှင့်ငြိမ်းချမ်းရေး*စာအုပ်ဖတ်လိုသဖြင့် တောင်းဆိုရာ အာဏာပိုင်များက ထိုစာအုပ်ကို စစ်မက်ရေးရာလက်စွဲဟု ယူဆသဖြင့် ခွင့်မပြုပါ)။ သူက အခွင့်အလမ်းရသမျှ ထောင်စောင့်များကို ဒပ်ချ်အာဖရိကန်ဘာသာစကားဖြင့် ပြောဆိုသည်။

သူ၏ ရဲဘော်ရဲဘက်အများစုက ယင်းကို နားမလည်နိုင်ကြပါ။ သူတို့အမြင်တွင် မင်ဒဲလားသည် ဖိနှိပ်ချုပ်ချယ်သူတို့၏ ဘာသာစကားကို ပြောခြင်းအားဖြင့် ထိုသူတို့အား လေးစားလိုက်နာခြင်း မည်သည်။ သူ့အဖော်အကျဉ်းသားများက သူ့ကြိုးပမ်းမှုကို အသိအမှတ် မပြုသော်လည်း အစောင့်များက သဘောကျသည်။ သူတို့၏ အင်္ဂလိပ်စကားသည်

အချိုးမပြေပါ။ အခြားအကျဉ်းသားအများစုသည် ဒပ်ချ်အာဖရိကန်စကားမတတ်ပါ၊ တတ်လျှင်ပင် မပြောကြပါ။ မင်ဒဲလားက အစောင့်များနှင့် ဒပ်ချ်အာဖရိကန်စကား ပြောဆိုခြင်းသည် မကြာမီပင် အကျိုးဖြစ်ထွန်းသည်။ မျှားမကြာမီ ထောင်ကြပ်များသည် ညအချိန်တွင် သူ၏ပြတင်းပေါက်ဆီသို့လာပြီး သူ့ထံမှအကြံဉာဏ် တောင်းခံကြသည်။ 'ကျွန်တော် မကြွားဘဲပြောရမယ်ဆိုရင်၊ သူတို့ ပုံမှန်အားဖြင့် စနေ တနင်္ဂနွေနေ့တွေနဲ့ တခြားနေ့ညနေပိုင်းတွေမှာ ကျွန်တော်နဲ့လာစကားပြောကြတယ်။ တချို့လူတွေက လူကောင်းတွေပဲ။ ကျွန်တော်တို့ကို ဆက်ဆံတာနဲ့ပတ်သက်ပြီး သူတို့အမြင်ကို ခိုင်ခိုင်မာမာ ပြောကြတယ်'။

တစ်နည်းအားဖြင့် ထိုသူတို့၏နှလုံးသားကို ထိတွေ့နိုင်ခြင်းကြောင့် ရန်သူအချို့ကို မဟာမိတ်ဖြစ်လာအောင် ပြောင်းလဲယူနိုင်သည်။ သူ့အတွက်ထောင်ကြပ်များသည် ဒပ်ချ်အာဖရိကန်လူထု၏ ပုံစံငယ်ကလေးတစ်ခု ဖြစ်သည်။ ပညာအနည်းအကျဉ်းသာတတ်ပြီး မလိုမုန်းထားစိတ်ရှိသော ထိုသူတို့ကိုအောင်နိုင်နိုင်လျှင် အခြား ဒပ်ချ်အာဖရိကန်လူထုကိုလည်း အောင်နိုင်နိုင်မည်ဟု သူခံယူသည်။

မင်ဒဲလားက ဒပ်ချ်အာဖရိကန်ဘာသာစကားတတ်ရုံနှင့်မပြီး၊ ထိုသူတို့၏ ယဉ်ကျေးမှုကိုလည်းသိထားရမည်ဟု နားလည်သည်။ ထို့ကြောင့် သူသည် ဒပ်ချ်အာဖရိကန်ကဗျာများကို အလွတ်ကျက်မှတ်သည်။ ဒပ်ချ်အာဖရိကန်သမိုင်းကို နက်နက်နဲနဲလေ့လာသည်။ ထိုသူတို့သည် သူတို့၏ ရှေ့သမိုင်းကြောင်းကို ဂုဏ်ယူရုံသာမက သူတို့၏စစ်မက်ရေးရာ စွမ်းရည်ကိုလည်း ဂုဏ်ယူသည်။ အင်္ဂလိပ်နှင့် 'ဘိုအာ' စစ်ပွဲတွင် ထိုအချိန်က စစ်အင်အားအကြီးဆုံး အင်္ဂလိပ်စစ်တပ်များကို တိုက်ထုတ်နိုင်ခဲ့သော သူတို့၏ 'ဘိုအာ' ဗိုလ်ချုပ်များ၏ နာမည်များကို ချစ်ခင်မြတ်နိုးကြသည်။ သူက ထိုဗိုလ်ချုပ်များ၏ နာမည်များနှင့် ၎င်းတို့၏ ရဲဇာနည်ဇာတ်လမ်းများကို ဖတ်ရှုမှတ်သားသည်။ ဒပ်ချ်အာဖရိကန်စစ်မက်ရေးရာသမိုင်းကို လေ့လာခြင်းအားဖြင့် ၎င်းတို့တိုက်ခိုက်ပုံ နည်းစနစ်ကိုသိခွင့်ရသည်။ သူတို့သည်ကြံ့ရည်ဖန်ရည်ရှိသည်။ ဉာဏ်များသည်။ သန္နိဋ္ဌာန်ခိုင်မာသည်။ ကတ်ဖွဲ့လုပ်တတ်သည်။ နောက်အနှစ် ၂၀ ကျော်ကြာမြင့်ပြီးချိန်တွင် မင်ဒဲလားက အစိုးရခေါင်းဆောင်များနှင့် စေ့စပ်ဆွေးနွေးသည့်အခါ ထိုသူများသည် မင်ဒဲလား၏ဒပ်ချ်အာဖရိကန် ဗိုလ်ချုပ်များနှင့် စစ်ပွဲများအကြောင်း ရည်ညွှန်းချက်များအပေါ် တအံ့တဩ ဖြစ်ကြရသည်။ သဘောကျ အထင်ကြီးသည်။



ရော်ဘင်ကျွန်းတွင် မင်ဒဲလားက သူ့ရဲဘော်ရဲဘက်များကို ဒပ်ချ်အာဖရိကန်နှင့် အာဖရိကန်အတူတူပင်ဖြစ်သည်ဟု ပြောလေ့ရှိသည်။ ထိုသူတို့သည် ဥရောပမှအပြီးသတ်ထွက်ခွာလာပြီး အာဖရိကသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည့် ဒပ်ချ်၊ ဂျာမန်နှင့် အခြားဥရောပသားများဖြစ်သည်။ သူတို့တွင်အခြားမည်သည့်မွေးရပ်ဒေသမှ မရှိတော့ကြောင်း၊ အာဖရိကတွင် ခိုင်မြဲစွာအမြစ်တွယ်နေသည့် လှပသည့် ဂျာကာရန်ဒါသစ်ပင်နှင့်တူကြောင်း၊ ထိုသစ်ပင်သည် ဥရောပဇာစ်မြစ်ဖြစ်သော်လည်း တောင်အာဖရိကယဉ်ကျေးမှု၏ သင်္ကေတဖြစ်လာခဲ့ကြောင်း ပြောပြသည်။

အာဖရိကန်နှင့် ဒပ်ချ်အာဖရိကန်တို့အကြား နက်နဲသိမ်မွေ့သော တူညီမှုများရှိနေသည်ကို မင်ဒဲလားနားလည်သည်။ လူမျိုးနှစ်မျိုးစလုံးသည် ဗြိတိသျှ၏ဖိနှိပ်ချုပ်ချယ်မှုခံခဲ့ကြရသဖြင့် မိမိကိုယ်ကိုမိမိယုံကြည်မှုနည်းကြသည်။ ဒပ်ချ်အာဖရိကန်များကို ဗြိတိသျှနယ်ချဲ့တို့က သေးသိမ်စေခဲ့သည်။ အာဖရိကန်လူမျိုးထက် တစ်ဆင့်မျှသာသာသော အရိုင်းအစိုင်း ဒုတိယတန်းစားနိုင်ငံသားများအနေနှင့် ဆက်ဆံသည်။ သူတို့လည်းအနှိမ်ခံအပြင်လူများအဖြစ်ခံစားရသည်။ လူမျိုးတစ်မျိုးအနေနှင့် သူတို့ပခုံးပေါ်တွင် စုပေါင်းအစိုင်အခဲတစ်ခု ရှိသည်။ အပါသိုက် လူမျိုးခွဲခြားရေးစနစ်အောက်ရှိ တောင်အာဖရိကန် လူမည်းများနှင့် ကွာခြားမှုရှိလှသည် မဟုတ်ပါ။

မင်ဒဲလားသည် ရော်ဘင်ကျွန်းမှ ထောင်ကြပ်များနှင့် အလွန်ခင်သောအဆင့်အထိမရောက်သော်လည်း ထိုသူတို့က နောက်ပိုင်းနှစ်များတွင် မင်ဒဲလားနှင့်အပေါင်းဖော်အကျဉ်းသားများအပေါ် လေးလေး

စားစားဆက်ဆံလာသည်။ လိုက်လျောမှုများရှိလာသည်။ မင်ဒဲလားအား နောက်နှစ်ပေါင်းများစွာတွင် ပိုးလ်စမိုးအကျဉ်းထောင်သို့ ရွှေ့ပြောင်းသည့်အခါ လွတ်လပ်ခွင့်ပိုရသည်။ သီးသန့်အကျဉ်းခန်းလည်း ရသည်။ သို့သော် ပိုခက်ထန်သည့် ထောင်မှူးနှင့် ရင်ဆိုင်ရသည်။ ဗိုလ်မှူးဖရစ်ဗင်းစီးတတ်သည် သာမန်ရာဇဝတ်သားတို့နှင့်သာ ဆက်ဆံဖူးပြီး နိုင်ငံရေးအကျဉ်းသားများနှင့် မဆက်ဆံဖူးပါ။ အထူးသဖြင့် ကမ္ဘာပေါ်တွင် နာမည်အကျော်ဆုံးနိုင်ငံရေးအကျဉ်းသားနှင့် မည်သို့ ဆက်ဆံရမည် မသိပါ။ အကျဉ်းသားအားလုံးအပေါ် တင်းကျပ်စွာ အုပ်ချုပ်သည်။ မင်ဒဲလားအား အထူးအခွင့်အရေးပေးခြင်းကို ကြိုက်နှစ်သက်ခြင်း မရှိပါ။

မည်သို့ပင်ဆိုစေ၊ မင်ဒဲလားက မည်သူ့ကိုမဆို စည်းရုံးနိုင်သည်ဟု ယုံကြည်သဖြင့် ဗင်းစီးတတ်အကြောင်းကိုလည်း လေ့လာသည်။ ထိုဗိုလ်မှူးက ရပ်ဂ်ဘီဘောလုံးပွဲကို ဝါသနာပါကြောင်း သိရှိရသည်။ ထိုဘောလုံးပွဲသည် ဒပ်ချ်အာဖရိကန်တို့၏ အမျိုးသား အားကစားဖြစ်ပြီး အရပ်သားဘာသာရေးတစ်ခုအဖြစ် အထွတ်အမြတ်ထားကြသည်။ ထူးခြားသည့် ခံစားချက်ကြောင့် သူတို့ဂုဏ်ယူစရာ အကြောင်းရင်းတစ်ခု ဖြစ်သည်။ သူတို့အမျိုးသားအသင်း 'စပရင်းဘော့ခ်' ကို မြတ်နိုးကြသည်။ ယင်းအသင်းသားများက ထောင်ထောင်မောင်းမောင်းနှင့် အားအင်ပြည့်ဖြိုးသော ဒပ်ချ်အာဖရိကန်များဖြစ်ပြီး အသင်း၏ထင်ရှားသည့် အစိမ်းနှင့် အဝါရောင်ဝတ်စုံများကိုဝတ်ဆင်ကြသည်။ ထိုအားကစားသည် သူတို့၏စရိုက်လက္ခဏာကို သရုပ်ဖော်သည်။ ကြမ်းကြုတ်သည်။ လျင်မြန်သည်။ ထက်သန်သည်။ ညို့သကျည်း၊ ခြေဆစ်တို့အတွက် အကာနှင့် အမာခံဦးထုပ်များလည်း အသုံးမပြုပါ။

ဤအကြောင်းများကြောင့် လူမည်းလွတ်မြောက်ရေးတိုက်ပွဲဝင်သူများသည် ထိုအားကစားကို မုန်းတီးကြသည်။ ဒပ်ချ်အာဖရိကန်များ၏ ကြမ်းကြုတ်မှုသင်္ကေတအဖြစ် ခံစားကြသည်။ လူမည်းတောင်အာဖရိကန်များက စပရင်းဘော့ခ်နှင့် ယှဉ်ပြိုင်ကစားသည့် မည်သည့်



နိုင်ငံအသင်းကိုမဆို အားပေးကြသည်။ ('ကျွန်တော်တို့ရန်သူရဲ့ရန်သူဟာ ကျွန်တော်တို့မိတ်ဆွေပဲ' ဟုပြောကြသည်)။ ဒပ်ချ်အာဖရိကန်တို့၏ ရှုံးနိမ့်မှုကို အပါသိုက်ရှုံးနိမ့်မှုအဖြစ် သဘောထားကြသည်။

သို့သော် မင်ဒဲလားက ရပ်ဂ်ဘီကိုဗိုလ်မှူးဗင်းစီးတတ်အား ချဉ်းကပ်ရန် လမ်းစအဖြစ်မြင်သည်။ ဗိုလ်မှူးက မင်ဒဲလားအား တစ်လတစ်ကြိမ်လာတွေ့သည်။ သူမလာမီ မင်ဒဲလားက အားကစားသတင်းများကိုဖတ်သည်။ ရပ်ဂ်ဘီဂိုးသွင်းမှုအကြောင်းများကိုအာရုံထားသည်။ ကစားသမားများ၏နာမည်များနှင့် သူတို့၏ထူးချွန်မှုများကို ကျက်မှတ်သည်။ အစပိုင်းတွင် ဗင်းစီးတတ်က မင်ဒဲလားအား ခပ်ပြတ်ပြတ်ဆက်ဆံသည်။ အခွင့်အရေးပေးရန်လည်း စိတ်ကူးမရှိ။ ပိုးလ်စမိုးအကျဉ်းထောင်မှ မင်ဒဲလား၏အစောင့် ခရစ်စတိုဘရန်းက မင်ဒဲလား ဗင်းစီးတတ်နှင့် ရပ်ဂ်ဘီအကြောင်းများကို ဒပ်ချ်အာဖရိကန်စကားဖြင့် ပြောသည်ကို ပြန်ပြောင်းသတိရသည်။ ခရစ်စတို၏ပြောပြချက်အရ နောက်များမကြာမီ ဗင်းစီးတတ်၏ အနေစိမ်းမှုကိုထိုးဖောက်နိုင်ခဲ့ပြီး ဗိုလ်မှူးကရပ်ဂ်ဘီသတင်းများနှင့် ပွဲအကဲခတ်ခြင်းများကို သူ၏ အကျဉ်းသားနှင့် ဖလှယ်သည့်အလေ့အထရှိလာသည်။

၁၉၈၈ ခုနှစ်တွင် မင်ဒဲလား ဗစ်တာဗာစတာအကျဉ်းထောင်သို့ ရောက်သည့်အချိန်၌ သူ၏ ဒပ်ချ်အာဖရိကန်စကား တတ်ကျွမ်းမှုမှာ သိသိသာသာ တိုးတက်လာသည်။ သူ့အတွက်သီးသန့်နေအိမ်တစ်လုံးလည်း ရသည်။ ထမင်းချက် တစ်ဦးပါရသည်။ ထိုသူမှာ အရာခံဗိုလ်ဂျက်ဆွာတ်ဖြစ်သည်။ ဆွာတ်သည်အရပ်ရှည်ပြီး လျော့ရဲရဲရှိသူဖြစ်သည်။ နှုတ်ခမ်းမွေးလည်းထားသည်။ သူက မင်ဒဲလားအတွက် တစ်နေ့လျှင် ထမင်းသုံးနပ်ချက်ပေးသည်။ မင်ဒဲလားက သူ့ကိုအလွန် ခင်မင်သည်။ 'သူကအရမ်းကောင်းတဲ့ထမင်းဟင်းတွေ ချက်တတ်တယ်။ တိုးတက်မှုလည်းရှိတယ်။ လူမျိုးရေးလည်းမခွဲခြားဘူး'။ သူနှင့် မင်ဒဲလားတို့သည် ပန်းကန်မည်သူဆေးမည်ဆိုသည့်ကိစ္စကို ငြင်းခုံကြသည်။ မင်ဒဲလားက သူဆေးမည်ဟုပြောသည်။ ဆွာတ်က သူ့အလုပ်ဟု ပြောသည်။

သို့သော်လည်း မင်းဒဲလားက ပန်းကန်များကို ဆေးကြောလိုက်သည်။

မင်းဒဲလားလွတ်ပြီးသည့်နောက်ပိုင်း အကျဉ်းထောင်တစ်ခုလုံး၏ ထမင်းချက်ဖြစ်သွားသည့် ဆွာတ်ကို ကျွန်တော်သွားတွေ့ဆုံသည်။ သူကသုန်မှုန်သော မျက်နှာထားရှိသော်လည်း မင်းဒဲလားကို အမှန်တကယ် ခင်တွယ်မှန်းသိသာသည်။ သူတို့နှစ်ယောက်တွင် တူညီသော အချက်များစွာရှိသည်။ အေးအေးမှန်မှန် လုပ်တတ်သည်။ သတိရှိသည်။ ခြိုးခြံသည်။ သူတို့နှစ်ဦးစကားပြောလျှင် မည်သည့်ဘာသာစကား သုံးသည့်အကြောင်းမေးသောအခါ ဆွာတ်ကရှားရှားပါးပါးပြုံးပြီး ပြောသည်။ 'ကျွန်တော်က အင်္ဂလိပ်စကားပြောတယ်၊ သူက ဒပ်ချ်အာဖရိကန်စကားပြောတယ်'။ ကျွန်တော်က အကြောင်းရင်းကို မေးသောအခါ 'အဲဒီလိုလုပ်ခြင်းအားဖြင့်ကျွန်တော်က အင်္ဂလိပ်စကားလေ့ကျင့်နိုင်တယ်။ သူက ဒပ်ချ်အာဖရိကန်စကား လေ့ကျင့်နိုင်တယ်'။ မင်းဒဲလား ဒပ်ချ်အာဖရိကန် စကားပြောနိုင်သည့်အနေအထားကို မေးကြည့်ရာ၊ ဆွာတ်ကနောက်တစ်ကြိမ်ပြုံးပြီး 'သူက ဖြည်းဖြည်းနဲ့ မှန်မှန်ပြောတယ်' ဟုဖြေသည်။ မင်းဒဲလား ဒပ်ချ်အာဖရိကန်စကား ပြောရာတွင်တိကျသည်။ စာတွေ့ဆန်သည်။ တိကျမှုရှိခြင်းသည် လေးစားမှုတစ်ရပ်ဟု သူက ယူဆသည်။

အခန်း ၃ တွင် မင်းဒဲလားအားထောင်မှခေါ်ထုတ်ပြီး တောင်အာဖရိကသမ္မတပီဒဗလျူဘိုသာအား တွေ့ဆုံစေခြင်းအကြောင်း ကျွန်တော် ရေးခဲ့သည်။ သမ္မတနှင့်တွေ့ရမည့် မသေချာသေးမီကပင် မင်းဒဲလားက ကြိုတင်ပြင်ဆင်ခဲ့သည်။ ဘိုသာအကြောင်းတတ်နိုင်သမျှ စုံစမ်းသည်။ သူပြောမည့်စကားများကို သေချာစဉ်းစားပြီး အစမ်းပြောဆိုကြည့်သည်။ ဝါရင့်မင်းသားတစ်ယောက်ကဲ့သို့ သဏ္ဍာန်လုပ်သရုပ်တူအောင် လေ့ကျင့်သည်။

ထိုမျှလေ့ကျင့်ထားသော်လည်း မင်းဒဲလားက စိတ်အိုက်နေခဲ့သည်။ ဘိုသာသည် စိတ်မြန်သူတစ်ယောက်ဖြစ်ကြောင်း ကြားသိထားရ၍စကားစစ်ထိုးရမည့်အနေအထားအတွက် ပြင်ဆင်ထားသည်။



ချိန်ခွင်ညှာပေါ်တွင်ရှိသည့် အရာများကတန်ဖိုးကြီးသည်။ သူတို့၏ အေအင်န်စီအဖွဲ့အစည်းသည် ဆယ်စုနှစ်ပေါင်းများစွာ တည်ရှိခဲ့သော်လည်း ယခုကဲ့သို့ အေအင်န်စီခေါင်းဆောင်တစ်ဦးနှင့်တောင် အာဖရိကသမ္မတတို့ တွေ့ဆုံခြင်းသည် ပထမဆုံးအကြိမ်ဖြစ်မည်။ ဤတွေ့ဆုံမှုသည် တောင်အာဖရိကအတွက် လူမျိုးရေးခွဲခြားမှုမရှိသည့် ဒီမိုကရေစီစနစ်သို့ ငြိမ်းချမ်းစွာလျှောက်လှမ်းစေနိုင်မည်၊ သို့မဟုတ် သွေးစွန်းသည့် ပြည်တွင်းစစ်ဖြစ်စေမည်ဆိုသည်ကို အဆုံးအဖြတ်ပေးမည် ဖြစ်သည်။ တွေ့ဆုံမှုအဆင်မပြေခဲ့လျှင် မင်းဒဲလားအား သူ၏ရဲဘော်ရဲဘက်များက အပယ်ခံအဖြစ်သတ်မှတ်နိုင်သည်။

တွေ့ဆုံမည့်နေ့တွင် မင်းဒဲလားသည် အိပ်ရာမှ ခပ်စောစောထပြီးပြင်ဆင်ရာ၊ သွားရမည့်အချိန်ထက် နှစ်နာရီ သုံးနာရီခန့် စောပြီးနေသည်။ သူ့အား ကိပ်တောင်းမြို့ရှိ သမ္မတအိမ်တော်သို့ ကားဖြင့်ခေါ် သွားသည်။ ရောက်သည့်အခါ ထမင်းစားခန်းသို့ ထောက်လှမ်းရေးခေါင်းဆောင်နှင့် တရားရေးဝန်ကြီး ကိုဘီကိုအက်စီးတို့က ဦးဆောင်ခေါ်သွားသည်။ ကိုအက်စီးက မင်းဒဲလား၏ နက်ကတိုင်ကို ဆွဲဆန့်ပေးသည်။ (မင်းဒဲလားက ထောင်တွင်အနေကြာ၍ နက်ကတိုင်ကို သေသပ်စွာ မဝတ်ဆင်တတ်တော့ပါ)။ ထို့နောက် ဒူးထောက်ပြီး မင်းဒဲလား၏ ဖိနပ်ကြိုးများကို ကျပ်ကျပ်ချည်ပေးသည်။

'ကျွန်တော် စိတ်အိုက်ပြီး အခန်းထဲကိုဝင်ချိန်မှာ သမ္မတကလည်း သူ့တံခါးဘက်က ဝင်လာပါတယ်။ ကျွန်တော်တို့ဝင်တာ အချိန်တူနေတယ်။ သူကအချိန်ကိုက်ထားသလိုပဲ။ ဘိုသာက ပြုံးရွှင်နေတယ်။ သူ့လက်ကိုကမ်းပေးတယ်'။ မင်းဒဲလားက ယုံကြည်မှုအပြည့်ဖြင့် ရှေ့သို့လှမ်းပြီး သူ့လက်ကိုကမ်းပေးသည်။ ဘိုသာအား ဒပ်ချ်အာဖရိကန်စကားဖြင့် နှုတ်ဆက်သည်။ ဘိုသာကပြန်နှုတ်ဆက်သည်။ လက်ဖက်ရည်သောက်ရန် ဖိတ်ခေါ်ပြီး ဘိုသာကိုယ်တိုင် မင်းဒဲလားအတွက် လက်ဖက်ရည် ငှဲ့ပေးသည်။ လက်ဖက်ရည်အတူသောက်နေစဉ် မင်းဒဲလားက သူ့ဒပ်ချ်အာဖရိကန်သမိုင်းကို ယေဘုယျအားဖြင့် သိကြောင်း၊ အထူး

သဖြင့် အင်္ဂလိပ်နှင့် ဘိုအာစစ်ပွဲအကြောင်းကို သိထားကြောင်းပြောသည်။ ဘိုအာစစ်ပွဲမှ ဗိုလ်ချုပ်များ၏နာမည်များကို ရွတ်ပြသည်။ အထင်ကရစစ်ပွဲများ၏ အမည်များကိုလည်း ရွတ်ပြသည်။ ဘိုသာက ယင်းကို သဘောကျနေကြောင်း သိသာသည်။

ဘိုသာကို စိတ်တင်းကျပ်မှုလျော့စေပြီးသောအခါ မင်ဒဲလားက သူ၏ ဒပ်ချ်အာဖရိကန်သမိုင်းအသိကို အသုံးပြုကာ၊ ပိုလေးနက်ပြီး စိတ်ချမ်းသာစရာ မရှိလှသော အကြောင်းအရာတစ်ခုကို တင်ပြသည်။ ဒုတိယကမ္ဘာစစ်အချိန်အခါက တောင်အာဖရိကကို ဦးဆောင်ခဲ့သည်မှာ အင်္ဂလိပ်စကားသုံး ယူနိုက်တက်ပါတီဖြစ်ပြီး ဒပ်ချ်အာဖရိကန်စကားသုံးအမျိုးသားပါတီ မဟုတ်ခဲ့ပါ။ နိုင်ငံအနေဖြင့် ဂျာမနီအားစစ်ကြေညာသည့်အခါ ဒပ်ချ်အာဖရိကန်တို့က အပြင်းအထန် ကန့်ကွက်ခဲ့ကြသည်။ ဒပ်ချ်အာဖရိကန် ခေါင်းဆောင်များသည် ဗြိတိသျှဆန့်ကျင်သူများ ဖြစ်ကြသဖြင့် ဗြိတိသျှရန်သူဂျာမနီကို စစ်တိုက်မည့်အစား ဗြိတိသျှကို စစ်တိုက်လိုသည်။ မင်ဒဲလားက ဘိုသာအား အချက်ကျကျ ပြောပြသည်။ 'ဆန့်ကျင်ရေးသမားတွေက နိုင်ငံအတွင်းမှာရှိတဲ့ မြို့အတော်များများကို သိမ်းပိုက်ခဲ့တယ်။ အိမ်တွေယာတွေ ဖျက်ဆီးတယ် လူ သုံးရာလောက် သေကျေတယ်။ ဒါပေမဲ့ အဲဒီတော်လှန်ရေးခေါင်းဆောင်ကို ဖမ်းထားပြီး ခြောက်လ မစေ့သေးချိန်မှာ ပြန်လွှတ်ပေးခဲ့တယ်'။

မင်ဒဲလား ထိုအကြောင်းကို ပြောသည်မှာ သူသည် ဒပ်ချ်အာဖရိကန်သမိုင်းလေ့လာသူဖြစ်ကြောင်း ဘိုသာအားသိစေချင်သည့်အပြင် ဗြိတိသျှအား ဒပ်ချ်အာဖရိကန်တို့ ပုန်ကန်မှုသည် အပါသိုက်လူမျိုးခွဲခြားဆက်ဆံမှုစနစ်အား အေအင်န်စီမှပုန်ကန်မှုနှင့် တူညီချက်များရှိသည်ကို ထောက်ပြလို၍ဖြစ်သည်။ သူက ထိုစဉ်က အစိုးရအနေဖြင့် သူပုန်များကို ဖမ်းဆီးပြီး ခြောက်လအတွင်းလွှတ်ပေးခဲ့သည်ကို တမင်တကာထည့်ပြောသည်။ သူနှင့်အပေါင်းအဖော်တို့ အကျဉ်းကျနေသည်မှာ အနှစ် ၂၀ ကျော်ခဲ့ပေပြီ။ ထို့နောက် မင်ဒဲလားက ဝေါလ်တာ



ဆစ်စူလူးအား လွှတ်ပေးရန်တောင်းဆိုရာ၊ လူရှေ့သူရှေ့တွင် တောင်းဆိုခဲ့စဉ်က ဘိုသာ့အနေဖြင့် ငြင်းခဲ့သော်လည်း ယခုမဆိုင်းမတွ သဘောတူသည်။

ဒပ်ချ်အာဖရိကန်တို့သည် ပြောင်ကျသည်။ အခြားသူများပြောင်ကျလျှင်လည်း နှစ်သက်သည်။ မင်ဒဲလားက ပြောင်ကျသလိုယဉ်ကျေးပျူငှာသည်။ ဘိုသာက သူ့ကို နားလည်နိုင်သည်။ အကြောင်းမှာဘိုသာကိုယ်တိုင် ထိုနည်းလည်းကောင်းပင်။

မင်ဒဲလားသမ္မတဖြစ်ပြီးသည့်အချိန်တွင် ရပ်ဂ်ဘီနှင့်ပြန်ဆုံသည်။ သူ၏နံပါတ် ၁ တာဝန်မှာ၊ နိုင်ငံ၏ဖခင်အဖြစ်လည်းကောင်း၊ လူဖြူနှင့်လူမည်းကို ဘုံရည်မှန်းချက်တစ်ခုအောက်တွင် ပေါင်းစည်းစေသည့် ဦးဆောင်သူ ယောကျ်ားတစ်ယောက်အဖြစ်လည်းကောင်း ရပ်တည်ရန်ဖြစ်သည်။ သူ့ကိုဝေဖန်သူအချို့၏ ပြောဆိုချက်အရ သူက လူဖြူတို့၏စိုးရိမ်မှုများကို သက်သာစေရန် ဆောင်ရွက်ခြင်းသည် လူမည်းတို့၏ အခက်အခဲများကို သက်သာစေရန် ဆောင်ရွက်ခြင်းထက် များနေသည်။ သို့သော် မင်ဒဲလားသိထားသည်မှာ၊ လက်ယာဝါဒီ ဒပ်ချ်အာဖရိကန်တို့သည် တော်လှန်ရေးကို ဆန့်ကျင်သည့် အင်အားပြင်းသည့် တိုက်ခိုက်မှုများ ဆင်နွှဲနေသည်။ ထိုသူတို့ကိုဖြိုခွင်းမည့်အစား မိမိတို့ဘက်သို့ပါအောင်စည်းရုံးနိုင်ရမည်။ လက်ယာဝါဒီတို့ကို မစည်းရုံးနိုင်လျှင်ပင် ဒပ်ချ်အာဖရိကန်တို့ကို စည်းရုံးနိုင်မည်။ သို့မဟုတ်ပါက ဒပ်ချ်အာဖရိကန်တို့အနေဖြင့် လက်ယာဝါဒီတို့ကို ပံ့ပိုးမှုပေးကောင်းပေးနိုင်သည်။

၁၉၉၄ ခုနှစ်နှင့် ၁၉၉၅ ခုနှစ်တွင် စည်းလုံးညီညွတ်မှုကို ထိပါးလာသည့် အန္တရာယ်အကြီးမားဆုံးအချိန်၌ မင်ဒဲလားက ထူးခြားသည့်ဗျူဟာတစ်ရပ်ကိုကျင့်သုံးသည်။ သူကနိုင်ငံကိုကုစားသည့်အနေဖြင့် အားကစားဘက်သို့လှည့်သည်။ နှစ်ပေါင်းများစွာ အေအင်န်စီသည် အမျိုးသားရပ်ဂ်ဘီအသင်း စပရင်းဘော့ခ်အနေဖြင့် အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရအောင် ပိတ်ပင်ဖို့ကြိုးပမ်းခဲ့ကြသည်။ သူတို့ အောင်မြင်ခဲ့သည်။ ယခုမင်ဒဲလားက ထိုပိတ်ပင်မှုကို

ရုပ်သိမ်းဖို့ဆောင်ရွက်သည်။ တောင်အာဖရိကသို့ ရပ်ဂ်ဘီကမ္ဘာ့ ဖလားပွဲ ရောက်လာခြင်းသည် မင်ဒဲလား ကြိုးပမ်းမှုများစွာ ပါသည်။ သူက ရပ်ဂ်ဘီပြိုင်ပွဲသည် လူများအကြားစည်းလုံးညီညွတ်စေသည်၊ သွေးကွဲစေခြင်း မရှိဟု ယူဆသည်။ ရပ်ဂ်ဘီအဖွဲ့အစည်းကို သူ့ဘက်သို့ တိမ်းညွှတ်လာစေရန် စည်းရုံးသည်။ အရပ် ၆ ပေ ၇ လက်မ ရှိသည့် စပရင်းဘောခ်ကပ္ပတိန်ဖရော်န်စွာပီယယ်နာကို သူမိတ်ဖွဲ့သည်။ ထိုသူက မင်ဒဲလား၏ ညို့စိတ်မိသွားသည်။ မင်ဒဲလားက ရပ်ဂ်ဘီအသင်းဆီသို့ တစ်ကြိမ်မက သွားလည်သည်။ ထိုကျားကျားလျားလျား-ဒပ်ချ်အာဖရိကန်များသည် နိုင်ငံရေးစိတ်မဝင်စားပါ။ လူမည်းခေါင်းဆောင်နှင့် လူမည်းနိုင်ငံရေးတို့ကိုလည်း အယုံအကြည် မရှိလှပါ။ ၁၉၉၅ ခုနှစ်၊ မေလတွင် ထိုအချိန်က ချန်ပီယံဩစတြေးလျအသင်းကို စပရင်းဘောခ်အသင်းက ယှဉ်ပြိုင်မကစားမီ တစ်ရက်အလိုတွင် မင်ဒဲလားက သူတို့၏ လေ့ကျင့်ရေးစခန်းရှိရာသို့ လေယာဉ်ခရီးဖြင့် သွားပြီး စိတ်ဓာတ်မြှင့်တင်ရေးစကားများ ပြောသည်။ စပရင်းဘောခ် အသင်းအနေဖြင့် နိုင်ငံအတွက် ကစားနေခြင်းဖြစ်ပြီး နိုင်ငံတစ်ခုလုံးမှ လူဖြူ လူမည်း အားလုံး သူတို့နောက်တွင်ရှိကြောင်းပြောပြီး စပရင်းဘောခ်ဦးထုပ်ကို ဆောင်းလိုက်သည်။ အသင်းမန်နေဂျာက သတင်းထောက် ဂျွန်ကာလင်ကိုပြောပြချက်အရ 'မင်ဒဲလားက ရပ်ဂ်ဘီအသင်းသားတွေရဲ့ နှလုံးသားတွေကို သိမ်းသွင်းနိုင်ခဲ့တယ်'။

မင်ဒဲလား၏ နာမည်ကျော်ပြန်လည်ပေါင်းစည်းရေး သရုပ်ပြချက်မှာ ၁၉၉၅ ခုနှစ် ရပ်ဂ်ဘီနောက်ဆုံး ဗိုလ်လုပွဲကျင်းပရာ ဂျိုဟန်းနစ်ဘတ်မြို့၏ အဲလစ်ပတ်ခ်ကွင်းသို့စပရင်းဘောခ် အင်္ကျီဝတ်ပြီး စပရင်းဘောခ် ကက်ဦးထုပ်ဆောင်းသွားခြင်းပင်ဖြစ်သည်။ အသင်းကပ္ပတိန်ကို လက်ဆွဲနှုတ်ဆက်ရန် သူကွင်းထဲသို့ဆင်းချိန်တွင် လူဖြူအများစုဖြစ်သော ပရိသတ်က 'နယ်လ်ဆန်၊ နယ်လ်ဆန်' ဟု သံပြိုင် ကြွေးကြော်ကြသည်။ အားကစားနှင့် နိုင်ငံရေးသမိုင်းတွင် ရင်ဖိုရဆုံးတဒင်္ဂဖြစ်ခဲ့သည်။ မင်ဒဲလားနှင့်အတူ ရော်ဘင်ကျွန်းတွင် အကျဉ်းကျခဲ့သော



တိုကျိုဆက်ဝေးလ်က 'အဲဒီအချိန်မှာ ကျွန်တော်ပိုပြီး ရှင်းရှင်းလင်းလင်း နားလည်လိုက်တာကတော့ လွတ်မြောက်ရေးလှုပ်ရှားမှုဟာ လူမည်းတွေကိုကျေးကျွန်ဘဝက လွတ်မြောက်စေဖို့အတွက်သာ မဟုတ်ဘူး၊ လူဖြူတွေကိုလည်း သူတို့ပူပင်ကြောက်ရွံ့မှုက လွတ်မြောက်စေဖို့ ဆိုတာပဲ' ဟု သတင်းထောက်ကာလင်အား ပြောသည်။

အဆုံးစွန်တွင် မင်ဒဲလားအတွက် ရန်သူကို သိနားလည်ခြင်းသည် နည်းဗျူဟာတစ်ရပ်သာမဟုတ်၊ မျှဝေခံစားခြင်းလည်းဖြစ်သည်။ ကာတွန်းထဲမှ ဇာတ်ကောင် ပိုဂို၏နာမည်ကျော်စကားစုဖြစ်သည့် 'ကျွန်တော်တို့ရန်သူကိုရှာတွေ့သွားပြီ။ ရန်သူကကျွန်တော်တို့ပဲ' ဆိုသည့်စကားမျိုး မင်ဒဲလား ဘယ်သောအခါမျှ ပြောမည်မဟုတ်။ သို့သော်သူက ဒပ်ချ်အာဖရိကန်တို့ကို စည်းရုံးရန် ကြိုးစားလွန်းသဖြင့် ယင်းအချက်သည်ပင် သူ့အား သစ္စာခံလာအောင် ဆွဲဆောင်မှုရှိသည်။ သူ၏ ကြိုးပမ်းမှုများကို ဒပ်ချ်အာဖရိကန်တို့မြင်သည်။ သူ့နေရာမှရွှေ့ရန် လိုအပ်ချက် မရှိသော်ငြားလည်း ခရီးတစ်ဝက်ကျော်လာပြီး သူတို့ကို ဆုံတွေ့သည်။ နောက်ဆုံးတွင် ဒပ်ချ်အာဖရိကန်တို့က သူ့ကို နားလည်လာသည်။ ယုံကြည်လာသည်။ မင်ဒဲလား သူတို့၏ နှလုံးသားများကို အောင်နိုင်လိုက်သည်။

ရန်သူကို အောင်နိုင်ပြီးသည့်အခါ သင့်အနေဖြင့် ပီတိတဖွားဖွားဖြစ်မနေပါနှင့်ဟု မင်ဒဲလားကပြောသည်။ သင်၏အကြီးကျယ်ဆုံး အောင်ပွဲအချိန်ကာလသည် သင့်အနေဖြင့် ကရုဏာစိတ်ထားရှိရဆုံးအချိန် ဖြစ်သင့်သည်။ တစ်ဖက်လူကို မည်သည့်နည်းနှင့်မျှ အရှက်မရပါစေနှင့်။ သူတို့လည်း မျက်နှာရပါစေ။ ဤသို့ဆိုလျှင် သင့်အနေဖြင့် ရန်သူကို မိတ်ဆွေအဖြစ် ပေါင်းစည်းပြီးဖြစ်မည်။

■

# ရန်သူကို မျက်ခြည်ပြတ် မခံပါနှင့်

မင်ဒဲလားသည် မိတ်ဆွေအပေါင်းအသင်းများကို အလေးမမူလှသော်လည်း သူ့ပြိုင်ဘက်များကို ဂရုထားသည်။ သူ့လုပ်ဖော်ကိုင်ဖက်များနှင့် အဆက်အသွယ်ပြတ်ခြင်းများ ရှိသော်လည်း သူ့ပြိုင်ဘက်များကို ခြေရာခံရန် မနှောင့်နှေးပါ။ သင့်မိတ်ဆွေများကို သင်ယုံကြည်နိုင်သည်။ သူတို့သင့်ကို အမြဲထောက်ခံမည်ဆိုသည်ကို သိနေသည်။ သင့်ရန်သူများကိုလည်း သင်ယုံကြည်နိုင်သည်။ သူတို့ သင့်ကို အမြဲတမ်းဆန့်ကျင်ပေမည်။ သို့သော် ခင်မင်ရင်းနှီးသည့် ပြိုင်ဘက်များ ရှိခဲ့လျှင် ထိုသူတို့ကို သင်မျက်ခြည်မပြတ်စောင့်ကြည့်သင့်သည်။ မင်ဒဲလားက ထိုနည်းအတိုင်း ကျင့်ကြံသည်။

သူက ယင်းကို မသိမသာ ဆောင်ရွက်သည်။ သူ၏ပြိုင်ဘက်များကို လျှို့ဝှက်စုံစမ်းရန် ထောက်လှမ်းရေးလည်း မလိုပါ။ အလွတ်စုံထောက်လည်း မလိုပါ။ အဝေးမှစောင့်ကြည့်ခြင်းထက် အနီးတွင်ထားရှိခြင်းက ပိုထိရောက်မှုရှိသည်ဟု သူ သိထားသည်။ ထို့ကြောင့် အခန်းတစ်ခန်းတည်းတွင် ပြိုင်ဘက်တစ်ဦးနှင့်အတူရှိနေပါက အဆိုပါပြိုင်ဘက်ကို သူ့နားတွင်လာထိုင်ရန် အမူအရာဖြင့် ဖိတ်ခေါ်သည်။ အနီးကပ်စောင့်ကြည့်သည်။

သူ့ပြိုင်ဘက်များ၏ လှုပ်ရှားမှုများကို လျှို့ဝှက်အကွက်ချကြည့်ခြင်းသည် မင်ဒဲလား၏ စေ့စပ်သေချာစွာ ပြင်ဆင်တတ်သည့် အလေ့



အထကို ပြသည်။ ကျွန်တော်တို့အား တစ်ခါတစ်ရံ မမျှော်လင့်ထားနိုင်သည်ကိုမျှော်လင့်ရန်၊ အခြေအနေတစ်ခုတွင် မဖြစ်နိုင်ဆုံးရလဒ်အတွက် ပြင်ဆင်ထားရန် တိုက်တွန်းချက်များရှိသည်။ မင်ဒဲလားက ကျွန်တော်တို့ မျှော်လင့်ထားသည်ကို မျှော်လင့်ရာတွင်ကောင်းမွန်စွာ ပြင်ဆင်ထားရန် လိုအပ်ကြောင်း၊ များသောအားဖြင့် ကျွန်တော်တို့သည် ဖြစ်နိုင်ခြေရှိသည်များအတွက် ပြင်ဆင်လေ့ မရှိကြကြောင်းပြောသည်။ သူ့အတွက်မူ သူ့အားစိန်ခေါ်သော ပြိုင်ဘက်တစ်ဦးရှိခဲ့ပါက အဆိုပါပြင်ဆင်မှုကို လုပ်ဆောင်ရသည်။

မင်ဒဲလားသည် အမြဲလိုလိုသူရှိနေသည့် မည်သည့်အခန်းတွင်မဆို အာရုံစူးစိုက်ခံရသည်။ ယင်းအနေအထားကို သူကြိုက်နှစ်သက်သည်။သူ၏ကိုယ်နေဟန်ထားသည် ဒင်္ဂါးပြားပေါ်မှ ပုဂ္ဂိုလ်တစ်ယောက်၏ ရုပ်ပုံလွှာနှင့်တူသည်။ မာန်အပြည့်၊ ယုံကြည်မှုအပြည့်နှင့် ခေါင်းမော့ထားသည်။ သူအစည်းအဝေးထိုင်နေလျှင်လည်း သင့်မျက်လုံးထဲသို့ကြည့်ပြီး သင့်ကိုသူ့ဘက်ပါအောင်စည်းရုံးမည်။ သူ့အပေါ်တွင် အာရုံမရှိသည့်အချိန်မျိုးတွင် သူကအခြားသူများကိုကြည့်ပြီး အကဲဖြတ်နေသည်ကိုတွေ့ရမည်။ သူကြည့်နေသည်မှာလည်း မိတ်ဆွေများမဟုတ်ဘဲ ပြိုင်ဘက်များနှင့် ပြိုင်ဘက်ဖြစ်ရန် အလားအလာ ရှိသူများဖြစ်သည်။ ထိုသူတို့၏စတိုင်လ်၊ စကားပြောဆိုပုံ၊ လက်ဆွဲနှုတ်ဆက်ပုံ အားလုံးကို လေ့လာသည်။ သူတစ်ခါက ကျွန်တော့်ကို ပြောဖူးသည်။ သူ့ကက်ဘိနက်မှ အသင်းဝင်တစ်ဦးသည် သူနှင့် လက်ဆွဲနှုတ်ဆက်တိုင်း သူ့မျက်လုံးထဲသို့ မကြည့်ကြောင်းနှင့် ယင်းသည် ကောင်းသောလက္ခဏာတစ်ခု မဟုတ်ကြောင်း မှတ်ချက်ချသည်။

မင်ဒဲလားက ကျန်နိုင်ငံရေးသမားများနှင့် ခေါင်းဆောင်များကဲ့သို့ သစ္စာရှိမှုကို ဘုရားမထင်ပါ။ သူ့အပေါ်သစ္စာရှိရန် မျှော်လင့်သည်။ မရှိလျှင်စိတ်ပျက်သည်။ သို့သော်နိုင်ငံရေးနှင့် ဘဝလမ်းခရီးတွင် သစ္စာရှိမှုဆိုသည်မှာ အခြေအနေပေါ်မူတည်နေမှန်း သူသိသည်။ အပြည့်အဝသစ္စာရှိခြင်းဆိုသည်မှာ မရှိပါ။ သစ္စာစောင့်သိသည်ဆိုခြင်း

မှာ တကယ်တမ်း ကိုယ်ကျိုးအတွက်ဖြစ်သည်။ မင်ဒဲလားက သူ၏ ပြိုင်ဘက်များကို သူတို့ကိုယ်ကျိုးအတွက် သစ္စာရှိသင့်သည်ဟု ထင်စေချင်သည်။ အနည်းဆုံးတော့ သစ္စာမဲ့နိုင်ခြေနည်းအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

ထိုမျှ သတိဝီရိယရှိသော်လည်း မင်ဒဲလားသည် တစ်ခါတစ်ရံတော့ လူကဲခတ်ညံ့သည်။ အခြားသူများ၏ကောင်းသည့်ဘက်ကို ကြည့်တတ်ခြင်းသည် တစ်ခါတစ်ရံ ထိုသူတို့၏ မကောင်းသောဘက်ကို မမြင်နိုင်ပါ။ ထို့ပြင် သူကသူ့ကိုမြှောက်ပင့်ပြောဆိုခြင်း၊ စွဲမက်ဖွယ်ရာကောင်းခြင်းနှင့် ချမ်းသာကြွယ်ဝမှုတို့အပေါ် သဘောလွယ်သည်။ သို့သော် သူသည်လူသားတို့၏ စာရိတ္တချည့်နဲ့ခြင်းကို ရှုမြင်တတ်သည်။ ထို့ကြောင့် သူသည်ရုတ်တရက်ဖြစ်ပေါ်သော စိတ်ဆန္ဒဖြင့် ဆုံးဖြတ်ချက်ချတတ်သူများကို သေချာစဉ်းစားပြီးမှ ဆုံးဖြတ်ချက် ချတတ်သူများထက် ပိုရှာဖွေမိသည်။ သူကိုယ်တိုင် ငယ်စဉ်က ထိုကဲ့သို့သဘောရှိခဲ့၍ ဖြစ်သည်။ လူငယ်မင်ဒဲလားသည် အေအင်န်စီလူကြီးခေါင်းဆောင်ပိုင်းကို ခြိမ်းခြောက်မှုသဖွယ်ဖြစ်ခဲ့သည်။ ထို့ကြောင့် သူက အထက်ဖော်ပြပါ လူစားမျိုးကို စောင့်ကြည့်သည်။ ထိုသူတို့သည်သူ၏ ကိုယ်စွမ်းကိုယ်စကို လျော့ပါးစေပြီး သူ့စီမံချက်များကိုလည်း ကမောက်ကမ ဖြစ်စေနိုင်သည်။

အာဖရိကန်အမျိုးသားကွန်ဂရက်၏ အစောင့်တပ်ဖွဲ့အဟောင်းနှင့်အသစ်အကြား တင်းမာမှုများသည် မင်ဒဲလားထောင်မှ ထွက်ချိန်တွင် ပိုသိသာလာသည်။ ထိုတပ်ဖွဲ့တွင် တရားသေသမားများနှင့် ညှိနှိုင်းရေးကို လက်ခံနိုင်သူများဟူ၍ နှစ်ပိုင်းကွဲနေသည်ကို မင်ဒဲလားတွေ့ရှိသည်။ ကွဲပြားမှုသည် အသက်အရွယ်အပိုင်းအခြားနှင့် ဆက်စပ်သည်။ လူငယ်ခေါင်းဆောင်များသည် မင်ဒဲလားတို့ ခေတ်ကထက်ပိုပြီး တက်ကြွထက်သန်သည်။ ထိပ်တိုက်ရင်ဆိုင်တွေ့သည်။ အဆိုပါ ခေါင်းဆောင်များထဲမှတစ်ဦးသည် ဘန်တူဟိုလိုမီဆာဖြစ်သည်။ ထိုသူက ဗိုလ်ချုပ်ဖြစ်ပြီး ၁၉၈၇ ခုနှစ်တွင် စစ်တပ်ဖြင့်အာဏာသိမ်းခြင်းကို ဦးဆောင်ခဲ့ပြီး



ထရန်စကီအုပ်ချုပ်ရေးကိုတာဝန်ယူခဲ့သည်။ ဟိုလိုမီဆာသည် အသက် ၄၀ နီးပါးရှိသော်လည်း ထိုထက်ငယ်သည်ဟု ထင်ရသည်။ ဆွဲဆောင်မှုရှိသောအပြုံး၊ စူးရှသောရယ်သံတို့ဖြင့် စိတ်ဓာတ်ခွန်အားရှိသူဖြစ်သည်။ ကျွန်တော့်အမြင်တွင် သူသည် သမားရိုးကျခေါင်းဆောင်တစ်ယောက်နှင့် တော်လှန်ရေးသမားတစ်ယောက် ပေါင်းစပ်ခြင်းဖြစ်၍ ရည်မှန်းချက်ကြီးပြီး စိတ်မြန်လက်မြန်ရှိသည်။ မင်ဒဲလားက အလျှော့ပေးရန် လွယ်ကူလွန်းသည်၊ အစိုးရကို ယုံကြည်လွန်းသည်ဟု ငြင်းခုံပြောဆိုသည့် လက်ဝဲဝါဒီတို့ဘက်သို့ နားယောင်သည်။ မင်ဒဲလားက ဟိုလိုမီဆာအား ဆိုးဝါးသောလွှမ်းမိုးမှုများမှ ခုခံနိုင် စွမ်းမရှိသူအဖြစ် မြင်သည်။

ကျွန်တော်တို့ ထရန်စကီတွင်ရှိစဉ်က မင်ဒဲလားက ဟိုလိုမီဆာအား သူ့အနားတွင်ရှိစေချင်သည်။ 'ဘန်တူဘယ်မှာလဲ'၊ 'ဗိုလ်ချုပ်ဘယ်မှာလဲ'ဟုမေးတတ်သည်။ ဟိုလိုမီဆာက မင်ဒဲလား၏ ဧည့်ခန်းသို့ဝင်လာလျှင် မင်ဒဲလားက သူ့ဘေးမှထိုင်ခုံကိုပုတ်ပြီး 'ဗိုလ်ချုပ် ဒီမှာလာထိုင်ပါ' ဟုပြောသည်။ ဟိုလိုမီဆာ၏ လက်ကိုကိုင်သည်။ ယင်းသည် အာဖရိကန်အမျိုးသားများ၏ ဓလေ့ဖြစ်သော်လည်း မင်ဒဲလား လုပ်နေကျတော့မဟုတ်ပါ။ သူက ဟိုလိုမီဆာကို လူရှေ့သူရှေ့တွင် သားတစ်ယောက်ကဲ့သို့ ဆက်ဆံသည်။ သူ့သားရင်းများနှင့်ဆိုလျှင်ပင် ဤမျှနွေးထွေးမှု မရှိပါ။

ကွယ်ရာတွင် မင်ဒဲလားက ဟိုလိုမီဆာသည် လျော့ရဲရဲရှိသောအမြောက်တစ်ခုနှင့်တူပြီး ထိန်းချုပ်ပေးရန် လိုသည်ဟုပြောသည်။ သူပြောသည့်အတိုင်းပင် သူလုပ်သည်။ ထရန်စကီတွင်ရှိနေစဉ် မင်ဒဲလားဘာလုပ်လုပ် ဟိုလိုမီဆာကိုပါ ဖိတ်ကြားထားသည်။ ဟိုလိုမီဆာကလည်း ယင်းကိုနှစ်သက်သည်။ ရည်ရွယ်ချက်မှာ ဟိုလိုမီဆာအား သူသည် အရေးပါသူ ဖြစ်သည်။ သူမရှိလျှင်မဖြစ်ဆိုသည့် ခံစားချက်ရရှိစေရန်ဖြစ်သည်။ ဟိုလိုမီဆာကလည်း မင်ဒဲလား သူ့လက်ကို ကိုင်လျှင်လည်းကောင်း၊ ပခုံးမှသိုင်းဖက်လျှင်လည်းကောင်း ဝမ်းသာပီတိဖြစ်သည်။ ဟိုလိုမီဆာက ကျွန်တော့်အား 'အဘိုးကြီးပျော်နေရဲ့လား' ဟု မေးသည့်

အခါ ကျွန်တော်က 'ပျော်နေသည်' ဟုဖြေလျှင် ပီတိပြုံးပြုံးသည်။ကျွန်တော်တို့ အခြားလူများကို အခွင့်အရေးပေးမည့်အစား အခွင့်အရေးတောင်းခံလျှင် ထိုသူတို့ထံမှမျက်နှာသာ ရသည်။ အလားတူပင် မင်ဒဲလားက ဟိုလိုမီဆာအပေါ် အမှီသဟဲပြုသည် ထင်အောင်နေခြင်းဖြင့် ဟိုလိုမီဆာအား သူ့အပေါ် သစ္စာပိုရှိစေသည်။

မင်ဒဲလားက ခရစ်ဟာနီကိုလည်း ထိုရည်ရွယ်ချက်နှင့် ထိုအတိုင်းပင် ဆက်ဆံသည်။ သူလုပ်ကြံမခံရသေးမီက ဟာနီသည် တောင်အာဖရိကလူငယ်ခေါင်းဆောင်များအနက်မှ ပေါ်ပြူလာအဖြစ်ဆုံးတစ်ဦးဖြစ်သည်။ အကြောင်းရင်းမှာ သူသည်သွေးကြွသည်။ ခက်ထန်သည်။ တောင်အာဖရိက၏ သန်းပေါင်းများလှစွာသော လူမည်းတို့သည် ကလဲ့စားချေခြင်းကို ပြန်လည်ပေါင်းစည်းခြင်းထက် ပိုနှစ်သက်ကြသည်။ မင်ဒဲလားမှာကြားသကဲ့သို့ အတိတ်ကို မမေ့ပစ်နိုင်ပါ။ မမေ့ပစ်လိုပါ။ မင်ဒဲလားက ပါးတစ်ဖက်ရိုက်လျှင် နောက်ပါးတစ်ဖက်ကို လှည့်ပေးရန်၊ ခွင့်လွှတ်သည်းညည်းခံရန် ပြောနေသည်။ ယင်းသည် မည်သူ့အတွက်မှ လွယ်ကူမှု မရှိပါ။ အထူးသဖြင့် မဲပေးခွင့် ရုပ်သိမ်းခံထားရသဖြင့် ခံပြင်းနေသော သန်းပေါင်းများစွာသော ပြည်သူတို့အတွက် လွယ်ကူမှု မရှိပါ။

ဟာနီ့ထံတွင် မင်ဒဲလားက သူငယ်စဉ်ကအတိုင်း ဒေါသမာန်ရှိခြင်း၊ ဆန္ဒစောခြင်းတို့ကို မြင်တွေ့သည်။ ထို့ကြောင့် သူကသတိထားဆက်ဆံသည်။ ဟာနီ့ကို အဝေးသို့ တွန်းပို့မည့်အစား သူ့အနီးတွင်ထားသည်။ ကျွန်တော်တို့ ဂျိုဟန်းနစ်ဘတ်တွင်ရှိစဉ်က မင်ဒဲလားက သူ့လက်ထောက်များအား အစည်းအဝေးများ၊ ခရီးစဉ်များ၊ အထူးသဖြင့် အခမ်းအနားများသို့ ဟာနီအား ထည့်သွင်းဖိတ်ကြားရန် အမြဲမှာသည်။ ပြီးလျှင် ဟာနီ့ကိုသူ့နားတွင်ထားသည်။ ဟိုလိုမီဆာနှင့်ကဲ့သို့ပင် လက်ကို ကိုင်ထားသည်။ တစ်နည်းအားဖြင့် ယင်းသည် ဟာနီ့ကို စောင့်ကြည့်ခြင်းဖြစ်သည်။ တစ်နည်းဆိုသော် လိမ္မာပါးနပ်သည့်နိုင်ငံရေးအတတ်ပညာတစ်ခုဖြစ်ပြီး အသက်အရွယ်ရနေသော ဟောလီးဝုဒ်ခေါင်းဆောင်



မင်းသားကြီးတစ်လက်က မင်းသားငယ်နှင့်တွဲရိုက်ပြီး သူ့ခေတ် မကုန်သေးသကဲ့သို့ ပြုမူခြင်းနှင့် တူသည်။

ကျွန်တော်တစ်ခါက ဂျိုဟန်းနစ်ဘတ်မြို့ပြင်တစ်နေရာတွင် မင်ဒဲလားမိန့်ခွန်းပြောနေစဉ် ဟာနီနှင့်အတူထိုင်နေကြသည်။ မင်ဒဲလားက သူတောင်အာဖရိက၏ ထိပ်သီးစက်မှုလုပ်ငန်းရှင်များထံသွားခဲ့သည့်အကြောင်းပြောပြနေသည်။ သူကထိုသူများထံ ဝင်ထွက်သွားလာနိုင်သည်ကို ဂုဏ်ယူသည်။ ထိုသူများထံမှ အေအင်န်စီအတွက် ရန်ပုံငွေတောင်းခံခဲ့သည်။ ပရိသတ်ကို သူပြောပြသည်၊ 'ကျွန်တော်ဒီရုံးကနေ ချက်လက်မှတ်တစ်စောင်မရဘဲတော့ ပြန်မသွားချင်ဘူး' လို့ ပြောလိုက်တယ်။ သူတို့ကျွန်တော့်ကို လိုက်လျောခဲ့တယ်'။ ဤရယ်စရာဖြစ်ရပ်ကို သူမကြာခဏ ပြောလေ့ရှိသည်။ သူကလူဖြူစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့်လည်း အေအင်န်စီလှုပ်ရှားမှုကို ပံ့ပိုးနေကြောင်းဖော်ပြခြင်းဟုခံယူသော်လည်း ပရိသတ်ကမူ စီးပွားရေးလုပ်ငန်းရှင်များကို မင်ဒဲလားက နသားပါရားလုပ်ပြီး နိုင်ငံရေးအကျပ်ကိုင်ခြင်းနှင့် တူသည်ဟု ထင်မှတ်ကြသည်။

ကျွန်တော်က ဟာနီ့ဘက်သို့ကိုင်းပြီး ထိုရယ်စရာဖြစ်ရပ်သည် ထိရောက်မှုမရှိဟု ထင်သည်ကို ပြောလိုက်သည်။ ဟာနီက သဘောတူသည်။ သူလည်းကျွန်တော်ကဲ့သို့ပင် စဉ်းစားနေသည်။ ကျွန်တော်က 'ခင်ဗျားသူ့ကို ပြောပြသင့်တယ်' ဟုပြောလိုက်ရာ သူကပြုံးပြီး ကျွန်တော့်ကို တည့်တည့်ကြည့်ကာ 'ခင်ဗျားပြောပါလား' ဟု ပြန်ပြောသည်။ ဟာနီကမင်ဒဲလားအား စိတ်ပျက်စေနိုင်မည့်စကားပြောရန် ဝန်လေးသည်။ သူကဖခင်ကိုရှိန်ပြီး ရင်မဆိုင်ရဲသော သားနှင့်တူသည်။ သို့သော် ယင်းသည် နောက်ဆုံးတွင်မင်ဒဲလားအား စိတ်ပူပန်စေသည်။ မင်ဒဲလားအနေဖြင့် စိတ်ခံစားချက်ကွယ်ဝှက်ထားတတ်သူများနှင့်စာလျှင်၊ ရင်ဆိုင်ဖြေရှင်းသူများအကြားတွင် ပိုပြီး သက်သောင့်သက်သာရှိသည်။

ဟာနီနှင့်ဟိုလိုမီဆာတို့ ဘုံတူညီမှုမှာသူတို့၏ သစ္စာမဲ့မှုမဟုတ်၊ သူတို့ 'ရင့်ကျက်မှုမရှိခြင်း' ဖြစ်ပြီး ဆုံးဖြတ်ချက်များကို ဉာဏ်ဖြင့် ချင့်

ချိန်မည့်အစား သွေးဆူခြင်းဖြင့်ချင့်ချိန်သည်။ ထိုရင့်ကျက်မှု မရှိခြင်းသည် လုံခြုံမှုမရှိခြင်းကြောင့်ဟု မင်ဒဲလားက သုံးသပ်သည်။ ထိုသူတို့သည် မိမိကိုယ်ကိုယ်လည်း ယုံကြည်မှုမရှိကြ။ သူတို့ လုပ်ဆောင်ချက်များကို ခန်းမှန်းမရနိုင်။ အန္တရာယ်များသည်။ အားကိုး၍လည်းမရ။ မင်ဒဲလားက သစ္စာမဲ့ခြင်းနှင့် ခန့်မှန်းမရနိုင်ခြင်းကို ခွဲခြားသိသည်။ ထိုနှစ်ခုသည် တူညီမှုမရှိသော်လည်း ထပ်တူကျသည့်အချက်များရှိသည်မှာ၊ စိတ်ခံစားချက်များသူသည် သစ္စာမဲ့သူဖြစ်ရန်၊ ဆုံးဖြတ်ချက် မှားရန် အလားအလာပိုရှိသည်။ ထိုသူတို့လုံခြုံမှုမရှိသည့်ခံစားချက်ကို ကုစား၍ မရပါ။ သူတို့၏ခန့်မှန်းမရသော လုပ်ဆောင်ချက်များမှ ကြိုတင်ကာကွယ်ထားရန်သာရှိသည်။

■

## ‘နိုး’ (မဖြစ်ကြောင်းပြစကားလုံး) ပြောသင့်သည့် အချိန်ကို ပိုင်းခြားသိပါ

မင်ဒဲလားသည် ‘ဖြစ်ကောင်းဖြစ်နိုင်ဖွယ်’ ရှိသည်ဟု ပြောဆိုတတ်သူမဟုတ်ပါ။ သူဆိတ်ဆိတ်နေမည်။ သူအဖြေမပေးနိုင်မီ ရှောင်ထွက်မည်။ တစ်ခါတစ်ရံ အချိန်ဆွဲပြီး သင့်အားရှောင်ဖို့ ကြိုးစားမည်။ သို့သော် နောက်ဆုံးတွင် သင်ကြားလိုသည့်အဖြေမျိုးကို သင့်ကြားလိုမှုတစ်ခုတည်းအတွက်နှင့် သူပေးမည်မဟုတ်ပါ။ သူ့အနေဖြင့် အများသူငါ စိတ်ချမ်းသာအောင် စွမ်းဆောင်ပေးလိုသည့် ထူးခြားသောပင်ကိုစရိုက် ရှိသော်လည်း၊ သူများကိုစိတ်ပျက်အောင်လုပ်လိုသည့်ဆန္ဒ မရှိသော်လည်း မဖြစ်ကြောင်းပြ စကားလုံးပြောရာတွင် ကျွမ်းကျင်မှုရှိသည်။ ‘ကျွန်တော့်ကို စဉ်းစားဖို့အချိန်ပေးပါဦး’ ဟုပြောသည့်အခါများရှိသော်လည်း မဖြစ်နိုင်လျှင် မဖြစ်နိုင်ဘူးဟု အဖြေပေးသည်။ ယင်းသည် ထင်သလောက်လွယ်ကူမှု မရှိပါ။ ကျွန်တော်တို့သည် ‘မဖြစ်နိုင်ဘူး’ ဆိုသည်မှာ ပြီးပြည့်စုံသော ဝါကျတစ်ခုဖြစ်ခြင်းကို မေ့လျော့နေတတ်သည်။

သူက ‘မဖြစ်နိုင်ဘူး’ ဆိုသည်ကို မပြောလိုပါ။ ထိုစကားလုံးကို ယဉ်ယဉ်ကျေးကျေးပြောနိုင်ဖို့ သူကြိုးစားသည်ကို သင်မြင်တွေ့နိုင်သည်။ သို့သော် သူက ‘မဖြစ်နိုင်ဘူး’ ဟု ယခုမပြောလျှင် နောင်ပြောရန်

ပိုခက်ခဲမည်ကိုသိသည်။ စိတ်ပျက်စရာရှိလျှင် မြန်မြန်ပြောသည်မှာ အကောင်းဆုံးပင်။ သူက ချိုသာသော စကားလုံးများသုံးမည်မဟုတ်သလို နောက်တစ်ဦးအပေါ်တွင်လည်း ပုံချမည်မဟုတ်ပါ။ သူ 'မဖြစ်နိုင်ဘူး' ပြောသည့်အခါ ရှင်းလင်းပြတ်သားစွာ ပြောလိုသည့်ဆန္ဒရှိသည်။ မဖြစ်နိုင်သည့် မျှော်လင့်ချက်ကို မပေးသလို တံခါးချပ်ကိုလည်း နည်းနည်းမျှ မဟထားပါ။

မင်းဒဲလားနှင့် ဝေါလ်တာဆစ်စူလူးတို့၏ ရော်ဘင်ကျွန်းမှ နာမည်ကြီးရုပ်ပုံတစ်ခုရှိသည်။ ထိုပုံတွင်မင်းဒဲလားက ဝေါလ်တာဆစ်စူလူးထံမှ အဝေးကိုကြည့်နေသော်လည်း သူ့လက်ညှိုးက ဝေါလ်တာအား ညွှန်နေသည်။ သူ 'နိုး' ပြောသည့်နည်းလမ်းမှာ ထိုအတိုင်းပင်။ သူ ရှင်းပြနေစဉ် သူ့အကြည့်ကို ခေတ္တလွှဲပြောင်းထားသည်။ ပြီးလျှင် သင့်မျက်လုံးထဲသို့ ကြည့်ပြီး 'ဆောရီးပဲ၊ ဒါပေမဲ့အဖြေကတော့ နိုးပဲ' ဟု ပြောသည်။

သူ၏နိုင်ငံရေးဘဝတွင် ကြီးကျယ်ပြတ်သားသော 'နိုး' ပေါင်းများစွာကို ပြောဖူးသည်။ သူလူငယ်ဘဝက အေအင်န်စီလူငယ်အသင်းအဖွဲ့တွင် ကွန်မြူနစ်များ လက်ခံရန်ကိစ္စကို နိုးပြောခဲ့သည်။ ရီဗိုးနီးယားတရားခွင်တွင် သူ၏တော်လှန်ရေးလှုပ်ရှားမှုကို ထိန်ချန်ပြောဆိုရန် နိုးပြောခဲ့သည်။ ဒီကလတ်ခ်နှင့် ဆွေးနွေးစဉ်က ဒီကလတ်ခ်က အစိုးရအဖွဲ့တွင် လူဖြူကြီးစိုးမှုကိုဆက်လက်ထားရှိရန် ကြိုးပမ်းနေသည်ဟု ထင်မြင်စဉ်က ပြတ်သားသည့်နိုးပြောခဲ့သည်။ ဤကိစ္စအားလုံးတွင်မူ သဘောထားနှင့် ဆက်စပ်လွှမ်းခြုံနေသဖြင့် 'နိုး' ပြောရခြင်းဖြစ်သည်။ အခြားကိစ္စများတွင် 'ဖြစ်နိုင်သည်၊ ညှိနှိုင်းနိုင်သည်' ဟုလက်ခံသည်။ သူ၏ပထမဆုံးဖြတ်ချက်ကို ပြန်ပြင်နိုင်ရန် လမ်းဖွင့်ပေးထားသည်။

ကျွန်တော်ကတော့ မင်းဒဲလား၏ 'နိုး' ပြောဆိုမှုများကို ကြိမ်ဖန်များစွာခံရသည်။ ကျွန်တော်သူနှင့်အတူ အစည်းအဝေးတစ်ခု၊ သို့မဟုတ် ခရီးတစ်ခု၊ သို့မဟုတ် ညစာစားပွဲတစ်ခုသို့ လိုက်ရမည်၊ မလိုက်ရမည်ကို တိုက်ရိုက်မေးလျှင် ရိုးစင်းစွာပင် 'လိုက်ခဲ့လေ' ဟု ပြောသည့်အခါ



များရှိသလို မလိုက်စေချင်သည့်အခါမျိုးတွင် ဝေဝါး ပြောဆိုခြင်း မရှိပါ။ 'နောက်မှပြောမယ်' ၊ '. . . ကိုမေးရဦးမယ်' စသည်တို့မပြောပါ။ သူကလျှင်မြန်ပြတ်သားစွာ 'ရစ်ချတ်၊ လိုက်ဖို့ မသင့်တော်ဘူး'၊ သို့မဟုတ် 'ဆောရီးပဲ၊ မဖြစ်နိုင်ဘူး' ဟုပြောသည်။သူ၏ 'နိုး' များအတွက် ဟန်ဆောင်စာနာမှုမပေးသလို အကြောင်း ပြချက်လည်းမပေးပါ။ 'အင်း၊ . . . သူ့ကြောင့်သာမဟုတ်ရင် လိုက်ခဲ့လို့ ပြောမယ်'၊ သို့မဟုတ် 'ကျွန်တော်ခင်ဗျားကိုလိုက်စေချင်တယ်၊ ဒါပေမဲ့. . .' ဟု ဘယ်သောအခါမျှ မပြောပါ။ အကြောင်းပြချက်ပေးခြင်းသည် တစ်ဖက်လူကို စောဒကတက်ရန် အခွင့်အလမ်းပေးခြင်းပင်။ လူတို့သည်မရေရာသည့် အဖြေတစ်ခုထက် ခိုင်မာသည့် 'နိုး' ကို ပိုမိုကိုင်တွယ်နိုင်သည်။

တစ်ချိန်တည်းမှာပင် သူသည် 'နိုး' ပြောရန် လိုအပ်ချက်မရှိဘဲနှင့်တော့ 'နိုး' မပြောပါ။ 'နိုး' ပြောခြင်းကို ဗျူဟာကျကျဆောင်ရွက်သည်။ လိုအပ်ချက်မရှိဘဲနှင့် 'နိုး' တစ်လုံး ဘာကြောင့် အဆုံးခံမည်နည်း။ ဘွင်းဘွင်းပြောရန်မလိုဘဲ ဘာကြောင့် ပြောမည်နည်း။ တစ်ခါက သူ မွန်ထရူးတောင်တန်းများသို့ အပျော်ခရီးထွက်ပြီး ပြန်လာသည်။ အကျိုးရှိသော ခရီးတစ်ခုဟုသူက ကျွန်တော့်ကိုပြောပြသည်။ တောင်တန်းများကို ကြိုက်နှစ်သက်ခြင်းရှိ၊ မရှိကျွန်တော်မေးရာ သူခေတ္တ တိတ်သွားသည်။ ထို့နောက် 'ကျွန်တော် မကြိုက်တာတော့ မဟုတ်ပါဘူး' ဟုဖြေသည်။

ထိုအဖြေသည် မင်းဒဲလားဆန်သည့် အဖြေပင်ဖြစ်သည်။ တောင်တန်းများကို မကြိုက်ပါဟုဖြေခြင်းအားဖြင့် မည်သည့်အကျိုးမှ ရရှိမည်မဟုတ်သည့်နည်းတူ ဘာကြောင့်မကြိုက်ကြောင်းပြောမည်နည်း။ မဲဆန္ဒရှင်အချို့က တောင်တန်းများကို ကြိုက်သူများဖြစ်နေရာ ဘာကြောင့် သူတို့ကိုဖဲကြဉ်စေမည်နည်း။ ထိုအကြောင်းကြောင့် သူဘယ်သောအခါမျှ အသင်းတစ်သင်းတည်းကို အားပေးခြင်းမရှိပါ။ တစ်ဖက်အသင်းကို အားပေးသူများအား ဖဲကြဉ်စေနိုင်သည်။ ထို့ကြောင့် မေးခွန်းတစ်ခုသည် တိုက်ရိုက်မကျလျှင်၊ သူဖြေရန်လည်း လိုအပ်ချက်

မရှိလျှင် သူ ဘယ်တော့မှ မဖြေပါ။

ယေဘုယျအားဖြင့် 'နိုး' မပြောရလျှင် သူစိတ်သက်သာရာရသည်။ သူ့မှတ်တမ်းအတွက် အင်တာဗျူးများလုပ်ခြင်း ပြီးဆုံးခါနီးတွင် သူ့အနေဖြင့် အာရုံပျက်ပြားမှုမရှိဘဲ အချိန်ပြည့်မဲဆွယ်စည်းရုံးရန်၊ စေ့စပ်ဆွေးနွေးရန် လုပ်ဖော်ကိုင်ဖက်များနှင့် အေအင်န်စီခေါင်းဆောင်ပိုင်းမှ ဖိအားပေးမှုကိုခံနေရသည်။ သူက ကျွန်တော့်ကိုမှတ်တမ်းကိစ္စမြန်မြန်လုပ်ရန်ပြောဆိုသဖြင့် အဆုံးပိုင်းတွင် တစ်ရက်လျှင် နှစ်ကြိမ်လုပ်သည်။ နံနက်စောစောတစ်ကြိမ်၊ မွန်းလွဲပိုင်းတွင် တစ်ကြိမ်ဖြစ်သည်။

တစ်နေ့တွင် ကျွန်တော်က သူနှင့်အရေးတကြီး စကားပြောလိုကြောင်း ပြောလိုက်သည်။ သူကသတိချပ်သည့်အနေအထားဖြစ်သွားပြီး မျက်နှာသွင်ပြင်က တည်ငြိမ်လေးဆေးစွာဖြစ်သွားသည်။ ကျွန်တော်တို့နှစ်ယောက်သည် သူ၏ ဟောင်တန်နေအိမ်ဧည့်ခန်းတွင် မျက်နှာချင်းဆိုင် ထိုင်နေကြသည်။ ကျွန်တော်စကားပြောနေစဉ် သူကစေ့စပ်ဆွေးနွေးသည့်အခါ ထားနေကျမျက်နှာထားဖြစ်သွားသည်။ဘက်မလိုက်သည့် အနေအထား၊ အလေးအနက်ရှိသည့် အနေအထား၊ ခန့်မှန်းမရသော မျက်နှာထားဖြစ်သည်။ ကျွန်တော်က ကျွန်တော်တို့နှစ်ဦးသည် တောင်ထိပ်ရောက်ခါနီး တောင်တက်သမားနှစ်ယောက်နှင့် တူကြောင်း၊ တောင်ထိပ်သည် ကွာဝေးသေးသည်ဟု ထင်ရသော်လည်း နောက်သို့ပြန်လှည့်ကြည့်လျှင် ကျွန်တော်တို့ဖြတ်ကျော်ခဲ့သည့် ခရီးလမ်းသည် ကျယ်ပြောလှပြီး ပန်းတိုင်မှာမဝေးတော့ကြောင်း ပြောလိုက်သည်။ သူကခံစားချက်မပေါ်ဘဲ ခေါင်းညိတ်သည်။ ထို့နောက် ကျွန်တော်က 'ကျွန်တော့်အဆိုပြုချက်ကတော့ နောက်ထပ် ဆယ်နာရီ အင်တာဗျူး ထပ်လုပ်ကြမယ်။ နောက်ဆုံး ငါးခုက ထောင်ကထွက်ပြီးတဲ့အပြင်ဘဝအကြောင်းဖြစ်မယ်'။

ကျွန်တော်ပြီးသည်နှင့် သူကအသက်ပြင်းပြင်းရှူကာ ခေတ္တခဏစဉ်းစားသည်။ ထို့နောက် 'ဟုတ်ပြီ။ သိပ်ကောင်းတယ်' ဟု ရှင်းရှင်းလေးပြောသည်။ သူက စိတ်သက်သာရာ ရသွားပုံရသည်။ ကျွန်တော်တော့



အမှန်တကယ် စိတ်သက်သာရာရသွားသည်။ တစ်ပတ်အကြာတွင် ကျွန်တော်သူ့ထံမှ အချိန်ပို နှစ်နာရီခန့် ရယူရန်အတင်းအကျပ်တောင်းဆိုသောအခါ သူကလက်ညှိုးကိုရမ်းကာ ကျွန်တော့်အား 'နိုး' ဟု ပြောသည်။

မင်ဒဲလားက သူ့ဘဝတစ်လျှောက်၌ မည်သည့်အချိန်တွင် လှုပ်ရှားရမည်၊ မလှုပ်ရှားသင့်၊ မည်သည့်အချိန်တွင် ရှေ့ဆက်လျှောက်လှမ်းရမည်၊ မည်သည့်အချိန်တွင် အနေအထားတစ်ခုကို စွန့်လွှတ်သင့်သည် စသည်တို့ကို ဆုံးဖြတ်ချက်ချခဲ့ရသည်။ ထောင်တွင်း၌ နေခဲ့ရသည့်နှစ်ပေါင်းများစွာတွင် ကိစ္စရပ်တို့ကို အကျိုးသက်ရောက်မှု ရှိစေရန် ကန့်သတ်ချက်ရှိခဲ့သဖြင့် ကိစ္စရပ်အများစုသည် အလိုအလျောက် ဖြေရှင်းပြီးသားဖြစ်သွားတတ်သည့်သဘောကို သူသိသည်။ အချို့ဆုံးဖြတ်ချက်များသည် နှောင့်နှေးမှုရှိမှ အကျိုးဖြစ်ထွန်းတတ်သည်။ သင်က ယင်းလိုကိစ္စမျိုးဟု ယုံကြည်လျှင်စိတ်မပူပါနှင့်၊ ဖြည်းဖြည်းလုပ်ပါ။ သို့သော် 'နိုး' ပြောရမည်မှာ မကောင်းတရောင်းဖြစ်၍ အချိန်ဆွဲနေသည်၊ ရှောင်နေသည်ဆိုလျှင်တော့ မသင့်တော်ပါ။ ချက်ချင်း 'နိုး' ဟု ရှင်းရှင်းလင်းလင်း ပြောလိုက်ပါ။ ထိုသို့ဆိုလျှင် ရေရှည်တွင် ရင်ဆိုင်တွေ့ကြုံနိုင်မည့် ဆက်စပ်ပြဿနာများကို ရှောင်ရှားနိုင်ပါမည်။

■

# ကစားပွဲကို အချိန်ယူ ကစားပါ

ထောင်ထဲတွင် ၂၇ နှစ်နေလိုက်ရခြင်းသည် သင့်အား အသိပညာများစွာပေးသည်။ သို့သော်ထိုအထဲမှ တစ်ခုသည် ကစားပွဲကို အချိန်ယူကစားရန် အသိဖြစ်သည်။ မင်ဒဲလားလူငယ်ဘဝက စိတ်မရှည်ပါ။ အပြောင်းအလဲများကို လိုလားသည်။ ထောင်က သူ့အားအရှိန်လျှော့ရန် သင်ပေးသည်။ အလျင်လိုလျှင် အမှားဖြစ်တတ်သည်၊ ဆုံးဖြတ်ချက်မှားတတ်သည်ဆိုသည့်အသိကို အားဖြည့်ပေးသည်။ ခြုံငုံပြောရလျှင် သူ့အနေဖြင့် အားရကျေနပ်ခြင်းကို ရွှေ့ဆိုင်းတတ်သွားသည်။ သူ့ဘဝတစ်ခုလုံး ယင်းကိုသရုပ်ထင်စေသည်။

ကျွန်တော်တို့အများစုသည် ဆန့်ကျင်ဘက်ကို အလေ့အကျင့်ရှိနေကြသည်။ ကျွန်တော်တို့လူ့အသိုင်းအဝိုင်းသည် လျင်မြန်မှုကို ကောင်းသော အကျင့်သီလအဖြစ်မြင်ကြသည်။ အရန်သင့်အားရကျေနပ်မှုရရှိခြင်းကို မိမိ၏ခံစားမှုကို ပေါ်လွင်စေခြင်းနှင့် ရောထွေးကြသည်။ အခွင့်အလမ်းမှန်သမျှကို ပေါ်လာသည်နှင့် ဖမ်းဆုပ်ရန် ကြိုးစားကြသည်။ အင်တာနက်မှ သဝဏ်လွှာများကိုလည်း အထူးတလည် မစဉ်းစားဘဲပြန်ကြားကြသည်။ အရေးပေါ်ကိစ္စဟု ထင်ယောင်ထင်မှားဖြစ်ပြီး ကျွန်တော်တို့ အဆင်သင့်မဖြစ်မီ ဆုံးဖြတ်ချက်မချသင့်ဟု မင်ဒဲလားက ပြောမည်ဖြစ်သည်။ တစ်ခါတစ်ရံ ကျွန်တော်တို့ နှောင့်နှေးနေလျှင် အခွင့်အလမ်းတစ်ခု ဆုံးရှုံးသွားနိုင်သည်ဆိုသည်မှာ မှန်သော်လည်း



ကိစ္စအများအပြားတွင် ကျွန်တော်တို့ လျင်မြန်မှုကို ဦးစားမပေးခဲ့လျှင် ပို၍ကောင်းမွန်စွာ လုပ်ဆောင်နိုင်ပါမည်။ ကျွန်တော်တို့ အချိန်ယူလုပ်ကိုင်သင့်ပါသည်။ အများအမြင်တွင် ဆုံးဖြတ်ချက်ပြတ်သားသည်ဟု အထင်ကြီးခံရအောင် မြန်မြန်လုပ်မည့်အစား ဖြည်းဖြည်းနှင့် ချင့်ချင့်ချိန်ချိန် လုပ်ကိုင်သင့်ပါသည်။

မင်ဒဲလားက သမိုင်းကိုတစ်ညတည်းနှင့်မရေးနိုင်၊ သမိုင်းအဖြစ်အပျက်ကို မည်သူကမျှ မိမိလက်ဖြင့် ပုံပြောင်းယူ၍မရနိုင်ဟု သိနားလည်သည်။ လူမျိုးခွဲခြားရေးနှင့် ဖိနှိပ်ချုပ်ချယ်မှု ရှင်သန်ပေါက်ဖွားခဲ့သည်မှာ နှစ်တစ်ထောင်ကျော်ကြာခဲ့ပေပြီ။ ကိုလိုနီနယ်ချဲ့စနစ်သည် ရာစုနှစ်များစွာဖွံ့ဖြိုးခဲ့သည်။ အပါသိုက်လူမျိုး ခွဲခြားရေးစနစ်တီထွင်မှုသည် ဆယ်စုနှစ်များ ကြာခဲ့ပြီ။ မည်သည့်စနစ်ကိုမျှ လအနည်းငယ်၊ သို့မဟုတ် နှစ်အနည်းငယ်အတွင်း ချေမှုန်းသုတ်သင်နိုင်မည်မဟုတ်။ ထောင်သို့ဝင်သွားသောသူသည် စိတ်ကူးယဉ်အနာဂတ်အတွက် ဂနာမငြိမ်ဖြစ်ခဲ့သည်။ သူ့အမြင်တွင်အေအင်န်စီမှ ခေါင်းဆောင်လူကြီးများသည် အလုပ်အကိုင်နှေးကွေးသည်။ အရေးပေါ်မလုပ်တတ်။သူတို့ကာကွယ်လိုသည့်တန်ဖိုးမှာ များနေသည်။ ပိုနေမြဲ ကျားနေမြဲ အနေအထားအတွက် အရင်းအနှီးများခဲ့သည်။ ထောင်ထဲတွင် သူသည် ထိုသက်ကြီးရွယ်အိုများကဲ့သို့ ဖြစ်လာသည်။ သို့သော် သတိရှိခြင်းသည် တယူသန်မလုပ်နိုင်၊ ရဲတင်းစွာ မလုပ်နိုင်ဟု သဘောမသက်ရောက်သည်ကို သူရိပ်မိသည်။ အရေးကြီးသည်မှာ ဆုံးဖြတ်ချက်မြန်ရန်မဟုတ်ဘဲ ဦးတည်ချက်မှန်ရန်ဖြစ်သည်။ လျင်မြန်ခြင်းသည် လုပ်ရဲကိုင်ရဲရှိခြင်းနှင့် မဆိုင်ပါ။ တကယ်တမ်းတွင် အချိန်ယူစဉ်းစားတွေးခေါ်ခြင်းသည် မိမိအမြတ်တနိုးထားသော၊ လေးနက်စွာယုံကြည်ထားသော ခံယူချက်များကို လိုအပ်သလို ပြောင်းလဲနိုင်ရန်ဆန္ဒရှိရမည်။

သူ ရော်ဘင်ကျွန်းတွင်ရှိစဉ်က အသက်ပိုငယ်သော အကျဉ်းသားများက သူ၏လှုပ်ရှားမှုများမှာမြန်သင့်သလောက်မမြန်၊ အာဏာပိုင်တို့ကိုစိန်ခေါ်ရာတွင် ပြင်းထန်သင့်သလောက် မပြင်းထန်ဟု ယူဆ

ကြသည်။ သူကထိုသူတို့အား ကိစ္စရပ်တစ်ခုကို အတင်းအကျပ် မလုပ်သင့်ကြောင်း၊ ရေရှည်ပေါ်လစီတစ်ခုကို အချိန်ယူလုပ်သင့်ကြောင်း ပြောလျှင်ပင် သူတို့က 'အခုချက်ချင်းလုပ်ရင်မကောင်းဘူးလား' ဟု မေးကြသည်။

'ဒီမှာကြည့်၊ ခင်ဗျားတို့ ကာလတိုမှာတော့ မှန်တယ်လို့ထင်ရမယ်။ ဒါပေမဲ့ ရေရှည်မှာ အချိန်ယူစဉ်းစားလုပ်ကိုင်ရင် ခင်ဗျားတို့အတွက် ပိုတန်ဖိုးရှိတဲ့ အကျိုးကျေးဇူးကို ခံစားနိုင်လိမ့်မယ်'။

ရေရှည်မှာ။

ထိုစကားစုကို သူမကြာခဏ အသုံးပြုလေ့ရှိသည်။ သူစဉ်းစားတွေးခေါ်သည်မှာ ထိုအတိုင်းပင်ဖြစ်သည်။ သူ့အတွေးအာရုံသည် အချိန်ယူစဉ်းစားခြင်းရှိမှ ပိုစွမ်းအားရှိသည်။ သူသည် မြန်ဆန်မှုလည်းမရှိ။ ပေါ့တန်တန်လည်း မလုပ်တတ်။ သူ့အတွေးအခေါ်များကို လက်တွေ့အသုံးမချမီ ထပ်ကာတလဲလဲ ပြန်စဉ်းစားသည်။ လူတစ်ဦးတစ်ယောက်စီကို တာအကွာအဝေးများဖြစ်သည့် တာတို၊ တာလတ်၊ တာရှည် စသည်ဖြင့် သဘာဝကို သရုပ်ဖော်ပြောဆိုမည်ဆိုလျှင်၊ မင်ဒဲလားသည် တာရှည်အပြေးသမားဖြစ်သည်။ တာရှည်အတွေးသမား ဖြစ်သည်။ ထို့ပြင် အကျဉ်းထောင်သည် မာရသွန်ပြေးခြင်းနှင့် တူသည်။

ကျွန်တော်တို့အကြောင်းကိစ္စတစ်ခုကို ဆွေးနွေးနေသည့် အခါမျိုးတွင် သူကတစ်ခါတစ်ရံ 'ဒီကိစ္စကရေရှည်မှာ အနေအထား ပိုကောင်းလာလိမ့်မယ်' ဟုပြောသည်။ မှန်သည်၊ သူကအကောင်းမြင်ဝါဒီ ဖြစ်သည်။ သို့သော် အထူးလက်တွေ့ဆန်ပြီး သတိရှိသူဖြစ်သည်။ သူက စိတ်ခံစားမှုကို ဦးစားမပေးပါ။ မျှော်လင့်ချက်မရှိနိုင်ဘဲလည်း မထားတတ်ပါ။ မှောင်မိုက်သော ထိုနှစ်များစွာတွင် သူသည် အံ့ဖွယ်သရဲပြာဋ္ဌိဟာတို့ကိုလည်း ယုံကြည်မှုမရှိပါ။ ယင်းတို့သည် လူကလုပ်သည့်လုပ်ရပ်များသာဟုပြောသည်။ အလုပ်ကြိုးစားခြင်း၊ စည်းကမ်းရှိခြင်းတို့သည်သာ သင်လျှောက်လိုသောလမ်းသို့ တွန်းပို့ပေးနိုင်သည်။ သင်သည်ကံကောင်းခြင်း၊ ထက်ကောင်းကင်မှ ကြားဝင်ကူညီခြင်းတို့ကို



အားကိုးနေ၍မဖြစ်ဟုပြောသည်။

မင်ဒဲလား သမ္မတဖြစ်လာသည်နှင့် သူ၏ အဓိကပန်းတိုင်မှာ နိုင်ငံသစ်ထူထောင်ရန်ဟု သူခံယူသည်။ လက်ရှိအနီးကပ်နှင့် အရေးပေါ် ပြဿနာများကို ရင်ဆိုင်ကိုင်တွယ်မည်မဟုတ်ဟု ဆိုလိုခြင်းမဟုတ်ပါ။ အနီးကပ်ပြဿနာများကို မဖြေရှင်းလျှင် ရေရှည်ပြဿနာများကို ကိုင်တွယ်ရန် အခွင့်အလမ်းရှိမည်မဟုတ်ဟု သူသိသည်။ သို့သော် တကယ်တမ်းတွင် သူကပိုအလှမ်းဝေးသောပန်းတိုင်ကို အာရုံထားသည်။ သူ၏ကာလတိုနှင့် ရေရှည်ရည်မှန်းချက်ပန်းတိုင်တို့သည် ဦးတည်ချက် တစ်ခုတည်းဖြစ်သင့်ကြောင်းလည်းသူသိသည်။ သူက 'ပုံရိပ်အပြည့်အစုံ' ကိုအာရုံတွင်ထားကြောင်း မကြာခဏပြောသည်။ သူကထိုနည်းအတိုင်း ကျင့်သုံးသည်။ သူ့ကို စိတ်အနှောင့်အယှက်ပေးသည်မှာ ကားလမ်းပေါ်မှ အရှိန်လျော့စေသည့် ခလုတ်ကန်သင်းများနှင့် အသွင်တူပြီး ရေရှည်ပန်းတိုင်ခရီးကိုဟန့်တားသည့် ကာလတိုပြဿနာများဖြစ်သည်။ များသောအားဖြင့် ကာလတိုပြဿနာများသည် ကာလတိုသာ တွေးတောတတ်သူများက တီထွင်ခြင်းဖြစ်သည်။ ထိုသူတို့သည် တစ်ခဏတာအချိန်အတွက် ခေါင်းကြီးပိုင်းသတင်းကို ဂရုထားသူများဖြစ်သည်။ သူကတော့ မိုးကုတ်စက်ဝိုင်းကို မျှော်ကြည့်နေခဲ့သည်။

သူထောင်မှလွတ်လာသည့်အချိန်တွင် နည်းပညာတို့ အကြီးအကျယ် တိုးတက်နေသည်ကိုချက်ချင်းတွေ့ရသည်။ သူထောင်သို့ ဝင်စဉ်အချိန်က တောင်အာဖရိကတွင် တီဗီမရှိသေးပါ။ ၂၄ နာရီကေဘယ်လ်သတင်းများလည်း မကြည့်ရသေးပါ။ သူ၏ ပထမသတင်းစာ ရှင်းလင်းပွဲတွင် ကင်မရာအဖွဲ့သမားများက လက်နက်ကိရိယာများနှင့်တူသော မွေးပွရှည်အသံဖမ်းမိုက်တံများကို ထုတ်လိုက်သည့်အခါ သူခေါင်းကိုဝပ်လိုက်သည်။ လေယာဉ်ပျံပေါ်မှ တယ်လီဖုန်းခေါ်ဆိုနိုင်ခြင်းကို အံ့လည်းဩသည်။ ဝမ်းလည်းသာသည်။ သို့သော်ယင်းအပြောင်းအလဲများနှင့် အတူဘဝခြေလှမ်းများလည်း မြန်ဆန်ပြောင်းလဲလာသည်။ ထိုပြောင်းလဲမှုသည် သူနှင့်ကိုက်ညီမှု မရှိပါ။ သတင်းအပုဒ်တိုင်းကို လိုက်ပြီး

တုံ့ပြန်မှုပြုလုပ်ရန်လည်း လိုအပ်ချက်မရှိဟု ယုံကြည်သည်။ များသောအားဖြင့် ယင်းသည် ပြဿနာများကိုဖြစ်စေသည်။ အမြန်ဆောင်ရွက်လိုက်သည့် ကာလတိုအမှားတစ်ခုသည် ရေရှည်အကျိုးဆက်များကို ဖြစ်ပေါ်စေနိုင်သည်။

မင်ဒဲလားက သမိုင်းကြောင်းအရ စဉ်းစားတွေးတောသည်။ သမိုင်းဆိုသည်မှာ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ရေရှည်မှတ်တမ်းပင် ဖြစ်သည်။ လူတစ်ဦးအနေဖြင့် သမိုင်းကိုလွှမ်းမိုးရန်ကြိုးစားနိုင်သော်လည်း လူတစ်ဦးတစ်ယောက်တည်းနှင့်တော့ ထူးခြားမှုမရှိစေနိုင်လှပါ။ 'သမိုင်းကလူကို ဖန်တီးသလား၊ လူကသမိုင်းကိုဖန်တီးသလား' ဆိုသည့် ဒဿနဆိုင်ရာစကားကို မင်ဒဲလားဖြေရမည်ဆိုလျှင် သူက 'သမိုင်းကလူကို ဖန်တီးတယ်၊ လောကစွမ်းအားတွေကစုပေါင်းပြီး ထူးချွန်တဲ့ ခေါင်းဆောင်တွေကိုဖန်တီးတယ်' ဟုဖြေမည်။ မှန်သည်၊ လူတစ်ဦးတစ်ယောက်ခေါင်းဆောင်ဖြစ်ဖို့ဆိုသည်မှာ ဒီအင်န်အေအမျိုးအစား မှန်ရမည်။ သက်ဆိုင်ရာကျွမ်းကျင်မှုရှိရမည်။ သို့သော် အချိန်အခါက လူကိုဖန်တီးသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူသည် ထိုအချိန်အခါ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်၍ဖြစ်သည်။ မင်ဒဲလားအနေဖြင့် သူသည် အချိန်အခါ၏ လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ခဲ့၍ အောင်မြင်သည်ဟု ဆိုနိုင်သည်။ သို့သော် အချိန်အခါကို သူဖန်တီးခဲ့ခြင်း မဟုတ်ပါ။

မင်ဒဲလားထောင်မှထွက်လာသည့်အခါ သူနှင့်အနီးကပ်ဆုံးဖြစ်သည့် ခေါင်းဆောင်နှင့်လှုပ်ရှားသူ စီရီးလ်ရာမာဖိုဆာက 'မင်ဒဲလားဟာ သမိုင်းဆန်တဲ့လူတစ်ယောက်ပဲ။ သူက ကျွန်တော်တို့ထက် ရှေ့ကိုအများကြီးတွေးတယ်။ နောင်လာနောက်သားတွေအတွက်တွေးတယ်။ ကျွန်တော်တို့ အခုလုပ်တာကို နောင်လာနောက်သားတွေက ဘယ်လိုမြင်မလဲ စသည်ဖြင့်ပေါ့။ သမိုင်းကသူ့စိတ်ပူပန်မှုကို လွတ်ငြိမ်းခွင့်ပေးတယ်။ သူထင်ထားတဲ့အတိုင်း ကွက်တိဖြစ်လာတယ်' ဟုပြောသည်။

ခေါင်းဆောင်များအား သူတို့၏ အကြွင်းမဲ့ယုံကြည်မှု၊ ဘဝ၏အကွေ့အဝိုက်တို့ဖြင့် အကဲဖြတ်ကြသည်ဟု မင်ဒဲလားယုံကြည်သည်။



သူကလူများကိုအကဲခတ်ရာတွင် သူတို့ဘဝ၊ သူတို့အလုပ်အကိုင်တို့ကိုထည့်သွင်းဆုံးဖြတ်သည်။ အနေအထားတစ်ခုတွင် မည်သို့တုံ့ပြန်မှုရှိသည်ဆိုခြင်းတစ်ခုတည်းကို မကြည့်ပါ။ သူကထောင်တွင်း၌ စိတ်ပျက်စရာကောင်းသည့်ခေါင်းဆောင်များအကြောင်းမကြာခဏ ပြောပြတတ်သည်။ 'ဟုတ်တယ်၊ ကျွန်တော် ထောင်ထဲမှာ ခေါင်းဆောင်ဆိုပေမယ့်လည်း စိတ်ပျက်စရာကောင်းတဲ့ လူတွေကိုသိခဲ့ရတယ်။ သူတို့အနေနဲ့တိုက်ခိုက်ဖို့လိုအပ်နေကြောင်း၊ ကိစ္စရပ်တစ်ခုကို အရေးဆိုပြီးရင်အလျှော့မပေးသင့်ကြောင်း သူတို့ကိုပြောခဲ့တယ်။ သူတို့က သဘောမတူဘူး။ 'နယ်လ်ဆန်၊ သူတို့ကသတ်ပစ်လိုက်လိမ့်မယ်' လို့ပြောတယ်'။ ထိုသူများအပေါ် သူစိတ်ပျက်မိသော်လည်း သူ့အတွက် အားနည်းချက်တစ်ရပ်တော့ မဟုတ်ပါ။ သူများအပေါ် တစ်ဖက်သတ် ဆုံးဖြတ်ချက်မချမီ သူတို့၏ဘဝတစ်ခုလုံးကို ထည့်သွင်းစဉ်းစားရမည်။ အချို့လူများသည် ထောင်ပြင်ပတွင် သူရဲကောင်းပီသသည်။ ထောင်အတွင်းတွင်ထိုသို့ မဟုတ်ပါ။ အချို့လူများသည် ယင်းနှင့်ပြောင်းပြန်ဖြစ်သည်။ ထောင်တွင်း၌ စိတ်ပျက်စရာကောင်းသောသူများနှင့် စပ်လျဉ်းပြီးမင်ဒဲလားက 'သူတို့ကထောင်ထဲမှာ အားနည်းချက်ရှိပေမယ့် ဂုဏ်သိက္ခာရှိတဲ့၊ အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်တွေပဲ' ဟုပြောသည်။ ယင်းသည်သူ၏စိတ်သဘောထားကောင်းမှုနှင့် ရေရှည်ကြည့်တတ်မှုကို ပြသည်။ မည်သူမျှ မိမိအကောင်းဆုံးဆောင်ရွက်ထားသည့် လုပ်ရပ်များလောက်မွန်မြတ်ခြင်းမရှိနိုင်သလို မိမိအဆိုးဆုံးဆောင်ရွက်ထားသည့်လုပ်ရပ်များလောက် လောဘဇောမတိုက်နိုင်ပေ။ သူ့ကိစ္စတွင် လုပ်ရပ်မှန်များက လုပ်ရပ်မှားများထက် ပိုသည်။ အဆုံးတွင် ယင်းသည်သာအရေးကြီးသည်။ သူချမိခဲ့သည့် ဆုံးဖြတ်ချက်အချို့အတွက် သူနောင်တရသည်။ လူတိုင်းလူတိုင်း၏ တန်ဖိုးသည် မိမိလုပ်ရပ်များအားလုံး၏ ပေါင်းလဒ်ပင်။

ကျွန်တော်တစ်ခါက မင်ဒဲလားအား သူစိတ်ချမ်းသာမှုရှိ၊ မရှိမေးသည်။ သူကမျက်မှောင်ကြုတ်သည်။ ထိုမေးခွန်းမျိုးသည် အပေါ်ယံကြည့်သော၊ ထဲထဲဝင်ဝင်ရှိသော မေးခွန်းဖြစ်၍ လိုက်ဖက်မှုမရှိဟု

သူယူဆသည်။ သို့သော် နောက်ဆုံးတွင် သူပြောပြသည်။ သူ၏ဖခင် အသေစောကြောင်း၊ မသေမီကလည်း စိတ်ဓာတ်ကျနေသူတစ်ဦး ဖြစ်ခဲ့ကြောင်း၊ သူ၏မိခင်က သူသည် ထောင်ထဲဝင်လိုက်ထွက်လိုက်နှင့် ရာဇဝတ်သားတစ်ယောက်ဟုမြင်ပြီး သေဆုံးခဲ့ကြောင်း၊ သူ နောင်တရသည့်ကိစ္စများတွင် တစ်ခုအပါအဝင်မှာ၊ သူ၏မိခင်အား သူတို့၏ ရုန်းကန်လှုပ်ရှားမှုအကြောင်းကို နားလည်အောင် ရှင်းမပြမိခဲ့ကြောင်း တို့ပင် ဖြစ်သည်။ သူသမီးများကြုံတွေ့ရသည့် အခက်အခဲများကိုလည်း သူရည်ညွှန်းသည်။ ထို့ပြင်သူထောင်ထဲတွင်ဖတ်ပြီး ကြိုက်နှစ်သက်ခဲ့သည့် ရှေးဟောင်းဂရိစာရေးဆရာကြီးများအကြောင်း ပြောသည်။ ထိုသူတို့သည် ရေရှည်ကိုကြည့်တတ်သည်။ သူစာရေးဆရာအမည်ကို မမှတ်မိတော့သော်လည်း ခရိုးဆပ်ဆိုသူက ပညာရှိတစ်ဦးကို သူ့အား ပျော်ရွှင်မှု ရှိသည်ဟု ထင်ပါသလားဟုမေးခဲ့သည်။ ပညာရှိက 'လူတစ်ယောက်ရဲ့ အဆုံးသတ်ကိုမသိဘဲ အဲဒီလူကို ပျော်တယ်လို့ မသတ်မှတ်နိုင်ဘူး' ဟု ဖြေသည်။ သူကယင်းအဖြေကို သဘောကျသည်။ ထို့ကြောင့်လည်း သူကသတိရှိသည်။ အရာရာသည် နောက်ဆုံးအခန်းတွင် ပြောင်းလဲသွားနိုင်သည်။ သင်လျှောက်နေသည့်လမ်းပေါ်တွင် ခိုင်မာစွာ ရပ်တည်နေမှ အဆိုးမဖြစ်ရန် ကာကွယ်နိုင်မည်။

မင်းဒဲလားသည် တကယ်တမ်းတွင် တင်းတိမ်ရောင့်ရဲသည်။ သူ့ဘဝတွင် ကံဆိုးမိုးမှောင်ကျခြင်းကြုံခဲ့ရသည်။ သို့သော် သူ့ ဦးတည်ချက်ကို သူသိသည်။ ထိုဦးတည်ချက်အပေါ် အဆုံးစွန်အထိ သူသစ္စာရှိခဲ့သည်။ ထို့ကြောင့် သမိုင်းက သူ့ကို ကြင်နာစွာ အဆုံးအဖြတ်ပေးလိမ့်မည်။ သင့်အနေဖြင့် သူ့အားပျော်ရွှင်ချမ်းမြေ့သောသူတစ်ယောက် ဟု မှတ်လိုက်ပါ။

■

# ချစ်ခြင်းမေတ္တာသည် ဘဝကို ထူးကဲစေသည်

အချစ်နှင့်ပတ်သက်လျှင် မင်းဒဲလားက အရင်းခံစိတ်ကူးယဉ်ဆန်သည်။ သို့သော် လက်တွေ့ဆန်သူတစ်ဦး ဖြစ်သည်။ လက်တွေ့မဆန်လျှင်လည်း မဖြစ်ပါ။

သူ့ဘဝ၏အစိတ်အပိုင်း အများစုတွင် ချစ်ခြင်းမေတ္တာသည် အလှမ်းဝေးခဲ့သည်။ သူ၏စိတ်ထဲ၊ မှတ်ဉာဏ်ထဲတွင်ရှိသော အရာတစ်ခုသာဖြစ်ပြီး အပြင်ဘဝတွင်မရှိပါ။ ရှိလာသည့်အခါ သူ့အား အေးချမ်းမှုပေးမည့်အစား နာကျင်မှုတို့ပေးသည်။ သို့သော် ချစ်ခြင်းမေတ္တာသည် သူ့ဘဝတွင်ရှိရမည်ဆိုသည့်စိတ်ကူးကို ဘယ်တော့မှ မစွန့်လွှတ်ခဲ့ပါ။

တောင်အာဖရိက၏ အပါသိုက်လူမျိုးခွဲခြားရေးခေတ်၏ သဘောသဘာဝက မင်းဒဲလားအား အများရှေ့မှဘဝနှင့် သီးသန့်ဘဝတို့ကို တစ်ပြိုင်နက်တည်း ထားရှိခွင့်မပေးပါ။ သူ၏အများရှေ့မှ ဘဝသည် သူ့အား ၂၇ နှစ် အကျဉ်းကျစေခဲ့သည်။ အကျဉ်းထောင်တွင် သီးသန့်ဘဝမရှိပါ။ နှစ်သိမ့်မှုလည်းမရှိသလောက်ပင်။ အပါသိုက် စနစ်ဆိုး၏ ရက်စက်သည့် သဘောသဘာဝမှာ တောင်အာဖရိက လူမည်းများအား အလုပ်နှင့်မိသားစုဘဝ ခွဲခြားစေခြင်းဖြစ်သည်။ ယင်းသဘောသည် မင်းဒဲလားအပေါ် အနိုင်ယူသည်ဟု ဆိုနိုင်သည်။ သူ့အနေဖြင့် အခြားလူများကဲ့သို့ မိသားစုကမျိုးနွယ်စုရှိရာ တောမြို့တွင်

နေထိုင်ပြီး ယောက်ျားဖြစ်သူက မြို့ထဲတွင် အလုပ်လုပ်ရခြင်းမျိုး မဟုတ်သော်လည်း လွတ်မြောက်ရေးလှုပ်ရှားမှုများ လုပ်နေချိန်တွင် မိသားစုနှင့် လွတ်လွတ်လပ်လပ်နေထိုင်ရန်မှာ မဖြစ်နိုင်၍ဖြစ်သည်။

သူထောင်သို့မဝင်ရမီကပင် သူ့ဇနီး၊ သားသမီးများနှင့် ရင်းရင်းနှီးနှီး မနေနိုင်ခဲ့ပါ။ သင်သည် လွတ်မြောက်ရေးအတွက် လှုပ်ရှားတိုက်ခိုက်နေသူတစ်ဦးဖြစ်ပြီး အစိုးရဖမ်းဆီးမှုမှ တိမ်းရှောင်နေရပါက သင့်မိသားစုသည် ပစ်မှတ်တစ်ခုပင်။ သူတို့အား အနှောင့်အယှက်ပေးခြင်းသည် သင့်အား နာကျင်မှုပေးရန် အထိရောက်ဆုံး နည်းလမ်းဖြစ်သည်။ ထို့ကြောင့် သူ့ဇနီးနှင့်မိသားစုထံမှ ရှောင်နေသည်။ သူတို့အား လိုက်နှောင့်ယှက်ခြင်း၊ စိတ်ဒုက္ခရောက်အောင်လုပ်ခြင်းတို့ကို လက်မှိုင်ချပြီး ကြည့်နေရသည်။ သူတို့၏ ဝေဒနာသည် သူ့ကို အားပေးရန်အရင်းအမြစ်တစ်ခုဖြစ်သည့် သံယောဇဉ်အကြောင်း စဉ်းစားစေသည်။ မိသားစုသည် သူ့အားပိုမိုသော အားနည်းချက်ပေးသည်။ လျော့မသွားပါ။ သူသည် သမားရိုးကျဖခင်တစ်ဦး မဖြစ်နိုင်ခဲ့ပါ။ တစ်ခါက သူ့သားအကြီးက သူ ဘာကြောင့် အိမ်တွင် ညမအိပ်သည့်အကြောင်းမေးရာ သူက တောင်အာဖရိကတွင် သူ့အားလိုအပ်ချက်ရှိသည့် အခြားကလေးသန်းပေါင်းများစွာရှိသေးသည်ဟု ဖြေခဲ့သည်။ မိမိသားကို ထိုကဲ့သို့ပြောရသည်မှာ ရက်စက်ရာကျသည်။ ဤစွန့်လွှတ်အနစ်နာခံမှုသည် သူ့အတွက် အဆိုးဝါးဆုံးနာကျင်မှုပင်ဖြစ်သည်။

သူအကျဉ်းထောင်တွင်ရှိနေသည့်နှစ်များက အချစ်သည်သူ၏စာများထဲတွင်လည်းကောင်း၊ သူ၏မှတ်ဉာဏ်တွင်လည်းကောင်း၊ သူ၏စိတ်ကူးယဉ် အနာဂတ်တွင်လည်းကောင်းရှိသည်။ မင်ဒဲလားနှင့်အတူ ရော်ဘင်ကျွန်းတွင် နှစ်များစွာအတူရှိခဲ့သော အယ်ဒယ်နီယယ်က ကျွန်တော့်ကို တစ်ခါပြောဖူးသည်။ ထောင်ထဲတွင် သင့်အားနှစ်သိမ့်မည့်သူမရှိ။ အယ်ဒယ်ဆိုလိုသည်မှာ၊ အကျဉ်းသားများသည် သနားကြင်နာမှုမပေးနိုင်သူများဖြစ်ပြီး ထိုကျွန်းတွင် အမျိုးသမီး လုံးဝမရှိခြင်းပင်။ ကျွန်တော်ရော်ဘင်ကျွန်းအကြောင်း ဖတ်ရှုဖူးသည့်အထဲတွင် တစ်ခါက ထိုထောင်တွင် လိင်ထိပါးစော်ကားမှုများ ရှိခဲ့သည်ဟု ဖော်ပြထားသည်။ ထိုကိစ္စနှင့် စပ်လျဉ်းပြီး မင်ဒဲလားအား ကျွန်တော်က ထောင်တွင်းလိင်ကိစ္စကို မေးမြန်းရာ သူက ခပ်ပြတ်ပြတ်ပင် 'ကျွန်တော်တို့ထောင်ထဲမှာ လိင်ခံစားမှုဖော်ပြဖို့ ဘာနည်းလမ်းမှမရှိဘူး' ဟုပြောသည်။ ဆက်ဆွေးနွေးရန် အကြောင်းမရှိပါ။

သို့သော် မင်ဒဲလားသည် အချစ်နှင့်မိသားစု ဘဝအိပ်မက်များရှိခဲ့ပြီး အဖြစ်မှန်မှာ အသီးအပွင့်တို့ ကင်းမဲ့ခဲ့သော်လည်း သူ့ကို အားအင်ပေးသည်။ သူထောင်တွင်နေရသည့် အချိန်ကာလတစ်လျှောက်လုံး ထိုအိပ်မက်ကို အမြတ်တနိုးထားခဲ့သည်။ သို့သော် သူထောင်မှ လွတ်သည့်အခါ သူ့အိပ်မက်သည် တံလျှပ်ပမာဖြစ်ခဲ့သည်။ သို့ပင်လျှင် သူ့အိပ်မက်ကို မစွန့်လွှတ်ပါ။ နောက်ဆုံး သူမျှော်လင့်ချက်ကုန်ဆုံးလုနီးပါးအချိန်တွင် ချစ်ခြင်းမေတ္တာမှ သူ့အားဆုချသည်။ သို့သော် နှစ်ပေါင်းများစွာ အချိန်ယူခဲ့သည်။

မင်ဒဲလားအနေဖြင့် သက်သောင့်သက်သာရှိသော ကျေးလက်ပတ်ဝန်းကျင်မှမြို့ကြီးသို့ ထွက်ပြေးသည့်အကြောင်းရင်းမှာ တရားမမျှတမှုကို မုန်းတီး၍မဟုတ်ပါ။ စိတ်ကူးယဉ်ဆန်သောအချစ်ကို တမ်းတမိ၍ဖြစ်သည်။ ဘုရင်ဂျိုဂင်တာဘာက သူ့သားဂျပ်စ်တစ်နှင့် နယ်လ်ဆန်တို့အား အိမ်ထောင်ပြုပေးရန် ဆုံးဖြတ်သည့်အချိန်တွင် လူငယ်နှစ်ဦးသည် ဂျိုဟန်းနစ်ဘတ်သို့ ထွက်ပြေးရန်ကြံစည်ကြသည်။ သူတို့အတွက် ရွေးချယ်ပေးထားသော အမျိုးသမီးများမှာ ဆွဲဆောင်မှုမရှိ၍ မဟုတ်ပါ။ သူတို့၏အိမ်ထောင်ဖက်ကို သူတို့ကိုယ်တိုင်ရွေးချယ်ခွင့်ရှိသည်ဟု သစ္စာရှိစွာ ယုံကြည်၍ဖြစ်သည်။ ဘုရင်ကြီးက မင်ဒဲလားအား ပညာသင်ပေးခဲ့သော်လည်း ထိုပညာဖြင့်ပင် မျိုးနွယ်ဓလေ့ထုံးတမ်းအရ အိမ်ထောင်ပြုခြင်းနှင့် မိသားစုပျိုးထောင်ခြင်းတို့ကို ဆန့်ကျင်ခဲ့သည်။ ဟီးလ်တောင်းမက်သဒစ်ကျောင်းနှင့် ဖို့တ်ဟဲရ်ကျောင်းတွင် သူက ဂျိန်းအော်စတင်စာအုပ်များနှင့် ရှိတ်စပီးယားကဗျာများကို ဖတ်သည်။ သူငယ်စဉ်က သိထားသည့် အချစ်အကြောင်းထက်ပိုပြီး အနောက်တိုင်းဆန်သော၊

စိတ်ကူးယဉ်ဆန်သောအချစ်ကို ခံစားတတ်လာသည်။ သူ၏ဖခင်က ဇနီးလေးယောက်ရှိသည်။ ထိုဇနီးများထံသို့သူက အလှည့်ကျ လည်ပတ်ရသည်။ မင်ဒဲလားက ချစ်ခြင်းမေတ္တာလိုချင်သည်။ အမျိုးသမီး အိမ်ဖော်တစ်ယောက် မလိုချင်ပါ။

ဂျိုဟန်းနစ်ဘတ်တွင် သူ၏ပထမဆုံး စိတ်ကူးယဉ်ဆန်သည့်အချစ်များကို ကြုံတွေ့ရသည်။ အဲလက်ဇန္ဒားမြို့နယ်တွင် သူနေသည့်အိမ်ရှင်၏သမီးကို တိတ်တခိုးကြိုက်သည်။ သူ့နာမည်သည် ဒီဒီ ဖြစ်သည်။ 'သူကသိပ်ချောတယ်' ဟု မင်ဒဲလားက ကျွန်တော့်ကို ပြောပြသည်။ ဒီဒီသည်အိမ်ဖော်တစ်ဦးဖြစ်သည်။ မြို့ပေါ်တွင် လူမည်းမိန်းကလေးတစ်ဦးသည် ထိုအလုပ်အကိုင်မျိုးသာရနိုင်သည်။ သူ၏ရည်းစားမှာ ချမ်းသာသည်။ ရင်ခံနှစ်ထပ်ပါသည့်ဝတ်စုံများ ဝတ်သည်။ ဘော်စာလီနိုဦးထုပ် ဆောင်းသည်။ ကားအကောင်းစား မောင်းသည်။ မင်ဒဲလားက သူ့ကို ချစ်မိသည်။ သို့သော် ဘဝလုံခြုံမှုမရှိ၍ တစ်ခါမျှ ဖွင့်မပြောခဲ့ပါ။ မင်ဒဲလားကိုရသူသည် တွက်ခြေကိုက်မည် မဟုတ်ပါ။ သူက ဒီဒီတို့၏အိမ်ငယ်နောက်ဘက် တဲကုပ်ကလေးတွင် နေသည်။ သူ့အင်္ဂလိပ်စာက ညံ့သည်။ အဝတ်တစ်စုံနှင့်ငွေအနည်းငယ်သာ ပိုင်ဆိုင်သည်။

တစ်ကြိမ်တွင် အိမ်ရှင်မိသားစုက သူ့အား ထမင်းစား ဖိတ်သည်။ သူ့ပန်းကန်တွင် ကြက်သားတစ်ဖဲ့ ထည့်ပေးသည်။ ကျေးလက်မှလာသည်မှာ မကြာသေးသဖြင့် ထမင်းစားသည့်အသုံးအဆောင်များကို မသုံးစွဲတတ်သေးပါ။ ထို့ကြောင့် သူကကြက်သားကို လက်နှင့်ကိုင်မစားပါ။ ဓားနှင့်ခက်ရင်းကို လုံးပန်းသုံးစွဲပြီး သူခေတ်မမီခြင်းကိုလည်း မပြလိုပါ။ ထို့ကြောင့် ကြက်သားကို သူမစားဘဲနေလိုက်သည်။ မာနက ဆာလောင်မှုကို အနိုင်ရလိုက်သည်။ ဒီဒီနှင့်လည်း ထိုအတိုင်းပင်။ မိမိကို လက်ခံနိုင်ခြေမရှိသည့် မိန်းကလေးတစ်ဦးထံမှ ချစ်ခွင့်မပန်လိုခဲ့ပါ။

မင်ဒဲလား ဥပဒေကျောင်းသားဘဝတွင် ရှုန်းကန်လှုပ်ရှားနေချိန်က ဝေါလ်တာဆစ်စူလူးက သူ၏ညီမဝမ်းကွဲတစ်ဦးနှင့် မိတ်ဆက်



ပေးသည်။ အယ်ဗလင်မေ့စ်ဟုခေါ်ပြီး ထရန်စကီမှာ အေးဆေးရိုကျိုးသော မိန်းကလေးတစ်ဦးဖြစ်သည်။ မင်ဒဲလားနှင့် အယ်ဗလင်တို့များမကြာမီလက်ထပ်ဖြစ်ကြသည်။ သားသမီးလေးဦး ထွန်းကားသည်။ တစ်ဦးက ကိုးလအရွယ်တွင် ဆုံးသွားသည်။ ဆိုဝေတိုရှိ မီးချစ်ဘူးပုံစံအိမ်မျိုးတစ်လုံးတွင် နေထိုင်ကြသည်။ အလုပ်တစ်ဖက်၊ ကျောင်းစာတစ်ဖက်၊ နိုင်ငံရေးတာဝန်များတစ်ဖက်နှင့် သူသည် မိသားစုကို ဂရုမစိုက်နိုင်သော ခင်ပွန်းတစ်ဦး၊ ဖခင်တစ်ဦး ဖြစ်နေခဲ့သည်။ တဖြည်းဖြည်းနှင့် လွတ်လပ်ရေးလှုပ်ရှားမှုတွင် ပို၍ပို၍ နစ်မြုပ်လာသည့်အခါ သူအယ်ဗလင်နှင့် ခပ်တန်းတန်းဖြစ်သွားသည်။ သူ့အနေဖြင့် လူမည်းအုပ်စုများကို သူတို့ပါတီ၏ ဦးတည်ချက်ကို ယုံကြည်သက်ဝင်လာအောင် ဆွဲဆောင်နိုင်ခဲ့သော်လည်း သူ့ဇနီးကို မဆွဲဆောင်နိုင်ခဲ့ပါ။ အယ်ဗလင်က နိုင်ငံရေးအကြောင်း မကြားလိုပါ။ ကွဲပြားသော ကမ္ဘာတစ်ခုတွင် ပုန်းအောင်းလိုစိတ်ဖြင့် သမ္မာကျမ်းစာများသာ ဖတ်နေတော့သည်။ မကြာမီ သူတို့လင်မယား လမ်းခွဲလိုက်ကြသည်။

၁၉၅၆ ခုနှစ် အစပိုင်းတွင် နိုင်ငံတော်သစ္စာဖောက်မှုတရားစီရင်ခြင်းအချိန်၌ မင်ဒဲလားသည် အောင်မြင်သော ရှေ့နေတစ်ဦးဖြစ်နေပြီး ထင်ပေါ်ကျော်ကြားမှုလည်းရှိလာသည်။ ဝတ်ကောင်းစားလှဝတ်သော လွတ်မြောက်ရေးကြိုးပမ်းသူဖြစ်လာသည်။ သူယခင်က အားကျခဲ့သူများပုံစံ ပေါက်လာသည်။ ရင်ပုံနှစ်ထပ်ဖြင့် အစင်းကြောင်းလေးများပါသော ဝတ်စုံများဝတ်ဆင်သည်။ အမေရိကန်ထုတ် ကားအကြီးစားမျိုးကိုမောင်းသည်၊ စားသောက်ဆိုင်များသို့ သွားရခြင်းကို နှစ်သက်သည်။ အမျိုးသမီးများအကြား ပေါ်ပြူလာဖြစ်သည်ကို သူမငြင်းပါ။ တစ်ခါက ကျွန်တော် သူဝတ်စုံအကောင်းစားတစ်စုံဝတ်ပြီး လက်တွင် စီးကရက်တစ်လိပ်ကိုင်ထားသည့်ပုံကိုပြပြီး သူစီးကရက်သောက်ခြင်း ရှိ မရှိ မေးသည်။ သူကမချိသောအပြုံးနှင့် 'မသောက်ပါဘူးကွာ၊ အိုက်တင်ထုတ်နေတာ' ဟု ပြောသည်။

နံနက်ခင်းတစ်ခုတွင် သူနှင့်ကျွန်တော် သူ၏ ထရန်စကီ

နေအိမ်နားမှ တောင်ကုန်းများတွင်လမ်းလျှောက်နေစဉ်သူက ကျွန်တော့်ဘက်သို့ လှည့်ပြီး ကျွန်တော့်တွင် အိမ်ထောင် ရှိ မရှိ မေးသည်။ သူက ကိုယ်ရေးကိုယ်တာမေးခွန်းများ မေးလေ့မရှိသဖြင့် ထိုမေးခွန်းသည် ထူးဆန်းနေသည်။

ကျွန်တော်က ကျွန်တော် အိမ်ထောင်မရှိကြောင်း ဖြေလိုက်သည်။

သူက 'အား' ဟုပြောသည်။

ကျွန်တော်က မကြာသေးမီက မေရီဆိုသည့်တောင်အာဖရိကန် ဓာတ်ပုံဆရာမလေးတစ်ဦးကို တွေ့ထားပြီး စိတ်ဝင်စားမိကြောင်း ပြောပြလိုက်သည်။ ကျွန်တော်တို့နှစ်ဦးစလုံး တိတ်ဆိတ်သွားကြသည်။

ထို့နောက် ကျွန်တော်က 'တစ်ယောက်ယောက်နဲ့ လက်မထပ်ခင် အဲဒီတစ်ယောက်ကို ဘယ်လောက်ကြာကြာ သိသင့်လဲ' ဟု မေးကြည့်သည်။

'တစ်ရက်ပဲ' ဟုသူကပြုံးပြီးပြောသည်။ 'တစ်ရက်ဆို လုံလောက်တယ်'။

ကျွန်တော်သူ့ကို ပဟေဠိမျက်နှာနှင့်ကြည့်မိသည်ထင်ပါသည်၊ သူကသူ့အဖြေကို ရှင်းပြရန်ကြိုးစားသည်။ 'အမျိုးသမီးတစ်ယောက်ကို မြင်မြင်ချင်း ချစ်မိနိုင်တယ်၊ ဒါပေမဲ့ အချစ်ကိုအကောင်အထည်ဖော်ဖို့တော့ တစ်နှစ်နဲ့အထက်ကြာနိုင်တယ်'။ ထို့နောက် သူက ဆွဲဆောင်မှုအမျိုးအစားများကို အဓိပ္ပာယ်ဖွင့်ဆိုနေသည်။ 'လူတစ်ယောက်က အမျိုးသမီးတစ်ယောက်ကို စကားရည်လုပွဲတစ်ခုမှာတွေ့ပြီး သူ့ဉာဏ်ရည်ကို အထင်ကြီးသဘောကျမယ်။ ဒါပေမဲ့ စိတ်ခံစားချက်တော့မဖြစ်သေးဘူး။ အမျိုးသမီးတစ်ယောက်ကို မြင်တွေ့ပြီး အပေါ်ယံစိတ်ဝင်စားတာလည်း ရှိနိုင်တယ်'။ သူဆိုလိုသည်မှာ ရုပ်ပိုင်းဆွဲဆောင်မှုဖြစ်သည်။

'စည်းမျဉ်းတစ်ခုရယ်လို့တော့မရှိဘူး၊ အရေးကြီးဆုံးကတော့ အချစ်ပဲ' ဟုသူကပြောသည်။

*တစ်ရက်ဆိုရင် လုံလောက်တယ်။*

မင်ဒဲလား သူ၏ဒုတိယဇနီးကို ချစ်ကြိုက်ရန်လုံလောက်သည့်



အချိန်သည်လည်း တစ်ရက်ဟု ဆိုနိုင်ပါသည်။ ဝင်နီ့ကို ပထမဆုံးတွေ့စဉ်က မင်ဒဲလားက သူ့ကားပေါ်မှာဖြစ်ပြီး ဝင်နီက သူ သူနာပြုအဖြစ်လုပ်ကိုင်သော ဆေးရုံသို့သွားရန် ဘတ်(စ်)ကားမှတ်တိုင်တွင် စောင့်နေချိန် ဖြစ်သည်။ ၁၉၅၇ ခုနှစ်က ဖြစ်သည်။ ဝင်နီ့ကို အလွန်ချောသည်ဟု မင်ဒဲလားက မြင်ပြီး ဝင်နီ့ရုပ်ပုံလွှာကို မေ့မရဖြစ်နေခဲ့သည်။ ရက်အနည်းငယ်ကြာသော်၊ ဝင်နီကသူ့ရှေ့နေရုံးခန်းသို့ ရောက်လာပြီး အမှုကိစ္စတစ်ခုအကြောင်း လာမေးသည်။ မင်ဒဲလားက အံ့သြသည်။ မုတ်ဆိတ်ပျားစွဲသလို ခံစားရသည်။

ထိုစဉ်က နယ်လ်ဆန်မင်ဒဲလားနှင့် ထိုစဉ်ကဝင်နီမာဒီကီဇဲလားတို့သည် ယခုကျွန်တော်တို့သိသည့် မင်ဒဲလားနှင့် ဝင်နီတို့မှခြားနားလှပါသည်။ ဝင်နီသည် ကျေးလက်မှအသက် ၂၂ နှစ်ရှိသည့် အေးဆေးသိမ်မွေ့ပြီး ခေတ်မဆန်သည့် မိန်းကလေးတစ်ဦးဖြစ်သည်။ မင်ဒဲလားက ဝင်နီ့ထက် အသက် ၁၆ နှစ်ပိုကြီးသည်။ သားသမီးသုံးယောက်ဖခင် အိမ်ထောင်ကွဲတစ်ဦးဖြစ်သည်။ အောင်မြင်သော ရှေ့နေတစ်ဦးဖြစ်သလို အများကအထင်ကြီး လေးစားသော လွတ်မြောက်ရေးကြိုးပမ်းသူလည်းဖြစ်သည်။ ဝင်နီကမင်ဒဲလား၏ ဂရုတစိုက်ရှိမှုကို လွန်စွာအံ့သြတကြီးရှိပြီး နှုတ်ဆိတ်နေသည်ကများသည်။ အပြင်တွင် ထမင်းအတူစားရန် သွားကြသည်။ (ဝင်နီက ကုလားစာတစ်ခါမှ မစားဖူးသဖြင့် လျှာပူအာပူဖြစ်သောအခါ ရေတစ်ခွက်ပြီး တစ်ခွက်သောက်ရသည်)။ ကားအတူ စီးကြသည်။ ကျေးလက်တွင် လမ်းအတူ လျှောက်ကြသည်။

သူတို့ပိုးပန်းခြင်းသည် အနောက်တိုင်းဆန်သည်။ သို့သော် လက်ထပ်ခွင့်တောင်းခြင်းမည်မည်ရရ မရှိလိုက်ပါ။ တစ်နေ့တွင် မင်ဒဲလားက ဝင်နီ့အား မင်္ဂလာဝတ်စုံအတွက် မည်သို့စီစဉ်ရမည်ကို ပြောသည်။ သူအပ်ချုပ်သည်တစ်ဦးနှင့် ဆွေးနွေးပြီးသားဟုပြောသည်။ ဝင်နီ့ထံမှလက်ထပ်ခွင့်တောင်းခံခြင်း ကျကျနနမလုပ်ခဲ့ဟု သူဝန်ခံသည်။ ဝင်နီကလည်း သူ 'ဟုတ်ကဲ့' ဟုပြောရန် အခွင့်အလမ်းမရခဲ့ကြောင်း ရယ်စရာပြောတတ်သည်။

နိုင်ငံတော် သစ္စာဖောက်မှုကို တရားစီရင်သည့် ၁၉၅၈ ခုနှစ်တွင် ခြောက်ရက်အားလပ်သည့်အခါ မင်ဒဲလားနှင့် ဝင်နီလက်ထပ်ကြသည်။ ဝင်နီ့ဖခင်က သူ့သမီးသည် နိုင်ငံရေးလှုပ်ရှားမှုလုပ်နေသည့် ထောင်မင်းသားတစ်ယောက်နှင့် လက်ထပ်သည်ဟုပြောသည်။ သူက ရယ်စရာသဘောနှင့်ပြောသော်လည်း အကြောင်းအရာကနုနယ်သည်။ ဝင်နီ၏ လူလတ်တန်းစားမိသားစုအနေဖြင့် မင်ဒဲလားသည် သူတို့သမီးအတွက် စံပြအိမ်ထောင်ဖက်တစ်ဦးမဟုတ်၊ အန္တရာယ်ပင်ရှိနိုင်သည်ဟု ခံယူကြသည်။ မှန်သည်၊ မင်ဒဲလားနှင့်ဝင်နီတို့သည် သမားရိုးကျအိမ်ထောင်တစ်ခုပင် မဖြစ်နိုင်ခဲ့။ လက်ထပ်ပြီးသည်နှင့် သူမြေအောက်တော်လှန်ရေးသမား ဖြစ်သွားသည်။ ထိုအချိန်မှစပြီး သူတို့နှစ်ဦး ဆုံတွေ့မှုများသည် ကြိုတင်ကြံစည်မှုများအသွင်ဆောင်ပြီး လုံခြုံမှုသည် ထိပ်တန်းဖြစ်ခဲ့သည်။

သူ့မိဘများစိတ်ပူသည့်အတိုင်း သူတို့အိမ်ထောင်ရေးက ဝင်နီ့အား အခြားလမ်းတစ်ခုသို့တွန်းပို့သည်။ မင်ဒဲလားကမှတ်မိသည်။ သူဝင်နီ့ကိုပိုးပန်းစဉ်က အချစ်အကြောင်းသာပြောသည်မဟုတ်၊ နိုင်ငံရေးပါ ပြောခဲ့သည်။ သူအပြောကောင်းသည်။ မင်ဒဲလား အကျဉ်းထောင်သို့ မဝင်ရမီအချိန်ကပင် ဝင်နီက နိုင်ငံရေးလှုပ်ရှားသူတစ်ဦးဖြစ်လာခဲ့သည်။ သူအကျဉ်းထောင်ထဲတွင်ရှိစဉ် ဝင်နီကရဲရဲတောက် 'နိုင်ငံ၏မိခင်' ဖြစ်လာခဲ့သည်။ သူ့ခင်ပွန်းအကျဉ်းကျသည့်လှုပ်ရှားမှု၏ သင်္ကေတတစ်ခု ဖြစ်ခဲ့သည်။

ထူးခြားစွာဖြင့်၊ မင်ဒဲလား၏ ဝင်နီ့အပေါ်အချစ်နှင့် အားကိုးမှုသည် သူထောင်တွင်း၌နေရစဉ်လေးနက်လာသည်။ ဝင်နီ့ထံမှ လည်းကောင်း၊ လောကကြီးထံမှလည်းကောင်း ဖယ်ရှားခံရခြင်းသည် ဝင်နီ့အား သူ့စိတ်ကူးထဲတွင် စံနမူနာပြအနေအထားသို့ မြှင့်တင်ပေးသည်။ သူတို့ပြန်လည်ပေါင်းစည်းရမည့်အချိန်ကို မျှော်လင့်ပြီး ဝင်နီ့အပေါ် စိတ်ကူးယဉ်အချစ်များစွာထားသည်။ ယင်းသည် မင်ဒဲလားအား တွန်းအားပေးသည့်အရာတစ်ခု ဖြစ်ခဲ့သည်။ သူတို့နှစ်ဦး တစ်နေ့ပြန်လည်



ပေါင်းစည်းမည်။ ထို့ပြင် ယခင်က ပျက်ကွက်ခဲ့သည်များကို ပြုပြင်ပြီး ခင်ပွန်းကောင်းဖြစ်အောင် ကြိုးစားမည်ဟူသည့် အတွေးများရှိခဲ့သည်။ ဝင်နီ့ပုံကို သူ့အကျဉ်းခန်းတွင်ထားသည်။ သူတစ်ခါက ဝင်နီ့ထံစာရေးစဉ်ကဖော်ပြခဲ့သည်။ 'မင်းရဲ့လှပတဲ့ဓာတ်ပုံလေးက အခုစာရေးနေတုန်းမှာ အစ်ကို့ရဲ့ ဘယ်ဘက်ပခုံးအထက် နှစ်ပေအမြင့်မှာရှိတယ်။ အစ်ကို အဲဒီပုံကို မနက်တိုင်း ဖုန်သုတ်တယ်။ ဖုန်သုတ်ခြင်းအားဖြင့် ဟိုးအရင်တုန်းကလို မင်းကို ယုယနေတယ်လို့ ခံစားရတယ်။ ဓာတ်ပုံထဲက မင်းရဲ့ နှာခေါင်းလေးကို အစ်ကို့ရဲ့နှာခေါင်းနဲ့ထိပြီး အရင်က အဲဒီလိုထိလိုက်တိုင်း သွေးထဲမှာဖြန်းခနဲခံစားရတဲ့ လျှပ်စီးသက်ရောက်မှုကို ပြန်လည်ရှာဖွေမိတယ်'။

မင်ဒဲလားက ဝင်နီလာမည့်ရက်ကို လပေါင်းများစွာမျှော်သည်။ ဝင်နီမလာနိုင်လျှင်၊ သို့မဟုတ် ထောင်အာဏာပိုင်များက ခွင့်မပြုလျှင် သူစိတ်ဓာတ်ကျသည်။ သူဝင်နီ့ထံရေးသည့်စာများကို ထောင်အာဏာပိုင်များက ဖတ်ရှုသည့်ပြင် တစ်ခါတစ်ရံ ဆင်ဆာဖြတ်သေးသည်ကို သူသိသော်လည်း ထိုစာများထဲတွင် သူယခင်က ထုတ်ဖော်မပြောဖူးသည့်ခံစားချက်များကို ရေးသားဖော်ပြသည်။ ၁၉၇၀ ပြည့်နှစ်၊ ဩဂုတ်လတွင် နိုင်ငံ၌ အခက်အခဲများ ကြုံတွေ့နေရသည့်အချိန်တွင်၊ ဝင်နီကိုယ်တိုင် ထောင်ကျနေသည်။ မင်ဒဲလားက သူ့သမီးများကို မည်သူစောင့်ရှောက်ပေးနေသည် မသိပါ။ သူစိတ်ထဲတွင် နာကျင်သည့် ဝေဒနာခံစားရကြောင်း သူတို့နှစ်ဦးကြားပေးပို့ခဲ့သည့်စာတွင် ရေးထားသည်။

'ပြီးခဲ့တဲ့ ၁၅ လအတွင်းမှာ ရင်နင့်အောင်ခံစားခဲ့ရတဲ့ စိတ်ပျက်ဖွယ်ရာတွေနဲ့ စိတ်ဆင်းရဲမှုတွေကို စိတ်ထဲကလွယ်လွယ်နဲ့ မေ့ပျောက်နိုင်မှာ မဟုတ်ဘူး။ အစ်ကို့ရဲ့ အစိတ်အပိုင်းတွေတစ်ခုစီကို နာကြည်းမှု၊ ခါးသီးမှုထဲမှာ ရွှဲရွှဲစိုအောင်စိမ်ထားသလိုပဲ။ မင်းခံစားနေရတဲ့ ဒုက္ခသုက္ခတွေကိုကူညီဖို့လည်း ဘာမှမတတ်သာဘူး။ အစ်ကိုတို့နှစ်ဦး တွေ့ရရင်ကောင်းမှာပဲ။ မင်းဘေးမှာအစ်ကိုရှိပြီး မင်းကိုယ်ကို

ညှစ်ပြီး အားပေးချင်တယ်။ အကျဉ်းထောင်ရဲ့ ထူထဲတဲ့ ဝါယာပိုက်ကွန်ကြားက မင်းကို တစ်ချက်ကလေး တွေ့ရမယ်ဆိုရင်တောင် အစ်ကို ကျေနပ်မှာအမှန်ပဲ။ နာကျင်ဝေဒနာခံစားမှုဆိုတာ ချစ်ခြင်းမေတ္တာနဲ့ သံယောဇဉ်ကို အခုလို နင်းခြေပစ်ခံရတာနဲ့စာရင် ဘာမှမပြောပလောက်ဘူး'။

မင်းဒဲလားကို ဒေါသထွက်အောင်လုပ်နိုင်သည့် အကြောင်းရင်းတစ်ခုမှာ သူ့ဇနီးကိုစော်ကားပြောဆိုခြင်းပင် ဖြစ်သည်။ အစောင့်များက ထိုအချက်ကိုသိသဖြင့် ရံဖန်ရံခါ သူ့ခုတင်တွင် ဝင်နီ ဆောင်ကျခြင်း အကြောင်း၊ ဝင်နီအခြားယောကျ်ားများနှင့် သတင်းထွက်သည့်အကြောင်း သတင်းစာဖြတ်ပိုင်းများကို တင်ထားတတ်ကြသည်။ အာဏာပိုင်များ အဖို့ မင်းဒဲလား၏ ပျော့ကွက်သည် ဝင်နီနှင့်သူ့မိသားစုပင်ဖြစ်သည်။ 'ထောင်မှူးတစ်ယောက်ရှိတယ်။ သူကဝင်နီ့အကြောင်း မကောင်းပြောတယ်။ ကျွန်တော်စိတ်အနှောင့်အယှက်ဖြစ်ပြီး ဒေါသ ထွက်တယ်။ ကျွန်တော် သူ့ကို မပြောသင့်တဲ့စကားတွေ ပြောမိတယ်။ သူတို့က ကျွန်တော့်ကို အရေးယူတယ်။ ကျွန်တော်အဲဒီလူကို သတ်မိတော့မလို့။ ဒါပေမဲ့ သူ့ဆီကို စိတ်ဆိုးမာန်ဆိုးနဲ့သွားနေတုန်း ကိုယ့်ကိုယ်ကိုယ် ထိန်းပြီး စိတ်သက်သာရအောင် သူ့ကို ဆဲရေးတိုင်းထွာလိုက်တယ်။ သုံးလိုက်တဲ့ စကားလုံးတွေကတော့ အတော်ရိုင်းသွားတယ်ထင်ပါရဲ့'။

အဆိုပါအမှုရင်ဆိုင်ရခြင်းနှင့် ဆုတ်ဆိုင်းမှုများသည် မင်းဒဲလားအား အချစ်နှင့်ပတ်သက်လျှင် သံသယဝါဒီဖြစ်စေခဲ့ပြီး အချစ်ကင်းမဲ့ခြင်းအတွက် ခံနိုင်ရည်ရှိသည်။ သို့သော် ရင်းနှီးမှုအိပ်မက်သည် အာနိသင်ရှိသည်။ မင်းဒဲလားအသက်အရွယ်ရလေ၊ စိတ်ကူးယဉ်ဆန်သည့်အချစ်ကို ပိုခံစားတတ်လာလေဖြစ်သည်။

သို့ပေသော်လည်း သူနှင့်ဝင်နီ၏အိမ်ထောင်ရေးသည် ဝတ္ထုဇာတ်လမ်းထဲကလို ပျော်ရွှင်စွာအဆုံးမသတ်ပါ။ သူထောင်မှ လွတ်သည့်အခါ သူနှင့်ဝင်နီသည် ကုန်လွန်ခဲ့သည့်အချိန်များမှ ရင်းနှီးမှုကို ပြန်လည်ရှာဖွေမရတော့ပါ။ အပြင်လောကအမြင်တွင် ဝင်နီသည် အားမာန်နှင့်သစ္စာရှိသော ဇနီးတစ်ယောက်ဖြစ်သည်။ သို့သော် ကန့်လန့်ကာနောက်ကွယ်တွင် တင်းမာမှုများရှိသည်။ မင်းဒဲလား၏ လက်ထောက်တစ်ယောက်ပြောသလို 'ဝင်နီ့ကို ၂၇ နှစ် သစ္စာရှိမယ်လို့ ဘယ်သူကမှ မျှော်လင့်မထားဘူး။ သူလည်း လူသားပဲလေ'။

မည်သူကမှမင်းဒဲလားအားမပြောပြလိုပါ။ သို့သော် သူကဝင်နီ့အကြောင်း သူ့မိတ်ဆွေများကိုမေးသည်။ ဝင်နီ၏အပြုအမူကို ကြားသိရသည့်အခါ သူနက်နဲစွာစိတ်ထိခိုက်သည်။ သူ့လူယုံတော် တစ်ယောက် ကျွန်တော့်ကို ထိုအချိန်ကပြောပြသလို 'ဝင်နီက ဆရာ့ကို အရှက်ခွဲတယ်။ ဒါပေမဲ့ ဆရာက အဲဒီအမျိုးသမီးကိုချစ်တယ်။ ဝင်နီက သူ့ကိုဆရာဘယ်တော့မှ ထားသွားမယ်လို့မထင်ခဲ့ဘူး။ ဒါပေမဲ့ အဖွဲ့အစည်းအတွက် သူ့ကိုဆရာထားသွားရတယ်'။ ဝင်နီ၏ အပြုအမူသည် လွတ်မြောက်ရေးကြိုးပမ်းမှုကိုလည်းကောင်း၊ သူတို့အိမ်ထောင်ရေးကို လည်းကောင်း ထိခိုက်နစ်နာစေသည်။ မင်းဒဲလားအနေဖြင့် နစ်နာမှု တစ်ခုတည်းဆိုလျှင် သည်းခံဦးမည်၊ နှစ်ခုကိုတော့သည်းမခံနိုင်ပါ။

ကျွန်တော် မင်းဒဲလားနှင့် အလုပ်စလုပ်သည့်အချိန်တွင် သူနှင့်ဝင်နီတို့ ခွဲခွာနေထိုင်ကြပြီးဖြစ်သည်။ ဝင်နီ့အကြောင်း ဆွေးနွေးရန် အလွန်ခက်သည်။ မင်းဒဲလားက အတိတ်ကဝင်နီ့အကြောင်း ပြောရသည်ကို ပိုပြီးသက်သောင့်သက်သာရှိသည်။ လတ်တလော ဝင်နီ့အကြောင်း ပြောလျှင် အနေကျပ်သည်။ ဇန်နဝါရီလ၏ နေ့တစ်နေ့က သူအကျဉ်းထောင်တွင် ရှိနေချိန်ကအကြောင်း ဆွေးနွေးနေစဉ် သူက ဝင်နီ့အကြောင်း ကို အာခေါင်သံကြီးဖြင့် ပြောသည်။ ဝင်နီ့အနေဖြင့် သူ့ထက်ပိုခံစားခဲ့ရသည်ဟု သူက ပြောသည်။ အာဏာပိုင်များက ဝင်နီ့အား နှောင့်ယှက်သည်။ ထောင်ချသည်။ တစ်ချိန်တည်းမှာပင် ဝင်နီက သားသမီးများကို စောင့်ရှောက်ရသေးသည်။ သူက ဘာမှမလုပ်ပေးနိုင်။ ထောင်ပြင်ပစိတ်ဖိစီးမှုသည် ထောင်အတွင်း စိတ်ဖိစီးမှုထက် ပိုဆိုးရွားနိုင်သည်။ တစ်ချိန်တွင် ဝင်နီသည်တစ်နှစ်တိတိ တိုက်ပိတ်ခံခဲ့ရသည်။ မင်းဒဲလားကိုယ်တိုင် ညအနည်းငယ်သာ တိုက်ပိတ်ခံရဖူးသည်။

ညစ်ပြီး အားပေးချင်တယ်။ အကျဉ်းထောင်ရဲ့ ထူထဲတဲ့ ဝါယာပိုက်ကွန်ကြားက မင်းကို တစ်ချက်ကလေး တွေ့ရမယ်ဆိုရင်တောင် အစ်ကို ကျေနပ်မှာအမှန်ပဲ။ နာကျင်ဝေဒနာခံစားမှုဆိုတာ ချစ်ခြင်းမေတ္တာနဲ့ သံယောဇဉ်ကို အခုလို နင်းခြေပစ်ခံရတာနဲ့စာရင် ဘာမှမပြောပလောက်ဘူး'။

မင်ဒဲလားကို ဒေါသထွက်အောင်လုပ်နိုင်သည့် အကြောင်းရင်းတစ်ခုမှာ သူ့ဇနီးကိုစော်ကားပြောဆိုခြင်းပင် ဖြစ်သည်။ အစောင့်များက ထိုအချက်ကိုသိသဖြင့် ရံဖန်ရံခါ သူ့ခုတင်တွင် ဝင်နီ ထောင်ကျခြင်းအကြောင်း၊ ဝင်နီအခြားယောကျ်ားများနှင့် သတင်းထွက်သည့်အကြောင်း သတင်းစာဖြတ်ပိုင်းများကို တင်ထားတတ်ကြသည်။ အာဏာပိုင်များအဖို့ မင်ဒဲလား၏ ပျော့ကွက်သည် ဝင်နီနှင့်သူ့မိသားစုပင်ဖြစ်သည်။ 'ထောင်မှူးတစ်ယောက်ရှိတယ်။ သူကဝင်နီ့အကြောင်း မကောင်းပြောတယ်။ ကျွန်တော်စိတ်အနှောင့်အယှက်ဖြစ်ပြီး ဒေါသ ထွက်တယ်။ ကျွန်တော် သူ့ကို မပြောသင့်တဲ့စကားတွေ ပြောမိတယ်။ သူတို့က ကျွန်တော့်ကို အရေးယူတယ်။ ကျွန်တော်အဲဒီလူကို သတ်မိတော့မလို့။ ဒါပေမဲ့ သူ့ဆီကို စိတ်ဆိုးမာန်ဆိုးနဲ့သွားနေတုန်း ကိုယ့်ကိုယ်ကိုယ် ထိန်းပြီး စိတ်သက်သာရအောင် သူ့ကို ဆဲရေးတိုင်းထွာလိုက်တယ်။ သုံးလိုက်တဲ့ စကားလုံးတွေကတော့ အတော်ရိုင်းသွားတယ်ထင်ပါရဲ့'။

အဆိုပါအမှုရင်ဆိုင်ရခြင်းနှင့် ဆုတ်ဆိုင်းမှုများသည် မင်ဒဲလားအား အချစ်နှင့်ပတ်သက်လျှင် သံသယဝါဒီဖြစ်စေခဲ့ပြီး အချစ်ကင်းမဲ့ခြင်းအတွက် ခံနိုင်ရည်ရှိသည်။ သို့သော် ရင်းနှီးမှုအိပ်မက်သည် အာနိသင်ရှိသည်။ မင်ဒဲလားအသက်အရွယ်ရလေ၊ စိတ်ကူးယဉ်ဆန်သည့်အချစ်ကို ပိုခံစားတတ်လာလေဖြစ်သည်။

သို့ပေသော်လည်း သူနှင့်ဝင်နီ၏အိမ်ထောင်ရေးသည် ဝတ္ထုဇာတ်လမ်းထဲကလို ပျော်ရွှင်စွာအဆုံးမသတ်ပါ။ သူထောင်မှ လွတ်သည့်အခါ သူနှင့်ဝင်နီသည် ကုန်လွန်ခဲ့သည့်အချိန်များမှ ရင်းနှီးမှုကို ပြန်လည်ရှာဖွေမရတော့ပါ။ အပြင်လောကအမြင်တွင် ဝင်နီသည်



အားမာန်နှင့်သစ္စာရှိသော ဇနီးတစ်ယောက်ဖြစ်သည်။ သို့သော် ကန့်လန့်ကာနောက်ကွယ်တွင် တင်းမာမှုများရှိသည်။ မင်ဒဲလား၏ လက်ထောက်တစ်ယောက်ပြောသလို 'ဝင်နီ့ကို ၂၇ နှစ် သစ္စာရှိမယ်လို့ ဘယ်သူကမှ မျှော်လင့်မထားဘူး။ သူလည်း လူသားပဲလေ'။

မည်သူကမှမင်ဒဲလားအားမပြောပြလိုပါ။ သို့သော် သူကဝင်နီ့အကြောင်း သူ့မိတ်ဆွေများကိုမေးသည်။ ဝင်နီ၏အပြုအမူကို ကြားသိရသည့်အခါ သူနက်နဲစွာစိတ်ထိခိုက်သည်။ သူ့လူယုံတော်တစ်ယောက် ကျွန်တော့်ကို ထိုအချိန်ကပြောပြသလို 'ဝင်နီက ဆရာ့ကို အရှက်ခွဲတယ်။ ဒါပေမဲ့ ဆရာက အဲဒီအမျိုးသမီးကိုချစ်တယ်။ ဝင်နီက သူ့ကိုဆရာဘယ်တော့မှ ထားသွားမယ်လို့မထင်ခဲ့ဘူး။ ဒါပေမဲ့ အဖွဲ့အစည်းအတွက် သူ့ကိုဆရာထားသွားရတယ်'။ ဝင်နီ၏ အပြုအမူသည် လွတ်မြောက်ရေးကြိုးပမ်းမှုကိုလည်းကောင်း၊ သူတို့အိမ်ထောင်ရေးကိုလည်းကောင်း ထိခိုက်နစ်နာစေသည်။ မင်ဒဲလားအနေဖြင့် နစ်နာမှုတစ်ခုတည်းဆိုလျှင် သည်းခံဦးမည်၊ နှစ်ခုကိုတော့သည်းမခံနိုင်ပါ။

ကျွန်တော် မင်ဒဲလားနှင့် အလုပ်စလုပ်သည့်အချိန်တွင် သူနှင့်ဝင်နီတို့ ခွဲခွာနေထိုင်ကြပြီးဖြစ်သည်။ ဝင်နီ့အကြောင်း ဆွေးနွေးရန်အလွန်ခက်သည်။ မင်ဒဲလားက အတိတ်ကဝင်နီ့အကြောင်း ပြောရသည်ကို ပိုပြီးသက်သောင့်သက်သာရှိသည်။ လတ်တလော ဝင်နီ့အကြောင်း ပြောလျှင် အနေကျပ်သည်။ ဇန်နဝါရီလ၏ နေ့တစ်နေ့က သူအကျဉ်းထောင်တွင် ရှိနေချိန်ကအကြောင်း ဆွေးနွေးနေစဉ် သူက ဝင်နီ့အကြောင်း ကို အာခေါင်သံကြီးဖြင့် ပြောသည်။ ဝင်နီ့အနေဖြင့် သူ့ထက်ပိုခံစားခဲ့ရသည်ဟု သူက ပြောသည်။ အာဏာပိုင်များက ဝင်နီ့အား နှောင့်ယှက်သည်။ ထောင်ချသည်။ တစ်ချိန်တည်းမှာပင် ဝင်နီက သားသမီးများကို စောင့်ရှောက်ရသေးသည်။ သူက ဘာမှမလုပ်ပေးနိုင်။ ထောင်ပြင်ပစိတ်ဖိစီးမှုသည် ထောင်အတွင်း စိတ်ဖိစီးမှုထက် ပိုဆိုးရွားနိုင်သည်။ တစ်ချိန်တွင် ဝင်နီသည်တစ်နှစ်တိတိ တိုက်ပိတ်ခံခဲ့ရသည်။ မင်ဒဲလားကိုယ်တိုင် ညအနည်းငယ်သာ တိုက်ပိတ်ခံရဖူးသည်။

တနင်္ဂနွေတစ်နေ့တွင် ဂျိုဟန်းနစ်ဘတ် ဆင်ခြေဖုံးရှိ သူ့နေအိမ်၏ နေရောင်ခြည်နွေးထွေးသော ဧည့်ခန်းတွင် ကျွန်တော်တို့ ထိုင်စကားပြောနေကြသည်။ ခြေအိတ်စွပ်ထားသော သူ၏ခြေထောက်များကို သူထိုင်နေသည့်နောက်မှီလက်တင်ပါ ထိုင်ခုံရှေ့ရှိခုံရှည်ပေါ်တွင် တင်ထားသည်။ ကျွန်တော်တို့ အင်တာဗျူးစတော့မည်ဖြစ်သည်။ ထိုအချိန်တွင် သူ့အိမ်ထိန်း မီရီယမ်ကအခန်းတွင်းသို့ တနင်္ဂနွေနေ့ သတင်းစာများဖြင့်ဝင်လာရာ သူ့မျက်လုံးများက အရောင်လက်လာသည်။ မင်ဒဲလားသည်သတင်းစာများကို နှစ်သက်သည်။ ရော်ဘင်ကျွန်းတွင် သတင်းစာ မဖတ်ခဲ့ရသည့် နှစ်များကြောင့် ယနေ့ယခု သတင်းစာဖတ်ရလျှင်ပင် ရှားပါးသည့်တန်ဖိုးကြီးလက်ဆောင်မွန်ဟု သဘောထားသည်။ သူကကျွန်တော်တို့ အင်တာဗျူးမစမီသတင်းစာလှန်လှောကြည့်ရန် အချိန်ပေးနိုင်မည်လားမေးသည်။ မိနစ်အနည်းငယ်ကြာသော် သဘောကျပြီး ရယ်နေသည်ကို ကြားရသည်။ ခေါင်းကြီးပိုင်းတစ်ခုက 'သမ္မတရာထူးအတွက်ဝင်နီ' ဟုရေးသားထားပြီး သတင်းအနေနှင့်၊ အပါသိုက် လူမျိုးခွဲခြားရေးစနစ်ကို ဆန့်ကျင်လှုံ့ဆော်သူ ဟယ်လင်ဂျိုးဇက်၏အသုဘတွင် ဝင်နီချခဲ့သည့်မှတ်ချက်အချို့ကို ဖော်ပြထားသည်။ ဝင်နီကမင်ဒဲလားအပါအဝင် အေအင်န်စီအဖွဲ့အစည်းကို အစိုးရနှင့်နွေးထွေးမှုရှိခြင်းအတွက် ဝေဖန်ထားသည်။

ကျွန်တော်ကဝင်နီ၏ ပြောဆိုချက်များအပေါ် သူ့အနေဖြင့် အံ့ဩမှုရှိ၊ မရှိမေးကြည့်လိုက်သည်။ 'ကျွန်တော်ရဲဘက်ဝင်နီနဲ့ ၁၉၅၈ ခုနှစ်ကတည်းက အတူရှိခဲ့တယ်။ သူဘာလုပ်လုပ် ကျွန်တော်မအံ့ဩဘူး။ အစိုးရကသူ့အပေါ် ရက်စက်တာအားလုံး သူခံခဲ့ရတယ်' ဟု သံယောဇဉ်ရှိသော်လည်း စိတ်ကုန်သည့်လေသံဖြင့်ပြောသည်။ သူခေတ္တနားပြီး ဆက်ပြောသည်။ 'ဒါပေမဲ့ သူ့မှာခါးသီးမှုတွေဘယ်လောက်ရှိရှိ၊ အခုလို အရေးပေါ်အချိန်မှာ အဖွဲ့အစည်းကို သွေးခွဲတဲ့စကားမျိုး ပြောလိမ့်မယ်လို့တော့ မမျှော်လင့်ထားခဲ့ဘူးလေ'။

ဤမှတ်ချက်နှစ်ခုက ဖော်ပြနေသည်မှာ ၊ မင်ဒဲလား၏ ဝင်နီ့အတွက်ခံစားချက်သည် ရောထွေးနေသည်။ တစ်ခါတစ်ရံ စိတ်ညစ်ရသည်။ သူက ယခင်နေ့ဟောင်းများကို တမ်းတမိသည်။ ယနေ့ ယခုအချိန်တွင် လက်တွေ့ဆန်သည်။ အချိန်ကြာမြင့်စွာပင် သူတို့နှစ်ဦးအကြား လက်နက်ကိုင်စစ်ပြေငြိမ်းရေးကဲ့သို့ ဟက်ဟက်ပက်ပက် ဆက်ဆံရေး မရှိပါ။ သို့သော် မကြာသေးမီနှစ်များကစပြီး နွေးထွေးသော ခင်မင်မှုကို သူတို့ ပြန်အစပျိုးကြသည်။

မင်ဒဲလားက ကျွန်တော်နှင့်အင်တာဗျူးလုပ်နေသည့်လများတွင် ကျွန်တော့်မိတ်ဆွေမေရီနှင့် သိကျွမ်းလာခဲ့သည်။ ဖြစ်ပုံမှာ၊ မင်ဒဲလားထောင်မှလွတ်သည့်နေ့က သူတို့နှစ်ယောက်တွေ့ဖူးသည်။ မေရီက အားဂျော့နှစ်ဖရန့်ပရက်စ် ဓာတ်ပုံအေဂျင်စီအတွက် အလုပ်လုပ်သည်။ မင်ဒဲလားထောင်မှ လမ်းလျှောက်ထွက်လာစဉ် သူ့ကို ဓာတ်ပုံရိုက်လိုက်သည့်နီညိုရောင်ဆံပင်ဖြင့် သားနားသည့် ဓာတ်ပုံဆရာမလေးကို သူမှတ်မိသည်။ အစပိုင်းတွင် ကျွန်တော်ခရီးတစ်ခုမှ ပြန်လာပြီး မေရီက လာကြိုလျှင် မင်ဒဲလားက 'ရစ်ချတ်ကို ငါတို့ဆီက ခေါ်မထုတ်သွားနဲ့ဦး' ဟု ကျီစယ်တတ်သည်။ သို့သော် နှစ်လခန့်ကြာသောအခါ သူက ကျွန်တော့်ကို 'မင်း သူ့ကို လက်ထပ်သင့်တယ်' ဟု ပြောသည်။ တစ်ရက်တွင်လည်း မေရီ့ကို သူ့နားသို့ ခေါ်ပြီး လက်ကိုကိုင်ကာ 'မေရီ၊ ရစ်ချတ်ကို လက်ထပ်ပါ။ ငါကောင်းချီးပေးမယ်' ဟု ပြောသည်။သူအမိန့်ပေးနေခြင်း မဟုတ်ပါ။ ကျွန်တော်တို့ ဆက်ဆံရေးတွင် သူ့ကို ခေါင်းကိုင်အဖကဲ့သို့ သဘောထားသည်။ သူ့ကြောင့် ကျွန်တော်တို့ ဆုံတွေ့ခဲ့ကြခြင်းဖြစ်ပြီး ကျွန်တော်တို့ဆက်ဆံရေး၏ အတွင်းသဘောကို သူသိသည်ဟုခံစားရသည်။ ကျွန်တော့်ခံစားချက်ကို ထုတ်ဖော် ပြောဆိုခြင်းမရှိသေးသော်လည်း သူက ကျွန်တော်မပြောမီ ထုတ်ဖော်နိုင်ခဲ့သည်။ နောက်ပိုင်းတွင် ကျွန်တော် ဝမ်းမြောက်စွာသိရသည်မှာ၊ မေရီက ကျွန်တော်နှင့် ခံစားချက်တူနေသည် ဆိုခြင်းပင်။ သို့သော် မင်ဒဲလားက ကျွန်တော်တို့ကဲ့သို့ နှုတ်နည်းခြင်း၊ မဝံ့မရဲဖြစ်ခြင်း မရှိပါ။ ယင်းသည်သူ့အနေဖြင့် ဆုံးရှုံးခဲ့သည့်နှစ်များနှင့် ပျော်ရွှင်မှုများ များစွာရှိခဲ့သဖြင့် ကျွန်တော်တို့အား

ဘာမှမဆုံးရှုံးစေလိုသောကြောင့်ဖြစ်မည်။

တစ်ခုသိသာသည်မှာ မင်ဒဲလားသည် အမျိုးသမီးများနှင့် ရောရသည်ကို ကြိုက်သည်။ အမျိုးသမီးများနှင့်ဆိုလျှင် အမျိုးသားများနှင့်ထက် သက်သောင့်သက်သာ ပိုရှိသည်။ ပိုပျော်သည်။ လွတ်လွတ်လပ်လပ် ပိုနေတတ်သည်။ မေရီကျွန်တော်တို့နှင့်ရှိစဉ်က မင်ဒဲလားက သူ၏အားနည်းချက်များကို ဖုံးဖိရန်မကြိုးစားခဲ့ပါ။ ပွင့်ပွင့်လင်းလင်းရှိသည်။ သူကအမျိုးသမီးများနှင့် ပရောပရည်လုပ်တတ်သည်။ သို့သော် ရှေးဆန်သော အဘိုးတစ်ယောက်ကဲ့သို့ ရည်မွန်စွာဆက်ဆံခြင်းသာ ဖြစ်သည်။

၁၉၉၃ ခုနှစ်နှင့် ၁၉၉၄ ခုနှစ်တွင် သူခရီးသွားလျှင် သူနှင့်အတူ တရုပ်အပ်စိုက်ဆရာမချီကာကိုဆိုသည့် ဂျပန်အမျိုးသမီးငယ်တစ်ဦး မကြာခဏလိုက်ပါလေ့ရှိသည်။ မင်ဒဲလားက သူ့ခြေထောက်များပြဿနာဖြစ်စဉ်က ဂျပန်ပြည်သို့ သွားခဲ့ရာတွင် ချီကာကိုနှင့် တွေ့ခဲ့ခြင်းဖြစ်သည်။ သူ၏အနီးကပ်ဆုံးလက်ထောက် ဘာဘရာမာဆီကယ်လာက သူ၏ရောင်ကိုင်းနေသော ခြေထောက်များကို အပ်စိုက်ကုထုံးဖြင့် ကုသမှုခံယူသင့်ကြောင်း အကြံပြုခဲ့သည်။

'တကယ်တော့ ကျွန်တော်အဲဒီလိုမျိုးကုထုံးကို ခံယူဖို့ဝန်လေးနေခဲ့တယ်။ ဘာဘရာက ထပ်တလဲလဲ တိုက်တွန်းတယ်။ ဒီကုထုံးဟာ သိပ္ပံနည်းကျမှန်ကန်မှုရှိကြောင်း စိစစ်ပြီးဖြစ်တဲ့ ရိုးရာကုထုံးဖြစ်တယ်လို့ သူကရှင်းပြတယ်။ ကျွန်တော့်ကိုကုမှာက အမျိုးသမီးတစ်ယောက်ဖြစ်တယ်လို့ သိရတယ်။ ကျွန်တော်က အမျိုးသားဆရာဝန် အငယ်အကြီးတွေနဲ့တော့ ကုနေကျပဲ။ အမျိုးသမီးတစ်ယောက် ကျွန်တော့်ဟိုတယ်ခန်းထဲကိုလာမှာကိုတော့ သိပ်မကြိုက်ဘူး။ နောက်ဆုံးတော့ ဘာဘရာက သူပါအခန်းထဲမှာ နေပေးမယ်လို့ပြောမှ လက်ခံလိုက်တယ်'။

သူ၏စိတ်ပူပန်မှုသည် ချီကာကိုအားတွေ့သည့်အခါ ပြေပျောက်သွားသည်။ ချီကာကိုသည်သေးသွယ်သော အမျိုးသမီးတစ်ယောက်ဖြစ်ပြီး ရှက်ပြုံးပြုံးကာ ညင်သာသည့်အမူအကျင့်ရှိသည်။ သူက ရှေးရိုးအပ်စိုက်ပညာ သင်ယူခဲ့သူဖြစ်သည်။ နောက်ပိုင်းတွင် မင်ဒဲလားအား တောင်အာဖရိကတွင်လများစွာ အပ်စိုက်ကုခဲ့သည်။ ချီကာကိုက မင်ဒဲလားအား 'တာတာ' (ဇိုဆာဘာသာစကားတွင် 'အဖေ') ဟုခေါ်သည်။ မင်ဒဲလားအားချစ်ခင်၍ သစ္စာရှိသည်။ ထရန်စကီသို့ လည်းကောင်း၊ နိုင်ငံခြားခရီးစဉ်များသို့လည်းကောင်း အတူလိုက်ပါသည်။ မင်ဒဲလားကလည်း မြေးမလေးတစ်ဦးကဲ့သို့ ဆက်ဆံသည်။

ချီကာကိုအား ကျီစယ်ရသည်ကို မင်ဒဲလား သဘောကျသည်။ တစ်နေ့တွင် ကျွန်တော်တို့သုံးဦး ထရန်စကီတွင် လမ်းအတူလျှောက်နေစဉ် ချီကာကိုက မင်ဒဲလားအား ဒူးခေါင်းနာနေခြင်းရှိ၊ မရှိမေးသည်။ မင်ဒဲလားကပြုံးပြီး 'သမီးအနားမှာရှိရင် အဘိုးဘာအနာမျိုးကိုမှ မခံစားရဘူး။ သမီးမရှိရင်တော့ နာတာတွေဘာတွေရှိတယ်' ဟု ပြောသည်။ ချီကာကိုက ခေါင်းငုံ့ထားပြီး ပြုံးသည်။

မင်ဒဲလားသည် အခြားသူများ၏ အထီးကျန်ခံစားမှုကို ဆဌမအာရုံရှိသည်ထင်သည်။ သူကချီကာကိုသည် သူနှင့်အတူမရှိသည့်အခါ တစ်ယောက်တည်းနေတတ်ပြီး အိမ်ကိုလွမ်းနေပုံရသည်ကို သတိပြုမိသည်။ တစ်ခါက ဒါဘန်မြို့ရှိ ဟိုတယ်တစ်ခုတွင် ကျွန်တော်တို့ ၁၉၉၃ ခုနှစ်၏ နှစ်သစ်ကူးအကြိုနေ့တွင် အားလုံးအတူရှိနေကြသည်။ ကျွန်တော်တို့ ခပ်ညံ့ညံ့ ဒစ်စကိုကလပ်တစ်ခုသို့ ရောက်သွားကြသည်။ တီးဝိုင်းက ၁၉၇၀/၈၀ လောက်က ပေါ့ပ်သီချင်းများကိုတီးနေသည်။အခြားလူများက အကြိမ်တစ်ရာမကကြားဖူးပြီးသား သီချင်းများ ဖြစ်သော်လည်း မင်ဒဲလားအတွက်တော့ အဆန်းဖြစ်နေသည်။ သူကချီကာကိုတေးသွားကိုလိုက်ပြီး ခေါင်းကလေး လှုပ်ယမ်းနေသည်ကို မြင်သဖြင့် ကျွန်တော့်ကို လှမ်းကြည့်ကာ အဖေတစ်ယောက်က သားဖြစ်သူကို ညီမငယ်နှင့်အတူ ကရန်စေခိုင်းသကဲ့သို့ အမူအရာပြသည်။ကျွန်တော်တို့ ကပြီး၍ နေရာသို့ပြန်လာသည့်အခါ သူက 'ကောင်းတယ်၊ ကောင်းတယ်' ဟု ပြောသည်။

နောက်နံနက်ခင်းတစ်နေ့တွင် မင်ဒဲလားနှင့်ကျွန်တော် သူ၏ ထမင်းစားခန်းတွင် နံနက်စာစားနေစဉ် ချီကာကိုက ဖြတ်လျှောက်သွားသည်။ သူကချီကာကိုအား 'လာပါ၊ ဒီမှာထိုင်ပါဦး ကိုယ့်လူရာ' ဟု လှမ်းခေါ်သည်။ (သူကအမျိုးသမီးဖြစ်ဖြစ်၊ အမျိုးသားဖြစ်ဖြစ် 'ကိုယ့်လူ' ဟုသုံးနှုန်းသည်)။ သူက သူ့ဘေးရှိထိုင်ခုံကိုပုတ်ပြပြီး 'ကျွန်တော့်ကို ချစ်တာ ချီကာကိုတစ်ယောက်ပဲရှိတယ်' ဟု ပြောသည်။ ကျွန်တော်က သူ့ကို သန်းပေါင်းများစွာသောသူတို့ကချစ်သည်ဟု ပြောသည့်အခါ သူကပြုံးပြီး 'မှန်တယ်၊ ဒါပေမဲ့ ချီကာကိုက အနီးကပ်ချစ်တာ၊ တခြားလူတွေက အဝေးကချစ်တာ' ဟုပြောသည်။ သူတို့ ရယ်ကြသည်။ သူ့မှတ်ချက်သည် သူ့ခံစားချက်ကို ဖော်ထုတ်နေသည်။ မင်ဒဲလားက သူ့ကို ချစ်သည့်အချစ်များကို ယေဘုယျသဘောအားဖြင့် ခံစားနိုင်သော်လည်း သူနှင့်တကယ်တမ်းရင်းနှီးသူ မရှိသလောက်ပင်။ သူနှင့်အနီးကပ်ဆုံး ဖြစ်သင့်သူများဖြစ်သည့် ဝင်နီနှင့်သူ့သားသမီးအချို့သည် အနေဝေးကြသည်။ ခပ်တန်းတန်းဖြစ်နေကြသည်။ သူက အထီးကျန်ဆန်သည်။ အကျဉ်းကျသူတစ်ဦးကဲ့သို့ နောက်တစ်ဖန် ခံစားရသည်။ ယခုတစ်ကြိမ် သီးခြားထီးတည်းရှိနေရခြင်းမှာ ကျော်ကြားမှုနှင့် ဩဇာတိက္ကမရှိမှုတို့ကြောင့်ဖြစ်သည်။

ထိုအချိန်နှင့် တစ်ပြိုင်တည်းလောက်မှာပင် မင်ဒဲလားအနေဖြင့် ဆုံးရှုံးခဲ့ရသောနှစ်များကို ပြန်လည် ထေမိရန် စွမ်းဆောင်ပေးလာမည့်အမျိုးသမီးတစ်ဦးကို ပိုးပန်းနေသည်။ ဂရာစာမာချဲလ်သည် မုဆိုးမ တစ်ဦးဖြစ်သည်။ သူ့ခင်ပွန်းဆာမိုရာမာချဲလ်သည် မိုဇမ်ဘစ်၏ တော်လှန်ရေးခေါင်းဆောင်ဖြစ်ပြီး ၁၉၈၆ ခုနှစ်တွင် လေယာဉ်ပျက်ကျပြီး သေဆုံးခဲ့သည်။ ဂရာစာသည် မိုဇမ်ဘစ်တွင် အများကလေးစားသည့် နိုင်ငံရေးလှုပ်ရှားသူအကျော်အမော်တစ်ဦး ဖြစ်သည်။ သူဆင်းရဲများနှင့် မဲပေးပိုင်ခွင့်မရှိသူများအတွက် ကောင်းကျိုးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူတစ်ဦးဖြစ်သည်။ ထိုအချိန်က ၄၈ နှစ်ရှိပြီး နွေးထွေးသည်။ တည်ငြိမ်သည်။ ၁၉၉၀ ပြည့်နှစ်တွင် မင်ဒဲလား ထောင်မှလွတ်ပြီး



လပိုင်းတွင် မိုဇမ်ဘစ်သို့သွားသည့်အခါ တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။ သူတို့ တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်မပြတ်ကြပါ။ ၁၉၉၂ ခုနှစ်တွင် ဝင်နီနှင့် ထံမှ တရားဝင်ကွာရှင်းပြတ်စဲပြီးသည့်အခါ မင်ဒဲလားက ဂရာစာကို ပိုးပန်းသည်။ ဂရာစာကသူ့ကိုပြန်ချစ်သော်လည်း လက်ထပ်ရန် ဝန်လေးသည်။ သို့သော် မင်ဒဲလား ခရီးသွားလျှင် အတူလိုက်သည်။ မင်ဒဲလားကလည်း ဂရာစာရှိရာမိုဇမ်ဘစ်သို့ သွားလည်သည်။ ၁၉၉၃ နှင့် ၁၉၉၄ ခုနှစ်များတွင် သူတို့၏ဆက်ဆံရေးသည် လျှို့ဝှက်အနေအထားပင် ရှိသေးသည်။ သို့သော် ကျွန်တော့်ကိုတော့ မင်ဒဲလားက သူ ဂရာစာကို မြတ်နိုးကြောင်းပြောပြသည်။ သူ ဂရာစာထံ ဖုန်းဆက်သည့်အခါများတွင် ကျွန်တော်သူနှင့်ရှိနေတတ်သည်။ သူက ဂရာစာကိုရာသီဥတုအေးလျှင် ဆွယ်တာ ယူလာခိုင်းသည်။ မိုးရွာလျှင် ထီးယူလာခိုင်းသည်။

၁၉၉၆ ခုနှစ်တွင် မင်ဒဲလားနှင့်ဝင်နီ တရားဝင် ကွာရှင်းပြတ်စဲကြသည်။ ၁၉၉၈ ခုနှစ်တွင် မင်ဒဲလားက သူ၏အချစ်သစ်အကြောင်း လူသိရှင်ကြားကြေညာသည်။ တီဗီပေါ်တွင် 'ကျွန်တော် ထူးကဲတဲ့ အမျိုးသမီးတစ်ယောက်နဲ့ ချစ်ကြိုက်နေပါတယ်။ ကျွန်တော့်ဘဝမှာ နစ်နာဆုံးရှုံးခဲ့တာတွေကို ကျွန်တော် နောင်တမရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီအသက်အရွယ်ကျမှ ကျွန်တော်ဟာ ပန်းတစ်ပွင့်လို ပွင့်လန်းလာလို့ပဲ။ ဒါဟာ သူ ကျွန်တော့်အပေါ်မှာထားရှိတဲ့ ချစ်ခြင်းမေတ္တာနဲ့ ထောက်ခံအားပေးမှုတို့ကြောင့်ပဲ ဖြစ်ပါတယ်'။

မင်ဒဲလား၏ အသက် ၈၀ ပြည့်မွေးနေ့တွင် သူတို့နှစ်ဦး လက်ထပ်ကြသည်။ ဂရာစာက 'သူက နက်နက်နဲနဲချစ်တတ်တယ်။ ဒါပေမဲ့ လူရှေ့သူရှေ့ ပွဲထွက်ရင်တော့ ထိန်းချုပ်ဖို့ကြိုးစားတယ်။ သီးသန့်အချိန်မှာတော့ သူဟာလူသားတစ်ယောက်လို လွတ်လွတ်လပ်လပ် နေတယ်။ လူတွေကိုလည်း သူပျော်ရွှင်နေတယ်ဆိုတာကို သူက သိစေချင်တယ်'။

မင်ဒဲလားဘဝတစ်လျှောက် အချစ်နှင့် တာဝန်အကြား ကဲကုလသင်္ချာတွင် တာဝန်က အမြဲတမ်းအနိုင်ယူသည်။ တော်လှန်ရေးသမားနှင့် အကျဉ်းသားတစ်ယောက်၏ဘဝတွင် အချစ်အတွက် နေရာမရှိပါ။

သို့သော် မင်ဒဲလားအနေဖြင့် အချစ်နှင့်စပ်လျဉ်းပြီး အချိန်ရွှေ့ဆိုင်းခြင်း၊ မရရှိနိုင်ခြင်းကြုံတွေ့ရသော်လည်း စိတ်ဓာတ်မကျခဲ့ပါ။ အချစ်၏စွမ်းအားကို ထောင်ထဲတွင်ရှိနေချိန်၌ ယုံကြည်ချက် ပိုရှိလာသည်။ သူတစ်ခါက ကျွန်တော့်အား ပြောဖူးသည်။ 'လူတစ်ယောက်က မိန်းမတစ်ယောက်ကို ချစ်မိပြီဆိုရင် အဲဒီမိန်းမရဲ့အပြစ်တွေကို မမြင်တော့ဘူး။ အချစ်ကပဲ လွှမ်းခြုံတယ်။ တခြားလူတွေ သူ့ဆီမှာမြင်တဲ့အပြစ်တွေကို ကိုယ် ဂရုမစိုက်နိုင်ဘူး။ သူ့ကို ချစ်တာတစ်ခုပဲ သိတယ်'။

မင်ဒဲလား၏ခံစားချက်မှာ သူပြောပြသည့်အတိုင်းပင်။နောက်ဆုံး အသက် ၈၀ အရွယ်တွင် ဂရာစာမာချဲလ်နှင့်ကျမှ ချစ်ခြင်းမေတ္တာနှင့် ပျော်ရွှင်မှုကိုခံစားရပေသည်။ ရာစုနှစ်တစ်ဝက်တိုင်တိုင် သူရှာဖွေနေခဲ့သည့် ပျော်ရွှင်ချမ်းမြေ့ဖွယ်ဇာတ်သိမ်းပိုင်းကို တွေ့ရှိသွားပေပြီ။

■

## စွန့်လွှတ်ခြင်းသည်လည်း ဦးဆောင်ခြင်းပင်

တစ်နည်းအားဖြင့်ဆိုလျှင် မင်ဒဲလား၏ အထူးကဲဆုံးခေါင်းဆောင်မှုသည် ခေါင်းဆောင်ရာထူးကို စွန့်လွှတ်ခြင်းပင်ဖြစ်သည်။

လွတ်လပ်သည့် တောင်အာဖရိက၏ ပထမဦးဆုံး ဒီမိုကရေစီစနစ်အရ ရွေးချယ်တင်မြှောက်ခံရသော သမ္မတဖြစ်လာသည့်အခါ သူဆန္ဒရှိခဲ့လျှင် သမ္မတရာထူးကို ရာသက်ပန်ဆက်ခံနိုင်မည်ဖြစ်သည်။ အများသဘောဖြင့် ဒုတိယတစ်ကြိမ် ငါးနှစ်သက်တမ်း အရွေးချယ်ခံရမည်ပင်ဖြစ်သည်။ သို့သော် သူ့တာဝန်ကိုသူသိသည်။ စီရီးလ်ရာမဖိုဆာ ပြောသကဲ့သို့ 'လမ်းကြောင်းထွင်ပေးဖို့ဖြစ်တယ်၊ ပွဲကိုင်ဖို့ မဟုတ်ဘူး'။ သို့နှင့် ၁၉၉၅ ခုနှစ် ဧပြီလတွင် သူသမ္မတဖြစ်ပြီး တစ်နှစ်အကြာ၌ သူက '၁၉၉၉ ခုနှစ်တွင် သူအသက် ၈၀ ပြည့်မည် ဖြစ်ကြောင်း၊ အသက် ၈၀ ကျော်လူတစ်ယောက်သည် နိုင်ငံရေးတွင် ဝင်မရှုပ်သင့်တော့ကြောင်း' မှတ်ချက်ပြုသည်။ ဒုတိယအကြိမ် သမ္မတ ရွေးကောက်ခံမည်လားမေးရာ သူက 'အရွေးမခံပါဘူး' ဟု ဖြေသည်။ တကယ်လည်း အရွေးမခံပါ။ ယင်းသည် ခေါင်းဆောင်အရည်အချင်းကို ဖွင့်ဆိုသည့် လုပ်ရပ်ပင် ဖြစ်သည်။

မင်ဒဲလားသည် သမ္မတဖြစ်လာသည့် ပထမဦးဆုံးနိုင်ငံရေးအကျဉ်းသား မဟုတ်ပါ။ သူသည် ၂၀ရာစု ဝလေ့တစ်ခု၏ အစိတ်

အပိုင်းတစ်ခုသာဖြစ်သည်။ ကင်ညာမှကင်ညာတာ၊ ဂါနာမှနကရူမာ၊ ဇင်ဘာဘွေမှမူဂါဘေတို့လည်း နိုင်ငံရေးအကျဉ်းသားများဖြစ်ခဲ့သည်။ အာဖရိကအနေဖြင့် မကြုံဖူးသေးသည်မှာ မိမိသဘောဖြင့် ရာထူးကို စွန့်လွှတ်သည့် သမ္မတဖြစ်သည်။ ဖွဲ့စည်းပုံအရသော်လည်းကောင်း၊ လူထုဆန္ဒအရသော်လည်းကောင်း ဖြစ်သည်။ အများစုမှာ ပြင်ညီသဘောအရ ထွက်ခွာသည်၊ သို့မဟုတ် အေကေ ၄၇ ဖြင့် ခြိမ်းခြောက်ရသည်။

မင်ဒဲလားအနေဖြင့် အာဖရိကန်တို့သည် မိမိတို့နိုင်ငံကို မိမိတို့ကိုယ်တိုင် အုပ်ချုပ်နိုင်သည့် အရည်အချင်းရှိကြသည်။ သို့သော် အာဖရိကသည် ဖွဲ့စည်းပုံဒီမိုကရေစီစနစ်များ ကျင့်သုံးသည့် ပထဝီတိုက် ဖြစ်နိုင်သည်ဆိုခြင်းကို ပြတ်သားစွာပြသလိုသည်။ သူသည် ဂျော့ဝါရှင်တန်၏ အာဖရိကန်ပုံရိပ်ဖြစ်သည်။ ဂျော့ဝါရှင်တန်က သမ္မတသက်တမ်း နှစ်ကြိမ်အုပ်ချုပ်မည်။ ပြီးလျှင် သာမန်ပြည်သူဘဝတွင် ပြန်နေမည်ဟု ဆုံးဖြတ်ခဲ့သည်။ ဝါရှင်တန်က (အများအကြံပြုသလို) ရာသက်ပန် အုပ်ချုပ်ခြင်းအခွင့်အရေးကို စွန့်လွှတ်ရန် ဆုံးဖြတ်ခဲ့ခြင်းသည် အမေရိကန်သမ္မတ အုပ်ချုပ်မှုပုံစံကိုချမှတ်ခဲ့သည့်ဝါရှင်တန်ကဲ့သို့ပင်၊ မိမိခြေရာများသည် သဲထဲတွင် ပထမဆုံးခြေရာများဖြစ်ပြီး အခြားသူများက လိုက်နင်းမည်ဆိုသည်ကို နားလည်ထားသည်။ မင်ဒဲလားက သူချမှတ်နိုင်သည့် ပေါ်လစီတစ်ခုချင်းထက် ယခုနမူနာသည် ပိုတာရှည်ခံမည်၊ ပိုလွှမ်းခြုံမှုရှိမည်ဆိုသည်ကို သိထားသည်။

သူအလုပ်မှနောက်ဆုံးအနားယူပြီးသည့်အခါ အငြိမ်းစားဘဝဖြင့်သာနေတော့မည်။ ရောမခေါင်းဆောင် စင်စီနားတပ်စ်ကဲ့သို့ မိမိကျေးလက်သို့ပြန်သွားပြီး ဆိတ်ငြိမ်သောဘဝတွင် နေထိုင်သင့်သည်ဟု စဉ်းစားသည်။ မင်ဒဲလားက ဆိတ်ငြိမ်သောဘဝကို နှစ်သက်လှသည်တော့ မဟုတ်ပါ၊ သူကထင်ရှားကျော်ကြားမှုကို နှစ်သက်သေးသည်။ သို့သော် မိမိသဘောနှင့်မိမိအလုပ်မှအနားယူပြီးမှ ပြည်သူများက



သူ့အား တိတ်တခိုးသမ္မတ ဆက်ဖြစ်ချင်နေသေးသည်ဟုလည်း အပြောမခံနိုင်ပါ။ ဇာတ်ခုံပေါ်မှထွက်ခွာပြီးသည့်အခါ ကန့်လန့်ကာကြားမှ ခေါင်းပြူပြီး ပြန်ကြည့်နေ၍ မဖြစ်ပါ။ ထို့ကြောင့် သူ့ကိုဆက်ခံသည့် ဒုတိယသမ္မတတက်ပြီးသည့်ရှေ့ပိုင်းနှစ်များတွင် ထိုသူ၏ပေါ်လစီများတွင် ဝင်စွက်ဖက်ခြင်းမပြုရန် ဆုံးဖြတ်ချက်ခိုင်မာစွာချထားသည်။ သူက ရှေးရှုရာလမ်းကြောင်းကို ချမှတ်လမ်းညွှန်ခဲ့ပြီးဖြစ်၍ နောက်လူများက ထိုလမ်းကြောင်းအတိုင်း ပဲ့ကိုင်ပေးရန် အချိန်ရောက်ပြီဖြစ်သည်။

မင်ဒဲလားက ကိစ္စရပ်တိုင်းအတွက် တိုက်ခိုက်နေ၍မဖြစ်၊ တစ်ခါတစ်ရံ လက်လွှတ်သင့်သည့်ကိစ္စများရှိသည်ကို နားလည်သည်။ ကျွန်တော်တို့အနေဖြင့် မလိုအပ်သည့်နေရာတွင် ရင်းနှီးမြှုပ်နှံမှု မလုပ်သင့်ပါ။ ရော်ဘင်ကျွန်းတွင် အကျဉ်းသားများသည် တစ်ဦးနှင့်တစ်ဦး အမြဲလိုလို စကားစစ်ထိုးနေတတ်ကြသည်။ သူတို့သည် နေရောင်အောက်ရှိ ခေါင်းစဉ်အားလုံးကို အချေအတင်ပြောကြသည်။ သို့သော် သူတို့မပျက်မကွက် ဆွေးနွေးနေကျခေါင်းစဉ်များမှာ၊ ကွန်မြူနစ်ပါတီနှင့် အေအင်န်စီတို့သည် တစ်ခုတည်းဟုတ်၊ မဟုတ်၊ တောင်အာဖရိက၏ အနာဂတ် ဒီမိုကရက်တစ်အစိုးရတွင် ဒပ်ချ်အာဖရိကန်လွှမ်းမိုးသည့် အမျိုးသားပါတီကိုပါဝင်စေသင့်၊ မသင့်နှင့်ခွန်းကြီးခွန်းငယ် အများဆုံးပြောဖြစ်သည့်ခေါင်းစဉ် (ရယ်စရာလည်းအကောင်းဆုံးဖြစ်သည်) မှာ ကျားတိရစ္ဆာန်သည် အာဖရိကဇာတိဟုတ်၊ မဟုတ်တို့ဖြစ်သည်။ အမှန်မှာ အာဖရိကတွင်ကျားမရှိပါ။ အိန္ဒိယနှင့်အာရှဇာစ်မြစ်ဖြစ်သည်။ သို့သော် နှစ်များစွာတစ်လျှောက် အကျဉ်းသားအတော်များများက အာဖရိကသည် ကျား၏မွေးရပ်မြေဖြစ်သည်ဟု ယုံကြည်ကြသည်။ ထိုကိစ္စကို အသည်းအသန် ငြင်းခုံကြသည်။ အထူးသဖြင့် ဤကိစ္စကို အာပေါင်အာရင်းသန်သန်နှင့် ပူညံပူညံပြောတတ်သည့် အကျဉ်းသားတစ်ယောက်ရှိသည်။ တစ်နေ့တွင် မင်ဒဲလားက ထိုသူအား၊ အာဖရိကတွင် ကျားမရှိ ဆိုသည်မှာ ရိုးစင်းသိသာသည့်အချက်တစ်ခုဖြစ်ကြောင်း ပြော

လိုက်သည်။ ထိုအကျဉ်းသားက ဒေါသပေါက်ကွဲသည်။ မင်ဒဲလားက ထိုသူနှင့်ဖက်ပြီး ရန်မဖြစ်ပါ။ အလျှော့ပေးလိုက်သည်။ 'ကောင်းပြီလေ' ဟုသာပြောလိုက်ပြီး အမှန်ပေါ်မည့်နေ့ကို စောင့်နေလိုက်သည်။ နောက်နှစ်အနည်းငယ်အတွင်း သူတို့ထောင်သို့ အကျဉ်းသားတစ်ယောက်ရောက်လာသည်။ ထိုသူကသတ္တဗေဒလေ့လာသူတစ်ဦးဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားဖူးသူလည်းဖြစ်သည်။ သူက ကျားသည် အာဖရိကဇာတိ မဟုတ်ကြောင်း ရှင်းပြသဖြင့်၊ တွင်တွင်ငြင်းခဲ့သော အကျဉ်းသား အပါအဝင် အားလုံးကကျေနပ်သွားကြသည်။ မင်ဒဲလားက အထူးတလည် ပီတိ ဖြစ်မနေပါ။

မင်ဒဲလားသည် အမြဲတစေ ခေါင်းမာခဲ့သည်။ သူခေါင်းမာမှုကို ရော်ဘင်ကျွန်းမှ သူနှင့်အရင်းနှီးဆုံးလုပ်ဖော်ကိုင်ဖက်များမှအစ သူ့ဇနီး ဂရာစာမာချဲလ်အဆုံး ထွက်ဆိုကြသည်။ သူဆုံးဖြတ်ပြီးသည့်ကိစ္စတစ်ခုကို မည်သူမျှမပြောင်းလဲစေနိုင်ပါ။ သို့သော် သူ့ဆုံးဖြတ်ချက်ကို မပြင်လျှင် အနုတ်လက္ခဏာပြသည့်အကျိုးဆက်များ ရှိနိုင်သည့်အထောက်အထားကို ကြုံတွေ့ရပါက သူကိုယ်တိုင်ဆုံးဖြတ်ချက်ကို ပြင်ဆင်သည်။ သူ့ယုံကြည်ချက်တစ်ခုအတွက် အနိုင်ယူပြောဆိုမည်။ ငြင်းခုံမည်။ တိုက်တွန်းဖို့ ကြိုးစားမည်။ သို့သော် သူ့ဆုံးဖြတ်ချက်သည် လက်တွေ့မကျ၊ သို့မဟုတ် အမြော်အမြင်ရှိသော ရွေးချယ်မှုမဟုတ် ဆိုသည်ကို သိရှိသည်နှင့် သူအလျှော့ပေးလိုက်မည်။

တစ်နေ့တွင် မင်ဒဲလားက ကျွန်တော့်အား အသက် ၁၈ နှစ်အောက်အရွယ်ကို မဲဆန္ဒပေးခွင့်ပြုသည့် နိုင်ငံအမည်များ ကျွန်တော်သိ မသိမေးသည်။ ရွေးကောက်ပွဲက နီးကပ်နေသည်။ တောင်အာဖရိကလူဦးရေ၏တစ်ဝက်သည် အသက် ၁၈ နှစ်အောက်ဖြစ်နေသည်။ အများစုမှာ မင်ဒဲလား၏ အာဖရိကန်အမျိုးသားကွန်ဂရက်ပါတီကို မဲပေးမည့်တောင်အာဖရိကသား လူမည်းလူငယ်များဖြစ်သည်။

ကျွန်တော် သုတေသနပြုရှာဖွေပြီး ထူးခြားသိသာမှု မရှိလှသော စာရင်းကို ပေးလိုက်သည်။ ကျူးဘား၊ နီကာရာဂွာ၊ မြောက်ကိုရီးယား၊ အင်ဒိုနီးရှားနှင့် အီရန်နိုင်ငံတို့ ဖြစ်သည်။ သို့သော် သူက ကျေနပ်ပြီး 'သိပ်ကောင်းတယ်၊ သိပ်ကောင်းတယ်' ဟု ပြောသည်။ ယင်းသည် သူ၏အမြင့်ဆုံးချီးကျူးစကားပင်ဖြစ်သည်။ ရက်သတ္တနှစ်ပတ်ကြာသော် သူကမဲဆန္ဒပေးခွင့်ရှိသည့်အရွယ်ကို အသက် ၁၄ နှစ်သို့လျှော့ချရန် တောင်အာဖရိက တယ်လီဗီးရှင်းတွင်အဆိုပြုသည်။ မီဒီယာများတွင်လည်းကောင်း၊ သူ့ပါတီတွင်လည်းကောင်း ချက်ချင်းလက်ငင်းအုတ်အော်သောင်းတင်း ဖြစ်သွားသည်။ ပြည်သူပြည်သားများက ထိုအဆိုပြုချက်သည် ပေါကြောင်ကြောင်နိုင်သည်ဟု မြင်ကြသည်။ အချို့က ထို့ထက်ဆိုးရွားစွာ ဝေဖန်ကြသည်။

နောက်ရက်သတ္တပတ်အနည်းငယ်ကြာသော် ကျွန်တော်က သူ၏စိတ်ကူးကို လူကြိုက်မများလှဟုပြောပြီး သူ့အားကျီစယ်လိုက်သည်။ သူက မျက်မှောင်ကြုတ်သည်။ ခေါင်းကို နောက်သို့ အနည်းငယ်လှန်လိုက်သည်။ ထို့နောက် သူ့လုပ်ရပ်ကို သူခေါင်းခံမည်ဟု ပြောသည်။ နောက်ဆုံးတွင်၊ ဆန့်ကျင်ဘက်သဘောတို့က ခိုင်မာလွန်းသည်။ အမျိုးသားအုပ်ချုပ်မှုကော်မတီဝင် ရာမာဖိုဆာက ပြောပြသည်၊ 'မင်ဒဲလားက သူ့အကြံဉာဏ်ကို အများစဉ်းစားနိုင်အောင်ချပြခဲ့တယ်။ ဒါပေမဲ့ ထောက်ခံသူက သူတစ်ယောက်ပဲရှိတယ်။ ပြောင်းလဲမှုကို ဘယ်သူမှ လက်မခံနိုင်ဘူးဆိုတာ သူ သိလိုက်ရတယ်။ သူက နားလည်မှုအပြည့်နဲ့ လက်ခံတယ်။ သုန်မှုန်စူအောင့်တာတို့ ဘာတို့ မရှိဘူး'။

မင်ဒဲလား တစ်ခုခုကို နောက်ပြန်ပြောင်းလဲလိုက်ပြီဆိုလျှင် သင့်အနေဖြင့် သူယခင်ကအခြားအတွေးရှိခဲ့သည်ကိုပင် မသိနိုင်တော့ပါ။ သူကအခြားတစ်ဖက်သို့ ကူးပြောင်းပြီး ထိုတစ်ခုကို ယခုမှ သက်ဝင်ယုံကြည်သူ အသစ်တစ်ဦးကဲ့သို့ အင်တိုက်အားတိုက်ပွေ့ဖက်မည်။ သူယခင်က ဆန့်ကျင်ဘက်အတွေးကို အားပေးခဲ့သည်ကိုပင် ရယ်မောမည်။ နောင်နှစ်များတွင် ၁၄ နှစ်အရွယ် မဲပေးရန်ကိစ္စပေါ်လာတိုင်း

မင်ဒဲလားက ကျွန်တော့်အား မျက်စိတစ်ဖက်မှိတ်ပြသည်။ အရှုံးပေးခြင်းသည်လည်း အောင်နိုင်ခြင်းအမျိုးအစား တစ်ခုပင်ဟုသူနားလည်သည်။ အရှုံးပေးခြင်းဆိုသည်မှာ အောင်နိုင်သည့်ဘက်သို့ ကူးပြောင်းခြင်းဖြစ်၍ သင်လည်းထိုအောင်နိုင်မှုကို ရပိုင်ခွင့်ရှိသည်။

■

# အမြင်နှစ်ခုလုံးမှန်စမြဲပင်

နယ်လ်ဆန်မင်ဒဲလားသည် ဝိရောဓိဖြစ်ခြင်းဆိုလျှင် သူ့ဝိရောဓိနှင့်သူပင် အနေကျသည်။ ကျွန်တော်သူနှင့်ရှိစဉ်က ဝေါ့လ်တ်ဝှစ်မန်း၏ 'ကိုယ့်အကြောင်းသီချင်း' ကဗျာစာသားကို တစ်ခါတစ်ရံ စဉ်းစားမိသည်။

ကိုယ့်ဘာသာကိုယ်ဝိရောဓိဖြစ်နေပါသလား

ဟုတ်ပါပြီ၊ ကိုယ့်ဘာသာကိုယ်ဝိရောဓိ ဖြစ်နေပါသည်

(ကျွန်ုပ်သည်အမြင်ကျယ်သည်၊ ကျွန်ုပ်ထံတွင် အတွေးအခေါ်အမြောက်အမြားရှိသည်။)

သူသည် အမြင်ကျယ်သည်။ သူ့ထံတွင် အတွေးအခေါ် အမြောက်အမြားရှိသည်။ သူ့ဘာသာဝိရောဓိ ဖြစ်နေတတ်သည်။ တစ်သမတ်တည်းဖြစ်တိုင်း စစ်မှန်သောအကျင့်သီလတစ်ခု မဖြစ်သလို တစ်သမတ်တည်း မဖြစ်ခြင်းသည်လည်း အလိုအလျောက် အပြစ်အနာအဆာမဖြစ်ဆိုသည်ကို သူနားလည်သည်။ လူသားတို့သည် ခက်ခဲရှုပ်ထွေးသော သဘောရှိပြီး လူများတွင်စေ့ဆော်မှု အမြောက်အမြားရှိသည်ကို သူသိသည်။

ကျွန်တော်တို့ အင်တာဗျူးချိန်တစ်ချိန်က မင်ဒဲလားအား ကျွန်တော်မေးသည်။ 'လက်နက်ကိုင်လှုပ်ရှားမှုကို ကျင့်သုံးခဲ့တာဟာ

လက်နက်မဲ့လှုပ်ရှားမှုအနေနဲ့ အပါသိုက်လူမျိုးခွဲခြားရေးစနစ်ကို ဘယ်လိုမှ အောင်နိုင်မှာမဟုတ်ဘူးလို့ ထင်လို့လား၊ ဒါမှမဟုတ် အဲဒီနည်းလမ်းကသာ အေအင်န်စီကို အစိတ်စိတ်အမြွှာမြွှာ မကွဲအောင် ကာကွယ်နိုင်မယ် ထင်လို့လား'။ ထိုအချိန်က ကျွန်တော်တို့ အတူအလုပ်လုပ်သည်မှာ တစ်လခန့်သာရှိသေးသည်။ ကျွန်တော်တို့ တစ်ဦးအကြောင်းတစ်ဦး သိရန်ကြိုးစားနေဆဲကာလ ဖြစ်သည်။ ရှေ့ပိုင်းရက်သတ္တပတ်များတွင် မင်းဒဲလားကအဖြေများကို နည်းလမ်းတကျပေးသည်။ ဝန်ကျယ်ရှုပ်ထွေးသည့် မေးခွန်းများဆိုလျှင်လည်း သတင်းစာကွန်ဖရင့်တစ်ခုမှာကဲ့သို့ ဟန်ကြီးပန်ကြီးနိုင်ပြီး တွက်ဆနိုင်သော အဖြေများကို ပေးသည်။ ကျွန်တော်တို့ ပိုရင်းနှီးလာသည့်အခါ သူက ကျွန်တော့်မေးခွန်းများကို ကြားဖြတ်ပြီး ဆက်စပ်ဇာတ်လမ်းများ ပြောပြခြင်း၊ ပိုနက်နဲသည့်အချက်တစ်ချက်ကို ဖော်ထုတ်ခြင်းတို့ ပြုလုပ်လေ့ရှိသည်။ သို့သော် ကျွန်တော်တို့ဆက်ဆံရေး၏ ထိုအချိန်ကာလတွင် ကျွန်တော်တို့ အကျပ်အတည်းကြုံတွေ့ရသည်။ ပုံမှန်အားဖြင့် သူက မေးခွန်းတစ်ခုကို ခဏတာ စဉ်းစားသည်။ ထို့နောက် အဝေးသို့ကြည့်မည်။ ပြီးလျှင် တဖြည်းဖြည်းချင်း ဖြေမည်။ ယခုတစ်ကြိမ်တွင်မူ သူက ကျွန်တော့်အား စိတ်ရှုပ်ခြင်းနှင့် စိတ်အနှောင့်အယှက်ဖြစ်ခြင်းတို့ ပေါင်းစပ်ထားသည့် အကြည့်မျိုးဖြင့် ကြည့်သည်။

ထို့နောက် သူက 'ရစ်ချတ်၊ နှစ်ခုစလုံးလည်းဖြစ်နိုင်တာပဲ' ဟုပြောသည်။

*နှစ်ခုစလုံးလည်းဖြစ်နိုင်တာပဲ။*

များသောအားဖြင့် ကျွန်တော်မေးခွန်းမေးလျှင် ဒွိစုံမေးတတ်သည်။ ဤသို့လား၊ ထိုသို့လား။ အကြောင်းရင်းသည် 'အေ' လား၊ 'ဘီ' လား။ ဟုတ်လား၊ မဟုတ်ဘူးလား။ အစောပိုင်းတွင် ထိုမေးခွန်းများက မင်းဒဲလားအား မချင့်မရဲဖြစ်စေသည်ကို ကျွန်တော်သတိပြုမိသည်။ သူ့အတွက် အဖြေသည်အမြဲလိုလို နှစ်ခုလုံးဖြစ်နေတတ်သည်။ဟုတ်သည်၊ မဟုတ်ပါပြောလောက်အောင် ရိုးရှင်းမှုမရှိပါ။ လုပ်ဆောင်ချက်တစ်ခု၏အကြောင်းရင်းသည် ရှင်းလင်းပြတ်သားခဲ့သည်ကို သူသိသည်။ အခက်ခဲဆုံးမေးခွန်းများအတွက် အဖြေများသည်ရိုးရှင်းမှုမရှိပါ။ ရှင်းလင်းချက်အားလုံးသည် မှန်ကန်မှုရှိနိုင်သည်။ ပြဿနာတိုင်းတွင် အကြောင်းရင်းတစ်ခုထက် ပိုရှိသည်။ နယ်လ်ဆန်မင်းဒဲလားက လောကကို ထိုကဲ့သို့မြင်သည်။

သူ တစ်ခါက ကျွန်တော့်အား ဇိုဆာလူငယ်တစ်ယောက် မိမိကျေးရွာငယ်လေးကို စွန့်ခွာပြီး ဇနီးတစ်ယောက်ရှာဖွေရန် သွားသည့်အကြောင်း ပုံဆောင်ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြသည်။ ထိုလူငယ်က ကမ္ဘာပတ်ပြီး ပြစ်မဲ့ကင်းသော အမျိုးသမီးကို ရှာဖွေသော်လည်း မတွေ့ရှိပေ။ နောက်ဆုံးတွင် သတို့သမီးမပါဘဲ သူ့ရွာငယ်သို့ ပြန်လာခဲ့သည်။ ရွာအဝင်လမ်းတွင် အမျိုးသမီးတစ်ဦးကို တွေ့ပြီး 'အင်း၊ ငါ့ဇနီးလောင်းကို တွေ့ပြီ' ဟု ပြောသည်။ ထိုအမျိုးသမီးသည် သူ့တဲနှင့် ကပ်လျက်တဲတွင် တစ်ချိန်လုံး နေထိုင်ခဲ့သူပင်ဖြစ်သည်။ ကျွန်တော် ထိုဇာတ်လမ်းကို နားထောင်ပြီးသည့်အခါ 'ဒီဇာတ်လမ်းကရတဲ့သင်ခန်းစာက လူတစ်ယောက်ဟာ ကိုယ်လိုချင်တဲ့အရာကိုရှာဖို့ ဝေးဝေးလံလံ သွားဖို့ မလိုဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအရာက ကိုယ့်ရှေ့မှာ ရှိလို့ပဲ ဆိုတာလား၊ ဒါမှမဟုတ် ကိုယ်နဲ့အနီးကပ်ဆုံး၊ အရင်းနှီးဆုံးအရာတွေကို တန်ဖိုးသိနိုင်ဖို့အတွက် တစ်ခါတစ်ရံ ကျယ်ပြန့်တဲ့အတွေ့အကြုံနဲ့ အသိပညာဗဟုသုတ ရှိသင့်တယ်ဆိုတာလား' ဟု မေးလိုက်သည်။

သူက တစ်ခဏတာ စဉ်းစားပြီး ခေါင်းညိတ်လိုက်သည်။ ထို့နောက် 'အဓိပ္ပာယ်ကောက်ယူချက်တစ်ခုထက် ပိုရှိနိုင်တယ်။ နှစ်ခုလုံးမှန်နိုင်တယ်' ဟု ဖြေသည်။

မင်းဒဲလား ထောင်မှထွက်လာသည့်အခါ လူများက သူ့အနေဖြင့် လောကကြီးကို အဖြူအမည်းဖြင့်သာ မြင်မည်ဟု ထင်ကြသည်။ သူ၏ လူကြီးဘဝ အစိတ်အပိုင်းအများစုကို ရိုးစင်းပြီးပြတ်သားသည့်

စံခံယူချက်တစ်ခုအတွက် စတေးခဲ့သည်မဟုတ်ပါလား။ သူ့ဘက်တွင် အမှန်တရား ရှိသည်။ ကမ္ဘာ့အမြင်တွင်လည်း ရေပန်းစားသည်။ အပါ သိုက်အတွက်တော့ ကာကွယ်မည့်သူ မရှိသလောက်ပင်။ သို့သော် ထောင်မှထွက်လာသည့် အသက် ၇၁ နှစ်ရှိ သက်ကြီးရွယ်အိုသည် အများပြည်သူခန့်မှန်းထားသည်ထက်ပိုပြီး ပိုင်းခြားဝေဖန်တတ်သည်။ သူက လူဖြူတို့၏စိုးရိမ်ကြောင့်ကြမှုနှင့် လူမည်းတို့၏စိတ်ဖိစီးမှုကို နားလည်သည်။ မျိုးနွယ်စုစနစ်၏ တွန်းအားနှင့် ခေတ်မီစနစ်၏စွမ်းအားကို လက်ခံသည်။ ပြည်သူပိုင်သိမ်းခြင်းစနစ်၏ ဆွဲဆောင်မှုနှင့် လွတ်လပ်သည့် ဈေးကွက်၏ ဆွဲဆောင်မှုနှစ်ခုလုံးကို မြင်သည်။ ဒပ်ချ်အာဖရိကန်တို့ ရပ်ဂ်ဘီအားကစားကို ရူးသွပ်မှုနှင့် လွတ်မြောက်ရေးလှုပ်ရှားသူတို့ ယင်းအားကစားကို မုန်းတီးမှုကိုနားလည်သည်။ သူအမြဲလိုလို ကိစ္စရပ်တိုင်းကို ရှုထောင့်နှစ်ဖက်မှမြင်သည်။ နှစ်ဦးနှစ်ဖက်ပြေလည်မည့် နည်းလမ်းရှာဖွေရန်ကြိုးစားသည်။ ယင်းသည် ပြည်သူများကို တိုက်တွန်းစည်းရုံးရန် မြဲမြံခိုင်မာနေသောခံစားချက်မှ ပေါက်ဖွားခဲ့ခြင်းဖြစ်သည်။ သို့သော် ယေဘုယျအားဖြင့် အတွေးအမြင်ပုံသေမထားသည့် သူ၏ လောကအမြင်ကြောင့်ဖြစ်ပြီး လူသားတို့၏ ပင့်ကူမျှင်သဖွယ်ရှုပ်ထွေးသည့်စေ့ဆော်မှုများကို သဘောပေါက်ခံစားနိုင်၍လည်း ဖြစ်သည်။

သူ၏နားလည်မှုများအပေါ် ပိုင်းခြားဝေဖန်နိုင်မှုကို သူ၏ လုပ်ဖော်ကိုင်ဖက်များနှင့် ဆက်ဆံရေးတွင်မြင်နိုင်သည်။ သူကလူတို့၏ စေ့ဆော်မှုအားလုံးကို အကောင်းနှင့်အဆိုး၊ ဂုဏ်ရှိခြင်းနှင့်ယုတ်ညံ့ခြင်း စသည်ဖြင့်နှစ်မျိုးရောစပ်ပြီးမြင်သည်။ အကြောင်းကိစ္စရပ်များကို သူသုံးသပ်သည့်အခါ သူ၏နှစ်ဖက်အမြင်မှာ သိသာသည်။ မည်သည့်ဘက်ကမှ အားသာချက်အထူးရပိုင်ခွင့် မရှိ၊ မှန်ကန်မှု အပြည့်မရှိ။ သူ ကျွန်တော့်အားပြောပြသည့် ရော်ဘင်ကျွန်းမှ အစားအသောက်တိုက်ပွဲ အကြောင်း ကျွန်တော် မှတ်မိသေးသည်။ အိန္ဒိယနိုင်ငံသားများနှင့် အခြားအသားအရောင်ရှိသည့်အကျဉ်းသားများသည် အသားပိုပါသည့်



အစားအသောက်စားရသည်။ အာဖရိကန်အကျဉ်းသားများက သူတို့လည်း ထိုအစားအသောက်မျိုးရသင့်သည်ဟု ဆန္ဒပြတောင်းဆိုကြသည်။ သူတို့ကို နားလည်ပေးရန် လွယ်ကူပါသည်။ သို့သော် သူက အိန္ဒိယနှင့် အခြားအသားအရောင်ရှိသည့်အကျဉ်းသားများဖြင့် စကားပြောကြည့်သည်။ ထိုသူတို့က ‘ဟန်ဆောင်ညီမျှမှု’ ကြောင့် သူတို့၏ အစားအသောက်ညံ့ဖျင်းသွားမည်ကို စိုးရိမ်ကြသည်။ နောက်ဆုံးတွင် မင်ဒဲလားက ထောင်အာဏာပိုင်များကို အားလုံးအတွက် ပိုကောင်းသောအစားအသောက် စီစဉ်ပေးရန် တိုက်တွန်းခဲ့သည်။ သူက ဘက်စုံမြင်သည်။ ဘက်စုံစကားပြောသည်။ ဘက်စုံပြေလည်အောင် ကြိုးစားသည်။

သို့သော် လူတိုင်းကို စိတ်ချမ်းသာအောင်လုပ်ဖို့ အမြဲတမ်းတော့ မလွယ်ကူပါ။ တစ်ခါတစ်ရံခက်ခဲကျပ်တည်းသည့်အနေအထားမျိုးတွင် သူ့အနေဖြင့် နှစ်ဖက်လုံးကို နားလည်မှုပေးနိုင်သော်လည်း တစ်ဖက်ကိုသာ ရွေးချယ်ရသည်။ သူကအေ့ဒစ်ရောဂါနှင့် အိတ်ချ်အိုင်ဗီကိစ္စကို နှုတ်ဆိတ်နေတတ်သည့် အာဖရိကန်ဓလေ့ကို နားလည်သည်။ သို့သော် နိုင်ငံတွင် ထိုရောဂါခံစားနေရသော သန်းပေါင်းများစွာသော သူတို့အတွက် ကာကွယ်ဆေး မတင်သွင်းခြင်းသည် မှားယွင်းမှုတစ်ခု ဖြစ်နေကြောင်း ခံယူသည်။ သူက စီရီးလ်ရာမာဖိုဆာကို သူ၏ ဆက်ခံသူအဖြစ် အလိုရှိသည်။ သို့သော် သူ၏အရင်းနှီးဆုံး လုပ်ဖော်ကိုင်ဖက်များက ပင်သာဘိုမဘယ်ကီကို ပိုနှစ်သက်ခြင်းအကြောင်းရင်းကို သူနားလည်သည်။ ထို့ပြင် ဝင်နီနှင့်ကွာရှင်းပြတ်စဲခြင်းသည် သူ၏ ကိုယ်ရေးဆုံးဖြတ်ချက်များအနက် အနာကျင်ဆုံးဖြစ်သည်မှာ မှန်သည်။ သူ ဝင်နီ၏အားသာချက်များကို မြင်ပေးနိုင်သေးသည်။ သို့သော် လုပ်သင့်သည်ကို လုပ်လိုက်သည်။ သူက အကောင်းနှင့်အဆိုးကို စိတ်ထဲတွင် အမြဲဒွန်တွဲ ခံစားနိုင်သည်။ သူဝင်နီ့ထံတွင် နှစ်သက်သောအချက်များကို မှတ်မိနေသလို ဝင်နီက သူ့ကို ထိပါးအောင် ပြုမူနေသည်ကိုလည်း

ခံစားရသည်။ ခွဲခွာရန်ဆုံးဖြတ်ချက်ကြောင့် နာကျင်မှုဝေဒနာ ပြင်းထန်စွာခံစားရသည်။

နိုင်ငံ၏ ပထမအစိုးရဖွဲ့စည်းရေးအတွက် စေ့စပ်ဆွေးနွေးရာတွင် သဘောတူညီချက်ရရှိရေးအတွက် သူအခြေခံအပေးအယူများစွာ လုပ်ခဲ့ရသည်။ သူ၏လုပ်ဖော်ကိုင်ဖက် အများစုက သဲသဲမဲမဲကန့်ကွက်ကြသော်လည်း သူကအမျိုးသားပါတီကို သူတို့၏နိုင်ငံ့ဝန်ထမ်း အလုပ်များ ဆက်လုပ်ခွင့်ပေးသည်။ စုပေါင်းအစိုးရဖွဲ့စည်းရန် သဘောတူလိုက်သဖြင့် ဒီကလတ်ခ်က ဒုသမ္မတအဖြစ် တာဝန်ထမ်းဆောင်သည်။ သို့သော် သူကအမျိုးသားရေးဝါဒီတို့၏အမြင်ကို နားလည်သည်။အလုံးစုံလွှမ်းခြုံမှုရှိသော ဦးတည်ချက်သည်သာ အရေးကြီးဆုံးဟု သူသိသည်။ သို့သော်လည်း အချို့မှုများသည် စေ့စပ်ညှိနှိုင်း၍မရမှန်း သိသည်။ လူတစ်ယောက်မဲတစ်မဲ၊ လူတကာလက်ခံနိုင်သည့် ဒီမိုကရေစီ စနစ်၊ ထိုမှကျော်လွန်လျှင် မည်သည့်အရာမှ ပြတ်သားမှုမရှိလှပါ။

ပြတ်သားမှုမရှိသော အရာတို့ကို ရှင်းလင်းစွာ ထုတ်ဖော်ပြောဆိုရန် မလွယ်ကူပါ။ အဖြူနှင့်အမည်းတို့ ဆွဲဆောင်မှုရှိသည်မှာ ရိုးရှင်းပြီး ပြည့်စုံ၍ ဖြစ်သည်။ အမြင်တွင် ရှင်းလင်းပြတ်သားသည်။ ထို့ကြောင့် ကျွန်တော်တို့သည် 'ဟုတ်သည်'၊ သို့မဟုတ် 'မဟုတ်ပါ' ကို အမှန်နှင့်ပိုနီးစပ်သော 'နှစ်ခုလုံး'၊ သို့မဟုတ် 'ဖြစ်နိုင်ပါတယ်' ထက် ပိုသုံးနှုန်းကြခြင်း ဖြစ်သည်။ အချို့လူများသည် ပြောနေကျ 'ဟုတ်သည်'၊ သို့မဟုတ် 'မဟုတ်ပါ' ကို စွမ်းအားရှိသည်ဟု ယူဆပြီးပြောကြသည်။ သို့သော် ကျွန်တော်တို့အနေဖြင့် မေးခွန်းတစ်ခု၏ ရှုထောင့်နှစ်ဖက်၊ သို့မဟုတ် အများကို စဉ်းစားတွေးတောသည့် အလေ့အထကို မင်ဒဲလားကဲ့သို့ ပျိုးထောင်သင့်သည်။ အကောင်းအဆိုးနှစ်မျိုးလုံးကို ထည့်သွင်းစဉ်းစားလျှင် တစ်ဖက်တည်း စဉ်းစားခြင်းဖြင့် မမြင်နိုင်သောရလဒ်များကို ရကောင်းရနိုင်ပါသည်။ ဤသို့ စဉ်းစားတွေးတောရန်အတွက် အားထုတ်မှုလိုအပ်သည်။ ကျွန်တော်တို့မိမိသဘောအမြင်ကို စွဲစွဲမြဲမြဲရှိလျှင်ပင် ဆန့်ကျင်ဘက်သဘောအမြင်ကို သူတို့နေရာမှ စဉ်းစားပေးရမည်။



ယင်းအတွက် လိုအင်ဆန္ဒရှိရမည်။ စာနာကြည့်တတ်ရမည်။ စိတ်ကူးစိတ်သန်းကောင်းရမည်။ ဆုလာဘ်အနေဖြင့်၊ မင်ဒဲလားဖြစ်စဉ်မှာကဲ့သို့ ဉာဏ်အမြော်အမြင်ဟုမျှတစွာ ဖော်ဆိုနိုင်သော ရှုမြင်တွေးခေါ်မှုကို ရရှိပေမည်။

■

# မိမိအတွက်သီးသန့်ကမ္ဘာလေးတစ်ခုထားရှိပါ

ဝေးလံသော်လည်း လုပသည့် ကျွန်းတစ်ကျွန်း၌ပင်လျှင် မင်ဒဲလားက သီးခြားနေရာလေးတစ်ခုလိုချင်သည်။ ထိုနေရာတွင် သူ စိတ်ကို လွှတ်ချပြီး သူကိုယ်သူ စူးစမ်းနိုင်မည်။

ရောဘင်ကျွန်းတွင် အစောပိုင်းနှစ်များသည် မျှော်လင့်စရာ မရှိခဲ့ပါ။ ထောင်ကြပ်များသည် ရုန့်ရင်းကြမ်းတမ်းသည်။အလုပ်က တောင့်မခံနိုင်လောက်အောင် ကြမ်းတမ်းသည်။ ထို့ပြင် အကျဉ်းသား များသည် ခြောက်လတစ်ကြိမ် ဧည့်သည်တစ်ယောက်နှင့် စာတစ်စောင် သာ ခွင့်ပြုချက်ရရှိသည်။ မင်ဒဲလားအတွက် အပြင်လောကသည် အလားတူပင် ကြမ်းတမ်းသည်။ သူ၏သားအကြီးသည် ယာဉ်တိုက်ခြင်း ကြောင့် သေဆုံးသွားသည်။ ဝင်နီသည် ခြိမ်းခြောက်မှုများစွာ ခံနေရ သည်။ အေအင်န်စီသည် ပြည်ပသို့ တိမ်းရှောင်နေရသည်။ အပါသိုက် အစိုးရက သူတို့အင်အားကို သူတို့ကျစ်လျစ်ခိုင်မာစေသည်။

သို့ဖြင့် ၁၉၇၀ ပြည့်လွန်နှစ်များတွင် အဆိုပါများပြားလှသော ပြဿနာများကြားတွင် နယ်လ်ဆန်မင်ဒဲလားက ဥယျာဉ်တစ်ခုစိုက်ပျိုး ရန် ဆုံးဖြတ်သည်။

ဤကိစ္စသည် အပြောလွယ်သော်လည်း အလုပ်ခက်သည်။ ရှေးဦးစွာ အကျဉ်းထောင်အာဏာပိုင်များထံမှ ခွင့်တောင်းခံရသည်။ ထိုသူတို့က ထိုအပြစ်ကင်းသည့်တောင်းဆိုချက်ကို သံသယရှိကြသည်။



ထောင်တွင် တောင်းဆိုချက်လေးတစ်ခုအတွက် ခွင့်ပြုချက်ရရှိရန် လပေါင်းများစွာ ကြာတတ်သည်။ သူက သူ၏အစားအစာနှင့် သူ၏ အဖော်အကျဉ်းသားများ၏ အစားအစာကိုဖြည့်ဆည်းရန် လတ်ဆတ် သောဟင်းသီးဟင်းရွက်များ စိုက်ပျိုးလိုကြောင်းရှင်းပြသည်။ သူ၏ တောင်းဆိုမှုကို အာဏာပိုင်များက လိုက်လျောစေရန် တိုက်တွန်းဖို့ စည်းရုံးလှုံ့ဆော်မှုတစ်ရပ်ကို ပြင်ဆင်သည်။ ထောင်အုပ်ချုပ်ရေး အဆင့် ဆင့်အကြား စာများသွားလိုက်လာလိုက်နှင့် မှတ်စုများလည်း ရေးမှတ်ကြ သည်။ ရှေ့နေများကို တိုင်ပင်သည်။ နောက်ဆုံး အကျဉ်းသားများ၏ အတန်းလိုက် အကျဉ်းခန်းငယ်များရှေ့ရှိ ဖုန်ဝင်းအတွင်း မင်ဒဲလားအား သေးငယ်ကျဉ်းမြောင်းသောဥယျာဉ်တစ်ခုစိုက်ပျိုးရန် ခွင့်ပြုလိုက်သည်။

မြေကြီးကခြောက်သွေ့ပြီး ကျောက်တုံးများပြည့်နှက်နေသည့် မြေရိုင်းဖြစ်သည်။ တစ်ပေအကျယ်နှင့် ၃၅ ပေရှည်သော ဥယျာဉ်သည် အကျဉ်းခန်းများနှင့် မျဉ်းပြိုင်ကျနေသည်။ သူမြေတူးနေစဉ်နှင့် စိုက်ပျိုး နေစဉ် အစောင့်များ စောင့်ကြည့်ရန်နေရာချထားသည်။

ရှေ့ပိုင်းတွင် သူ့လက်များကိုသာ အသုံးပြုသည်။ မကြာမီ ဂေါ်ပြား၊ ထွန်ခြစ်စသည့်တန်ဆာပလာအချို့ရသည်။ မိသားစုနှင့် မိတ်ဆွေများကို သူ့ထံမျိုးစေ့များပို့ပေးရန် တောင်းဆိုသည်။ အခြားသူ များက ထိုဝင်းထဲတွင် ချက်ကာကစားခြင်း၊ သို့မဟုတ် စာဖတ်ခြင်း၊ သို့မဟုတ် စကားပြောခြင်းတို့ လုပ်နေသည့်အချိန်တွင် မင်ဒဲလားက သူ့ဥယျာဉ်ကို ပြုစုနေသည်။ အခြားအကျဉ်းသားများက သက်ကြီးရွယ် အိုနှင့် သူ၏ဥယျာဉ်ကိုကြည့်ပြီး ပြုံးကြသည်။ သူကတော့ သူ့ဥယျာဉ် အတွက်ပီတိ ဖြစ်နေသည်။

'မြေဆီလွှာက သိပ်မကောင်းဘူး။ ဒါပေမဲ့ ကျွန်တော် အတော် လေး ရိတ်သိမ်းနိုင်ခဲ့တယ်'။

သူက ခရမ်းချဉ်သီး၊ ကြက်သွန်၊ ငရုတ်သီး၊ ဟင်းနုနွယ်တို့ စိုက်ပျိုးသည်။ သူ၏ဟင်းသီးဟင်းရွက်များကို မီးဖိုချောင်သို့ ပေးခွင့်

ပြုထားသည်။ အကျဉ်းသားများ၏ ပုံမှန်အစားအစာဖြစ်သည့် ပြောင်းဆန်နှင့် ရုံဖန်ရံခါ အသားတုံးဖြင့် ပေါင်းစပ်ဟင်းလျာဖြစ်လာသည်။ ပထမနှစ်များတွင် ထောင်အရာထမ်းများက မင်ဒဲလားနှင့် သူ၏ဥယျာဉ်ကို အယုံအကြည်ကင်းမဲ့သည်။ သူတို့ မဖော်ထုတ်နိုင်သည့် ယုတ်ညံ့သောစေ့ဆော်မှုတစ်ရပ်ရှိမည်ဟု သံသယရှိသည်။ မင်ဒဲလားက သူတို့ တုံ့ပြန်ချက်ကို ရယ်ချင်စိတ် ဖြစ်မိသည်။

'ရော်ဘင်ကျွန်းအနှံ့မှာ သချိုင်းတွေ အများကြီးရှိတယ်' ဟု မင်ဒဲလားက ကျွန်တော့်အား တစ်နေ့နံနက်တွင်ပြောသည်။ 'ဝင်းထဲက ကျွန်တော့်ဥယျာဉ်ကို တူးနေတုန်းက ကျွန်တော် လူရိုးအတော်များများ တွေ့တယ်။ ကျွန်တော် အဲဒီအရိုးတွေကိုယူပြီး အနည်းငယ်စီ ချိုးလိုက်တယ်၊ ပြီးတော့ နေရောင်အောက်မှာ အခြောက်လှမ်းတယ်။ တစ်နေ့တော့ အုပ်ချုပ်ရေးအရာရှိ (စီအို) က ရောက်လာပြီး အရိုးတွေကို တွေ့တော့ ကျွန်တော့်ရဲဘက်တစ်ယောက်ကို 'ဒါဘာအရိုးတွေလဲ။ မင်ဒဲလားက ဒီအရိုးတွေနဲ့ ဘာလုပ်တာလဲ' လို့မေးတယ်။ သူက ကြောက်ကြောက်ရွံ့ရွံ့ဖြစ်နေတယ်။ အမေးခံရတဲ့ အကျဉ်းသားက ပခုံးတွန့်ပြီး မသိဘူးလို့ပြောလိုက်တယ်။ ဒီတော့ ကျွန်တော့်ဆီလာပြီး 'မင်ဒဲလား၊ ခင်ဗျား ဒီအရိုးတွေနဲ့ဘာလုပ်နေတာလဲ' လို့မေးတယ်။ ကျွန်တော်က 'ကျွန်တော်မြေသြဇာအဖြစ်သုံးနေတယ်။ ဒါတွေကိုကြိတ်ပြီး မြေသြဇာလုပ်နေတယ်' လို့ပြောလိုက်တယ်။ စီအိုက သံသယရှိတယ်။ 'အရိုးဆိုတာလူသိများတဲ့၊ ခိုင်မာတဲ့မြေသြဇာဖြစ်တယ်' လို့ ထပ်ပြောပေမယ့် စီအိုက သံသယမကင်းသေးဘူး။ 'အခုကစပြီးမြို့ထဲကမြေသြဇာ ဝယ်ပေးမယ်။ ခင်ဗျားဘာလိုလဲ၊ ဘယ်လောက်လဲ၊ ကျွန်တော်တို့ကို ပြောရင် ဝယ်ပေးမယ်။ အရိုးတွေကို မတူးပါနဲ့တော့' လို့ ပြောတယ်။ နောက်မှ ကျွန်တော်သိရတာက ကျွန်တော် အရိုးတွေကို တူးထုတ်တာဟာ ရော်ဘင်ကျွန်းမှာ အကျဉ်းသားတွေကို တိတ်တိတ်မြုပ်ထားတယ်လို့ ထုတ်ဖော်ပြောပြီး အကျဉ်းဦးစီးနဲ့ အစိုးရကို အရှက်ခွဲဖို့ဖြစ်မှာ သူက စိုးရိမ်နေခဲ့တယ်။



မင်ဒဲလားက သူ၏စိုက်ခင်းအကြောင်း ဝင်နီနှင့် အခြားသူများထံရေးသောစာများတွင် ဖော်ပြလေ့ရှိသည်။ သူ့စိုက်ပင်များနှင့် ဟင်းသီးဟင်းရွက်များအကြောင်းကို သူ့သားသမီးများအကြောင်းကဲ့သို့ ရေးသားဖော်ပြသည်။ ရာသီအကြောင်း၊ မြေဆီလွှာအကြောင်း၊ ဆွတ်ခူးချိန်အကြောင်းများ ရေးသည်။ အချို့လူများအနေဖြင့် သူက သီးနှံများအကြောင်း စကားအဖြစ်ရေးနေသည်ဟု ထင်ကောင်းထင်မည် ဖြစ်သော်လည်း သူက သူ့ကို စိတ်ချမ်းသာမှုပေးသောလုပ်ငန်းအကြောင်း ရေးနေခြင်းမျှသာ ဖြစ်သည်။ ၁၉၇၀ ပြည့်လွန်နှစ်များတွင် ရော်ဘင်ကျွန်း၌ဖိနှိပ်ချုပ်ချယ်မှုလျော့နည်းလာသည့်အခါ မင်ဒဲလားက ဟင်းသီးဟင်းရွက်များကို အစောင့်များသို့ သူတို့မိသားစုများအတွက် ပေးသည်။ သူ့ကိုလည်း လက်ရှိဝင်းအပြင်၌ ဒုတိယစိုက်ခင်းတစ်ခု လုပ်ကိုင်ရန် ခွင့်ပြုသည်။ မကြာမီ ထောင်ကြပ်များက သူ့အား မျိုးစေ့များပေးကြပြီး သူက ယင်းမှ ထွက်ကုန်ပြန်ပေးသည်။

ကျွန်တော် သူနှင့်အင်တာဗျူးများ လုပ်နေစဉ်အချိန်ကာလက ရော်ဘင်ကျွန်းကိုကြည့်လိုသဖြင့် ကိပ်တောင်းမြို့သို့ သွားသည်။သူနှင့် နောက်တစ်ကြိမ်တွေ့ဆုံသည့်အခါ ကျွန်တော်ရော်ဘင်ကျွန်းသို့ ရောက်ခဲ့ကြောင်း ပြောပြလိုက်သည်။ သူ၏ပထမမေးခွန်းမှာ ကျွန်တော် သူ၏အကျဉ်းခန်းကိုမြင်ခဲ့လား၊ ထုံးကျောက်မိုင်းကို တွေ့ခဲ့လား၊ တိုက်ပိတ်သည့်အဆောင်ကို တွေ့ခဲ့လား စသည်တို့ မဟုတ်ပါ။ 'သူတို့က ကျွန်တော့်စိုက်ခင်းကို လိုက်ပြရဲ့လား' ဟုသာ မေးသည်။

တကယ်တော့ သူတို့ မပြလိုက်ပါ။ ကျွန်တော့်ကို လိုက်ပြသည့် အစောင့်များသည် မင်ဒဲလား ရော်ဘင်ကျွန်းတွင်ရှိစဉ်က ထိုနေရာတွင် တာဝန်ကျသူများမဟုတ်ပါ။ သူတို့က စိုက်ခင်းအကြောင်းကိုပင် မသိပါ။ ကျွန်တော် ကျန်အရာအားလုံးတွေ့ခဲ့သည်။ စိုက်ခင်း မရှိပါ။ မင်ဒဲလားက စိတ်ပျက်သွားသည်။

စိတ်ချမ်းသာစရာရှားပါးသည့် ရော်ဘင်ကျွန်းတွင် မင်ဒဲလား၏ စိုက်ခင်းသည် သူ၏ကိုယ်ပိုင် သီးသန့်ကမ္ဘာလေးဖြစ်ခဲ့သည်။ သူ့စိတ်ကို

တည်ငြိမ်အေးဆေးစေသည်။ အပြင်လောက၊ သူ့မိသားစု၊ လွတ်မြောက်ရေးကြိုးပမ်းမှု စသည်တို့အတွက် အဆက်မပြတ် စိတ်ပူပန်ခြင်းမှ အာရုံပြောင်းစေသည်။ အပြင်ဘက်တွင် အရာရာညှိုးနွမ်းနေချိန်၌ သူ့စိုက်ခင်းသည် ရှင်သန်လှပနေသည်။ မင်းဒဲလားသည် အာရုံစူးစိုက်မှု အားကောင်းသူဖြစ်သည်။ အခြားအကျဉ်းသားများက သူစိုက်ပျိုးရေး လုပ်နေချိန်တွင် မည်မျှအာရုံစွဲငြိမှုရှိကြောင်း သတိပြုမိကြသည်။ ထိုအချိန်တွင် သူ့စိုက်ခင်းသည် သူ့ဘဝဖြစ်သွားသည်။ 'သူက အဲဒီစိုက်ခင်းကို ခုံမင်နှစ်သက်တယ်' ဟု အာမက်ကသရာဒါက ပြောသည်။

၁၉၈၂ ခုနှစ်တွင် မင်းဒဲလားအား ပိုးလ်စမိုးအကျဉ်းထောင်သို့ ရွှေ့ပြီးနောက် သူ့အနေဖြင့်စိုက်ပျိုးရေးကို ယခင်ထက်ပင် ပိုမို စိတ်ဝင်စားလာသည်။ သူနှင့် အခြားအကျဉ်းသားသုံးဦးတို့အား ထောင်၏ တတိယထပ်ရှိ အခန်းကျယ်တစ်ခုတွင် နေရာချပေးသည်။ ထိုအထပ်တွင် သူတို့လေးဦးသာရှိသည့်အလျောက် ဆက်စပ်ဝရန်တာကျယ်သို့ လွတ်လပ်စွာဝင်ထွက်သွားလာနိုင်သည်။ မင်းဒဲလားက ထိုနေရာတွင် အထင်ကြီးလောက်သော ဥယျာဉ်တစ်ခုစိုက်ပျိုးသည်။ ၄၄ ဂါလံဆန့်သည့် ဆီပီပါ ၃၂ လုံးကို ခါးမှဖြတ်ပြီး မြေကြီးထည့်သည်။ ထို့နောက် ခရမ်းချဉ်သီး၊ ကြက်သွန်၊ ခရမ်းသီး၊ စတော်ဘယ်ရီ၊ ဟင်းနုနွယ်၊ ဂေါ်ဖီထုပ်၊ ဂေါ်ဖီပွင့်စိမ်း၊ မုံလာဥနီ၊ ဆလတ်ရွက်နှင့်ဂေါ်ဖီပွင့်တို့ စိုက်ပျိုးသည်။ နံနက်လေ့ကျင့်ခန်းများပြီးလျှင် စိုက်ခင်း၌ နှစ်နာရီ အလုပ်လုပ်သည်။ ညနေဘက်တွင်လည်း နှစ်နာရီအလုပ်လုပ်သည်။ စိုက်ပျိုးရေးသည် စိတ်ဝင်စားမှုရှိသည့်အလုပ်တစ်ခု အသွင်ထက် အဓိပ္ပာယ်ပိုရှိလာသည်။ စိတ်လွတ်လပ်ပေါ့ပါးသည့်အချိန်ဖြစ်ပြီး ယင်းအချိန်တွင် ဘဝခိုင်မာရေးနှင့် ဖန်တီးနိုင်စွမ်းအားတို့ကို ဖော်ထုတ်သည့်အလုပ်တစ်ခုလုပ်နိုင်သည်။

တစ်နေ့ သူပြန်ပြောင်းသတိရသည်ကို ကျွန်တော့်အား ပြောပြသည်။ 'ကျွန်တော်ရတဲ့မြေကြီးက မြေဆီလွှာ ကောင်းတယ်။ ထောင်အပြင်ဘက်က မြေကြီးလေ။ နောက်ပြီး မြေသြဇာကောင်းကောင်းလည်း



ရတယ်။ အပင်တွေ ရှင်သန်လိုက်တာ မပြောနဲ့'။ မင်းဒဲလား သူ၏ စိုက်ခင်းအကြောင်း ပြောနေသည့်အချိန်တွင် သူ့မျက်နှာတစ်ခုလုံးသည် ရွှင်ပြနေသည်။

သူစိုက်ပျိုးရေးအကြောင်း လေ့လာသည်။ သူ့ကိုယ်ပိုင်ငွေပေးပြီး စိုက်ပျိုးရေးစာအုပ်များနှင့် သစ်သီးဝလံပန်းမန်စိုက်ပျိုးခြင်း အတတ်ပညာစာအုပ်များကို မှာယူသည်။ တစ်ခါက သူအသုံးပြုခဲ့သည့် မြေသြဇာအမျိုးမျိုးအကြောင်း နာရီဝက်ခန့် ကျွန်တော့်အား ပြောပြသည်။ ဥပမာ- ခိုချေးမြေသြဇာသည် အန္တရာယ်များကြောင်း၊ အားပြင်းလွန်းကြောင်း၊ သတိထားသုံးစွဲရကြောင်း၊ အမှုန့်ချေပြီး ရေစိမ်ရကြောင်း၊ ပါးပါးလေးသာထည့်ရကြောင်း ပြောပြသည်။ သူ မြေသြဇာအကြောင်းပြောလျှင် နိုင်ငံရေးအကြောင်း ပြောသကဲ့သို့ပင် ခံ့ညားစွာပြောသည်။

သူ မြေပဲစိုက်ပျိုးရေး မအောင်မြင်ခဲ့သည်ကိုလည်း တသသပြောသည်။ 'ကျွန်တော် မြေပဲစိုက်တဲ့ပညာ မကျွမ်းကျင်ဘူး။ အပင်တွေ မရှင်သန်ခဲ့ဘူး'။ သို့သော် တစ်ခါက ထောင်အကြီးအကဲက ထောင်ကြပ်များအား မင်းဒဲလား၏ ဟင်းနုနွယ်ခူးပေးရန် မှာကြားသည်ကို သိရ၍ သူပီတိဖြစ်ရသည်။ သူ၏ဟင်းနုနွယ်ပင်များသည် မြင့်မားစွာ ရှင်သန်လျက်ရှိခဲ့သည်။ 'ကျွန်တော် အဲဒီဥယျာဉ်အတွက် ဂုဏ်ယူတယ်။ တနင်္ဂနွေနေ့ဆိုရင် မီးဖိုချောင်ဝန်ထမ်းအားလုံးကို ဟင်းသီးဟင်းရွက်တွေ ပေးနိုင်တယ်။ တနင်္ဂနွေနေ့တိုင်းပဲ' ဟုပြောသည်။

၁၉၈၅ ခုနှစ်တွင် မင်းဒဲလားအား ကိပ်တောင်းမြို့သို့ ပရော့စတိတ်ခွဲစိတ်ကုသရန် ပြောင်းရွှေ့သည်။ ဆေးရုံမှဆင်းသောအခါ သူ့အား ပထမထပ်တွင်ထားသဖြင့် သူ့အဖော်များနှင့်ကွဲသွားသည်။ စိုက်ပျိုးရေးလုပ်ရန်လည်း အခွင့်မသာတော့ပါ။ ထိုဆုံးရှုံးမှုအတွက် လပေါင်းများစွာ ဝမ်းနည်းကြေကွဲသည်။

သီးသန့်အေးငြိမ်းမှု မရှိ၊ ပိုင်ဆိုင်မှုတို့လည်း ရှားပါးသည့် လောကကြီးတွင် သူ့ဥယျာဉ်တည်ရှိရာ မြေကွက်လေးသည် သူ၏ လုံးလုံး

လျှားလျှား ပိုင်ဆိုင်မှုပင်။ သူတန်ဖိုးထားသည့်အရာများနှင့် အိပ်မက်များကို ရန်လိုဆန့်ကျင်ပြီး သူ့ကိုစိန်ခေါ် ဒဏ်ခတ်သည့် လောကကြီးကို သူထိန်းချုပ်မှုမရှိနိုင်သည့်အချိန်တွင် ထိုမြေနေရာလေးသည် လှပသည်။ ပုံစံနေသားတကျဖြစ်သည်။ အသစ်တစ်ဖန် ဆန်းသစ်ခြင်းလည်းရှိသည်။ ကြိုးစားအားထုတ်မှုအတွက် ဆုလာဘ်ချီးမြှင့်သည်။ ရာသီတို့က အချိန်မှန်ပြောင်းသည်။ မျိုးစေ့လေးများက အပင်များအဖြစ် ရှင်သန်လာသည်။ ရိုးတံတို့ ထွက်လာသည်။ အရွက် အစို့ အညှောင့်တို့လည်း ထွက်လာသည်။

အဆိုပါဥယျာဉ်ကို ပျိုးထောင်ခြင်းအားဖြင့် မင်ဒဲလား၏ ကလေးဘဝ ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ်ကို ပြန်လည်နိုးကြွစေသည်။ သူ၏ အကျဉ်းထောင်မှတ်တမ်းတွင် ဖော်ပြထားချက်အရ သူ့ကိုကြီးကြယ်ခမ်းနားသော မက်ဟီကက်ဇွယ်နီသို့ သူ့ဖခင်သေဆုံးပြီးနောက် ခေါ်ဆောင်သွားသည်ကို အမှတ်ရသည်။ ထိုစဉ်က ဘုရင်ကြီး၏ ဥယျာဉ်ကို တွေ့ရသည်ကို သေချာမှတ်မိသည်။ 'ထိုဥယျာဉ်သည် ယူကလစ်ပင်ကြီးနှစ်ပင်၏ အရိပ်အာဝါသရသည်။ ဥယျာဉ်အရှေ့ဘက်တွင် မက်မွန်ပင်နှင့် ဖူးစားပြောင်းတို့ စိုက်ထားသည်။ ပိုမိုကျယ်ပြန့်သောအနောက်ဘက်ဥယျာဉ်တွင် ပန်းသီးပင်များ၊ ဖူးစားပြောင်းများ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းစိုက်ခင်း၊ ထို့ပြင် ကျူရိုးစိုက်ကွက် တစ်ခုရှိသည်'။ မင်ဒဲလားက ထိုဥယျာဉ်ကို အံ့သြနှစ်ခြိုက်သည်။

ကျွန်တော်တို့ ဆွေးနွေးသည့်အခါများတွင် မင်ဒဲလားက ဥယျာဉ်စိုက်ပျိုးခြင်းအသုံးအနှုန်းများကို စကားအဖြစ်ထည့်ပြောလေ့ရှိသည်။ လူတို့ကိုအပင်များကဲ့သို့ ပျိုးထောင်၍ရနိုင်သည်ဟု သူက ပြောသည်။ လူတိုင်းလူတိုင်းသည်လည်း ကိုယ်ပိုင်ဥယျာဉ် ပျိုးထောင်သင့်သည်ဟု သူက ပြောသည်။ သို့သော် ဗောလ်တဲရ်၏ ဇာတ်ကောင်ကကန်ဒီးဒ်ကဲ့သို့ လောကကြီးနှင့်ကင်းကွာပြီး ဆောင်ရွက်လောက်အောင်တော့ မဖြစ်သင့်ပါ။ မင်ဒဲလားအတွက် သူ့ဘဝသည် အများအတွက် အကျိုးဆောင်ခြင်းဖြစ်၍ သူ့ဥယျာဉ်သည် လောကမုန်တိုင်းများနှင့်



ဝရုန်းသုန်းကားအခြေအနေတို့မှ နားခိုရာဖြစ်သည်။ ထိုကဲ့သို့နားခိုခြင်းသည် သူ၏အဓိကတာဝန်ကို ထမ်းဆောင်နိုင်ရန် အားအင်ပေးသည်။ ထိုဥယျာဉ်သည် သူ၏ဆုတ်ခွာရာ မဟုတ်ပါ၊ လူသစ်စိတ်သစ်ဖြစ်စေသည့်နေရာ ဖြစ်သည်။

'စိတ်အာရုံကို ဖမ်းစားသော်လည်း ခက်ခဲပင်ပန်းမှု အထူးမရှိသည့် နှစ်လိုဖွယ်ရာ အလုပ်တစ်ခုအပေါ် အာရုံစူးစိုက်ရခြင်းထက် စိတ်အေးလက်အေး ပိုဖြစ်စေသောအရာမရှိ' ဟု ဆယ်မြူရယ် ဂျွန်ဆင်က တစ်ခါကပြောဖူးသည်။ ယင်းသည် ဂျွန်ဆင်အတွက် ဓာတ်သဘောဖြစ်သည်။ မင်ဒဲလားအတွက်မူ ဥယျာဉ်ဖြစ်သည်။ ကျန်သည့်လူများအတွက် အခြားအရာတစ်ခု ဖြစ်နိုင်သည်။ အဓိကမှာ ကျွန်တော်တို့ကိုယ်စီတွင်လောကကြီးနှင့် ယာယီကင်းကွာသော ပျော်ရွှင်ဖွယ်ရာ၊ ကျေနပ်အားရဖွယ်ရာသီးခြားနေရာလေးတစ်ခု လိုအပ်လျက်ရှိသည်။

မင်ဒဲလား ကျွန်တော့်အား တစ်ခါက ပြောဖူးသလို 'လူတိုင်းလူတိုင်းအနေနဲ့ ကိုယ့်အတွက် သီးခြားကမ္ဘာလေးတစ်ခု ရှာဖွေထားရှိသင့်တယ်'။

■

# မင်ဒဲလား၏ လက်ဆောင်မွန်

ဟုတ်ပါသည်။ ကျွန်တော် မင်ဒဲလား၏ အကြံဉာဏ်ကို လိုက်နာခဲ့ပါသည်။ မေရီနှင့်ကျွန်တော်တို့သည် ၁၉၉၄ ခုနှစ်တွင် အိမ်ထောင်ပြုခဲ့ကြပါသည်။ နောက်သုံးနှစ်ကြာသည့် ခရစ္စမတ်အကြိုနေ့တွင် ကျွန်တော်တို့ သူ့ထံ ဖုန်းဆက်ပြီး မေရီကိုယ်ဝန်ဆောင်နေပြီဖြစ်ကြောင်း သတင်းကောင်းပေးသည်။ သူကဝမ်းမြောက်ကြည်နူးသည်။သူရယ်ရွှင်ရအောင် ကျွန်တော်က ယောက်ျားလေးမွေးလျှင် ကျွန်တော်တို့သူ့ကို 'ရိုလီလှုားလှုား' အမည်မှည့်မည်ဟု ပြောလိုက်သည်။ လူနည်းစုသာ သိထားသည်မှာ၊ ရိုလီလှုားလှုားသည် မင်ဒဲလား၏ ပထမနာမည်ရင်းဖြစ်သည်။ ဇိုဆာဘာသာစကားတွင် 'သစ်ပင်လှုပ်သူ' ဟု အဓိပ္ပာယ်ရသည်။ ထိုနာမည်ကို စာလုံးပေါင်းရခြင်းထက် ရွတ်ဆိုရခြင်းက ပိုခက်သည်။ သူ့အား မည်သူမျှထိုနာမည်ဖြင့်ခေါ်ခြင်းကို မကြားဖူးပါ။သူကိုယ်တိုင်လည်း မသုံးပါ။ ကျွန်တော်က အတွင်းစကားအဖြစ် နောက်ပြောင်လိုက်ခြင်းသာဖြစ်သည်။ သို့သော် သူမရယ်ပါ။ သူခေတ္တ တိတ်ဆိတ်သွားသည်။ ကျွန်တော်ထိုနာမည်ကို မပီမသ ပြောလိုက်မိသလား စိုးရိမ်သွားသည်။ လူဖြူအမေရိကန် တစ်ယောက်က သူ့နာမည်ကို ရယ်စရာပြောသည်ကို လွန်သည်ဟုထင်သွားပါသလား။ သို့သော် ထိုတိတ်ဆိတ်မှုအပြီးတွင် သူကမေရီနှင့် စကားပြောလိုကြောင်း ပြောသည်။ မေရီ့ကို ဖုန်းပေးလိုက်သောအခါ မြူသတိပေးဉသြသံနှင့်တူသော သူ့



အသံကြီးဖြင့် 'ငါမင်းနဲ့ ရိုလီလှုားလှုားလေးကို တွေ့ချင်လှပြီ' ဟု ပြောသံကို ကြားရသည်။

လအနည်းငယ်ကြာသော် ကျွန်တော်တို့ သားဦးလေးမွေးဖွားပြီးချိန် ဆေးရုံ၌ရှိစဉ် ခက်ထန်သည့်သွင်ပြင်ရှိ သူနာပြုဆရာမတစ်ဦးက သူ၏စာရေးရန်ကလစ်ကတ်ပြားကို ကျွန်တော်တို့အားပေးပြီး ကလေးနာမည်ကို ရေးခိုင်းသည်။ ကျွန်တော်တို့တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ခရစ္စမတ်ချိန်က ဖုန်းဆက်ခဲ့ခြင်းကို သတိရကြသည်။ ရိုလီလှုားလှုား၊ အင်း၊ ပထမနာမည်အနေဖြင့်တော့ ပေး၍ဖြစ်မည်မဟုတ်။ ထို့နောက်ကျွန်တော်က စာလုံးကြီးများဖြင့် 'ဂေဘရီယယ်ရိုလီလှုားလှုား စတင်ဂယ်လ်' ဟု ရေးလိုက်သည်။

ကျွန်တော်၏ သားများငယ်သေးသည်။ သို့သော် သူတို့၏ နာမည်ခံကို နှစ်ကြိမ်သုံးကြိမ် တွေ့ဆုံဖူးသည်။ သားငယ်အင်တန်က မင်ဒဲလား၏ အလယ်နာမည်ကို တောင်းဆိုခဲ့သည်။ ယင်းသည် 'မာဒီးဘား' ဖြစ်သည်။ မင်ဒဲလားမျိုးနွယ်နာမည်ဖြစ်ပြီး မိတ်ဆွေများက ထိုနာမည်ဖြင့် ခေါ်ကြသည်။ ကျွန်တော့်သားငယ်များက နယ်လ်ဆန်မင်ဒဲလားသည် မည်သူနည်း၊ သူမည်သည့် အရာတို့ကို ကိုယ်စားပြုသနည်း၊ သူတို့ဘဝတွင် မည်သည့်နေရာက ပါဝင်ခဲ့သနည်း စသည်တို့ကို နားလည်ပါသလား။ နားမလည်ပါ။ သူတို့အတွက် မင်ဒဲလားသည် ပြုံးရွှင်နေသော ဆံဖြူသက်ကြီးရွယ်အိုတစ်ဦးဖြစ်ပြီး သူတို့ကို ပွေ့ဖက်သည်။ လက်ကိုင်သည်။ မည်သည့်အားကစားလုပ်သည်ကို မေးသည်။ နံနက်စာဘာစားသလဲမေးသည်။ ထိုမျှလောက်သာ သိသည်။ သို့သော် တစ်နေ့သူတို့ သိလာလိမ့်မည်။ မင်ဒဲလားဆိုသည်မှာ မည်သူနည်း။ သူမည်သည့်အရာကို စွမ်းဆောင်နိုင်ခဲ့သနည်း။ ထို့ပြင် သူသည် ကျွန်တော်တို့မိသားစုကို ချည်နှောင်ထားသည့် သံယောဇဉ်ကြိုးတစ်မျှင်ဖြစ်သည်ဆိုသည်ကို တစ်နေ့သိလာကြမည်မှာသေချာသည်။ ဤသူရဲကောင်းဆန်သည့်သမိုင်းဝင်ပုဂ္ဂိုလ်နှင့် သူတိုက်ခိုက်ကာကွယ်ခဲ့သည့်တန်ဖိုးရှိသော

အခြင်းအရာတို့နှင့် အထူးရွေးချယ်မျှင် တစ်ချောင်းဖြင့် ဆက်နွယ်နေသည်ကို သူတို့ သိလာလိမ့်မည်။ ကျွန်တော့်အနေဖြင့် ထိုဆက်နွယ်မှုသည် သူတို့ကို လူတော်လူကောင်းများဖြစ်စေပြီး သူတို့ရရှိထားသည့် လက်ဆောင်မွန်အတွက် ပြန်လည်ပေးဆပ်နိုင်မည်ဟု ယုံကြည်စွာမျှော်လင့်ပါသည်။

မင်ဒဲလားမှ ကျွန်တော့်သားများကိုပေးသော အမွေအနှစ်ကို စဉ်းစားသည့်အခါ ကျွန်တော့်အနေဖြင့် မင်ဒဲလား သူ၏ပထမသားနှင့် ဖလှယ်ခဲ့သည့် ရင်နင့်ဖွယ်ရာစကားများကို ပြန်ပြောင်းမှတ်မိပါသည်။ ထိုသားက သူ့အားမိသားစုနှင့် တစ်ညတာမျှပင်အတူမနေနိုင်သည့် အကြောင်းရင်းကို မေးခဲ့သည်။ မင်ဒဲလားက သူ့ကိုသန်းပေါင်းများစွာသော အခြားကလေးတို့ကလည်း လိုအပ်ချက်ရှိသည်ဟုဖြေခဲ့သည်။ ခဲယဉ်းပြီး ရက်စက်သည့်စကားလုံးများဟု ထင်ရသော်လည်း ယင်းသည် မင်ဒဲလား၏ ရိုးစင်းသော်လည်း မခံသာသည့် တွက်ချက်မှု တစ်ရပ်ဖြစ်သည်။ မင်ဒဲလားအနေဖြင့် သူ၏စတေးမှုများမှတစ်ဆင့် ဆုတောင်းသည်မှာ တစ်နေ့တွင် အခြားဖခင်များနှင့်မိခင်များသည် သူတို့သားသမီးများကို ထိုစကားမျိုးပြောရန်လိုအပ်ချက် မရှိစေဖို့ဖြစ်သည်။ သူ့သားသည်လည်း လွတ်လပ်မှုရှိသည့်နိုင်ငံတစ်နိုင်ငံကို အမွေရပြီး မွေးရာပါရပိုင်ခွင့်ဖြစ်သည့် လွတ်လပ်ရေးအတွက် တိုက်ခိုက်ရယူရန် လိုအပ်ချက်မရှိစေရန် ဆုတောင်းသည်။ အကျယ်သဘောတွင် မင်ဒဲလားသည် သူ့ဘဝ၊ သူတန်ဖိုးထားသည့်အရာများ၊ သူ၏အောင်မြင်မှုများနှင့် သူ့နေရာဆက်ခံမည့် သူတစ်ဦးချင်းအကြား အမျှင်အတန်းတစ်ခု ရှိစေချင်သည်။ သူ့အနေဖြင့် မည်မျှတစ်မူထူးခြားသောသူ ဖြစ်သော်ငြားလည်း သူသည်ခေတ်ကြာညောင်းသည့် ခေါင်းဆောင်မှု အစဉ်အဆက်၏ အစိတ်အပိုင်းတစ်ခုသာဖြစ်ကြောင်း သင့်ကို ပြောလိမ့်မည်။ လူသားတို့၏လွတ်မြောက်ရေးကို ခိုင်မာကျယ်ပြန့်အောင် ရုန်းကန်လှုပ်ရှားနေသော ရှေ့မှပုဂ္ဂိုလ်များနှင့် နောင်လာမည့် ပုဂ္ဂိုလ်များအားလုံး၏ ကြားဆက်ဖြစ်စဉ်တစ်ခုဟု သူ ဆိုလိုသည်။



မင်ဒဲလားသည် ကလေးဘဝကပင် ခေါင်းဆောင်မှုစံများတွင် မြုပ်နှံဆည်းပူးသည်။ သူ့ကိုပြုစုပျိုးထောင်ခဲ့သည့် ဘုရင်ထံမှ 'နားထောင်ခြင်းနှင့် လမ်းညွှန်ပေးခြင်း' သည် 'တစ်ဖက်သတ်အုပ်ချုပ်ခြင်း' ထက် ပိုအရေးကြီးသည်ကို နားလည်ခဲ့သည်။ သူက ဘုရင်၏ခြေရင်းတွင်ထိုင်ပြီး ရှေးဟောင်း ဗိုဆာအုပ်စုခေါင်းဆောင်များ သူတို့လူမျိုးအတွက် ကာကွယ်တိုက်ခိုက်ခဲ့သည့်ဇာတ်လမ်းများကို နားထောင်ကာ သူ့ကိုယ်သူ ရိုးရာအာဖရိကန်သူရဲကောင်းများ၏ အမွေဆက်ခံသူအဖြစ် မြင်သည်။ သူတက်ခဲ့သည့်ကျောင်းများ၏ အင်္ဂလိပ်ကျောင်းအုပ်များထံမှ သင်ကြားလေ့လာမှု၊ ဂုဏ်သိက္ခာနှင့် စည်းကမ်းရှိမှုတို့ အရေးပါသည့်အကြောင်း သူနားလည်ခဲ့သည်။ ဖို့တ်ဟဲရ်တွင်ရှိစဉ်က သူ ဝင်စတန်ချာချီးလ်၏ စိတ်လှုပ်ရှားဖွယ်ရာ စစ်မိန့်ခွန်းများကို နားထောင်ပြီး ခေါင်းဆောင်တစ်ယောက်သည် နိုင်ငံတစ်ခုကို မည်မျှ စိတ်ဓာတ်တက်ကြွစေနိုင်သည်ကို သူ သိရှိသည်။ ဂျိုဟန်းနစ်ဘတ်မှ သူ၏ ပထမဆရာ ဝေါလ်တာဆစ်စူလူးထံမှ မိမိရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် လက်တွေ့ကျရန်နှင့် ယထာဘူတကျရန် သင်ယူခဲ့သည်။ သူ၏ဥပဒေအကျိုးဆောင် လုပ်ဖော်ကိုင်ဖက်နှင့် မိတ်ဆွေအော်လီဗာတမ်ဘိုထံမှ သူ့ခံစားချက်များကို ထိန်းတတ်ရန်၊ စိတ်ရှည်ရန်နှင့် တုံ့ပြန်ဆောင်ရွက်မှုအလျင်မလိုရန်တတ်သိခဲ့သည်။အကျဉ်းထောင်တွင် နှစ် ၂၀ ကျော်အချုပ်မခံရမီ တောင်အာဖရိက နိုင်ငံအပြင်ဘက်သို့ သွားခဲ့သည့် တစ်ခုတည်းသောခရီးတွင် တန်ဇေးနီးယန်းသမ္မတဂျူးလီးယပ်စ်နိုင်ရီရေးက အသင့်အတင့် နေအိမ်တစ်လုံးတွင်နေထိုင်ပြီး၊ ယာဉ်ငယ်တစ်စီးသာစီးကာ ပြည်သူလူထုကို ကိုယ်စားပြုသောသမ္မတအဖြစ် သူ့ကိုယ်သူနေထိုင်ပြသည်ကို သဘောကျ အထင်ကြီးသည်။ အာဒစ်အဘာဘာတွင် ဟေလီဆယ်လတ်ဆီ၏ မဟာဆန်သော ဣန္ဒြေနှင့်အဆန်းတကြယ် ဖန်တီးထားသော ဝတ်စုံများကို အံ့ဩမိသည်။ ရော်ဘင်ကျွန်းတွင် မိမိကိုယ်ကိုယ်ပြန်သင်သည်များ ရှိသော်လည်း ဘဝတစ်သက်တာမိတ်ဆွေ ဝေါလ်တာဆစ်စူလူး (အခြားအကျဉ်းသားများက ဝေါလ်တာအား သူ၏

အမြော်အမြင်ကြောင့် 'အာလာ' ဟုခေါ်ကြသည်) ထံမှ အခြားသူတို့၏ အထင်အမြင်ကို ထည့်သွင်းစဉ်းစားရန်၊ ပြိုင်ဘက်များနှင့် တည့်အောင်ပေါင်းရန်၊ အပြည့်အဝသဘောတူညီမှုရအောင် ကြိုးပမ်းရန်တို့ကို တတ်သိနားလည်ခဲ့သည်။

အကျဉ်းထောင်မှလွတ်ပြီး တောင်အာဖရိက၏ ပထမဦးဆုံး ဒီမိုကရေစီနည်းလမ်းအရ ရွေးကောက်တင်မြှောက်ထားသော သမ္မတ ဖြစ်လာသည့်တိုင်အောင် မင်ဒဲလားသည် အခြားခေါင်းဆောင်များထံမှ မှတ်သားသင်ယူသည်။ သမ္မတဂျော့ဂျ်ဘွတ်ရှ်က ကမ္ဘာ့ခေါင်းဆောင်ကြီးများထံ အလည်ခရီးထွက်သည့် အစီအစဉ်တွင် မင်ဒဲလားထံလည်ရန် လည်းပါရှိသဖြင့် သူဝမ်းသာဂုဏ်ယူမိကြောင်း၊ အမေရိကန်သမ္မတ၏ စေတနာကောင်းခြင်းကို သူသဘောကျကြောင်း၊ ဘီလ်ကလင်တန်၏ နွေးထွေးမှု၊ ထကြွလှုံ့လရှိမှု၊ နုပျိုးလန်းဆန်းမှုတို့ကို အားကျကြောင်း၊ သူ၏ခေါင်းဆောင်မှုထက်ပိုပြီး လွတ်လွတ်လပ်လပ်ရှိသော ဟန်ပန်သည် ထိရောက်မှု ပိုမြင့်မားနိုင်စွမ်းရှိသည်ကို သူသိရကြောင်း၊ တိုနီဘလဲရ်ထံမှ လည်း ခေါင်းဆောင်တစ်ဦးအနေဖြင့် အတွေးအခေါ်နှင့် ပေါ်လစီများကို ပြည်သူများသို့ရှင်းပြရန်မှာ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ထိုပေါ်လစီအပေါ် သဘောအမြင် မတူလျှင်ပင် အရေးကြီးကြောင်း သိရှိရသည်။

ခေါင်းဆောင်မှုကွင်းဆက်ဖြစ်ရပ်သည် အာဖရိကန်တို့ ခေါ်သည့် 'အူဘန်တူ' (အနောက်တိုင်းသားတို့ခေါ်သည့် 'လူသားအချင်းချင်း ရင်းနှီးနားလည်မှု') ကြောင့် မင်ဒဲလားအတွက် အထူးအရေးကြီးသည်။ ဤအတွေးအခေါ်သည် ကျွန်တော်အခန်း ၄ တွင် ဖော်ပြခဲ့သလို မင်ဒဲလားမည်သို့တွေးခေါ်သည်၊ မင်ဒဲလားမိမိကိုယ်ကိုယ် မည်သို့မြင်သည်ကို နားလည်နိုင်ဖို့အတွက် အရေးကြီးသည်။ အဆိုပါစကားလုံးသည် ဇူးလူးစကားပုံတစ်ခု (အူမန်တူ၊ ငူမန်တူ၊ ငါဘန်တူ) မှလာသည်။ ယင်းကို 'လူတစ်ယောက်သည် အခြားလူများမှ တစ်ဆင့်သာ လူတစ်ယောက်ဖြစ်နိုင်သည်' ဟုဘာသာပြန်ဆိုကြသည်။ ဤအတွေးအခေါ်



အရ ကျွန်ုပ်တို့သည် မိမိအတွက် အပြည့်အဝ လုပ်ဆောင်ခြင်းဟူ၍ မရှိပါ။ ယင်းသည် ရိနေဆန်ခေတ်ကစပြီး အနောက်တိုင်းကို ကြီးစိုးခဲ့သော တစ်ကိုယ်ကောင်းဆန်သည့် ကိုယ်ပိုင်မူမှ ကွဲပြားခြားနားလှပေသည်။ အူဘန်တူက လူများကို တစ်ဦးချင်းအနေဖြင့်မမြင်ဘဲ အခြားလူသားတို့၏အတိုင်းအဆမရှိ ရှုပ်ထွေးသောကွန်ရက်၏ အစိတ်အပိုင်းအဖြစ်မြင်သည်။ ကျွန်တော်တို့အားလုံးသည် တစ်ဦးနှင့်တစ်ဦးနှောင်ဖွဲ့လျက်ရှိသည်။ 'ကျွန်ုပ်' သည် 'ကျွန်ုပ်တို့' ထက် အဆင့်နိမ့်သည်။ မည်သူတစ်ဦးတစ်ယောက်မျှ အထီးကျန်ဖြစ်တည် မနေပါ။

မင်ဒဲလားက တစ်ခါတစ်ရံ သူ၏မြေးများအကြောင်းပြောလျှင် ကျွန်တော်က 'အဲဒီကလေးက မင်ဒဲလား သားသမီးတစ်ယောက်ယောက်ရဲ့ ကလေးလည်းမဟုတ်ဘူး' ဟုပြောလျှင် သူကပြုံးပြီး ခေါင်းကိုခါကာ 'ကျွန်တော်တို့ ဓလေ့ထုံးစံအရ ကျွန်တော်တို့ဆွေမျိုးတွေရဲ့ သားသမီးတွေဟာ ကျွန်တော်တို့ရဲ့မြေးတွေပဲ 'ဟုပြောသည်။ မင်ဒဲလားက အနောက်တိုင်း ဆွေမျိုးဆက်ဇယားများ၏ တိကျမှုကို ရယ်ချင်သည်။ သူ့မျက်စိတွင် ကျွန်တော်တို့အားလုံးသည် ဆွေမျိုးဆက်ဇယားကြီး တစ်ခု၏ အကိုင်းအခက်များဖြစ်သည်။ ယင်းသည် အူဘန်တူဖြစ်သည်။

ကျွန်တော်တို့ မင်ဒဲလားနှင့် ဆက်စပ်မှုတစ်ခုရှိကောင်း ရှိနိုင်သော်လည်း သူကတစ်ယောက်တည်း ထူးချွန်စွာရပ်တည်သည်။ အများထဲက တစ်ယောက်မဟုတ်ပါ။ ကျွန်တော်တို့ထက် ပိုခမ်းနားထင်ရှားသော ပြယုဂ်တစ်ခု၊ လူသားတို့၏ အကောင်းဆုံးအနေအထားကို သရုပ်ထင်စေသူဖြစ်သည်။ သူ့အတွေ့အကြုံများသည် တစ်မူထူးခြားမှုရှိသလို လူတကာလည်း လက်ခံကျင့်သုံးနိုင်သည်။ သူက ကျွန်တော်တို့ကို စိတ်လှုပ်ရှားစေနိုင်သည့် အကြောင်းရင်းများမှာ၊ သူသည် သမားရိုးကျသူရဲကောင်း၏ ယနေ့စံနမူနာဖြစ်သည်။ သူကမထင်မရှားနေရာမှ ပေါက်ဖွားလာသည်။ လေးနက်သောစိန်ခေါ်မှုတစ်ရပ်ကို တာဝန်ယူရင်ဆိုင်သည်။ ကြမ်းတမ်းသောစမ်းသပ်စစ်ဆေးမှုတို့ကို ကြုံတွေ့ရသည်။ ဝမ်းနည်းကြေကွဲဖွယ်ရာတို့လည်း ခံစားရသည်။ ကျရှုံးလုနီးပါး ဖြစ်ခဲ့

သည်။ ပြီးမှပြန်လည်သက်ဝင်လှုပ်ရှားပြီး အမျိုးသားသင့်မြတ်ရေးကို ရယူနိုင်သည်။ ဗုဒ္ဓ၊ မိုးဇစ်၊ မိုဟာမက်၊ ယေရှုတို့၏ ဖြစ်စဉ်နှင့် အလားတူပင် မင်ဒဲလား၏ဘဝသည် တူညီသောဝေ့ဝိုက်မှုများရှိသည်။တူညီသောအာရုံလှုံ့ဆော်မှုရှိသည်။

အခြားထူးခြားသော ပုဂ္ဂိုလ်များကဲ့သို့ပင် မင်ဒဲလားသည် ယုံကြည်မှုကို အပ်နှင်းနိုင်သည့် စေ့ဆော်မှုရှိသည်။ ယုံကြည်မှုသည် ဦးဆောင်မှု၏ အုတ်မြစ်ဖြစ်သည်။ ကျွန်တော်တို့အားလုံးမှ ခေါင်းဆောင်တစ်ဦးသည် ရိုးသားသည်၊ လုပ်ရည်ကိုင်ရည်ရှိသည်၊ ဦးတည်ရာကိုသိသည်ဟု မှတ်ယူကြသည်။ သို့သော် ယုံကြည်မှုသည် ပိုနက်နဲသော အဆင့်တွင်ရှိသည်။ ကျွန်တော်တို့အနေဖြင့် ခေါင်းဆောင်တစ်ဦးသည် မျက်မြင်အတိုင်းဖြစ်တည်သည်၊ အများပြည်သူရှေ့မှ ပုဂ္ဂိုလ်နှင့် မျက်ကွယ်မှပုဂ္ဂိုလ်သည် တစ်ဦးတည်းသာ ဖြစ်သည်ဟု ယုံကြည်ထားကြသည်။ နယ်လ်ဆန်မင်ဒဲလားသည် အရှိ အရှိအတိုင်းပင်။ သူ့အနေဖြင့် အများပြည်သူရှေ့တွင် ကျင့်သုံးသည့် တန်ဖိုးများသည် သူကိုယ်တိုင်ကျင့်သုံးသည့် တန်ဖိုးများပင်ဖြစ်သည်။ ကျွန်တော်တို့နှစ်ယောက် အတူရှိနေစဉ်က သူတစ်ခါမျှ ကိုယ်ကိုရှေ့သို့ ညွှတ်ပြီး 'မှတ်တမ်းလွတ်ပြောရမယ်ဆိုရင် ဒီလူကတော့ အတော်ဆိုးတယ်' ဆိုသည့် အတင်းစကားမျိုး မပြောဖူးပါ။ ဆန့်ကျင်ဘက်စကားများ ပြောလေ့ပြောထရှိသော်လည်း ရှုတ်ချသည့်စကားမျိုး မပြောတတ်ပါ။

သို့သော် သူသင့်ကိုစိတ်ဓာတ်ကျအောင်မလုပ်နိုင်၊ သဘောထား သေးသိမ်မှုမရှိနိုင်ဟု ဆိုလိုခြင်းမဟုတ်ပါ။ တစ်ခါတစ်ရံ သူကိစ္စရပ်များကို ထိပ်တိုက်မရင်ဆိုင်ပါ။ ကတိမတည်ပါ။ စိတ်ထက်သန်မှုနှင့် မိမိကိုယ်ကိုယ်အောက်ကျို့ခြင်းတို့သည် အများပြည်သူရှေ့တွင် အကျင့်ကောင်းတစ်ခုအဖြစ် လက်ခံမည်ဖြစ်သော်လည်း ကိုယ်ရေးကိုယ်တာတွင် အရေးတကြီး မလိုအပ်ပါ။ သူလည်းလူသားတစ်ဦးမို့ လူသားတစ်ဦးကဲ့သို့ အာသီသများရှိသည်ကို ဖုံးကွယ်ထားခြင်းမရှိပါ။ သို့သော် ထိန်းချုပ်ရန်တော့ ကြိုးစားသည်။ သူထူးကဲသည်မှာ သူ့ထံတွင် အမှားများမရှိ၍



မဟုတ်ဘဲ အမှားများကို အောင်နိုင်၍ဖြစ်သည်။

သူထောင်မှလွတ်လာချိန်တွင် သူ့မျက်နှာရုပ်ပုံလွှာကို သန်းပေါင်းများစွာသော ပိုစတာနှင့် တီရှပ်များပေါ်တွင် ရိုက်နှိပ်ခြင်းဖြင့် သူ့ကို အမွှမ်းတင်သည်ကို သူအံ့သြမှုရှိ၊ မရှိ ကျွန်တော်တစ်ခါက မေးလိုက်သည်။ သူသည်အသက်ရှင်လျက်ရှိသေးသည့် ဒဏ္ဍာရီတစ်ခုဟု ကျွန်တော် ကျီစယ်လိုက်သည်။

သူက 'မဟုတ်ပါဘူး' ဟု အလန့်တကြားငြင်းသည်။ 'လူတွေက ကိုယ့်ကိုကယ်တင်ရှင်တစ်ယောက်လိုမြင်တာ မသင့်တော်ဘူးလို့ ကျွန်တော် ထင်တယ်။ သူတို့အထင်နဲ့မကိုက်ညီရင် စိတ်ပျက် သွားမယ်လေ။ သူတို့သိသင့်တာက ခေါင်းဆောင်ဆိုတာလည်း အသွေးနဲ့အသားနဲ့ပဲ၊ လူသားဆန်မှာပဲ။ ကျွန်တော့်ကိုလည်း လူသားဆန်တယ်လို့ မြင်စေချင်တယ်။ ကိုယ့်ကိုကယ်တင်ရှင်လို့ ထင်ရင် သူတို့ မျှော်လင့်ချက်က မြင့်မားလွန်းတယ်။သူရဲကောင်းတစ်ယောက်လို့ထင်နိုင်တယ်၊ ဒဏ္ဍာရီလို့တော့ မထင်စေချင်ဘူး'။

ကမ္ဘာကြီးက မင်ဒဲလားကို အမွှမ်းတင်ရုံမက သူ့ကို လူမည်းစင်တာကလော့စ်ကဲ့သို့ တသသ ဖြစ်စေအောင်လည်းကောင်း၊ ကိုယ်ကျင့်အရေးတစ်ခုအတွက် မခန့်မှန်းနိုင်သော စတေးမှုများ ပြုလုပ်ခဲ့သည့် နူးညံ့ပျော့ပျောင်းသော သက်ကြီးရွယ်အိုအဖြစ်လည်းကောင်း၊ စစ်မှန်သည့် ကောင်းခြင်းလက္ခဏာပြည့်စုံသည့် အပြုံးသင်္ကေတအဖြစ်လည်းကောင်း တင်စားကြသည်။ သူရဲကောင်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သူကနတ်သားတစ်ပါးလိုတော့ အပြစ်မကင်းပါ။ သူ့ဘဝတွင် ခက်ခဲနက်နဲသော ဆုံးဖြတ်ချက်များစွာကို ချခဲ့ရသည်။ ထိုဆုံးဖြတ်ချက်များသည် မှားယွင်းမှုရှိနိုင်သလို မမျှတခြင်းလည်း ဖြစ်နိုင်သည်။ အချို့ဆုံးဖြတ်ချက်များသည် လူများကို ထိခိုက်နာကျင်စေသည်။ အသက်ပင် ဆုံးရှုံးစေသည်။ သူသိထားသည်မှာ၊ ခေါင်းဆောင်မှု ဆိုသည်မှာ အဆိုးနှစ်ခုမှရွေးချယ်မှု ပြုလုပ်ရခြင်းမျိုးရှိတတ်သည်။ ကောင်းသောခေါင်းဆောင်များလည်း ဆိုးသောအကျိုးဆက်ရှိသည့်ဆုံးဖြတ်ချက်များ

ကို တစ်ခါတစ်ရံ ချရပါသည်။

တစ်ချိန်တည်းမှာပင်၊ ခက်ခဲသောဆုံးဖြတ်ချက်များ ချရခြင်းကြောင့် ရှိရင်းစွဲမှုများကိုချိုးဖောက်ရန် မလိုအပ်ပါ။ သူပြောသလို၊ သင့်ကိုယ်သင်၊ သင့်ပန်းတိုင်သို့လှမ်းသည့် နည်းလမ်းတွင် ရောင်ပြန်ဟပ်ပါစေ။ တစ်ခါတစ်ရံသူက 'သင်သည်သင်ရှာဖွေသော ပြောင်းလဲမှုဖြစ်ပါစေ' ဆိုသည့်ဂန္ဓီ၏စကားကို ညွှန်းဆိုသည်။ မင်ဒဲလားက 'သဘောထားသေးသိမ်ခြင်း' မှ အပ ကျန်အရာအားလုံးကို သည်းခံနိုင်ပါသည်။ လူမျိုးရေးခွဲခြားမှုကို အဆုံးသတ်ရန် ပန်းတိုင်သို့ ချီတက်ရာတွင် ခွဲခြားဆက်ဆံရန်ဘယ်သောအခါမှ မစဉ်းစားပါ။ မွန်မြတ်သည့်ပန်းတိုင်သို့ အရောက်လှမ်းရာတွင် ယုတ်ညံ့သောနည်းလမ်းများကို အသုံးမချသင့်ပါ။ လက်တွေ့ဆန်သောနည်းလမ်းများ သုံးသင့်ပါသည်။ လောဘဇောတိုက်သောနည်းလမ်းများ မသုံးသင့်ပါ။

ထိုလက်တွေ့ဆန်မှုနှင့် မိမိကိုယ်ကိုယ်နှိမ့်ချမှုကြောင့် မင်ဒဲလားက သူ့အား ကယ်တင်ရှင်အဖြစ်မြင်ခြင်းကို လက်မခံခြင်းဖြစ်ပါသည်။ ထိုအမြင်သည် ဘားတန်းကိုအမြင့်တွင် ထားလွန်းသည်။ အဆုံးစွန်တွင် သူကတိများကိုဖြည့်ဆည်းနိုင်သည်ထက် ပိုမပေးချင်သလို လုပ်ငန်းဆောင်ရွက်ရာတွင်လည်း မှန်းချက်ထက်လျော့ပြီး မဆောင်ရွက်လိုပါ။ ယင်းသို့ဖြစ်လျှင် နိုင်ငံရေးသမားတစ်ယောက်၊ ထို့ပြင် သေချာပေါက်အနေဖြင့် ကယ်တင်ရှင်တစ်ယောက် ကျဆုံးရန်လမ်းစပင်ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်ကဒဏ္ဍာရီနှင့် သူရဲကောင်းအကြားကွာခြားချက်ကို သူ့ကို မေးကြည့်သည်။ 'အင်း၊ သိတယ်မဟုတ်လား၊ ဒဏ္ဍာရီဆိုတာ ရှားပါးတယ်။ တကယ်လည်း ဘယ်သူမှမသိ၊ မမြင်ဖူးကြဘူး။ ဒါပေမဲ့ တောင်အာဖရိကမှာ သူရဲကောင်းတွေ ထောင်ပေါင်းချီတယ်။ သူရဲကောင်းဆိုတာ ယုံကြည်ချက်တစ်ခုရှိပြီး ရဲစွမ်းသတ္တိရှိတယ်၊ အများအကျိုးအတွက် သူ့အသက်ကို စတေးဖို့ဝန်မလေးဘူး'။မင်ဒဲလားက သူ သူရဲကောင်းတစ်ဦးမှန်း သိသည်။ သို့သော် သူရဲကောင်းသည်ပင်လျှင် သူများပခုံးကို မှီရသည်။ မိမိတို့အသက်များကို စတေးပြီး တိုက်ပွဲဝင်သူများ ထောင်ချီရှိ၍သာ သူလည်း တိုက်ပွဲဝင်နိုင်ခြင်း ဖြစ်သည်။ ထိုထောင်ချီသည့်အမျိုးသား၊ အမျိုးသမီးများ၏ လူမသိသူမသိ ရဲစွမ်းသတ္တိတို့ကြောင့် သူလည်း သူ့သတ္တိကို ပြနိုင်ခဲ့ခြင်း ဖြစ်သည်။



ရဲစွမ်းသတ္တိသည် ယနေ့ယခုအမြစ်တွယ်နိုင်သည်။ မင်ဒဲလားသည် ဒဿနသဘောအရ လက်တွေ့ဆန်သည်။ သူမထိတွေ့နိုင်သည့်အရာမှန်သမျှကို ယုံကြည်မှုကင်းမဲ့ပြီး နှစ်ပေါင်းများစွာ အထက်စီးမှ ပါဝါပိုရှိသူကို ရည်ညွှန်းကိုးကားခြင်းနှင့် မှီခိုခြင်းမှ ရှောင်ရှားသည်။ သူ၏ လုပ်ဖော်ကိုင်ဖက်များကိုအားကိုးသည်။ ဝေးလံသော အထင်ကရ ပုဂ္ဂိုလ်ကို အားမကိုးပါ။ သူဆုမတောင်းပါ။ စဉ်းစားသည်။ ပြီးလျှင်လုပ်သည်။ အရာရာသည် အကြောင်းရင်းတစ်ခုရှိ၍ ဖြစ်ပျက်သည်ဟု ပြောသူများကို သူက 'ကျွန်ုပ်တို့သည် အကြောင်းရင်း၊ ကျွန်ုပ်တို့သာလျှင် ကိစ္စရပ်တို့ကို ဖြစ်ပျက်စေနိုင်သည်' ဟုသူပြောမည်။ ဦးတည်ရာက ကျွန်ုပ်တို့ကို ပုံမသွင်းပါ။ ကျွန်ုပ်တို့က မိမိကိုယ်ကိုယ် ပုံသွင်းသည်။

ခေါင်းဆောင်များအနေဖြင့် သူတို့တွင် နောင်တတရားများမရှိဟု ပြောသည်မှာ လက်သုံးစကားလိုဖြစ်နေသည်။ နောင်တရှိသည်ဟုပြောခြင်းသည် ပျော့ညံ့ခြင်းကိုပြသည်ဟု ထင်ကြသလိုပင်။ မင်ဒဲလားကတော့ နောင်တများစွာရှိသည်။ အရေးကြီးဆုံးကိစ္စရပ်များအတွက် သူမှန်ကန်စွာရွေးချယ်ခဲ့သည်ဟု သူယုံကြည်သည်။ သို့သော် လမ်းခရီးတွင် လမ်းမှားသို့ ချိုးဝင်မိခြင်းများစွာရှိသည်။ သူ မသွားမိသည့်လမ်းအကြောင်း စဉ်းစားတတ်သည်။ သူ၏ ကိုယ်ရေးဘဝကို စတေးခဲ့ခြင်းသည် ထိုက်တန်မှု ရှိ မရှိ တွေးတောတတ်သည်။ အဆုံးစွန်တွင် အဖြေမှာ 'ထိုက်တန်ပါသည်' ဖြစ်မည်။ သို့သော် သူခံစားရသည့် နာကျင်ဝေဒနာတို့ကို မသက်သာစေပါ။

ခရစ်ဟာနီလုပ်ကြံခံရပြီးနောက် ကျွန်တော်မင်ဒဲလားနှင့် ဟာနီ၏နေအိမ်သို့ လိုက်သွားသည်။ မင်ဒဲလားက ဟာနီ၏ဇနီး မုဆိုးမနှင့်တွေ့သည်။ သူနှင့်နှစ်ယောက်တည်းစကားပြောပြီးသောအခါ မင်ဒဲလားက ထိုနေရာရှိ လူ ၂၀ ခန့်ကို စကားပြောသည်။ ဟာနီ၏ ဇနီး

အတွက် စာနာမှုက ထင်သာမြင်သာသည်။ သူသည် အလွန့် အလွန် ကြံ့ခိုင်သော အမျိုးသမီးတစ်ဦးဖြစ်သည်။ 'သူ့ရဲ့ စိတ်ဒဏ်ရာတွေကို မျက်စိနဲ့ မမြင်ရဘူး။ မမြင်ရတဲ့ ဒဏ်ရာတွေဟာ မြင်ရတဲ့ဒဏ်ရာတွေထက် ပိုမိုခံစားရတယ်' ဟု မင်ဒဲလားက ပြောသည်။ သူ့အကြောင်း သူပြောနေခြင်းလည်း ဖြစ်နိုင်သည်ဟု ကျွန်တော် ရိပ်မိလိုက်သည်။

ကျွန်တော်တို့၏ နောက်ဆုံးတရားဝင် အင်တာဗျူးကို သူ၏ ဟောင်တန်နေအိမ်၌ စနေ၊ တနင်္ဂနွေ နံနက်ခင်းတစ်ခုတွင် ပြုလုပ်သည်။ ကျွန်တော်ကသူပိုပြီး ကဗျာဆန်အောင်၊ ဒဿနဆန်အောင် စေ့ဆော်သည်။ သူကအမြဲတမ်းလိုလို ရှောင်ရှားသည်။ ထိုနောက်ဆုံးနေ့၌ ကျွန်တော်က သူ့ကိုသူ့ဘာသာ ဝေဖန်ဆန်းစစ်စေချင်သည်။ ထုံးစံအတိုင်းပင် ကျွန်တော့်မေးခွန်းများကို သူက လက်တွေ့ကျသော၊ ပေါ်လစီနှင့်ကိုက်ညီသော အဖြေများသာပေးသည်။ နောက်ဆုံးတွင် ကျွန်တော်၏ တိုက်တွန်းမှုများကြောင့် သူက ခေတ္တရပ်နားသည်။ ပြတင်းမှ အပြင်ဘက်သို့ကြည့်သည်။ ထို့နောက် 'လောကကြီးမှာ လူတွေဟာ လာလိုက်သွားလိုက်ပဲ။ ကျွန်တော်လည်း အချိန်တန်ရင် သွားရမှာပဲ' ဟုပြောသည်။ သူ၏နှုတ်ရေးကောင်းခြင်းသည်ပင်လျှင် လက်တွေ့ကျသည်။

အင်တာဗျူး ပြီးဆုံးသွားသောအခါ သူကမတ်တတ်ရပ်သည်။ ကျွန်တော်က သူ့ကိုလက်ဆွဲနှုတ်ဆက်သည်။ အချိန်အတိုင်းအတာတစ်ခုအထိ ကျွန်တော်သူ့ကို တွေ့နိုင်ဦးမည်မဟုတ်ဟုသိသည်။ အထူးရင်းနှီးမှုရှိသည့် ခရီးတစ်ခု၏လမ်းဆုံးသို့ ရောက်ပြီဆိုသည်ကို သိသည်။ ကျွန်တော့်လက်မောင်းတစ်ဖက်ဖြင့် သူ့အားပခုံးမှ သိုင်းဖက်ထားလိုက်သည်။ မင်ဒဲလားသည် ခံစားမှုကိုကာယကံမြောက် ဖော်ပြတတ်သော လူစားမျိုး မဟုတ်ပါ။ သူက ခဏတာဘာမှမလုပ်၊ ထို့နောက် ချက်ချင်းပင် သူ့လက်မောင်းဖြင့် ကျွန်တော့်အား ပြန်ဖက်ပြီး သူ့ဆီသို့ဆွဲပွေ့လိုက်သည်။ ထိုအချိန်တွင် ကျွန်တော် သူ့ကို မဖက်ဘဲမနေနိုင်၍ ခပ်တင်းတင်းဖက်လိုက်သည်။ သူ့ဦးခေါင်းနှင့် ကျွန်တော့်ဦးခေါင်းထိနေသည်။



သူ့လက်မောင်းက ကျွန်တော့် ကျောပေါ်မှာ။ ကျွန်တော့်ခံစားချက်ကို ကျွန်တော်သိသည်။ မျက်ရည်မကျအောင် မနည်းထိန်းထားရသည်။ သူက အသက် ၇၅ နှစ်မှာပင် ခံ့ညားထည်ဝါသည်။ ဤအချိန်မျိုးတွင် ကျွန်တော် အယ်ဒီဒယ်နီယယ် ပြောသောစကားများကို သတိရသည်။ အယ်ဒယ်နီယယ်သည် ရော်ဘင်ကျွန်းမှ အရပ် ၅ ပေ ၃ လက်မသာရှိသည့်အကျဉ်းသားတစ်ဦးဖြစ်ပြီး သူ၏ ပြောပြချက်အရ မျှော်လင့်ချက်ကုန်ဆုံးနေသောအချိန်တွင် သူ မင်ဒဲလားအားမြင်ရလျှင်၊ ထိတွေ့ရလျှင်၊ ဖက်ရလျှင် သူနှစ်သိမ့်မှုရသည်။ အသစ်တစ်ဖန် ပြန်လည် လန်းဆန်းသည်။ လောကကြီးတွင် ဆက်လက်နေထိုင်လိုသည့် ဆန္ဒရှိလာသည်။ ကျွန်တော်က ရာပေါင်းများစွာသော၊ ထောင်ပေါင်းများစွာလည်း ဖြစ်နိုင်သည့်လူများ ဆယ်စုနှစ်များစွာကို ဖြတ်သန်းခဲ့ကြသည်ကို တွေးတောမိသည်။ အခြေအနေဆိုးသောသူများ၊ ကြောက်ရွံ့စိုးထိတ်နေသောသူများ၊ နာကျင်မှုတို့အပြင် သေဆုံးမှုကိုပါရင်ဆိုင်ရပြီး သေခါနီးသောသူများ နေသာထိုင်သာရှိအောင်၊ အားအင်ရအောင် သူ့ကို ဖက်တွယ်ကိုင်ထားသူများရှိခဲ့သည်။ သူက ထိုခံစားချက်ကို နားလည်သဖြင့် ကျွန်တော် သူ့ကို ဖက်ထားသည်ကို လက်ခံသည်။

အချိန်အတော်ကြာပြီးနောက် သူက 'ကောင်းပြီလေ' ဟု ပြော၍ ကျွန်တော်တို့ ခွာလိုက်ကြသည်။ ကျွန်တော် နောက်သို့ ဆုတ်နေပြီး သူ လှေကားပေါ်တက်သွားသည်ကို ကြည့်နေလိုက်သည်။

ကျွန်တော်တို့ အတူအလုပ်လုပ်ခြင်း ပြီးဆုံးသွားသည့် နောက်ပိုင်းနှစ်များတွင် မင်ဒဲလားနှင့် ကျွန်တော် အကြိမ်ပေါင်းများစွာ တွေ့သည်။ သို့သော် ကျွန်တော်သူနှင့် ယခင်ရင်းနှီးမှုမျိုး ရသေးသည်ဟု ပြောလျှင် ကျွန်တော်ညာရာကျမည်။ ကျွန်တော်ထိုကဲ့သို့သော ရင်းနှီးမှုမျိုး ပြန်မလိုချင်ပါဟု ပြောလျှင်လည်း ညာရာကျမည်။ ကျွန်တော်မည်သူနှင့်တူသနည်းဆိုသော် သူနှင့်ထောင်ထဲတွင် အခက်အခဲပေါင်းများစွာကို ကျော်လွှားပြီး အတူအနီးကပ်နေထိုင်ခဲ့သော ရာပေါင်းများစွာသော အကျဉ်းသားအဖော်များနှင့် တူသည်။ ထိုသူတို့လည်း ထောင်မှ

ထွက်ပြီးနောက် မင်ဒဲလားနှင့် ယခင်ကလို လေးနက်သည့် ဆက်နွယ်မှု မရှိတော့ပါ။ ကျွန်တော်စကားပြောဖြစ်သည့် ဒါဇင်များစွာသော အကျဉ်းသားတို့ အောက်မေ့တမ်းတသည့် တစ်ခုတည်းသောအရာမှာ နေ့စဉ် ရင်းနှီးစွာစွမ်းအားထက်သန်သည့်ဆက်နွယ်မှုရှိခဲ့သော အကျဉ်းသားနံပါတ် ၄၆၆၆၄ ဖြစ်သည်။ ကျွန်တော်လည်း သူ့ကို အောက်မေ့တမ်းတပါသည်။ သို့သော် အခြားသူများသိသလို ကျွန်တော်လည်း သိသည်မှာ ထိုအချိန်ကာလကို ပြန်လည်အသက် မသွင်းနိုင်ပါ။ အချိန်နေရာနှင့် လျော်ညီစွာ ဖြစ်ပျက်သည့် အကြောင်းခြင်းရာဖြစ်သည်။ သို့သော် ယင်းသည် ဆက်နွယ်မှု၏ စွမ်းအားကိုတော့ လျော့မသွားစေပါ။ ကျွန်တော်တို့အားလုံး သူနှင့်ဆက်နွယ်မှု အစိတ်အပိုင်းတစ်ခုစီကို ကိုယ်ပိုင်သိမ်းထားကြပါသည်။

ထူးခြားသည်မှာ မင်ဒဲလား၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအတွက် ကျွန်တော်တို့ အတူအလုပ်လုပ်စဉ်က သူနှင့်သူ့အတွေးအခေါ်များကို ကျွန်တော်နှလုံးသွင်းထားသည်။ အကြိမ်များစွာ ကျွန်တော်မိမိကိုယ်ကိုယ် 'နယ်လ်ဆန်မင်ဒဲလားဆိုရင် ဘာလုပ်မလဲ' ဟု မေးမိသည်။ ယင်းသည် စွမ်းအားပြင်းသော လေ့ကျင့်ခန်းတစ်ခုဖြစ်သည်။ ထိုကဲ့သို့ နှလုံးသွင်းချိန်တွင် အနည်းဆုံး ကျွန်တော်သည် ပုံမှန်ထက်ပိုသာသော လူတစ်ယောက်ဖြစ်လာသည်။ စိတ်တည်ငြိမ်မှုပိုရှိသည်။ ကျိုးကြောင်းဆက်စပ်မှုတို့ကို ပိုနှလုံးသွင်းမိသည်။ စိတ်ရင်းကောင်းအောင် ထားမိသည်။ ထိုပြောင်းလဲမှုများ ကျွန်တော်နှင့်အစဉ်အမြဲရှိသည်ဟု ပြောလိုသော်လည်း ရံဖန်ရံခါ လွတ်ထွက်သွားတတ်သည်။ သို့သော် မင်ဒဲလား ၏ စံနမူနာသည်ကျွန်တော်နှင့်အတူ အမြဲရှိသည်။ သင်နှင့် ရှိမည်ဟုလည်း ကျွန်တော် မျှော်လင့်ပါသည်။ သူ၏ဘဝအဖြစ်အပျက်များသည် ကျွန်တော်တို့နှင့်အလှမ်းဝေးသည်ဟု ဆိုနိုင်သော်လည်း သူ၏စံနမူနာသည် ကျွန်တော်တို့ ဖက်တွယ်ထားရန် စည်းမျဉ်းနှင့် တန်ဖိုးတစ်စုံဖြစ်ပြီး ကျွန်တော်တို့ အခက်အခဲများရှိခဲ့လျှင် ရင်ဆိုင်ကျော်လွှားရန် လမ်းညွှန်ချက်ပေးနိုင်ပါမည်။



ကျွန်တော် မေရီနှင့် လက်မထပ်မီတစ်နေ့တွင် မင်ဒဲလားက မေရီ့ကို 'ရစ်ချတ်က ဦးရဲ့သားဆိုတော့ ဦးဒီမင်္ဂလာဆောင်အတွက် ကောင်းချီးပေးပါတယ်' ဟုပြောသည်။ ကျွန်တော့်ကို သူ့သားဟုညွှန်း၍ ကျွန်တော် ပီတိဖြစ်ပါသည်။ ကျွန်တော်သူ့ကို ချစ်ပါသည်။ သို့သော် ကျွန်တော့်တွင် အခြားညီအစ်ကိုမောင်နှမများ သန်းနှင့်ချီ၍ ရှိသေးသည်ကို ကျွန်တော် သိထားပါသည်။

■

## စာရေးသူအကြောင်း

ရစ်ချတ်စတင်ဂဲလ် (Richard Stengel) သည် *Time* မဂ္ဂဇင်း၏အယ်ဒီတာဖြစ်သည်။ သူသည် ၁၉၉၃ ခုနှစ်၏ အရောင်းသွက်စာအုပ်တစ်အုပ်ဖြစ်ခဲ့သောတောင်အာဖရိကခေါင်းဆောင်နယ်လ်ဆန်မင်ဒဲလား၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ *Long Walk to Freedom* ပြုစုရာတွင် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် အော်စကာဆုအတွက် ဆန်ခါတင်အရွေးခံရသော မှတ်တမ်းရုပ်ရှင် *Mandela* ၏ တွဲဖက်ထုတ်လုပ်သူလည်း ဖြစ်သည်။ ထို့ပြင် *January Sun, You're Too Kind* စသည့် စာအုပ်များကိုလည်း ရေးသားထားသည်။ သူယခုနယူးယောက်မြို့တွင် သူ၏ဇနီး Mary Pfaff၊ သားနှစ်ယောက်တို့နှင့်အတူ နေထိုင်လျက် ရှိသည်။

## Today စာအုပ်တိုက်မှ ထုတ်ဝေသော ဆရာမမြနှင်းဆီ (Mra Hninzi) ရေးသားသည့် စာအုပ်များ

### အံ့ဖွယ်တိုက်ဆိုင်မှုဖြစ်ရပ်မှန်ဇာတ်လမ်းတိုများ




ရသစာပေအနေဖြင့် ရင်ခုန်လှိုက်မောဖွယ်ဖြစ်အောင် ခံစားဖတ်ရှုနိုင်သလို လောကသဘာဝကို ဆင်ခြင်နိုင်ရန် အတွေးဆန့်လိုသူတို့အတွက်လည်း မငြင်းကွယ်သာသော တိုက်ဆိုင်မှုဖြစ်ရပ်များက အလိုပြည့်အောင် ကူပံ့ပေးနိုင်သည်။ သုတ၊ ရသ နှစ်ဖြာ ရစေမည့် စာအုပ်ဖြစ်သည်။ 'တကယ့်ဖြစ်ရပ်များသည် စိတ်ကူးယဉ်ဖြစ်ရပ်များထက် ပိုမိုဆန်းကြယ်သည်' ဟူသော ဆိုရိုးစကားကို ခြွင်းချက်မရှိထောက်ခံပေးမည့် ဤစာအုပ်ပါ ဖြစ်ရပ်မှန်ဇာတ်လမ်းတိုများသည် သင်၏ စိတ်ဝင်စားမှုအလျဉ်ကို တသွင်သွင်တိုးမြင့်စီးဆင်းစေမည်မှာ သေချာလှသည်။ စာမူခွင့်ပြုချက်အမှတ် - ၅၀၁၆၄၈၀၆၁၂

### အံ့ဖွယ်တိုက်ဆိုင်မှန်ဖြစ်ရပ်မှုဇာတ်လမ်းတိုများ - ၂




လူ့လောကဟူသည် ဖြစ်ရပ်ပေါင်းစုံ၊ ဇာတ်လမ်းပေါင်းစုံဖြင့် ဖွဲ့စည်းထားသော နေရာဌာနတစ်ခု ဖြစ်ပါသည်။ ဤစာအုပ်၌ လောကလူသားတို့၏ ဘဝအနေအထားအမျိုးမျိုးတွင် ကြုံတွေ့ကြရသော တိုက်ဆိုင်မှုဖြစ်ရပ်များကို စိတ်ဝင်စားဖွယ်တွေ့ရမည် ဖြစ်သည်။ လူ့လောကအတွင်းရှိ ထိတ်လန့်ဖွယ်၊ အံ့သြဖွယ်၊ ကြည်နူးဖွယ် စသည့် ရသ အမျိုးမျိုးတို့ကို ခံစားလိုသူများအတွက် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၅၅၀၄၁၀

## Today စာအုပ်တိုက်မှ ရရှိနိုင်သော စာအုပ်များ

၁။ ကွန်ပျူတာတွေဘယ်လို အလုပ်လုပ်သလဲ ဖိုးနိုင်ဝင်း (Masterpiece)
၂။ လွယ်ကူလေ့လာ အင်တာနက်နည်းပညာ ဖိုးနိုင်ဝင်း (Masterpiece)
၃။ လွယ်ကူလေ့လာ ကွန်ပျူတာအဆင့်တိုးမြှင့်ခြင်းနှင့်ပြုပြင်ခြင်းပညာ ဖိုးနိုင်ဝင်း (Masterpiece)
၄။ ၂၁ ရာစုနည်းပညာများကိုစိန်ခေါ်ခြင်းနှင့် အခြား ကွန်ပျူတာဆောင်းပါးများ ဖိုးနိုင်ဝင်း (Masterpiece)
၅။ ဆိုက်ဘာရွာထဲက အသိဉာဏ်ရှိတဲ့အိမ်ကလေးနှင့် အခြားကွန်ပျူတာဆောင်းပါးများ ဖိုးနိုင်ဝင်း (Masterpiece)
၆။ ငြင်းဆိုခြင်းသည်အပြစ်မဟုတ်ပါ (ဒေါက်တာသာထွန်းဦး)
၇။ ကြိုးမဲ့ဆက်သွယ်ရေး ဘယ်လိုအလုပ်လုပ်သလဲ ဖိုးနိုင်ဝင်း (Masterpiece)
၈။ ရိုဘော့မှာလည်း အသည်းနဲ့ပါနှင့် အခြားကွန်ပျူတာဆောင်းပါးများ ဖိုးနိုင်ဝင်း (Masterpiece)
၉။ ကိုယ်တိုင်လေ့လာလက်ပ်တော့ပ်ကွန်ပျူတာ ဖိုးနိုင်ဝင်း (Masterpiece)
၁၀။ လွယ်ကူလေ့လာကွန်ပျူတာ (2011 Version) ဖိုးနိုင်ဝင်း (Masterpiece)

**Myanmar Series**

၁၁။ Presenting Myanmar (Maung Kyaa Nyo)
၁၂။ Myanmar Attraction and Delights (BaThan)
၁၃။ Myanmar Culture (K)
၁၄။ Myanmar Gems (Dr Khin Maung Nyunt)
၁၅။ Myanmar Memorabilia (U Tin U - Myaung)

**လူငယ် စာစဉ်**

၁၆။ ဖက်ရှင်အလှ နေ့စဉ်ဘဝ တင်မိုးလွင် (Talents & Models)
၁၇။ ဖေဖေပေးခဲ့မယ့်အမွေ (မြတ်ငြိမ်း)

**လူမှုစီးပွား စာစဉ်**

၁၈။ စီးပွားရေးလုပ်ငန်းရှင်များအတွက် ဖွယ်ရာမူလမ်းညွှန် (မောင်ဆုရှင်)
၁၉။ အကောင်းဆုံး ဆုံးဖြတ်ချက်များ ချမှတ်နိုင်ဖို့ (မြတ်ငြိမ်း)
၂၀။ ကိုယ်ကျင့်တရားနှင့်ဘဝအောင်မြင်ရေးအလေ့အကျင့်များ (ဒေါက်တာသိန်းလွင်)
၂၁။ အပြုသဘောစိတ်ကောင်းနှင့်ယှဉ်ပြီးနေတတ်သောအလေ့အကျင့် (ဒေါက်တာသိန်းလွင်)
၂၂။ ပေါင်းသင်းရခက်သူတို့နှင့် အဆင်ပြေစွာဆက်ဆံနည်းများ (ဒေါက်တာကျော်စိန်)
၂၃။ ဖအေနှစ်ဦးသင်ပေးတဲ့ ဆင်းရဲနည်း ချမ်းသာနည်း (မြတ်ငြိမ်း)
၂၄။ ငွေမိုးများရွာစေသူ ရဲမြင့်(စွန့်ဦးတီထွင်)
၂၅။ စိတ်ဖိစီးမှုလျှော့ချနည်းများ (ဒေါက်တာသိန်းလွင်)
၂၆။ အနှစ်ရှာ၊ အကာပစ် ဘဝသစ်မှာမွေ့ပျော်ခြင်း (မြတ်ငြိမ်း)
၂၇။ ညှိနှိုင်းဆွေးနွေးမှုအတတ်ပညာ (ဒေါက်တာသိန်းလွင်)
၂၈။ မင်းဒိန်ခဲကိုရွှေ့တာ . . . ငါ ရဲမြင့်(စွန့်ဦးတီထွင်)
၂၉။ စာဖတ်သူတစ်ဦး၏ ဒိုင်ယာရီ (ကျော်စောမင်း)
၃၀။ လူသားဘဝ (သစ္စာရှင်)
၃၁။ နိုင်ငံတကာဆောင်းပါးပေါင်းချုပ် ရဲမြင့်(စွန့်ဦးတီထွင်)

၃၂။ ဘဝတွင် အောင်မြင်ပျော်ရွှင်သူတို့၏ လျှို့ဝှက်ချက်၁၀၀ (ဒေါက်တာကျော်စိန်)
၃၃။ စီးပွားဖြစ် သစ်ခွစိုက်ပျိုးရေး (နေမျိုးနိုင်)
၃၄။ မိတ်ဖွဲ့ကြလျှင် ကမ္ဘာတစ်ခွင် (တူဒေးအယ်ဒီတာအဖွဲ့)
၃၅။ သီရိဂေဟာနည်း ၁၀၀ (ကြည်မင်း)
၃၆။ တကယ်တိုးတက်ကြီးပွားလိုလျှင်. . . . . ဆောင်းပါးများ ရဲမြင့်(စွန့်ဦးတီထွင်)
၃၇။ အရှေ့တောင်ဘက်သို့တစေ့တစောင်း (နိုင်ဇော်)

**ကလေးသူငယ် စာစဉ်**

၃၈။ ရောင်စုံဆေးခြယ် စာသင်မယ်(၁) (ကာတွန်းသံချောင်း)
၃၉။ ရောင်စုံဆေးခြယ် စာသင်မယ်(၂) (ကာတွန်းသံချောင်း)
၄၀။ ရောင်စုံခြယ်စဉ် စာလည်းသင် (မောင်မောင်လေး)
၄၁။ သင့်ကလေး ဉာဏ်ကြီးရှင်ဖြစ်အောင် (ဒေါက်တာသိန်းလွင်)
၄၂။ ဤကမ္ဘာမှ လဗိမာန်သို့ (ရဲဒွေး)
၄၃။ ကမ္ဘာ့အံ့ဖွယ်တိရစ္ဆာန်များ ဘုန်းမြင့် (မြန်မာစာ)
၄၄။ ကလေးလူငယ် သုတစွယ်စုံကျမ်း အမေး-အဖြေ ၅၀၀ (မောင်ဆုရှင်)
၄၅။ Picture Dictionary 1000 Words and Pictures (တူဒေးအယ်ဒီတာအဖွဲ့)
၄၆။ ဗုံလုံပုံရောင်စုံဆေးခြယ် (ကာတွန်းဇော်ဝိတ်)
၄၇။ မြန်မာ့ပွဲတော် မြန်မာ့ရှုခင်း ရောင်စုံဆေးခြယ် (ကာတွန်းချစ်သူ)
၄၈။ ကာတွန်းဇာတ်ကောင်ရေးဆွဲနည်း (ကလောင်စုံ)
၄၉။ တော်ပျော်လေးဘော်ဘော် ရောင်စုံဆေးခြယ် (ကာတွန်းမောင်မောင်လေး)
၅၀။ ငြိုဟ်သားကလေး မောင်ခဒွေး ရောင်စုံဆေးခြယ် (ကာတွန်းသစ်ထွဏ်း)
၅၁။ ဒိုးဒိုးရှုန်းရောင်စုံဆေးခြယ် (ကာတွန်းနိုင်လင်း)

**သုတ စာစဉ်**

၅၂။ ဟာ့ဒ်ဒစ် ဦးလှကောင်း (R.M.C.G)
၅၃။ ဆရာဇော်ဂျီမွေးနေ့ရာပြည့်အထိမ်းအမှတ်စာတမ်းများ (ကလောင်စုံ)
၅၄။ လူမိုက်၊ လူတော်၊ ပညာရှိ (တူဒေးအယ်ဒီတာအဖွဲ့)
၅၅။ အိုပရာရဲ့ အကောင်းစားအိုများ (ဝါဝါဆွေ)
၅၆။ အချိန်ကုန်ငွေကုန်သက်သာစေဖို့ (ဒုတိယအကြိမ်) (တူဒေးအယ်ဒီတာအဖွဲ့)
၅၇။ မုန်တိုင်းကိုမမှု အန်တုလေသော် (မိုးမိုးတာရောစန်)
၅၈။ လူ့အဖိုးတန် (ဒေါက်တာကေ)
၅၉။ အိမ်ဖြူတော်ကိုတန်းစီခြင်း (ကြည်မင်း)
၆၀။ ဟောပြောပွဲအတွေ့အကြုံ (ပါမောက္ခဒေါက်တာအောင်ထွန်းသက်)
၆၁။ မွန်ရည်မှုကိုပျိုးထောင်ခြင်း (ကြည်မင်း)
၆၂။ ဘဝတစ်သက်တာအလှဖက်စရာ (ကြည်မင်း)
၆၃။ အမြင့်မားဆုံးပျော်ရွှင်ချမ်းမြေ့မှု (ဒေါက်တာသိန်းလွင်)
၆၄။ မိသားစုနှင့်လူမှုရေးအမေးအဖြေများ ပါမောက္ခဒေါက်တာခင်အေးဝင်း (စိတ်ပညာ)

**ရသ စာစဉ်**

၆၅။ အံ့ဖွယ်တိုက်ဆိုင်မှုဖြစ်ရပ်မှန် ဇာတ်လမ်းတိုများ မြနှင်းဆီ (Mra Hninzi)
၆၆။ မိုးနတ်မင်းကြီးအပြစ်ပါနှင့် အခြားဆောင်းပါးများ (ဒေါက်တာအောင်ကျော်မြင့်)
၆၇။ အံ့ဖွယ်တိုက်ဆိုင်မှုဖြစ်ရပ်မှန်ဇာတ်လမ်းတိုများ - ၂ မြနှင်းဆီ (Mra Hninzi)
၆၈။ ငပြည့် (ကာတွန်းမောင်မောင်လေး)
၆၉။ ကျွန်တော်ဒေါက်တာဂေါ်လဖာ (ဒေါက်တာအောင်ကျော်မြင့်)

**ကျန်းမာရေး စာစဉ်**

၇၀။ A-Z မိသားစု ကျန်းမာရေးလမ်းညွှန် (ဒေါက်တာမေမိုးနွယ်)

၇၁။ ရင်သွေးလေး လမ်းစလျှောက်ပြီဆိုလျှင် . . . (ဒေါက်တာမာမာဆွေ)

၇၂။ ကိုယ်ဝန်ဆောင် မိခင်လောင်းများလက်စွဲ (ဒေါက်တာခင်အေးထွေး)

၇၃။ ရင်သွေးငယ်အတွက် အိမ်တွင်းသမားတော် (ဒေါက်တာမာမာဆွေ)

၇၄။ နိုင်ငံတကာရိုးရာဆေးဝါးများ (ဒေါက်တာအောင်နိုင်၊ဒေါက်တာဖြူဖြူဝင်း)

၇၅။ သွေးချို-ဆီးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးအတွက်
မှန်ကန်သည့်စားသောက်နည်း (ဒေါက်တာလှကြည်)

၇၆။ မိခင်လောင်းတို့အတွက် ကျန်းမာရေးလမ်းညွှန် (ဒေါက်တာမာမာဆွေ)

၇၇။ သက်ရှည်ကျန်းမာ တရုတ်ရိုးရာဓာတ်စာ
ဒေါက်တာအောင်နိုင် (ဆေးသုတေသန)

၇၈။ နှလုံးနှင့်သွေးကြောရောဂါများကာကွယ်ထိန်းသိမ်းရေးအတွက်
မှန်ကန်သည့် စားသောက်နည်း (ဒေါက်တာလှကြည်)

၇၉။ သက်ကြီးဘဝအာဟာရနှင့်ကျန်းမာရေး (ဒေါက်တာလှကြည်)

၈၀။ အဆီ၊ ကစီနှင့် ကယ်လိုရီ (ဒေါက်တာလှကြည်)

၈၁။ အသစ်စက်စက် ဖေဖေ၊ မေမေနဲ့ ပေါက်စလေး (ဒေါက်တာမာမာဆွေ)

၈၂။ အရက်နှင့်ဆက်နွယ်နေသောစိတ်ပိုင်းဆိုင်ရာပြဿနာများ
(မောင်မိုးအိမ်)

၈၃။ အရိုးပွ အရိုးပါးအကြောင်း သိကောင်းစရာ (ဒေါက်တာလှကြည်)

၈၄။ သက်ရှည်ကျန်းမာဆောင်းပါးများ (တူဒေးအယ်ဒီတာအဖွဲ့)

၈၅။ သွေးဆုံးချိန်ခါ မေး-ဖြေ ၁၀၀ (ဒေါက်တာမာမာဆွေ)

၈၆။ အိပ်မပျော်ဘူးလား (ဒေါက်တာလှကြည်)

၈၇။ သားအိမ်ခေါင်းကင်ဆာ မေး-ဖြေ ၁၀၀ (ဒေါက်တာမာမာဆွေ)

၈၈။ ဆီးကျိတ်ကင်ဆာ မေး-ဖြေ ၁၀၀ (ဒေါက်တာသန်းထွဋ်)

၈၉။ အစာအိမ်ဝေဒနာ မေး-ဖြေ ၁၀၀
ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

၉၀။ မိုင်ဂရိန်းခေါင်းကိုက်ရောဂါ မေး-ဖြေ ၁၀၀
ဒေါက်တာအောင်နိုင်(ဆေးသုတေသန)

**ပညာရပ် စာစဉ်**

၉၁။ သင့်ရင်သွေး မိမိကိုယ်မိမိယုံကြည်မှုပျိုးထောင်ရေး
(ဒေါက်တာကျော်စိန်)

၉၂။ မိဘကောင်းတို့ ရင်သွေးပြုစုပျိုးထောင်နည်း
(ပါမောက္ခဒေါ်အေးသန်း)

၉၃။ အားလပ်ရက် ဂေါက်သီးသင်ခန်းစာများ (ဆန်းထွန်း)

၉၄။ အပျို-လူပျို အကြိုနှစ်များ (ပါမောက္ခဒေါ်အေးသန်း)

၉၅။ အိမ်မွေးခွေးများကို ပြုစုစောင့်ရှောက်ခြင်း (ဒေါက်တာခင်စန်းမော်)

၉၆။ ဖခင်ဘဝဇာတ်လမ်းစုံ (ဒေါက်တာကျော်စိန်)

၉၇။ စာရေးသူလက်စွဲ (မောင်ဆုရှင်)

၉၈။ ကုမ္ပဏီဝန်ထမ်းများအတွက် အင်္ဂလိပ်စာ (ဘဝသစ်ဦးအောင်ကျော်)

၉၉။ အိတ်ဆောင်ဂေါက်သီးသော့ချက်များ (ဆန်းထွန်း)

၁၀၀။ ဂေါက်ရိုက်ကြရအောင် (ဆန်းထွန်း)

၁၀၁။ လက်တွေ့ မိဘဘဝ တည်ဆောက်နည်း (အောင်မြတ်ကျော်စိန်)

၁၀၂။ စနေ၊ တနင်္ဂနွေအားလပ်ရက်တွင် ခွေးကိုလေ့ကျင့်ခြင်း
(ဒေါက်တာခင်စန်းမော်)

၁၀၃။ အခြေခံဒီဇိုင်းနှင့် ဂရပ်ဖစ်အနုပညာ (ဆန်နီညိမ်း)

၁၀၄။ သင့်ကလေး လူကောင်း-လူတော်ဖြစ်အောင်ပုံဖော်နည်း
(ဒေါက်တာကျော်စိန်)

၁၀၅။ နိုင်ငံတကာသတင်းမီဒီယာ (ရဲတင့်)

၁၀၆။ အယ်ဇေးရှင်းကို ပြုစုစောင့်ရှောက်ခြင်း (ဒေါက်တာခင်စန်းမော်)

၁၀၇။ အသုံးချအင်္ဂလိပ်စာ (ဘဝသစ်ဦးအောင်ကျော်)

၁၀၈။ စွယ်စုံသုတအင်္ဂလိပ်စာ (ဘဝသစ်ဦးအောင်ကျော်)

**စီမံခန့်ခွဲမှု စာစဉ်**

၁၀၉။ စံပြခေါင်းဆောင်၊ စံပြခေါင်းဆောင်မှု (မောင်ပေါ်ထွန်း)
၁၁၀။ ရဲဝံ့စိတ်ဖြင့်ဘဝကို အနိုင်ယူပါ (ဒေါက်တာသိန်းလွင်)
၁၁၁။ ခေါင်းဆောင်တစ်ဦးရဲ့ နှလုံးသား (ကြည်မင်း)
၁၁၂။ မန်နေဂျာနှင့် လုပ်ငန်းခွင် ကိုယ်ကျင့်သိက္ခာ (တူဒေးအယ်ဒီတာအဖွဲ့)
၁၁၃။ အဆင့်မြင့်ဝန်ဆောင်မှုနည်းဗျူဟာများ (ကြည်မင်း)
၁၁၄။ အသေးအမွှားအရေးမထားဖို့ နည်းလမ်း ၁၀၀ (မောင်ဆုရှင်)
၁၁၅။ အမှုဆောင်အရာရှိချုပ် ရဲမြင့်(စွန့်ဦးတီထွင်)
၁၁၆။ စနစ်ကျသောအစည်းအဝေးများ (ကြည်မင်း)
၁၁၇။ အရောင်းမန်နေဂျာကောင်းတစ်ယောက်ဖြစ်မြောက်ရေး (ဒေါက်တာဇော်သန်း)
၁၁၈။ ဆွန်ဇူး၏ရှင်သန်အောင်မြင်ရေးနည်းလမ်းများ (ကြည်မင်း)
၁၁၉။ ပါဝဲလ်မှု (၂၄) ချက် (ကြည်မင်း)
၁၂၀။ အစေခံခေါင်းဆောင် (ဒေါက်တာသာထွန်းဦး)
၁၂၁။ မြို့တော်ဝန်၏ခေါင်းဆောင်မှု (နိုင်ဇော်)
၁၂၂။ အချိန်စီမံခန့်ခွဲနည်းမှတ်စုများ (ကြည်မင်း)
၁၂၃။ စွန့်ဦးတီထွင်လုပ်ငန်းရှင် (ဒုတိယအကြိမ်) ရဲမြင့် (စွန့်ဦးတီထွင်)
၁၂၄။ ကုမ္ပဏီပျက်ကိန်းဟောစာတမ်းနှင့် စီမံခန့်ခွဲရောင်းဝယ်မှုဆောင်းပါးများ ရဲမြင့် (စွန့်ဦးတီထွင်)
၁၂၅။ တစ်မိနစ်မန်နေဂျာ၏ ခေါင်းဆောင်မှုပညာ (ကြည်မင်း)
၁၂၆။ သခင်ယေရှု၏ စီမံခန့်ခွဲမှုနည်းလမ်းများ (ဒေါက်တာသာထွန်းဦး)
၁၂၇။ လေ့ကျင့်အောင်မြင်လုပ်ငန်းရှင် (ဒုတိယအကြိမ်) (ကြည်မင်း)
၁၂၈။ စီမံခန့်ခွဲမှု ရှေ့ပြေးပညာရှင်ပီတာဒရပ်ကား၏ စီမံခန့်ခွဲရေးအဆိုများ (မောင်ဆုရှင်)
၁၂၉။ လုပ်စရာရှိတာ လုပ်သာလုပ် (ကြည်မင်း)
၁၃၀။ ဧကရာဇ်အလက်ဇန္ဒားထံမှ ခေါင်းဆောင်မှုပညာ (ကြည်မင်း)
၁၃၁။ ခေါင်းဆောင်တိုင်းတွင်ရှိအပ်သည့် ခေါင်းဆောင်လက္ခဏာ ၂၁ ရပ် (ဦးလှမင်း)
၁၃၂။ အောင်မြင်လိုသူအတွက် အကြံပြုချက် (ဒေါက်တာသာထွန်းဦး)
၁၃၃။ ဦးဆောင်စွန့်စား စီးပွားတည်ဆောက်ခြင်း (ကြည်မင်း)
၁၃၄။ တစ်မိနစ်မန်နေဂျာ၏ ခိုင်မာသောစိတ်ဓာတ်၊ ဖျတ်လတ်သောကိုယ် (ကြည်မင်း)
၁၃၅။ အောင်မြင်လိုလျှင် လူတွေအောင်မြင်အောင် ကူညီပါ (ဒေါက်တာသိန်းလွင်)
၁၃၆။ စက်၏လူသား ဟွန်ဒါ (ဒုတိယအကြိမ်) (ကြည်မင်း)
၁၃၇။ ဂရိတ်ဘော့စ်ဖြစ်စေမည့် ကျင့်ထုံးနည်းလမ်းများ (ခင်ပပလင်း)
၁၃၈။ အရှုံးမှသည် အောင်ပွဲဆီသို့ (ဦးလှမင်း)
၁၃၉။ Jack Welch နည်းလမ်းများ ရဲမြင့် (စွန့်ဦးတီထွင်)
၁၄၀။ ရွှေမိုးငွေမိုးရွာစေသူတို့၏ လျှို့ဝှက်ချက်များ (ဦးလှမင်း)
၁၄၁။ စီမံခန့်ခွဲမှုဆိုင်ရာအမေးအဖြေများ ၁+၂ (ဒေါက်တာခင်စန်းရီ)
၁၄၂။ ကမ္ဘာ့မီဒီယာဘုရင် ရူးပတ်မားဒေါ့၏လျှို့ဝှက်ချက်များ ရဲမြင့် (စွန့်ဦးတီထွင်)
၁၄၃။ သန်းကြွယ်သူဌေးကြီး Donald Trump ၏ အောင်မြင်မှုကို ရနိုင်သောနည်းလမ်းများ (ကျော်ကျော်လှိုင်)
၁၄၄။ အောင်မြင်သူဖြစ်လာနည်းနှင့်လက်တွေ့တိုးတက် အောင်မြင်ရေးနည်းလမ်းများ (ဒေါက်တာမောင်မောင်သိမ်း)
၁၄၅။ တနင်္လာနံနက်ခင်းရဲ့မင်္ဂလာရှိသောရွေးချယ်မှု (ဦးလှမင်း)
၁၄၆။ ဘဝကိုပြောင်းလဲစေသောအရာများ (လှူသဘောထားရပ်တည်ချက်) (မင်းဗထူး)
၁၄၇။ ခေါင်းဆောင်လက်စွဲ (ဒေါက်တာသာထွန်းဦး)
၁၄၈။ စေ့စပ်ညှိနှိုင်းမှုလက်စွဲ (ဒေါက်တာအောင်မြတ်ကျော်စိန်)
၁၄၉။ မန်နေဂျာလက်စွဲ (ဦးလှမင်း)

၁၅၀။ လက်တွေ့ဆောင်ရွက်နိုင်မည့်ဆွန်ဇူး၏လမ်းပြမှတ်တိုင်များ (ဦးလှမင်း)

၁၅၁။ ၂၄ နှစ်မှာ အောင်မြင်သူ John Lee (တူဒေးအယ်ဒီတာအဖွဲ့)

၁၅၂။ ကိုယ်တိုင်ခေါင်းဆောင်ကောင်းဖြစ်အောင်လေ့ကျင့်နည်း (ဒေါက်တာသိန်းလွင်)

၁၅၃။ မေတ္တာစေတနာဖြင့် စီမံအုပ်ချုပ်နည်း ၂၂၅ သွယ် (ကြည်မင်း)

၁၅၄။ စီမံဆက်ဆံရေးတွင် ဆောင်ရန်ရှောင်ရန် ၂၂၆ ချက် (ကြည်မင်း)

၁၅၅။ အချိန်ကိုအကျိုးရှိရှိစီမံခန့်ခွဲနည်း ၂၆၂ သွယ် (ကြည်မင်း)

၁၅၆။ မန်နေဂျာကောင်းအတွက် အချက်အလက် ၂၉၀ (ကြည်မင်း)

၁၅၇။ အကျပ်အတည်းအတွင်းခေါင်းဆောင်ခြင်း (မင်းဗထူး)

၁၅၈။ အမေရိကန်စစ်တက္ကသိုလ်မှာသင်ကြားပေးတဲ့ခေါင်းဆောင်မှုပညာ (ဦးလှမင်း)

၁၅၉။ မန်နေဂျာတစ်ဦးပြင်ဆင်ရန် (ဒေါက်တာခင်စန်းရီ)

၁၆၀။ အာရှမှုသစ်သုံး CEO ၏ အောင်မြင်သောစီးပွားရေး
စီမံခန့်ခွဲမှုနည်းသစ်များ ရဲမြင့် (စွန့်ဦးတီထွင်)

၁၆၁။ ပြောင်းလဲခြင်းဖြင့် တိုးတက်စေ (မင်းဗထူး)

၁၆၂။ စွမ်းဆောင်ရည်တိုးတက်မှုလက်စွဲ (ဦးလှမင်း)

၁၆၃။ အပြင်းထန်ဆုံး Navy Seals သင်တန်းမှ
အလေးနက်ဆုံးသင်ခန်းစာများ (ဒေါက်တာသိန်းလွင်)

၁၆၄။ အခက်အခဲ၊ စိန်ခေါ်မှုနှင့်အခွင့်အရေး (ဒေါက်တာသာထွန်းဦး)

၁၆၅။ ခေါင်းဆောင်တိုင်းသိသင့်သောလမ်းညွှန်မှုနည်းလမ်းများ (ဦးလှမင်း)

၁၆၆။ စိတ်စေတနာကောင်းဖြင့် အကျိုးဆောင်ခြင်း (ဒုတိယအကြိမ်) (ဒေါက်တာသိန်းလွင်)

**အတွေးအမြင် စာစဉ်**

၁၆၇။ ထာဝရအောင်မြင်ရေးနီတိများ (တူဒေးအယ်ဒီတာအဖွဲ့)

၁၆၈။ ကိုယ့်ကိုယ်ကိုယ်ကိုးကွယ် (မြတ်ငြိမ်း)

၁၆၉။ ဘဝရည်မှန်းချက်များ ပြည့်ဝအောင်မြင်ရေးလမ်းညွှန် (ဦးလှမင်း)

# TODAY
BOOKSTORE

## တူဒေးစာအုပ်ဆိုင်

ယာဉ်ရမိတ်ဆွေ . | . စာအုပ်စာပေ

### ရန်ကုန်မြို့

- ရန်ကင်းစင်တာ၊ အခန်းအမှတ် - အက်ဖ် (၂၄)၊ ပထမထပ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
- စိန်ဂေဟာ စူပါစင်တာ၊ ဒုတိယထပ်၊ အမှတ် ၄၄၊ ပြည်လမ်း။
- ဂမုန်းပွင့်ကုန်တိုက် (မြေညီထပ်)၊ အမှတ် ၂၄၅၊ ဗားဂရာလမ်း၊ စမ်းချောင်းမြို့နယ်။
- ဂမုန်းပွင့် Shopping Mall (ကမ္ဘာအေး)၊ အခန်းအမှတ် ၂၆၊ ဒုတိယထပ်၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။
- မော်တင်တာဝါ (Junction Centre)၊ အခန်းအမှတ် ၃၁၀၊ ၃ လွှာ၊ အနော်ရထာလမ်းနှင့် လမ်းသစ် (မော်တင်) လမ်းထောင့်၊ လမ်းမတော်မြို့နယ်။
- အမှတ် (၁၅၄-၁၅၆)၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်။

### မန္တလေးမြို့

- အမှတ်-၄၊ ၂၆ ဘီလမ်း၊ ၇၈ × ၇၉ လမ်းကြား၊ မီးရထားတိုက်တန်း၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၉၁၀ ၂၇၅၂၄။